

www.dhammaransi.com

www.dhammaransi.com

၂၉၉၉



ကျေးဇူးရှင်
လယ်တီဆရာကောဒဘုရားကြီးမဲ့တော်

www.dhammaransi.com

ဝိဒါန်း

"ဝိနယော နာမ သာသနဿ အာယု" ဟူသော သမန္တ ပါသာဒိကာ အဋ္ဌကထာပါဠိနှင့် အညီ မြတ်စွာဘုရား သခင်၏ ပရိယတ္တိ သာသနာတော်များ အနက် ကာယကံ ဝစီကံ နှစ်ပါးကို ကောင်းမွန် ယဉ်ကျေးအောင် ဆုံးမရာ ဆုံးမကြောင်းဖြစ်သော ဝိနည်း ဒေသနာတော် မြတ်သည် သာသနာတော်အရှည်တည့်နိုင်ကြောင်း အသက်အာယု ပင်ဖြစ်ပေသည်။ "ဝိနယေ ဋ္ဌိတေ သာဿနံ ဋ္ဌိတံ ဟောတိ" ဟူသည်နှင့်အညီ ၂၅လောကဒှီ အဆိုပါ ဝိနည်းသာသနာတော် မကွယ်မပျောက်တည်ရှိခဲ့ပါလျှင် သုတ္တန် သာသနာနှင့် အဘိဓမ္မာ သာသနာတော်များပင်မရှိစေကာမူ မြတ်စွာဘုရား၏ သာသနာကွယ်ပသည်မမည်။ သာသနာတော် ထွန်းပ တည်ရှိသေးသည် သာလျှင် မည်ပေသည်။ အကြောင်းမူကား ဝိနည်းသာသနာတော်သည် သက္ကပုတ္တိယ အမည်ရသော သာကီဝင် နွယ်ဘွား ဘုရား သားတော်များ၏ ဘဝကို ရနိုင်ကြရန် ဇာတ်သွင်း၍ မဘောက်မပြန် လိုက်နာကျင့်ကြံ နာခံအပ်သော တရားတော်မြတ်ဖြစ်ပေသည်။ ထိုဝိနည်းဒေသနာတော်မြတ်တွင် လာရှိသောပညတ္တိအာဏာတော်များကိုနည်းလမ်းကျကျ ကောင်းမွန်စွာ လိုက်နာ ကျင့်ကြံကုန်မှသာလျှင် သက္ကပုတ္တိယ သီလဝန္တာလင်္ကာပေသလဘုရဲ့သားတော်အစစ်များ ဖြစ်၍ ဘိက္ခုဘာဝသမဏဘောဂုဏ်ကို ပြည့်စုံစွာ ရနိုင်ပေမည်။ ထိုသို့စင်ကြယ်စွာထားသော သီလနှင့် ပြည့်စုံကြပေကုန်သော သီလဝန္တာ သာကီယ နွယ်ဘွား ဘုရားသားတော်အရှင်မြတ်များသည်သာလျှင် ကုသိုလ်ကောင်းမှုကို လိုလားသော သတ္တဝါအများတို့၏ ကိုးစားမှီခိုရာ

www.dhammaransi.com

နိဒါန်း

ကောင်းမှုတည်းဟူသော မျိုးစေ့ကို စိုက်ပျိုး ထူထောင်ရာ အနုတ္တရပုညခေတ္တကြီးအစစ်များဖြစ်ကြပေမည်။ ၏သို့သော အနုတ္တရပုညခေတ္တဘွယ်ရာ လယ်တာမြေကောင်းကြီးများ၌ ပြုစုစိုက်ပျိုးမိသောကုသိုလ်ဗီဇသည်သာလျှင် မဟပ္ဖလ မဟာနိသံသအကျိုးထူးရ၍ နောင်အနုပါဒဓမ္မ နိဗ္ဗာဓ စ ခန်းသို့ပင် လက်လှမ်းထုတ်ချောက် ပေါက်ရောက် ရလွယ် စေနိုင်ကြပေသည်။ ထိုသို့သီလဝန္တ သကျပုတ္တိယ အရှင်မြတ်များကို ကိုယ်နှုတ်နှလုံးသုံးပါးတို့ဘွင် တပါးပါးဖြင့် ပြစ်မှားထိခိုက်ပြန်ချေတုံကလည်း အနန္တ အပွမေယျ ဖြစ်သောအကျိုးမဲ့ အကျိုးယုတ်ဒုက္ခဝိပါကကြီးများ နှင့်တွေ့ကြုံ စေနိုင်ကြပေသည်ဖြစ်ရကား ထိုသီလဝန္တ သကျပုတ္တိယ အရှင်မြတ်များအပေါ်၌ ကော်ရော်ဝပ်တွား လေးစားမဝံ့ ရွံ့ကြောက် ရိုသေသောစိတ်ကို အမြဲထား၍ အလေးတခုဂရုပြုကာ နိဝါတဂါရဝဓင်္ဂလာများကို ကောင်းစွာပွါးများ အားထုတ်သင့်ကြပေကြောင်း။

၏သို့ပြဆိုခဲ့ပြီးသော ဝိနယမေ္မ၏ သုဒုဒ္ဒသ သုနိပုဏ အချက်များကို အကွက်ကျကျ မြင်စွမ်းနိုင်ကြကုန်သော ဟံသာဝတီနယ် တကောတိုက်သူကြီး မောင်ဘိုးအို အစရှိကုန်သော လျှောက်လွှာစာရင်းပါ ဥပါသကာ အပေါင်း သူတော်ကောင်း တစုတို့က ယခု ၏စာအုပ်တွင် ဖေါ် ပြလျက်ရှိသော ဝိနယမေ္မပဒိုသံယုတ္တ တေရသ အချက်ကို ကောင်းစွာရေးသား စီစဉ်ကြပြီးလျှင် ၎င်းတကောတိုက်၌ ဝိနည်း သဘင်ကြီးကို ဆင်ယင် ကျင်းပတော်မူရာ မဟာနာယက ပါမောက္ခ ဖြစ်တော် မူသော မန္တလေးမြို့ မဟာ ဝိသုဒ္ဓါရာမိက ဆရာတော် ဘုရားကြီးထံတင်သွင်း လျှောက်ထားကြရာ ထို မဟာဝိသုဒ္ဓါ ရာမိက ဆရာတော် ဘုရားကြီး သည်လည်း ပရိယတ္တိမေ္မ သာသနာ အရာရာတို့၌ လွန်စွာစိစစ်ထောက်လှမ်း စုံစမ်း ကြီစည်တော်မူ

www.dhammaransi.com

နိဒါန်း

လေ့ရှိသည့်ပြင် အခြားတပါးသော ပညာနှံ့ သုတခရ ပုဂ္ဂိုလ်များတို့နှင့် နီးနေသောတိုင်ပင် အစဉ်ဆွေးနွေးခြင်း ဓမ္မသာကစ္ဆမင်္ဂလာကို ကောင်းစွာ ဆည်းပူးတော် မူလေ့ရှိသည့်အတိုင်း တကော လျှောက်လွှာခွဲ ပါရှိသော ပုဏ္ဏာပြဿနာ ၁၃-ချက်ကို ကောင်းစွာဖြေဆို ရေးသားရန် မံရှာပြို လယ်တီတောရ ဆရာတော်ဘုရားထံ သင်္ဃသကထာစာအားဖြင့်နှိုးဆော်တိုက်တွန်းတော်မူသဖြင့် မံရှာပြို လယ်တီတောရဆရာတော်ဘုရား လည်း ထိုမဟာဝိသုဒ္ဓါရာမိက ဆရာတော်ဘုရားကြီးဂါနှိုးဆော်တိုက်တွန်းချက်ကို နှစ်သက်ဝမ်းမြောက်စွာဝန်ခံပဋိညာဉ်ပေးတော်မူ၍ ဖြတ်စွာဘုရား၏ အလိုတော်ကျ ကရားဓမ္မနှင့်အညီ ဖြေဆိုရေးသားပြီးလျှင် ဓမ္မဒိပနီ ဟူသော အမည်နှင့် အင်္ဂလိပ်မဟာဝိသုဒ္ဓါရာမိက ဆရာတော်ဘုရားကြီးထံ တင်ပို့လိုက်လေသည်။

ထိုအခါ မဟာဝိသုဒ္ဓါရာမိက ဆရာတော်ဘုရားကြီးလည်း ထိုဓမ္မဒိပနီကို အာဘန္ဓဘန္ဓ အထပ်ထပ် သုံးသပ် ကြည့်ရှုတော်မူရာ မျှားစွာ နှစ်သက်ဝမ်းမြောက်တော်မူကြောင်း။

၍ ဓမ္မဒီပနီ ကျမ်းကို မံရှာပြို ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးပင် ရေးသားတော်မူသော ပုဗ္ဗဇ္ဈာဒီကမ္မဋ္ဌာန်းကျမ်းနှင့်ရောစပ်ဘက်တွဲ၍ ပုံနှိပ်လုပ်ဆောင်ဖြိုးမြောက်ခဲ့ရာ အချိန်ကြာပြီဖြစ်၍ ယခုအခါ၌ အဆိုပါကျမ်းများသည် အလွန်ရှားပါး၍ ဇနံရကား ကျွန်ုပ်တို့ ဗြန်မာ့အလင်း သတင်းစာ ပုံနှိပ်တိုက် လိပ်ဖြူဆက် တွင် ဆက်ပို့ အောင်ဖြင့်ဆင်၍ ထပ်မံကာ စက်တင်ပုံနှိပ် လုပ်ဆောင်ပါကြောင်း။ ၍ကျမ်းကို ကြည့်ရှုကြကုန်သော ရဟန်းရှင်လူအပေါင်းတို့သည် ယထာ ဘူတ ဓမ္မ အစရှာ ဖြောင့်မတ်စွာ သိမြင်ကြကုန်သည်ဖြစ်၍ ဆဋ္ဌမပရိသဇ္ဇနာတွင် ပါရှိသော

www.dhammaransi.com

နိဒါန်း

ဒုကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် မဟာနိရယ သံဝတ္တနိက တရား ၂-ပါးမှ ရှောင်ရှား ဖယ်ကြဉ်ကြကုန်ပြီးလျှင် ၎င်း ဝိသုဒ္ဓိနှစ်တွင် ပါရှိသော သမ္မပ္ပဓာန်အလုံးကို အားထုတ် ကျိုးပန်းပြီးခါ ဓမ္မဒိပနီ ကျမ်း၏အဆုံး ဩဝါဒကထာတွင် ပါရှိသောအတိုင်းလိုက်နာကျင့်ကြံနိုင်ကြစေကုန်သတည်း။

ပါဠိဆရာ-မောင်အောင်တင်

၁၃၁၃-ခု-ကဆုန်လဆန်း (၉)ရက်
တနလ်ာနေ့

www.dhammaransi.com

မာတိကာ

မမ္မဒီပနီ

			စာမျက်နှာ
ပဋိညာဉ်	.....	.....	၁
ပုစ္ဆာ ၁၃-ရပ်	.....	.....	၂
ပထမပုစ္ဆာအဖြေ	.....	.....	၄
ဒုတိယ-တတိယပုစ္ဆာအဖြေ		.....	၂၀
စတုတ္ထပုစ္ဆာအဖြေ	.....	.....	၃၃
ပဉ္စမပုစ္ဆာအဖြေ	.....	.....	၄၄
ဆဋ္ဌမပုစ္ဆာအဖြေ	.....	.....	၄၈
သတ္တမပုစ္ဆာအဖြေ	.....	.....	၇၀
အဋ္ဌမပုစ္ဆာအဖြေ	.....	.....	၇၂
နဝမပုစ္ဆာအဖြေ	.....	.....	၈၃
ဒသမပုစ္ဆာအဖြေ	.....	.....	၈၈
ဧကာဒသမပုစ္ဆာအဖြေ	.....	.....	၉၉
ဒွါဒသမပုစ္ဆာအဖြေ	.....	.....	၁၀၁
တေရသမပုစ္ဆာအဖြေ	.....	.....	၁၂၃
ဩဝါဒကထာ	.....	.....	၁၂၈

ပုဏ္ဏောဝါဒကမ္မဋ္ဌာန်း

ဥဒ္ဒေသ	.....	.....	၁၄၅
နိဒ္ဒေသ	.....	.....	၁၄၆

မဟာဘုတ်ဘို့ဏီအပေါ်ငိုးအစ

မြေအစု	.....	.....	၁၄၆
ရေအစု	.....	.....	၁၄၈

www.dhammaransi.com

မာတိကာ

ဒီးအစု ....

လေအစု ....

အကြည် ၆-မျိုးကိုယ်လုံးဖြိုး

စက္ခုစသည်

ဓာတ်ခီး ၈-မျိုးမြဲအုပ်စိုး

၅-မျိုးဓာတ်ဆီစောင့်ရှောက်သည်

ဓာတ်ဘီလူးကြီးအုပ်စိုးနည်း

ဓာတ်ဘီလူးမှာသင်းများမှာ

အနိစ္စရှုနည်း ....

ဒုက္ခရှုနည်း ....

အနတ္တရှုနည်း ....

www.dhammaransi.com



နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

ပဋိညာဉ်

သင်္ကာရာဇ် ၁၂၆၃-ခု ပထမ ဝါဆိုလဆုတ် ၁၀-ရက် ဇနီတွင် အုတ်ကန်ရွာ—

၁။ တကောတိုက်သူကြီး မောင်ဘိုးဒို,
၂။ တနှံဆောင်းတကာ မောင်ရွှေလာ,
၃။ ဘုရားတကာ ဦးဘော်,
၄။ ကျောင်းတကာ ဆရာဇင်း,
၅။ ကျောင်းတကာ မောင်ထွတ်,
၆။ ပြာသာဒ်တကာ မောင်ရွှေရေး,
၇။ ရဟန်းတကာ မောင်ငယ်,

နှင့် ဂုဏ်ရှာဒါယကာအပေါင်းတို့ တောင်းပန်လျှောက်ထားချက် ပုဆွ ၁၃-ရပ်ကိုအစဉ်အတိုင်းသိသာထင်လင်းရုံ အကျဉ်းမျှဖြစ်ဆိုပေအံ့။

www.dhammaransi.com

မွေဒီပနီ

ပုစ္ဆာ ၁၃-ရပ်

၁။ ယခု အခါ ဘုရားမြတ်စွာ၏ သာသနာတော်ကြီး၌ လဇ္ဇီ အလဇ္ဇီ ဒုဿီလ ဟူ၍ ပုဂ္ဂိုလ်သုံးမျိုးကွဲပြားလျက်ရှိနေရာ ၎င်းတို့၏ အသီးအသီးသော အင်္ဂါလက္ခဏာတို့ ကိုပါဠိအဋ္ဌကထာ ဋီကာကျမ်းတို့နှင့်တကွ သိလိုပါသည်။

၂။ အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်မှန်သောကြောင့် မဆည်းကပ် မကိုးကွယ်သော သူတို့မှာ "အသေဝနာစ ဗာလာနံ" မင်္ဂလာဖြစ်မဖြစ် များကို အကျိုးအပြစ် ဝတ္ထုသက်သေနှင့် တကွ သိလိုပါသည်။

၃။ အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်မှန်း သိလျက်နှင့် ဆည်းကပ် ကိုးကွယ်သော သူတို့ မှာ "ပဏ္ဍိတာနဉ္စသေဝနာ" မင်္ဂလာဖြစ်မဖြစ်, "သဇ္ဇိရေဝသမာသေထ" စသော ဒေသနာတော်နှင့် ညီမညီ များကို အကျိုးအပြစ် ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်။

၄။ အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်မှန်း သိလျက်နှင့် ဆွမ်း စသော ဒါန ဝတ္ထုတို့ဖြင့် ပူဇော်သက္ကာရ ပြုသောသူတို့မှာ "ပူဇာစ ပူဇနေယျာနံ" မင်္ဂလာဖြစ်မဖြစ် များကိုအကျိုးအပြစ် ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်။

၅။ အလဇ္ဇီဒုဿီလပုဂ္ဂိုလ်မှန်းသိလျက်နှင့်အရိ အသေရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်

www.dhammaransi.com

အုပ်ချီခြင်းအရိအသေပြုခြင်းတို့ကိုပြုသော သူတို့မှာ "ဂါရဝေါစ" မင်္ဂလာဖြစ် မဖြစ်, "ဘိက္ခုံစသီလသမ္ပန္နံ၊သမ္မဒေဝသမာစရေ" ဟု ကောသလ သံယုတ်တွင် ဟောတော်မူသည်နှင့် ညီမညီ, ၎င်းပုဂ္ဂိုလ် တို့သည် ပါဏိပါတသရဏဂုမ်ထိုက် မထိုက် များကို အကျိုးအပြစ် ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်။

၆။ အလဇ္ဇီဒုဿီလပုဂ္ဂိုလ်မှန်းသိသောကြောင့် ထိုအလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်တို့အား ပုဂ္ဂလာဓိဋ္ဌာန် မေ္မာဓိဋ္ဌာန်တွင် တရပ်ရပ်ဖြင့် အပြစ်စကားထိပါးပြောဆိုသောသူတို့အပေါ် ဌဏ်ဆယ်ပါးထိုက် မထိုက်, အပြစ်လွတ် မလွတ် များကို သိလိုပါသည်။

၇။ အလဇ္ဇီ ပုဂ္ဂိုလ်သည် သံသရာ ဘေးကို ကြောက်၍ မေ္မ သံဝေဂ ရသဖြင့် လဇ္ဇီ သူတော်ကောင်း အဖြစ်သို့ ရောက်လိုသော အခါမည်ကဲ့သို့သော အမူအရာဖြင့် လဇ္ဇီ သူတော်ကောင်းဖြစ်နိုင်မည့်အကြောင်းကို သိလိုပါသည်။

၈။ ဂဟဋ္ဌ ဖြစ်သူ လူတို့၏ ဝိနည်းကျမ်းဂန်များကို သင်ကြားခြင်းသည် "ဝိနယောစ သုသိက္ခိတော" ဟောတော်မူသော ဒေသနာတော်နှင့် ညီမညီ များကို အကျိုး အပြစ် ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်။

၉။ ပဗ္ဗဇိတ ဖြစ်သော ရဟန်းတော်တို့သည် လူဖြစ်သူ ဒါယကာတို့အား ဝိနည်းတရားကို ဟောကြားအပ်သည် မအပ်သည်များ

www.dhammaransi.com

မဇ္ဈိမပဏ္ဏာသ

ကိုလည်း အကျိုးအပြစ် ဝတ္ထုသက်သေနှင့် တကွ သိလိုပါသည်။

၁၀။ စတုပါရိသုဒ္ဓိသီလ ငါးပါးတို့၏ အသီးအသီးလက္ခဏာရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် တို့နှင့် တကွ အင်္ဂါလက္ခဏာတို့ကို သိလိုပါသည်။

၁၁။ ဌာနာဌာန ဉာဏ်၊ ကမ္မဝိပါက ဉာဏ်၊ သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်၊ အနေကဓာတုနာနာဓာတု ဉာဏ်၊ နာနာဓိမုတ္တိကဉာဏ်၊ သတ်္တာနံ ပရောပရိယတ္တာဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တဉာဏ်၊ ဈာနဝိမောက္ခသမာဓိသမာပတ္တိဉာဏ်၊ ပုဗ္ဗေနိဝါသဉာဏ်၊ စုတူပပါတဉာဏ်၊ အာသဝက္ခယဉာဏ်၊ ဤဉာဏ်တရားတို့၏ အသီးအသီးသော လက္ခဏာရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် တို့နှင့် တကွ အင်္ဂါလက္ခဏာတို့ကို သိလိုပါသည်။

၁၂။ သံဃိကဒါန မျိုးတို့၏ သရုပ်အဓိဗ္ဗါယ်ကို လှူနည်းလှူပုံနှင့် တကွ သိလိုပါသည်။

၁၃။ ဂုဏ်သံဃိကဒါန တပါး တပါးကို လှူဒါန်းရခြင်းနှင့် အလှူခံပုဂ္ဂိုလ်တကာတို့၏ ဒါယကထွဋ်ရ အထိုက်ဖြစ်တော်မူသော သဗ္ဗညုဘုရားရှင် တပါး တည်းကို ပုဂ္ဂလိက လှူဒါန်း ရခြင်း သည် မည်သို့ အလှူက သာလွန်၍ အကျိုး ကြီးမည်ကိုသိလိုပါသည်။

ပုစ္ဆာ ၁၃-ရပ်ဖြင်္။

ပထမပုစ္ဆာအဖြေ

ယခုအခါ ဘုရားဖြတ်စွာ၏ သာသနာတော် ကြီးဌိ လင်္ကာ အလင်္ကာဒုသီလ ဟူ၍ ပုဂ္ဂိုလ် ခုံးချိုးကွဲ ပြားလျက် ရှိနေရာ ဂုဏ်တို့၏ အာသီးအသီးသော

www.dhammaransi.com

အင်္ဂါလက္ခဏာတို့ကို ပါဠိအဋ္ဌကထာ ဋီကာကျမ်း ဂန်တို့နှင့်တကွသိလိုပါသည်။

ဟူသော ပထမပုဏ္ဏာဒါ အဧဖြကား—

၁။ လဇ္ဇီပုဂ္ဂိုလ်,

၂။ အလဇ္ဇီပုဂ္ဂိုလ်,

၃။ ဒုဿီလပုဂ္ဂိုလ်,

သုံးမျိုးရှိသည်တွင် လဇ္ဇီပုဂ္ဂိုလ်၏ အင်္ဂါလက္ခဏာကို ဤသို့ပေဘဧဘော်မူ၏။

လဇ္ဇီလက္ခဏာ.....

သဒ္ဒါစ္ဆ အာပတ္တိံ နာပဇ္ဇတိ၊အာပတ္တိံ နပရိဂူဟတိ။ အဂတိဂမနဉ္စ နဂစ္ဆတိ၊ဒေဒေသေ ဝုတ္တိ လဇ္ဇီ-ပုဂ္ဂလော။

[ပရိဝါပါဠိတော်။]

သဒ္ဒါစ္ဆ၊ပညတ်ဧတော်ကိုသိဧသောစိတ်နှင့်တကွ ဧစ့်ဧဆော်၍။ အာပတ္တိံ၊ အာပတ်သင့်မှုကို။ နာပဇ္ဇတိ၊ မလွန်ကျူး။ အာပတ္တိံ၊ ပုထုဇ္ဇနဂတိဖြင့် စွန်းငြိဧသောအာပတ်ကို။ နပရိဂူဟတိ၊မဖုံးလွှမ်း။ အဂတိဂမနဉ္စ၊ အဂတိတရား ဧလးပါး သို့လည်း၊ နဂစ္ဆတိ၊မပို့ကံစေး။ ဒေဒေသေ၊ဤပါဠိသဒ္ဒါ ဤသော ပုဂ္ဂိုလ်ကို။ လဇ္ဇီပုဂ္ဂလော၊လဇ္ဇီပုဂ္ဂိုလ်ဟူ၍။ ဂုဏ်တို့၊ ဆိုအပ်၏။

၁။ ဤအမှုကိုပြုလျှင် ဧကန်အာပတ်သင့်၏ ဟူသိလျှင် ထိုအမှုကို မပြုခြင်း သည်လည်း လက္ခဏာတပါး,

၂။ မသိ၍ဧသော်ငင်း သိလျက်နှင့် စိတ်ကိုမချုပ်တည်းနိုင်၍ဧသော်ငင်း ပြုမိ၍ ပါဒဠိသာဓကဘာဝိရိသော ပုဂ္ဂိုလ်ကို။ လဇ္ဇီပုဂ္ဂလော၊လဇ္ဇီပုဂ္ဂိုလ်ဟူ၍။ ဂုဏ်တို့၊ ဆိုအပ်၏။

၃။ ဤအမှုကိုပြုလျှင် ဧကန်အာပတ်သင့်၏ ဟူသိသော်လည်း သိလျက်နှင့် စိတ်ကိုမချုပ်တည်းနိုင်၍ဧသော်ငင်း ပြုမိ၍ ပါဒဠိသာဓကဘာဝိရိသော ပုဂ္ဂိုလ်ကို။ လဇ္ဇီပုဂ္ဂလော၊လဇ္ဇီပုဂ္ဂိုလ်ဟူ၍။ ဂုဏ်တို့၊ ဆိုအပ်၏။

www.dhammaransi.com

ဖုံးလွှမ်းမျှ နေ့ကူးအောင် မထားခြင်းသည့်
လည်းလက္ခဏာတပါး,

၃။ ပစ္စည်းဘဏ္ဍာကို ဝေဘန်ရာဌာနစသည်၌
အဂတိလေးပါးသို့ မလိုက်မှားတရား သ
ဖြင့် ပြုခြင်းသည်လည်း လက္ခဏာတပါး,
ဤသုံးပါးသော လက္ခဏာနှင့်ပြည့်စုံသောရဟန်းကို
*လဒ္ဓိရဟန်း ဟူ၍ဆိုအပ်၏။ ။ပါဠိဝေယျာဝစ္စကရဘိက္ခုသုတ်။

လဒ္ဓိလက္ခဏာပြီး၏။

အလဒ္ဓိပုဂ္ဂိုလ်၏အင်္ဂါလက္ခဏာကို ဤသို့ ဟောတော်
မူ၏။

အလဒ္ဓိလက္ခဏာ.....

သဋ္ဌိဿ အာပတ္တိံ အာပန္နတိ၊အာပတ္တိံ ပရိဂူဟတိ။
အဂတိဂမနဿ ဂစ္ဆတိ၊ ဒေါသော ဝုစ္စတိ အလဒ္ဓိ-
ပုဂ္ဂလော။

[ပရိဝါပါဠိဘော်။]

သဋ္ဌိဿ၊ပညတ်တော်ကိုသိ၊သောဗိတ်နှင့်တကွ ဧစ္ဆေဒ်
၍။ အာပတ္တိံ၊အာပတ်သင့်မှုကို။ အာပန္နတိ၊ လွန်ကျူး၏။
အာပတ္တိံ၊ပုထုဇ္ဇန်ဂတိဖြင့် စွန်းပြဲသောအာပတ်ကို။ ပရိဂူ
ဟတိ၊လျှို့ဝှက်ဖုံးလွှမ်း၏။အဂတိဂမနဿ၊ အဂတိတရားလေး
ပါးသို့လည်း။ဂစ္ဆတိ၊လိုက်စား၏။ဒေါသော၊ဤသဘော
ရှိသောပုဂ္ဂိုလ်ကို။ အလဒ္ဓိပုဂ္ဂလော ၊ အလဒ္ဓိပုဂ္ဂိုလ်ဟူ၍။
ဝုစ္စတိ၊ဆိုအပ်၏။

၁။ ဤအမှုကိုပြုသော် ဧကန်အာပတ်သင့်၏ဟူ
သိလျက် ပြုခြင်းသည်လည်း လက္ခဏာ
တပါး,

---

* သက္ခဏာသုံးပါးလုံးနှင့်ပြည့်စုံမှ လဒ္ဓိ။

www.dhammaransi.com

၂။ မသိ၍ သော်၎င်း သိလျက်နှင့် စိတ်ကို မ
ချုပ်တည်းနိုင်၍သော်၎င်း ပြုမိ၍မိမိ၌ အာ
ပတ်သင့်မှန်းသိခဲ့လျှင် ထိုအာပတ်ကို လှို
ဒ္ဓက် ဖုံးလွှမ်း၍ နေ့ကူးအောင် ထားခြင်း
သည်လည်းလက္ခဏာတပါး,
၃။ ပစ္စည်း ဘဏ္ဍာကို ဝေဘန်ရာဌာန စသည်၌
အဂတိ လေးပါးသို့ လိုက်စား၍ မတရား
သဖြင့်ပြုခြင်းသည်လည်းလက္ခဏာတပါး,
၍လက္ခဏာသုံးပါးတွင် တပါးပါးသော လက္ခဏာနှင့်
ပြည့်စုံသောရဟန်းကို *အလဒ္ဓိပုဂ္ဂိုလ်ဟုဆိုအပ်၏။ ။ပါဠိ
လျှောက်အဓိပ္ပါယ်။

အလဒ္ဓိလက္ခဏာပြီး၏။

ဤသို့.....

အာဒိတော ပဋ္ဌာယ အလဒ္ဓိနာမ နတ္ထိ။

[အဋ္ဌကထာ။]

အာဒိတော၊ရှင်ရဟန်းဖြစ်သည်မှ။ပဋ္ဌာယ၊စ၍။ အလဒ္ဓိ
နာမ၊ အလဒ္ဓိမည်သည်။နတ္ထိ၊ မရှိ။

လဒ္ဓိ အလဒ္ဓိမည်သည် အမျိုး အဂိုးနှင့် အမြဲဖြစ်၍ နေ
သည်မဟုတ်။ စိတ္တက္ခဏကိုစွဲ၍ဖြစ်၏။ ထိုကြောင့် ပုဂ္ဂိုလ်
တယောက်သည် တထိုင်တွင်းမှာပင် အလဒ္ဓိဆယ်ခါမက
ဖြစ်နိုင်၏။ လဒ္ဓိလည်းဆယ်ခါမကဖြစ်နိုင်၏။

အဘယ်သို့ ဖြစ်နိုင် သနည်းဟူမူ တထိုင်တွင်း မှာပင်
ဆယ်ခါမကဖြစ်နိုင်သောအာပတ်တို့သည် များစွာရှိကုန်၏။
သူတပါးတို့လည်းမသိနိုင်ကုန်။ထိုကဲ့ သို့သောအာပတ်တို့ကို
တထိုင်တွင်းမှာပင် စိတ်စေတနာနှင့်တကွဆယ်ခါမကလွန်
ကျူးခဲ့လျှင် ဆယ်ခါမှာအလဒ္ဓိဖြစ်၏။ သင့်တိုင်းသင့်တိုင်း

---

* လက္ခဏာဘပါးပါးနှင့်ပြည့်စုံလျှင်ပင်အလဒ္ဓိ၊

www.dhammaransi.com

လည်း အာပတ်သင့်မှုကိုငါပြုမိပြီ, ပြုမိသောအမှုကိုလည်း ဒေသနာကြားမည့်, နောက်ကိုလည်း၍အလန်တမှုကိုငါရှောင် ကြဉ်မည်ဟု လန်တီဓမ္မသိုဆယ်ခါမက သက်ပြန်လျှင်ဆယ် ခါမက လန်တီဖြစ်နိုင်၏။ ၍သိုလျှင် လန်တီ အလန်တီမည်သည် အမျိုးအရိုးအားဖြင့်အမြဲဖြစ်၍နေသည်မဟုတ်။ စိတ္တက္ခဏ ကိုစွဲ၍ ယခုပင်အလန်တီ, ယခုပင်လန်တီဖြစ်နိုင်သော သဘော မျိုးတည်း။ ။တသက်လုံး အမြဲ လန်တီဓမ္မသို မသက်ဘဲ နေ့ လျှင် တသက်လုံးပင်အလန်တီအမြဲဖြစ်ရ၏။

[ဤဝါးဝး "အာဒိဘော ပဒ္ဓာယ အလန်တီနာမ နတ္ထိ" ဟူသော အဋ္ဌကထာပါဠိ၏အဓိပ္ပါယ်တည်း။]

ဤအဋ္ဌကထာပါဠိကိုထောက်၍ပြဆိုခဲ့ပြီးသောအလန်တီ ပုဂ္ဂိုလ်အဖြစ်မှာ အလန်တီစိတ် အလန်တီလက္ခဏာတင်းလင်း ရှိနေဆဲခဏဌိသာ အလန်တီအဖြစ်ကိုဆိုအပ်၏။ လန်တီဓမ္မသို သက်သောစိတ်အဆိုက်သို့ရောက်ပေလျှင် လန်တီပုဂ္ဂိုလ်အဖြစ် ကိုဆိုအပ်၏။

သာရတ္ထဒီပနီဋီကာဒ္ဒလည်း ...

အာဒိတော ပဒ္ဓာယ အလန်တီနာမ နတ္ထိတိ ဣဓ ပန အာဒိတော ပဒ္ဓာယ အလန်တီ ဟူသော ပါဌ်ဖြင့်။ ဒိဏ္ဍဒီဠ်း, မြင်တိုင်းမြင်တိုင်းသောပုဂ္ဂိုလ်၌။ ဝါ။ တယောက် သော ပုဂ္ဂိုလ်ကိုပင်လျှင် မြင်တိုင်း မြင်တိုင်းသော ဆဏ်၌။ သံသယော၊ အလန်တီဘာဝဝသံသယကို။ နကာတဇ္ဇော၊ မပြု အပ်။ ဣတိ၊ ၍သို။ဒဏ်သတိ၊ ပြုတပ်မူပေ၏။

အလန်တီမှုတင်းလင်းနှင့် ဇာတ်မြင်လျှင် ထိုအမှုတင်းလင်း ရှိနေဆဲခဏဌိသာ ထိုပုဂ္ဂိုလ်ကိုအလန်တီအနေနှင့် သံသယ

www.dhammaransi.com

ပြုထိုက်၏။ အလဇ္ဇီမှုကို မမြင်သော အခိုက်၌ သံသယမပြု အပ်ဆိုလိုသည်။

"သဉ္ဇီစ္စ အာပတ္တိ အာပဇ္ဇတိ"၌ အာပတ်ကိုလွန်ကျူးမှုသည်.....

၁။ ပညတ်တော်ကိုသိလျက်လွန်ကျူးမှု,
၂။ ပညတ်တော်ကိုမသိ၍လွန်ကျူးမှု,
၃။ ဝတ္တုကိုသိလျက်လွန်ကျူးမှု,
၄။ ဝတ္တုကိုမသိ၍လွန်ကျူးမှု,

ဟူ၍လေးမျိုးရှိ၏။

အသားကြီးဆယ်ပါးကို ရဟန်းတို့မစားအပ်။ စားလျှင် အာပတ်သင့်စေဟု ပညတ်တော်ရှိ၏။ ၍ပညတ်တော်ကို သိသည်ကား ပညတ် သိတည်း။ ၍ပညတ် တော်ကို မသိသည်ကား ပညတ် မသိတည်း။ အသားကို မြင်သော အခါ ၍အသားသည် အကဖိုယအသားမျိုးဟုတ်၏,မဟုတ် ဟုသိခြင်း မသိခြင်းသည်လည်း ဝတ္တုသိ,မသိမည်၏။ ။ ရွှေငွေ စသည် တို့၌ ၍သို့ ပြုလျှင် ၍သို့ ဆိုလျှင် ခံခြင်း မြောက်၏,မမြောက်စသည်ဖြင့် အမှုကိုသိခြင်း,မသိခြင်း သည်လည်း ဝတ္တုသိ,မသိမည်၏။

၁။ လောကဝဇ္ဇ,
၂။ ပဏ္ဏတ္တိဝဇ္ဇ,

ဟူ၍အာပတ်နှစ်မျိုးရှိ၏။

၁။ သူ့အသက်ကိုသတ်ခြင်း သူ့ဥစ္စာကိုခိုးယူ ခြင်း အစရှိသော ပကတိပင် အကုသိုလ်မှုမျိုဖြစ် သော အာပတ်မျိုးသည် လောက ဝဇ္ဇ အာပတ် မည်၏။

၂။ မြေကိုတူးခြင်း ဖြက်သစ်ပင်ကို ဖြတ်ခြင်း အစရှိသော ပကတိမှာ အကုသိုလ်မှုမျိုး မဟူတ်။

www.dhammaransi.com

ဘုရားပညတ်၍သာ ဖြစ်ရသော အာပတ်မျိုးသည် ပဏ္ဏာတ္တိဝဇ္ဇမည်၏။

ထိုနှစ်မျိုးတွင် လောကဝဇ္ဇအာပတ်မျိုးခို့ ပညတ်ဝတ္ထုနှစ်ပါးကို သိလျက် လွန်ကျူးခဲ့။ အာပတ်လည်း သင့်၏။ အလင်္ဇီလည်းဖြစ်၏။ ။ပညတ်ကိုပင်မသိသော်လည်း ဝတ္ထုကိုသိလျက်လွန်ကျူးခဲ့။ အချို့သောအမှုခို့အာပတ်လည်း သင့်၏။ အလင်္ဇီလည်းဖြစ်၏။ ပါဏာတိပါတမှု သုရာပါနမှု စသည်တည်း။ ။အချို့သောအမှုခို့ အာပတ်ပင် မသင့်။ အာပတ် မသင့်လျင်လည်း အလင်္ဇီ ဖြစ်သည် မဆိုသာ။ သေခိယသိက္ခာပုဒ် စသည်တည်း။ ။၍သေခိယသိက္ခာပုဒ်မျိုး,မဟာဝါစုဇ္ဈဝါတို့ခို့လာသော သိက္ခာပုဒ်မျိုးတို့သည် ကား ပညတ်တော်ကို မသိသောသူတို့မှာ အာပတ်လွတ်သည်မျှားဏ်။ ။ပညတ်တော်ကိုသိလျက် ဝတ္ထုကိုမသိ၍ လွန်ကျူးမိခဲ့။ အချို့သောအမှုခို့ အာပတ်သင့်၏။ အလင်္ဇီကားမဖြစ်။ သုရာပါနမှုပေတည်း။ ၍သုရာပါနခို့ ယစ်မျိုးမှန်းမသိ တခြားတပါးသော ဝတ္ထုမျိုးဆေးဝါးမျိုးမှတ်ထင်၍ သောက်မိမျိုမိသော်လည်း အာပတ်သင့်သည်သာဖြစ်၏။ အချို့သောအမှုခို့ အာပတ်လည်း မသင့်။ အလင်္ဇီလည်း မဖြစ်။ ပါဏာတိပါတမှုစသည်တည်း။ ၍ပါဏာတိပါတမှုခို့အသက်ရှိသော ဝတ္ထုဟုမသိ။ တခြားတပါးသောဝတ္ထုထင်မှတ်၍ ပျက်ဆီးမိရာခို့ အာပတ်မသင့်။

ပဏ္ဏာတ္တိဝဇ္ဇ အာပတ်မျိုးခို့မှကား ပညတ်ဝတ္ထုနှစ်ပါးစုံကိုသိ၍ လွန်ကျူးမှ အလင်္ဇီ ဖြစ်သည်။ ။ပညတ်ကိုသိလျက် ဝတ္ထုကိုမသိ၍လွန်ကျူးမိခဲ့။ အလင်္ဇီမဖြစ်။ ဝတ္ထုကိုသိလျက် ပညတ်ကိုမသိမှု၍ လွန်ကျူးမိခဲ့။ အလင်္ဇီမဖြစ်။ ပညတ်ဝတ္ထုနှစ်ပါးစုံကိုမသိ၍လွန်ကျူးမိခဲ့။ အလင်္ဇီမဖြစ်။

[ဤကား“သဉ္ဇိစ္စ အာပတ္တိံ အာပန္နတ်”ဟူသော အလင်္ဇီအင်္ဂါခို့ သဉ္ဇိန္နသန္ဒါ၏ အနက်သွားကို ပြဆိုခြင်းတည်း။]

www.dhammaransi.com

"အာပတ္တိံပရိဂူဟတိ" ဟူသောဒုတီယအင်္ဂါ၌.....

၁။ အာပတ်သင့်သည်လည်းဖြစ်စေ,

၂။ အာပတ် သင့်သည်ဟု သိသည်လည်း ဖြစ်စေ,

၃။ ဓိဓိနေရာအနီးအပါး၌ ဓိဓိအကျိုးကိုလိုလား သောသဘာဂရဟန်းရှိသည်လည်းဖြစ်စေ,

၄။ သဘာဂ ရဟန်း ရှိ၏ဟု သိသည်လည်း ဖြစ်စေ,

၅။ အန္တရာယ်ဆယ်ပါးတွင် တပါးပါးမျှ မရှိ သည်လည်းဖြစ်စေ,

၆။ အန္တရာယ်မရှိဟု သိသည်လည်းဖြစ်စေ,

၇။ ဓိဓိ၌နှုတ်မြွက်ရွတ်ဆို၍ ဒေသနာကြားခြင်း ၎ါမစွမ်းနိုင်လောက်အောင် အနာရောဂါ မရှိသည်လည်းဖြစ်စေ,

၈။ အနာရောဂါမရှိဟု သိသည်လည်းဖြစ်စေ,

၉။ အရဏ်တက်သည် တိုင်အောင် ဖုံးလွှမ်း၍ ထားလိုသော စိတ်ရှိသည်လည်းဖြစ်စေ,

၁၀။ အရဏ်တက်သည် တိုင်အောင် ဒေသနာ မကြားဘဲ ဖုံးလွှမ်း၍ ထားသည်လည်း ဖြစ်စေ,

၏အင်္ဂါဆယ်ပါးနှင့် ပြည့်စုံ၍ အရဏ်တက်စေသည် ဖြစ်အုံ။ အရဏ်တက်သော အခါ၌ ဖုံးလွှမ်းမှု အထွက် ကြောင့် ဒုက္ကဋ်အာပတ်လည်း ထပ်၍သင့်ပြန်၏။ အလဇ္ဇီ လည်းဖြစ်၏။ ၏အင်္ဂါဆယ်ပါးတွင် တပါးပါး ချို့တဲ့၍

www.dhammaransi.com

အရဏ်တက်စေသည်ဖြစ်ဒုံး။ ဒုက္ကဋ်အာပတ်လည်းမသင့်။ အလင်္ဂါလည်းမဖြစ်။

ဆိုဘွယ်အထူးကား.....

ပိဝိဒ္ဓ အာပတ်သင့်မှန်း သိလျက်ဒေသနာကြားရန် အကြောင်းအခွင့်စုလည်း ထင်ရှားရှိလျက် အရဏ်မတက်မိ အတွင်းဌ ဒေသနာမကြားလိုသော ရဟန်းသည် ဒေသနာမကြားလိုသော စိတ်ဖြစ်သည့်အခါမှစ၍ ထိုအာပတ်ကို ဒေသနာကြားလိုသော လင်္ဂါဓမ္မသို့ မသက်သမျှ ကာလပတ်လုံး တလတန့်စ စသည်ပင်ကြာသော်လည်း အလင်္ဂါအဖြစ်ဌသာတည်၏။

အာပတ်သင့်သည်ဟု သိသည်လည်း ဖြစ်စေဟူသော ဒုတိယအင်္ဂါဌ ဝိနည်းကျမ်းဂန်ကို မတတ်သောသူတို့အား အာပတ်သင့်သော်လည်း သင့်မှန်းသိသောအရာကားနည်းပါ၏။ မသိသောအရာကား အလွန်များပြား၏။ ။မသိ၍သင့်သော အာပတ်အတွက်မသိ၍ ဖုံးလွှမ်းသော အာပတ်အတွက်ကားအလင်္ဂါမဆိုအပ်။

[ဤကား "အာပတ္တိံ ပရိဂူဟတိ" ဟူသောဒုတိယအင်္ဂါအရကိုပြဆိုချက်တည်း။]

"အဂတိဂမနဉ္စဂဆ္ဆတိ" ဟူသောတတိယအင်္ဂါဌ.....

၁။ ဂယောဆန္ဒါဂတိံ နဂစ္ဆတိ,
၂။ ဂဒါသာဂတိံ နဂစ္ဆတိ,
၃။ ဘယာဂတိံ နဂစ္ဆတိ,
၄။ ဂမောဟာဂတိံ နဂစ္ဆတိ,

ဟူ၍သံဃိကပစ္စည်းကို ဂဝဘန်ရာဌာနစသည်ဌ ဟောဂတော်မူသည်ကိုပဓာနပြု၍ အဂတိတရားဂလေးပါးကိုပစ္စည်း ဂဝဘန်မှုစသည်နှင့်စပ်၍ ကျမ်းဂန်တို့ဌဖြင့်ဆိုကြသည်။ ။

www.dhammaransi.com

အဂတိတရားသို့ လိုက်စားမှုဆိုသော်လည်း အာပတ်သင့်ကောင်းသောလိုက်စားမှုကိုယူရမည်။ဆိုင်ရာသိက္ခာပုဒ်ကို ကျူးလွန်ကျော်နင်း၍ အာပတ်သင့်အောင်လိုက်စားမှသာ အလဇ္ဇီဖြစ်သည်ဟု ဆရာမြတ်တို့မိန့်ဆိုကြကုန်၏။

နှစ်ဦးနှစ်ဘက်သောသူတို့ဝိနည်းစကား သုတ္တန်စကား အဘိဓမ္မာစကား ပြောဆိုကြရာဌာန၌ သူများဘက်စကား တရားလမ်းမှန် သက်သည်ကိုသိလျက် အညွှံမခံချင်သည့်အတွက် ထိုအယူ ထိုစကားကို မတရား အဓမ္မဖြစ်အောင် ပြောဆိုခြင်း, မိမိတို့ဘက်စကားတရားတိမ်းလွှဲသည်ကိုသိလျက် အညွှံမခံချင်သည့်အတွက် မိမိတို့အယူ မိမိတို့စကားကို တရားလမ်းမှန်ဖြစ်အောင် ပြောဆိုခြင်း, ၏နည်းအတူ အာပတ္တိထင်လျက် အညွှံမခံချင်သည့်အတွက် အနာပတ္တိဖြစ်အောင် ပြောဆိုခြင်း, အနာပတ္တိထင်လျက် အာပတ္တိဖြစ်အောင်ပြောဆိုခြင်း, ၏ကဲ့သို့ဝိနည်းသုတ္တန် အဘိဓမ္မာ ဝိဝါဒအရာတို့၌ လိုက်စားသော မုသာဝါဒအဂတိတရားမျိုးသည်လည်းအဂတိမျိုးဖြစ်၏။

[၏ကား "အဂတိဂမနဥ္စဂစ္ဆတိ" ဟူသောတတီယအင်္ဂါအရကို ပြဆိုချက်ဘည်း။]

၏လဇ္ဇီ အလဇ္ဇီအရာ၌ ဝိနည်းကျမ်းဂန်ကိုမတတ်သော သူတို့မှာ သီလလည်းနည်းပါး၏။ အလဇ္ဇီဖြစ်ရန်လည်းနည်းပါး၏။ ။ဝိနည်းကျမ်းဂန်ကို တတ်သော သူတို့မှာ ကားကောင်းစွာ ကျင့်သည်ဖြစ်အုံ။ သီလအလွန်ကြီးကျယ်၏။ ကောင်းစွာမကျင့်သည်ဖြစ်အုံ။ အလဇ္ဇီဖြစ်ရန်အလွန်များပြား၏။ ။ဘုန်းကံလည်းကြီးမား အခွေ့အရံလည်းများသည်ဖြစ်အုံ။ သာသနာတော်ကို အကြီးအကျယ်ဖျက်နိုင်၏။ဆိမီးညှိထွန်း၍တိုက်ခန်းဝင်လျှင် သူရိုးကြီးနှင့်တူ၏။

လဇ္ဇီအလဇ္ဇီအင်္ဂါအကျဉ်းပြချက်ပြီး၏။

www.dhammaransi.com

ဒုဿီလပုဂ္ဂိုလ်၏အင်္ဂါလက္ခဏာကို ဤသို့မှတ်အင်၏.....

ဒုဋ္ဌဒေါသသိက္ခာပုဒ်၌ ပါရာဇိကကျမှုကို မြင်ခြင်းကြားခြင်း ယုံမှားခြင်းမရှိဘဲ ရဟန်းအဖြစ်မှ ရွှေ့လျှောစေလိုသော စိတ်သက်သက်ဖြင့် ပါရာဇိက ကျရောက်သည်ကိုပြဆိုသောစကားလုံးတို့နှင့်တပါးသောရဟန်းကို စွပ်စွဲခဲ့လျှင် စွပ်စွဲသောရဟန်းအားသံဃာဒိသေသ် အာပတ်ကြီးသင့်၏။ ဤကဲ့သို့သောစကားလုံးတို့ဖြင့် စွပ်စွဲခဲ့သည်ရှိသော် ပါရာဇိက တကယ်ကျပြီးသော ရဟန်းကိုပင် စွပ်စွဲမိသော်လည်း စွပ်စွဲသောရဟန်းမှာ သံဃာဒိသေသ် အာပတ်ကြီးသင့်သေးသည်သာဖြစ်၏။ရဟန်းအဖြစ်မှ ရွှေ့လျှောစေလိုသောစိတ်မဟုတ်။ ရဟန်းအဖြစ်၌ အရှိန်အစော် မဲ့စေလိုသောစိတ်ဖြင့် စွပ်စွဲဆဲရေးခဲ့သည်ရှိသော် ပါရာဇိက တကယ်ကျပြီးသော ရဟန်းကိုပင် စွပ်စွဲဆဲရေးမိသော်လည်း စွပ်စွဲဆဲရေးသော ရဟန်းမှာ ပါစိတ်အာပတ် သင့်သေး၏။

ပါရာဇိက ကျရောက်သည်ကို ပြဆိုသောစကားလုံးမျိုးဆိုသည်ကား.....

တွံ၊သင်သည်။ပါရာဇိကံ၊ ပါရာဇိကမှုသို့။အာပန္နော၊ ရောက်သောသူသည်။အသိ၊ဖြစ်၏။

တွံ၊ သင်သည်။ ဒုဿီလော၊ သီလမရှိသည်။ အသိ၊ ဖြစ်၏။

တွံ၊သင်သည်။ အသမဏော၊ ရဟန်းမဟုတ်သည်။ အသိ၊ဖြစ်၏။

တွံ၊ သင်သည်။ အသကျပုတ္တိယော၊ သာကိဝင်မင်းသားဘုရားသားတော်မဟုတ်သည်။ အသိ၊ ဖြစ်၏။

[ဤသို့စသော စကားမျိုးသည် ပါရာဇိကကျရောက်သည်ကိုပြဆိုသော စကားလုံးမျိုးဟူ၍ အဋ္ဌကထာတို့၌လာသည်။]

www.dhammaransi.com

အလဇ္ဇီဟူသောစကားသည်ကား ပါရာဇိကကျရောက်သည်ကိုဆိုသောစကားလည်းဟုတ်၏။ဒုက္ကဋ်အာပတ်သင့်သည်ကိုဆိုသော စကားလည်းဟုတ်၏။ ၏သို့အာပတ်အများနှင့်ဆက်ဆံသောစကားဖြစ်၍ အလဇ္ဇီဟူသော စကားနှင့်တပါးသော ရဟန်းကို စွပ်စွဲမိသော်လည်း စွပ်စွဲသော ရဟန်းမှာ သံဃာဒိသေသ် အာပတ်ကြီးမသင့်။ ။၏သို့သောကျမ်းဂန်ယုတ္တိကိုထောက်၍ ပါရာဇိကကျရောက်ပြီးသောရဟန်းသည်သာ ဒုဿီလမည်၏။ ဒုဿီလဆိုလျှင် ရဟန်းမှာ ပါရာဇိက ကျရောက်ပြီးသော ရဟန်းကိုဆိုသည်ဟုမှတ်အပ်၏။

ပါရာဇိကမှကြွင်းသော အာပတ်မျိုးသင့်ရှိသော ရဟန်းကို ဒုဿီလရဟန်း မဆိုအပ်။ အလဇ္ဇီအင်္ဂါနှင့်ပြည့်စုံလျှင် အလဇ္ဇီ ရဟန်းဟူ၍သာဆိုအပ်၏။

[၏ကားအလဇ္ဇီ ဒုဿီလနှစ်ပါးခွဲနည်းတည်း။]

၏အရာ၌ ခပ်သိမ်းသောသိက္ခာပုဒ်တို့နှင့်ဆက်ဆံသော အကျိုးဆယ်ပါး၌ "ဒုမ္မင်္ကုန် ပုဂ္ဂလာနံ နိဂ္ဂဟာယ" ဟူသောပုဒ်၌ ဒုမ္မင်္ကုန်ပုဒ်ကိုဒုဿီလာနံဟု အဋ္ဌကထာဖွင့်ရာ၌ဒုမ္မင်္ကုပုဒ်သည် အလဇ္ဇီပုဒ်၏ပရိယာယ်ဖြစ်ရာ၏။အလဇ္ဇီသည်—

၁။ ဒုဿီလအလဇ္ဇီ,
၂။ သာမညအလဇ္ဇီ,

ဟူ၍နှစ်ပါးရှိ၏။

ပါရာဇိကသိက္ခာပုဒ်အရာဖြစ်၍ ဒုဿီလအလဇ္ဇီကို အဋ္ဌကထာဖွင့်ပြလေသည်။ တပါးသော သိက္ခာပုဒ်အရာဖြစ်ပူကား သာမညအလဇ္ဇီကို ဒုမ္မင်္ကုဟု ယူအပ်၏။ ။ဝိမတိဒိုကာရှင်ကား ထိုဒုဿီလာနံပုဒ်ကို ဝိဂြိုဟ်နှစ်ချက်ကြီ၏။ ပါရာဇိက အရာဖြစ်အံ့။ "ဒုဿီလာနံ၊ အချင်းခပ်သိမ်းသီလမရှိကုန်သော" တပါးသော သိက္ခာပုဒ်အရာ ဖြစ်အံ့။

www.dhammaransi.com

"ဒုဿီလာနံ၊တစိတ်အားဖြင့်ပျက်သောသီလရှိကုန်သော" ၏သို့ အနက်နှစ်ချက်ယူ၏။ ။ဒုက္ကဋ်ဒုဗ္ဘာသီမျှပင်ဖြစ်စေ အာပတ်သင့်ခဲ့လျှင် သင့်သောအာပတ်အတွက် ဒုဿီလ ဖြစ်၏ဟု အဓိပ္ပါယ်ရောက်၏။ ။အလဇ္ဇီ ဖြစ်မှုထက်ပင် ဒုဿီလဖြစ်မှု လွယ်ရာကျ၏။ ။၏သို့ မသင့်မြတ်သော အနက်ရောက်ခဲ့သည်တကြောင်း, "ဒုဿီလဿာတိနိဿီ-လဿ၊ ဒုဿီလောတိနိဿီလော"ဟု အဋ္ဌကထာ ဋီကာ ကြီးတို့ဖွင့်မြဲ အရိုးအစဉ်နှင့် မညီညွတ်ခဲ့သည် တကြောင်း, ပါရာဇိက ကျရောက်မှုကို တိုက်ရိုက်ပြနိုင်သော "အသမ ဏောအသကျပုတ္တိယော"ပုဒ်တို့နှင့်အတူတကွ ဒုဋ္ဌဒေါသ သံဃာဒိသေသ် သိက္ခာပုဒ်တို့တွင် ဒုဿီလသဒ္ဒါကို ပြဆို သော အဋ္ဌကထာများနှင့် ဆန့်ကျင်သည် တကြောင်း, သို့ အကြောင်းများကြောင့် ထိုဝိမတိဋီကာရှင်ဖွင့်ချက်ကို ဆရာ မြတ်တို့အယူမရှိကြကုန်။

ထိုကြောင့် ဒုဿီလ ပုဂ္ဂိုလ်ဆိုသည်ကား ရဟန်းသီလ ရဟန်းသိက္ခာဟူ၍ အဏုမြူမျှမရှိသောပါရာဇိကကျရောက် ပြီးသော ရဟန်းကိုသာ ယူအပ်၏။ ။ထိုပါရာဇိကကျ ရောက်ပြီးသော ရဟန်းသည်လည်း ငါရဟန်း မဟုတ်ဟု မပြောမူ၍အကြင်မျှလောက်သော ကာလပတ်လုံး ရဟန်း ကောင်းပြုလုပ်၍ တပါးသောရဟန်းကောင်းတို့နှင့် ပေါင်း ဖော်ခြင်း လူတို့အလှူအဒါန်းကို ရဟန်းကောင်းအနေနှင့် ခံယူခြင်းများကိုပြု၍နေ၏။ ထိုမျှလောက်သော ကာလပတ် လုံး ဒုဿီလ ရဟန်းဟု ဆိုရ၏။ ။မိမိကိုယ်ကို ငါရဟန်း မဟုတ်ဟုဖွင့်၍ပြောကြားသောအခါမှစ၍ ဒုဿီလလည်း မဟုတ်ပေပြီ ရဟန်းလည်းမဟုတ်ပြီ။

၏စကားဦစောဒနာရန်ရှိ၏.....

ငါရဟန်းမဟုတ်ဟု ဖွင့်၍ပြောကြားသော အခါမှစ၍ ဒုဿီလလည်းမဟုတ်ပေပြီ။ ရဟန်းလည်းမဟုတ်ပြီဟု ဆို

www.dhammaransi.com

၏။ ဖွင့်၍မပြောကြားမီ ရှေးအဘိုဋ္ဌကား ထိုပါရာဇိကကျ ဒုဿီလပုဂ္ဂိုလ်သည် ရဟန်းဟုတ်သေးသလောဟု စောဒနာ ရန်ရှိ ၏။ ။အဖြေကား ဘိက္ခုဘောကိုမစွန့်သောကြောင့် ရဟန်းအရာဋ္ဌတည်လျက်ပင် ရှိပေသေးသည်ဟုမှတ်၊

ယုတ္တိကား .....

ဒုဋ္ဌဒေါသ သံဃာ ဒိသေသ် အာပတ်ကြီး အရာဋ္ဌ ပြဆိုခဲ့ပြီးသောနည်းဖြင့် ပါရာဇိက ကျရောက် ပြီးသော ငါရဟန်း ဟူသော ပဒိုညာဉ် ရှိသေးသော ထိုရဟန်းကို ဒိဋ္ဌသုတ ပရိသင်္ကီတမရှိဘဲ ပါရာဇိကမှု ပါရာဇိက စကားလုံးနှင့်စွပ်စွဲမိသော ရဟန်းမှာ ရဟန်းကောင်းကို စွပ်စွဲသည်နှင့်အတူသံဃာဒိသေသ် အာပတ်ကြီးပင်သင့်သည်။လူသာမဏေကိုစွပ်စွဲမိလျှင် ဒုက္ကဋ္ဌ အာပတ်မျှသာသင့်သည်။ ။ ၏လည်းယုတ္တိတချက်။

လူသာမဏေကိုဆဲရေးမိလျှင် ဒုက္ကဋ္ဌအာပတ်သာသင့်သည်။ ထိုရဟန်းကိုဆဲရေးမိလျှင် ရဟန်းကောင်းကိုဆဲရေးမိသည်နှင့်အတူ ပါစိတ်အာပတ် သင့်သည်။ ။၏လည်းယုတ္တိတချက်၊

တမိုးတရံတည်းသောကျောင်းဌ် နှစ်ညဉ့်သုံးညဉ့်ထက်အလွန် လူသာမဏေနှင့်အတူတကွအိပ်လျှင် ပါစိတ်အာပတ်သာသင့်သည်။ ရဟန်းချင်းချင်း တသက်လုံးပင် အိပ်သော်လည်း အာပတ်ပင်မသင့်။ထိုရဟန်းနှင့်တသက်လုံးပင်အိပ်သော်လည်း အာပတ်ပင်မသင့်။ ။၏လည်းယုတ္တိတချက်။

လူ သာမဏေ ဆန္ဒပါရိသုဒ္ဓိ ဆောင် လျှင် မရောက်၊ ထိုပါရာဇိကကျသောရဟန်းဆောင်လျှင်ရောက်လာ၏။ ။ ၏လည်းယုတ္တိတချက်။

[၏သို့အစရှိသည်ဖြင့် ရဟန်းအရာဋ္ဌ တည်သေးသောအချက်များစွာ ရှိချေသည်၊]

M.-3-3

www.dhammaransi.com

ပါရာဇိက ကျပြီးဖြစ်လျက် ဘိက္ခုပဒိုညာဉ် ရှိနေသည့် အတွက်ရဟန်းအရာ၌တည်လျက်ရှိနေသည်ကား အဘယ် ၏အစွမ်းပေနည်းဟူမူကား-

၁။ မြတ်စွာဘုရားအမိန့်တော်အာဏာတော်မြတ် နှင့်ပြုအပ်သောသက်နိုးတောင်းမှု သက်နိုးပေး မှုအစွမ်း,

၂။ မြတ်စွာဘုရားအမိန့်တော်အာဏာတော်မြတ် နှင့်ပြုအပ်သော ဥတ်ကမ္မဝါစာမှုအစွမ်း,

၏နှစ်ပါး၏အစွမ်းပေတည်း။

မှန်၏။ သာမဏေ ပြုစဉ်အခါ၌ မြတ်စွာဘုရား အမိန့် တော်အာဏာတော်မြတ်နှင့်ညီညွတ်စွာ သက်နိုးတောင်းမိ ပေးမိ ဝတ်မိလျှင်ပင်လူအဖြစ်ကိုလွန်ပြီ။ သာမဏေအရာ၌ တည်ပြီ။ သရဏဂုမ်မယူရသေး၍ သာမဏေစင်စစ်ကားမ ဖြစ်သေး။ ။သရဏဂုမ်ပေးသူ ရဟန်းမရှိ၍ထိုအနေနှင့်တ သက်လုံးကောင်းစွာနေ၍သွားလျှင်လူထက်အရာအထောင် မက သာလွန်မြင့်မြတ်သော ပဋ္ဌဇိတဂုဏ်၌ တည်သော သူပင်ဖြစ်ပေလတ္တံ့။ ။ရဟန်းမှာလည်းကမ္မဝါလေးကြိမ် တွင် ပထမကမ္မဝါအကြိမ် ပြီးမြောက်လျှင်ပင် သာမဏေ အဖြစ်ကိုလွန်ပြီ။ ရဟန်း အရာ၌ တည်ပြီ။ ဒုတိယ အကြိမ် တတိယအကြိမ်ပြီးမြောက်ရာ၌ဆိုဘွယ်မရှိ။ စတုတ္ထအကြိမ် မပြီးသေး၍ ရဟန်း စင်စစ်ကား မဖြစ်သေး။ ။စတုတ္ထ အကြိမ်ကိုဘတ်ရွတ်ခွင့်မရ၍ ထိုအနေနှင့် တသက်ပတ်လုံး ကောင်းမွန်စွာ နေ၍သွားလျှင်ပင် လူသာမဏေ တို့ထက် အရာအထောင်မက သာလွန်မြင့်မြတ်သော ပဋ္ဌဇိတဂုဏ် ၌တည်သောသူပင် ဖြစ်ပေလတ္တံ့။ ။သရဏဂုမ် စတုတ္ထ ကမ္မဝါပြီးဆုံးသောအခါ၌ သာမဏေစင်စစ် ရဟန်းစင်စစ် ဖြစ်လေ၏။

www.dhammaransi.com

သာမဏေကမှာ လိင်ထိုက်သောအမှုကို ပြုမိသော အခါ သရဏဂုဏ်ပျက်၏။သာမဏေစင်စစ်ပျက်၏။ သက်နိုးဝတ်မှု ရှိသေးသောကြောင့်လူကားမဖြစ်သေး။ သာမဏေအရာ၌ ပင်တည်သေး၏။ ။သက်နိုးကိုစွန့်ပစ်မှလူဖြစ်လေ၏။ ။ ရဟန်းမှာလည်း ပါရာဇိက မှုကို ပြုမိသော အခါ ရဟန်း ကောင်းစင်စစ်ပျက်လေ၏။ လူသာမဏေအဖြစ်သို့ကား မ ရောက်သေး၊ ရဟန်း အရာ၌ပင် တည် သေး၏။ ။ဘိက္ခု ပဒိုဉ်ကို စွန့်သော အခါမှ ရဟန်း အရာ ပျောက်ပြိမ်း လေ၏။

[ရဟန်းကောင်းမှာ သိက္ခာချသောအခါ ရဟန်းအရာပျောက်ပြိမ်း သကဲ့သို့တည်း။]

၍သို့လျှင် မြတ်စွာဘုရား အမိန့်တော် အာဏာတော် မြတ်၏ အစွမ်းကြောင့် ထိုပါရာဇိက ကျရောက် ပြီးသော ရဟန်းသည် ဘိက္ခုပဒိုဉ်ကို မစွန့်သမျှကာလ ပတ်လုံး ရှေးဦးပြဆိုခဲ့ပြီးသော ယုတ္တိစုံအတိုင်း ရဟန်းအရာ၌ တည် သေးသည်ကို သိအပ်၏။ ထိုအခါ ဦးသာ ဒုဿီလ အဖြစ် လည်းတည်၏။ ဘိက္ခုပဒိုဉ်ကို စွန့်ပေမူ ကား ရဟန်း လည်း မဟုတ်ပြီ၊ ဒုဿီလ လည်း မဟုတ်ပြီ။ ။ဘိက္ခု ပဒိုဉ်ကိုပင် စွန့်သော်လည်း သက်နိုးကို မစွန့်သေး သျှင် လူဖြစ်သည်မဆိုရသေး။

၍အရာ၌ ထိုဒုဿီလရဟန်းကို အမှုလက ပါရာဇိကမှု ဖြင့်စွပ်စွဲဆဲရေး မိသည်ရှိသော်ရဟန်းကောင်းကို စွပ်စွဲဆဲ ရေးမိသည်နှင့်အတူတူပင် ရဟန်းတို့မှာ ကြီးစွာသောအာ ပဘ်အဖြစ်သင့်ရောက်သည်ကိုထောက်၍ လူသီလဝန်ကို စွပ်စွဲဆဲရေးမိသည်ထက် ရဟန်းဒုဿီလကို စွပ်စွဲဆဲရေးမှု သည်အဆများစွာသာလွန်၍ အပြစ်ကြီးကျယ်ရန်အခွင့်ကို သိသင့်လှလေသတည်း။ ။အရေကြောင်းမူကား ဘိက္ခုပဒို ဉ်ကို မစွန့်သေးသမျှကာလပတ်လုံး ဥတ်ကမ္မဝါမှုဟူ

www.dhammaransi.com

သောဘုရားစက်ရိပ် တရားစက်ရိပ် သံဃာစက်ရိပ်တို့မှမ လွတ်သေး။ ထိုစက်ရိပ်တို့ တည်ရှိသေးလေသောကြောင့် တည်း။

ထိုစက်ရိပ်တို့သည်ကား ထိုဒုဿီလရဟန်းကို ကယ် ဆယ်ဘို့မဟုတ်ကုန်ပြီ။ ထိုဒုဿီလရဟန်းကိုလည်း အပြစ် လေးသည်ထက်လေးစေဘို့, ထိုဒုဿီအား ပြစ်မှားသော သူတို့ကိုလည်း အပြစ်ကြီးစေဘို့, ထိုစက်ရိပ်တော်တို့၏ ဂုဏ်ကျေးဇူးကို သိမြင်ကြည်ညိုခြင်း ရှိသေသမှု ပြုနိုင်သော သူတို့အား အကျိုးများစေဘို့သာဖြစ်ကုန်၏။

[ဤတွင်ရွှေ့ကားဒုဿီလ၏အင်္ဂါလက္ခဏာကိုပြဆိုချက်ပြီး၏။]

ပထမပုဏ္ဏာဒအဖြေပြီး၏။

ဒုတိယ တတိယ ပုဏ္ဏာအဖြေ

၂။ အလွန်ဒုဿီလ ပုဂ္ဂိုလ်မှန်သောကြောင့်မ မဆည်းကပ်မကိုး ကွယ်သောသူတို့မှာ "အ သေဝနာစဗာလာနံ" မင်္ဂလာဖြစ် မဖြစ် များကိုအကျိုးအပြစ် ဝတ္ထုသက်သေနှင့်တ ကွသိလိုပါသည်။

၃။ **အလွန်ဒုဿီလ** ပုဂ္ဂိုလ်မှန်း သိလျက်နှင့် ဆည်းကပ်ကိုးကွယ်သောသူတို့မှာ "ပဏ္ဍိ တာနဉ္စသေဒနံ" မင်္ဂလာဖြစ် မဖြစ် "သန္ထို ရေဝ သမာသေထ" စသောဒေသနာတော် နှင့် ညီမညီ များကို အကျိုးအပြစ် ဝတ္ထု သက်သေနှင့်တကွသိလိုပါသည်။

ဟူသောပုဏ္ဏာနှစ်ရင်းကိုပေါင်း၍ဖြေဆိုအံ့။

www.dhammaransi.com

၏ပုစ္ဆာတို့၌အလဇ္ဇီဒုဿီလကိုဇာတ်တည်၏။ ။မင်္ဂလသုတ်၌ဗာလပဏ္ဍိတကိုဟော၏။ ။သဇ္ဇိရေဝ သမာသေထ၌သပ္ပုရိသ အသပ္ပုရိသကိုဟော၏။ ။ထိုကြောင့်—

၁။ သုသီလ .... ဒုဿီလ ..... တစုံ။
၂။ ဗာလ .... ပဏ္ဍိတ .... တစုံ။
၃။ သပ္ပုရိသ..... အသပ္ပုရိသ ..... တစုံ။

၏သုံးစုံတို့၏လက္ခဏာအထူးကို ရှေးဦးစွာခွဲခြမ်း၍ သိအပ်၏။

စတ္တာလီသ နိပါတ် သရဘင်္ဂဇာတ်ပါဠိတော်မြတ်၌၏သုံးပါးတို့၏လက္ခဏာအထူးကိုဟောတော်မူသည်။

ကထံ ဝိဓံ သီလဝန္တံ ဝဒန္တိ။
ကထံ ဝိဓံ ပညဝန္တံ ဝဒန္တိ။
ကထံ ဝိဓံ သပ္ပုရိသံ ဝဒန္တိ။
ကထံ ဝိဓံ နော သိရီ ဇဟာတိ။

[သိကြားမင်း၏အမေးပုစ္ဆာလေးချက်။]

၁။ ကထံဝိဓံ၊အဘယ်သို့သဘောရှိသောသူကို။ သီလဝန္တံ၊ သီလဝန္တ ပုဂ္ဂိုလ်ဟူ၍။ ဝဒန္တိ၊ ပညာရှိတို့ ဆိုကြပါကုန်သနည်း။

၂။ ကထံဝိဓံ၊ အဘယ်သို့ သဘောရှိသောသူကို။ပညဝန္တံ၊ပညာရှိဟူ၍။ ဝဒန္တိ၊ပညာရှိတို့ဆိုကြပါကုန်သနည်း။

၃။ ကထံဝိဓံ၊ အဘယ်သို့သဘောရှိသောသူကို။ သပ္ပုရိသံ၊ သူတော်ကောင်းဟူ၍။ ဝဒန္တိ၊ ပညာရှိတို့ဆိုကြပါကုန်သနည်း။

၄။ ကထံဝိဓံ၊ အဘယ်သို့သဘောရှိသောသူကို။ သိရီ၊ ရရှိပြီးသော ဘုန်းကြက်သရေသည်။ နောဇဟာတိ၊မစွန့်ခွါဘဲအမြဲတည်နေပါသနည်း။

www.dhammaransi.com

၂၂ မွေဒီပန်

၁။ ကာယေန ဝါစာယ ယောဓသညကော၊
မနသာစ ကိဉ္စိ နကရောတိ ပါပံ။
နအတ္တဟေတု အလိကံ ဘဏာတိ၊
ကထာဝိဓံ သီလဝန္တံ ဝဒန္တိ။
၂။ ဂမ္ဘီရပဉ်ံ မနသာ ဘိစိန္တယံ၊
နစ္စာယိကံ ကမ္မံ ကရောတိ လုဒ္ဒံ။
ကာလာဂတံ အတ္ထပဒံ နရိဉ္စတိ၊
တထာဝိဓံ ပညဝန္တံ ဝဒန္တိ။
၃။ ယော ဝေ ကတညူ ကတဝေဒီ ဓိရော၊
ကလျာဏမိတ္တော ဒဋ္ဌဘတ္တိစ ဟောတိ။
ဒုခိတဿ သက္ကစ္စံ ကရောတိ ကိစ္စံ၊
တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ။
၄။ ဧတေဟိ သဗ္ဗေဟိ ဂုဏေဟုပေတော၊
သဒ္ဓေါ မုဒုံ သံဝိဘဇီ ဝဒညူ။
သင်္ဂါဟကံ သခိလံ သဏ္ဌဝါစံ၊
တထာဝိဓံ နော သိရီ ဇဟာတိ။

[ပုစ္ဆာလေးချက်ကို အစဉ်အတိုင်း အသောင်းတော်သူမြတ် ဖြေတော်မူသော ဝိဿဇ္ဇနာ ဂါထာလေးရပ်။]

၁။ ဣဓ၊ ဤလောကဌ်။ ယော၊အကြင်သူသည်။သညတော၊ စောင့်စည်းခြင်းအလေ့ရှိသည်ဖြစ်၍။ ကာယေနစ၊ ကိုယ်ဖြင့်ဂင်း။ ဝါစာယစ၊ နှုတ်ဖြင့်ဂင်း။မနသာစ၊စိတ်ဖြင့်ဂင်း။ကိဉ္စိ၊တစုံတခုသော။ ပါပံ၊မကောင်းမှုကို။ နကရောတိ၊ မပြု။ အတ္တဟေတု၊ ကိုယ်ခန္ဓာ အသက်ဟူသောအကြောင်းကြောင့် သော်လည်း။ အလိကံ၊ မဟုတ်မမှန်ဘောက်ပြန်ခွ၊တ်ယွင်းသောစကားကို။ နဘဏာတိ၊ မဆို။ တထာဝိဓံ၊ ထိုသို့သဘောရှိသောသူကို။ သီလဝန္တံ၊ သီလရှိသောသူဟူ၍။ဝဒန္တိ၊ ပညာရှိတို့ဆိုကြကုန်၏။

၂။ ယော၊အကြင်သူသည်။ဂမ္ဘီရပဉ်ံ၊နက်နဲသောတရား

www.dhammaransi.com

မမ္မပုစ္ဆာပြဿနာကို။ မနသာ၊ပညာပြဓာန်း စိတ်သဘော အစွမ်းဖြင့်။ အဘိစိန္တယ်၊အထူးကြီဘန်၍အမှန်အဟုတ်ကို ဖေါ်ထုတ် ဖြေဆိုနိုင်၏။ အစွာယိကံ၊ အတ္တဟိတ ပရဟိတ ကိုကျူးလွန်၍အဆောတလျင်ဖြစ်သော။ လုဒ္ဒံ၊ကြမ်းကြုတ်သော။ ကမ္မံ၊ အကျိုးစီးပွါး ပျက်ပြား ဆုတ်ယုတ် မှုကို။ နကရောတိ၊ မပြု။ ကာလာဂတံ၊ အခွင့်ကာလဆိုက်ရောက်သော။ အဘ္ဘပဒံ၊ အကျိုးစီးပွါးများရန်အဘိုကို။ နရိဉ္စတိ၊ ဆိတ်ကင်းကျွန်လွန်လျက် မပျက်မစီးစေတတ်။ တထာဝိမံ၊ ထိုသို့သဘောရှိသောသူကို။ပညဝန္တံ၊ပညာရှိဟူ၍။ဝဒန္တိ၊ ပညာရှိတို့ဆိုကြကုန်၏။

၃ ။ယော၊အကြင်သူသည်။ဝေ၊စင်စစ်။ ကတညူစ၊မိမိ အားပြုဘူးသောသူ့ကျေးဇူးကိုသိတတ်သောအလေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ကတဝေဒီစ၊ သိတိုင်းလည်းသူ့ ကျေးဇူးကိုထင်ရှားအောင်ပြုလေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဓိရောစ၊ တည်ကြည့်သော စိတ်သဘော ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ကလျာဏမိတ္တောစ၊မိတ်ကောင်း ဆွေကောင်း ခင်ပွန်းကောင်း အင်္ဂါနှင့်ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဒဋ္ဌဘတ္တိစ၊ ဆည်းကပ်ထိုက်သောပုဂ္ဂိုလ်ကိုရိသေလေးမြတ် ဆည်းကပ်ခယမ်းခြင်း၌ မပျင်းမရိသတိ စိတ်စွဲ မြဲမြံစွာ ဆည်းကပ်ခြင်း အလေ့ ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဒုခိတဿ၊ ဆင်းရဲနွမ်းပါး၍ နေသော မိတ်ကောင်း ဆွေကောင်း ခင်ပွန်းကောင်း၏။ ကိစ္စံ၊ ဆောင်ရွက်ထိုက်သမျှသော အမှုကိစ္စအမျိုးမျိုးကို။ သက္ကစ္စံ၊ ကိုယ့် အမှုမျှ မကပိုမို အရိအသေပြု၍။ ကရောတိ၊ပြုစုရွက်ဆောင်လေ့ရှိ၏။တထာဝိမံ၊ထိုသို့သဘောရှိသောသူကို။သပ္ပုရိသံ၊ သူတော်ကောင်းဟူ၍။ ဝဒန္တိ၊ ပညာရှိတို့ ဆိုကြကုန်၏။

၄ ။ယော၊အကြင်သူသည်။သဗ္ဗေဟိ၊အလုံးစုံကုန်သော။ ဧတေဟိဂုဏေဟိ၊ ဤသီလဝန္တဂုဏ် ပညဝန္တဂုဏ် သပ္ပု

www.dhammaransi.com

ရိသဂုဏ်တို့နှင့်။ ဥပေတော၊ ပြည့်စုံ၏။ သဒ္ဓေါ၊ သဒ္ဓါတရား ရှိ၏။ မုဒုံ၊ ဧတံနှလုံးနူးညံ့၏။ သံဝိဘဇိ၊ မိမိလက်ရှိပစ္စည်း ဥစ္စာတွေကို ဝေဝေမျှမျှပြုလေ့ရှိ၏။ဝဒညူ၊အလှူခံပုဂ္ဂိုလ်တို့ နှင့်စပ်သောစကားအနက် အချက်အလိုကို သိလေ့ရှိသည် လည်း။ဟောတိ၊ဖြစ်၏၊သင်္ဂါဟကံ။ သင်္ဂဟတရားလေးပါး တို့ဖြင့် သူတပါးကိုသင်္ဂြိုဟ်ချီးမြှင့်လေ့ရှိထသော။ သခိလံ၊ မငြိမ်ကွယ် ကြေလယ် ပြေပြစ်သော စကား ရှိထသော။ သဏှဝါစံ၊နူးညံ့သောစကားရှိထသော။ တထာဝိဓံ၊ထိုသို့ သဘောရှိသောသူကို။ သိဒ္ဓိ၊ရရှိပြီးသောဘုန်းကြောင့်သရေ သည်။ နောဇဟာတိ၊ မစွန့်။

လိုရင်းအဓိပ္ပါယ်ကား.....

ဒုစ္စရိုက်မှုအာပတ်သင့်သော အမှုတို့ကို မပြုခြင်း သည်သိလဝန္တလက္ခဏာမည်၏။

၁။ နက်နဲသောတရားဓမ္မအမေးပုစ္ဆာပြဿနာ တို့ကိုနေရာတကျ ဖြေဆိုနိုင်ခြင်း,

၂။ မိမိအကျိုးမဲ့ သူတပါးအကျိုးမဲ့ဖြစ်အံ့သော ကြမ်းကြုတ်သော ကာယကံ ဝစီကံ မှုကို မပြုခြင်း,

၃။ အခါကာလကိုသိ၍ ဆိုက်တိုက်သောအခါ ကာလ၌ဖြစ်ထိုက်သောအတ္ထဟိတပရဟိတ တို့ကိုဖြစ်ပွါးအောင်ပြုနိုင်ခြင်း,

ဤအင်္ဂါသုံးပါးသည် ပဏ္ဍိတအင်္ဂါမည်၏။

၁။ ကတညုတကာဓေဒ်ဂုဏ်နှင့်ပြည့်စုံခြင်း,

၂။ ကလျာဏမိတ္တဂုဏ်နှင့်ပြည့်စုံခြင်း,

၃။ ပဏ္ဍိတသေဝနဂုဏ်နှင့်ပြည့်စုံခြင်း,

၄။ မိတ်ကောင်း ခင်ပွန်းကောင်း ဖြစ်သောသူ ဆင်းရဲပင်ပန်း နွမ်းပါး၍နေသောအခါ ထို

www.dhammaransi.com

သူ၏ကိစ္စကိုရှေးကထက်တိုး၍သည်ပိုးရွက်
ဆောင်ခြင်း,

၍အဂ်ါလေးပါးသည် သပ္ပုရိသအင်္ဂါမည်၏။

သီရိအင်္ဂါ ဦးကား ထိုအင်္ဂါစုနှင့် တကွ သဒ္ဓါတရား
ကောင်းခြင်း, စိတ်နှလုံးနူးညံ့ခြင်း စသည်လော။

[ဂါထာအနက်အတိုင်းသိလေ။]

သီလံ သီရိစာပိ သတဉ္ဉ ဓမ္မော၊
ပညာ စ ကံ သေဋ္ဌတရံ ဝဒန္တိ။

[သိကြားမင်း၏အမေးပုဏ္ဏော။]

သီလဉ္စ၊ သီလတရားငင်း။ သီရိစာပိ၊ သီရိတရာငင်း။
သတဉ္ဉဓမ္မော၊ သပ္ပုရိသအင်္ဂါတရားငင်း။ ပညာစ၊ ပညာ
တရားငင်း၊ ဇတေသု၊ ၍လေးပါးသော တရားတို့တွင်။ ကံ၊
အဘယ်တရားကို။ သေဋ္ဌတရံ၊ အထွဋ်အမြတ် ချီးမွမ်းအပ်
သည်ဟူ၍။ဝဒန္တိ၊ပညာရှိတို့ဆိုကြကုန်သနည်း။

ပညာ ဟိ သေဋ္ဌာ ကုသလာ ဝဒန္တိ၊
နက္ခတ္တရာဇာရိဝ တာရကာနံ။
သီလံ သီရိစာပိ သတဉ္ဉ ဓမ္မော၊
အန္ဝယိကာ ပညဝတော ဘဝန္တိ။

[အလောင်းတော်အဖြေ။]

ကုသလာ၊ ဘုရားအစရှိကုန်သော ပညာရှိ တို့သည်။
တာရကာနံ၊ကြယ်အပေါင်းတို့ထက်။နက္ခတ္တရာဇာ၊နက္ခတ်
တို့၏မင်းဖြစ်သော လဖြစ်မာန်သည်။ သေဋ္ဌောဇ္ဈ၀၊ အလွန်
ချီးမွမ်းအပ်မြင့်မြတ်သကဲ့သို့။ ပညာ၊ ပညာသည်။သေဋ္ဌာ၊
အလွန်ချီးမွမ်းအပ် အမြတ်ဆုံးဟူ၍။ ဝဒန္တိ၊ ဟောကြကုန်
၏။ သီလံစ၊ သီလသည်ငင်း။ သီရိစာပိ၊သီရိသည်ငင်း။သ
တဉ္ဉဓမ္မော၊သပ္ပုရိသအင်္ဂါတရားစုသည်ငင်း။ ပညဝတော၊

www.dhammaransi.com

ပညာရှိသော ပုဂ္ဂိုလ်၏ နောက်သို့။ အနွာယိကာ၊ အစဉ် လိုက်ကြကုန်သည်။ ဘဝန္တီ၊ ဖြစ်ကုန်၏။

[ဤမှနောက်၌ ပညာကို ရကြောင်းတရား ပညာ၏အကျိုး များကို အစဉ်အတိုင်း အမေးအဖြေလာ၏။ ဤစာအုပ်၌ လိုရင်း မဟုတ်၍ မထုတ် လိုက်ပြီ။]

ထိုလေးပါးတို့တွင်လည်း လျှောက်လွှာပါ ပုစ္ဆာနှစ်ရပ်မှာ ရှေ့ သုံးပါးသာ လိုရင်း ဖြစ်၏။ ။ထိုရှေ့ သုံးပါး၌ သီလဝန္တလက္ခဏာနှင့်မပြည့်စုံသောသူသည် ထိုက်သည် အားလျော်စွာအလဇ္ဇီ ဒုဿီလလက္ခဏာသို့ရောက်၏။ ။ ပညဝန္တ ပဏ္ဍိတ လက္ခဏာနှင့် မပြည့်စုံသော သူသည် ဗာလဒုပ္ပညလက္ခဏာသို့ရောက်၏၊ ။သပ္ပုရိသလက္ခဏာ နှင့် မပြည့်စုံ သော သူသည် အသပ္ပုရိသ လက္ခဏာ သို့ ရောက်၏။

၁။ သုသီလ .....ဒုဿီလ တစုံ,
၂။ ပဏ္ဍိတ .....ဗာလ တစုံ,
၃။ သပ္ပုရိသ .....အသပ္ပုရိသ-တစုံ,

၏သုံးစုံတို့၏ အင်္ဂါလက္ခဏာသုံးပါးကွဲပြား၏။

ထိုသုံးစုံတို့တွင် သီလဝန္တကိုမှီဝဲ ဆည်းကပ်သော သူ သည် သီလဝန္တ ဖြစ်တတ်၏။ အလဇ္ဇီ ဒုဿီလကို မှီဝဲ ဆည်းကပ် သော သူသည် အလဇ္ဇီ ဒုဿီလ ဖြစ်တတ်၏။ ပဏ္ဍိတကို မှီဝဲဆည်းကပ်သောသူသည် ပဏ္ဍိတဖြစ်တတ် ၏။ ဗာလကိုမှီဝဲဆည်းကပ်သောသူသည် ဗာလ ဖြစ်တတ် ၏။ သပ္ပုရိသကိုမှီဝဲဆည်းကပ်သောသူသည် သပ္ပုရိသဖြစ် တတ်၏။ အသပ္ပုရိသကို မှီဝဲ ဆည်းကပ် သော သူသည် အသပ္ပုရိသဖြစ်တတ်၏။ ။သီလဝန္တအင်္ဂါပဏ္ဍိတအင်္ဂါ သပ္ပုရိသ အင်္ဂါ သုံးမျိုးလုံးနှင့် ပြည့်စုံ လုံလောက် သော ပုဂ္ဂိုလ်ကိုမှီဝဲဆည်းကပ်ရခြင်းသည်အမြတ်ဆုံးဖြစ်၏။

www.dhammaransi.com

ထိုသို့မဟုတ်မူ၍ သီလဝန္တ ဗာလ အသပ္ပုရိသပုဂ္ဂိုလ်ကိုမြိဝဲခဲ့ငြားအံ့။ မြိဝဲသောသူသည်လည်း သီလဝန္တ ဗာလ အသပ္ပုရိသပင်ဖြစ်တတ်၏။သီလဝန္တအတွက်ကားကောင်းမြတ်၏။ဗာလအတွက် အသပ္ပုရိသအတွက်မကောင်း။ ။ သီလဝန္တ ဗာလ အသပ္ပုရိသ ပုဂ္ဂိုလ် ဆိုသည်ကား ၏ လောကဌ်အချို့သော ပုဂ္ဂိုလ်သည် အာပတ် အပြစ်မှ စင်ကြယ်ရန်သိက္ခာပုဒိတော်များကိုလုံခြုံအောင် စောင့်ထိန်း၏။ ပုထုဇ္ဇန် ဂတိ ဖြစ်၍ "သဉ္စိစ္စအာပတ္တိံ အာပဇ္ဇတိ" ဟူသောပထမအင်္ဂါသို့ရံခါရောက်ငြားသော်လည်းထိုအာပတ်ကို ခဏခြင်းစင်ကြယ်အောင်ပြု၏။ ၏သို့ပြုသည့်အတွက် သီလဝန္တအင်္ဂါနှင့်ပြည့်စုံ၏။ အလွန်တတ်သိလိမ္မာခြင်းဌါ ကြုံကြိုက်ခဲလှစွာသောသုတ္တန်မေ္မအဘိဓမ္မာမေ္မတို့ ဌ်မူကားတတ်သိလိမ္မာခြင်းမရှိ၊ ၏သို့မရှိသည့်အတွက်ဗာလဖြစ်၏။ တဘန်ကတညူ ကတဝေဒီလက္ခဏာပျက်၏။သူ့ကျေးဇူးကိုမမြင်တတ်ရှိ၏။ မြင်သမျှကိုလည်း အလေးမပြုတတ်။ ကလျာဏမိတ္တအင်္ဂါပျက်၏။ စပ်ကြားကကုန်းတိုက်သူရှိလျှင် ခဏခြင်းစိတ်ပြောင်း၏။ ဒဋ္ဌဘတ္တိအင်္ဂါပျက်၏။ မိမိထက်ပညာရှိသူကို ရှာကြံဆည်းကပ်လိုသော စိတ်သဘောမရှိ။ ရှေးဌ်ကလျာဏမိတ္တ ဖြစ်ပြီးသောသူ နွမ်းပါးသောအခါမတွေ့ချင် မမြင်ချင်အသိလို့မှမပြောချင်။ ၏သို့ဖြစ်သည့်အတွက် အသပ္ပုရိသဖြစ်၏။ သူတော်ကောင်းမဟုတ်။

[၏ကား သီလဝန္တဗာလ အသပ္ပုရိသပုဂ္ဂိုလ်၏ လက္ခဏာကိုပြဆိုချက်ဘည်း။]

ပဏ္ဍိတအလဇ္ဇီ အသပ္ပုရိသ ပုဂ္ဂိုလ်ကိုမြိဝဲဆည်းကပ်သောသူသည် ပဏ္ဍိတအလဇ္ဇီ အသပ္ပုရိသ ဖြစ်တတ်၏။ ပဏ္ဍိတဖြစ်သည့်အတွက်ကောင်းမြတ်၏။အလဇ္ဇီအသပ္ပုရိသဖြစ်သည့်အတွက် မကောင်း။ ။၏၌ ဝိနည်းသုတ္တန်အ

www.dhammaransi.com

ဘိမွောတို့၌ ကောင်းစွာတတ်သိ ကျွမ်းကျင်သည့်အတွက် ပဏ္ဍိတဖြစ်၏။ အလဇ္ဇီမှုကိုအလေးမပြုအမှုမထားကျူးလွန်ခြင်းများလှသည့်အတွက် အလဇ္ဇီဖြစ်၏။ သူ့ကျေးဇူးကို ကျေးဇူးမမှတ်ပြုခြင်း စသည်ရှိသည့်အတွက် အသပ္ပုရိသဖြစ်၏။သူတော်ကောင်းမဟုတ်။

[ဤကားပဏ္ဍိတ အလဇ္ဇီ အသပ္ပုရိသပုဂ္ဂိုလ်၏ လက္ခဏာကိုပြဆိုချက်တည်း။]

ဤနည်းနှစ်ပါးကိုမှီ၍ အင်္ဂါလက္ခဏာ အကောင်းအဆိုးရောနှောဖြ၍ ပုဂ္ဂိုလ်အများဖြစ်အောင် ဝေဘန်စိတ်ဖြာ၍သိလေ။ ။ဤသို့ အကောင်းအဆိုး ရောယှက်၍ နေသောပုဂ္ဂိုလ်လည်းအများပင်ရှိသည်။ ။ထိုကြောင့်လဇ္ဇီပဏ္ဍိတ သပ္ပုရိသအင်္ဂါသုံးမျိုးနှင့် ပြည့်စုံလုံလောက်သောပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ရခြင်းသည်အကောင်းဆုံးအမြတ်ဆုံးဖြစ်၏။

ထိုသို့သောပုဂ္ဂိုလ်ကို နိစ္စထာဝရ မှီဝဲဆည်းကပ်ခွင့်မရနိုင်ရှိခဲ့မူကား မှီဝဲဆည်းကပ်သောသူက အလိမ္မာရှိစေရမည်။

ဥပမာကား.....

ကောင်းမွန်စွာ အိမ်ဆောက်လုပ်ရန် တိုင်ရှည် တိုင်တို ထုပ်လျောက် အခြင်များကိုလို၍ သစ်တောသို့ ဝင်သောယောကျ်ားသည် သစ်တပင်ထဲမှာပင် လိုသမျှခပ်သိမ်းကို ပြည့်စုံလုံလောက်စွာ ရပါမူကား အလွန်ကောင်းမြတ်လှပါ၏။ထိုကဲ့သို့စုံလင်သော သစ်ပင်ကောင်းကြီးကို မတွေ့ခဲ့သော်လည်း အိမ်မဆောက်ရ မရှိစေအပ်။ အိမ်မရှိလျှင် ဒုက္ခများစွာ ဖြစ်လတ္တံ့။ ။သစ်ပင်အများကို ကြည့်ရှု၍ တိုင်ရှည်ဘို့ကောင်းသော သစ်ပင်မှ တိုင်ရှည်ကိုရအောင်ယူ။ တိုင်တိုဘို့ကောင်းသောသစ်ပင်မှ တိုင်တိုကိုရအောင်ယူ ဤသို့စသည်ဖြင့်တွေ့ရှိသမျှသောသစ်ပင်မှမိမိအသုံးပြု

www.dhammaransi.com

ဘို့ကောင်းရာကိုကွက်၍ယူ။ မကောင်းရာကိုထားခဲ့။ ၏သို့ပြုလျှင် သစ်တပင်ကောင်း တွေ့သော သူကဲ့သို့ပင် အိမ်ကောင်းထမြောက်၍ မိမိတသက်သားစဉ်မြေးဆက်ခိုမှီရာဖြစ်လတ္တံ။ ၏ဥပမာအတူ သီလဝန္တ ဗာလအသပ္ပုရိသပုဂ္ဂိုလ်ရှိနေခဲ့လျှင် သီလဂုဏ် သက်သက်ကို ကွက်ခြားကြည်ညိုရိုသေလေးမြတ်၍ဆည်းကပ်မှီခိုရမည်။ ထိုပုဂ္ဂိုလ်ပြုသောဗာလမှ အသပ္ပုရိသမှတို့ကိုကားလျစ်လျူရှု၍ထားရမည်။ ရောဂ်မပါစေနှင့်။ ချုတ်ချယ်ခြင်းကိုလည်းမပြုနှင့်။ ရောဂ်ပါခဲ့လျှင် မိမိလည်းဗာလအသပ္ပုရိသ အဖြစ်နှင့်နစ်လိမ့်မည်။ ချုတ်ချယ်ခဲ့လျှင် သီလအဘွက် မိမိမှာဖြစ်ရာသော အကျိုးစီးပွါးပျက်လိမ့်မည်။ အသိအလိမ္မာပွါးများရန် ပဏ္ဍိတပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်မှု, စိတ်နှလုံးဖြူစင်ဖြောင့်စင်းနူးညံ့ပြော့ပျောင်းရန် သပ္ပုရိသပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်မှုများကိုအမြဲကြောင့်ကြစိုက်ရမည်။

ထိုသီလဝန္တ ဗာလ အသပ္ပုရိသပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်သောသူသည် ထိုပုဂ္ဂိုလ်ဗာလဖြစ်သည့် အတွက်"အသေဝနာစ ဗာလာနံ" ဟူသောမဂ်လာနှင့် ဆန့်ကျင်ဘက်မနေလော။အသပ္ပုရိသဖြစ်သည့်အတွက်"သဇ္ဇိရေဝသမာသေထ" ဟူသောဒေသနာနှင့် ဆန့်ကျင်ဘက်မနေလောဟူမူ။ ။ထိုသို့ရွေးချယ်မှု၌ လိမ္မာ၍မှီဝဲသောသူမှာ ဆန့်ကျင်ဘက် မနေသည့်ပြင် "ပဏ္ဍိတာနဉ္စ သေဝနာ" မဂ်လာပင် ဖြစ်ကောင်းသေး၏။

အဘယ်သို့ ဖြစ်ကောင်း သနည်း ဟူမူ အဘိမ္မောဌ် "ဗာလာမ္မော ပဏ္ဍိတာမ္မော" နှစ်ပုဒိအရတွင် သီလတရားသည် ပဏ္ဍိတမ္မဖြစ်၏။သီလဂုဏ်သက်သက်ကိုကွက်ခြား၍ မှီဝဲဆည်းကပ်သည့်အတွက် "ပဏ္ဍိတာနဉ္စ သေဝနာ" မဂ်လာ တဒိတ်ပင်ဖြစ်၏။ ။ထိုပုဂ္ဂိုလ်ပြုသော ဗာလအမှု

www.dhammaransi.com

အသပ္ပုရိသအမှုများကိုရောနှောဿ စိတ်ရောကိုယ်ပါလိုက်စားခဲ့လျှင် မင်္ဂလာနှစ်ပါးပျက်၍ ဗာလအဖြစ်အသပ္ပုရိသအဖြစ်၌သာတည်လေရာ၏။

[ကြွင်းသော အကောင်းအဆိုး ရောယှက်သော ပုဂ္ဂိုလ်တို့ကိုမှီဝဲရာ၌လည်း ဤနည်းတူသိလေ၊]

အကောင်း အင်္ဂါ တပါးမျှ မပါသော အလဇ္ဇီဗာလ အသပ္ပုရိသပုဂ္ဂိုလ်ကိုမူကားမှီဝဲမှုဆည်းကပ်မှုကိုသက်သက်မပြုအပ်။ လျစ်လျူအနေ၌သာတည်ရာ၏။ ။ထိုသို့ကည်ခြင်းသည်"အသေဝနာစဗာလာနံ" ဟူသော မင်္ဂလာကြီးဖြစ်၏။

ဤကားပုစ္ဆာ၌ အလဇ္ဇီဒုဿီလကို မ-တည်ပြုပြီးလျှင် ဗာလပဏ္ဍိတ သပ္ပုရိသဒေသနာတို့နှင့် နှီးနှောရောဘက်၍ မေးသော ပုစ္ဆာ ဖြစ်လေသောကြောင့် ဝေဘန်စိတ်ဖြာဘွယ်များပြားလျက်ရှိခဲ့သည်နှင့်ဝေဘန်စိတ်ဖြာ၍ပြလိုက်သည်။ ။ဤဝေဘန်စိတ်ဖြာ၍ ပြချက်ကို သိမြင်ခဲ့လျှင် ဤဒုတီယပုစ္ဆာ တတီယပုစ္ဆာတို့၌ ဖြေလိုရင်း အနက်ကိုလည်း ဝေဘန်စိတ်ဖြာ၍ကောင်းစွာသိနိုင်ရာတော့သည်။

ယခုကာလ၌ကား မှီဝဲဆည်းကပ်သူ အလိမ္မာလိုလှ၏။ မလိမ္မာသူတို့၏ သဘောကား မှီဝဲရင်း၌ သီလဝန္တဖြစ်၍ သီလဂုဏ်ကိုကြည်ညိုလေးမြတ်၍မှီဝဲ၏။မှီဝဲ၍ဆရာတကာဖြစ်ခဲ့လျှင် ဂေဟဿိတ တဏ္ဍာဘွဲစည်း၍ ဆိုးတူကောင်းဘက်ဖြစ်အောင်ရော၍ အနစ်အမွန်းခံလေ၏။

မင်္ဂလာဆိုသည်ကား ကုသိုလ်တရား ပွါးများမှုသည် စင်စစ်မင်္ဂလာတည်း။ ။အကုသိုလ်တရား ဖြစ်ပွါးမှုသည် စင်စစ်အမင်္ဂလာတည်း။ ။မှီဝဲအပ် မမှီဝဲအပ်ဆိုသည်မှာလည်း ကုသိုလ်ဖြစ်ပွါးမှု အကုသိုလ်ဖြစ်ပွါးမှုသည်အချုပ်တည်း။

www.dhammaransi.com

ထိုကြောင့်သေဒိတမ္ဘာသေဒိတမ္ဘသုတ္တန်ပါဠိတော်၌.....

ယထာရူပံ သာရိပုတ္တ ပုဂ္ဂလံ သေဝတော အကု-
သလာ ဓမ္မာ အဘိဝဍ္ဎန္တိ။ကုသလာ ဓမ္မာ ပရိဟာ-
ယန္တိ။ ဇဝရူပေါ ပုဂ္ဂလော နု သေဝိတဗ္ဗော။
ယထာရူပဉ္စ ခေါ သာရိပုတ္တ ပုဂ္ဂလံ သေဝတော
အကုသလာ ဓမ္မာ ပရိဟာယန္တိ။ ကုသလာ ဓမ္မာ
အဘိဝဍ္ဎန္တိ။ ဇဝရူပေါ ပုဂ္ဂလော သေဝိတဗ္ဗော။
ဟူ၍ဟော်တော်မူသည်။

သာရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ။ ယထာရူပံ၊ အကြင်သို့သဘောရှိသော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ သေဝတော၊ မှီဝဲသောသူအား။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အဘိဝဍ္ဎန္တိ၊ ပွါးများကုန်၏။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ကုန်၏။ ဇဝရူပေါ၊ ဤသို့သဘောရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ နု သေဝိတဗ္ဗော၊ မှီဝဲအပ်၏။ ။သာရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ။ ခေါ၊ စင်စစ်။ ယထာရူပဉ္စ၊ အကြင်သို့သဘောရှိသည်သာလျှင်ဖြစ်သော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ သေဝတော၊ မှီဝဲသောသူအား။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ကုန်၏။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ အဘိဝဍ္ဎန္တိ၊ ပွါးများကုန်၏။ ဇဝရူပေါ၊ ဤသို့သဘောရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ သေဝိတဗ္ဗော၊ မှီဝဲအပ်၏။

ဗာလပဏ္ဍိတသုတ်၌ .....

ဒုဗ္ဗိန်တစ်ခွန်စေ ကောင်းဒုဿီလသည်ဘာသီစေ၊
ဒုက္ကဋ်ကမ္မကာဒိုစေ။

[ဗာလလက္ခဏာအင်္ဂါသုံးပါး။]

www.dhammaransi.com

သုစိန္တိတစိန္တိစ ဟောတိ၊ သုဘာသိတဘာ-
သိစ၊ သုကဋကမ္မကာဂိစ။
[ပဏ္ဍိတလက္ခဏာအင်္ဂါသုံးပါး။]

ဒုစိန္တိတ စိန္တိစ၊ မကောင်းသော အကြံကို ကြံလေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဒုဘ်ာသိတဘာသိစ၊ မကောင်းသော စကားကို ပြောဆိုလေ့ ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဒုကဋကမ္မကာဂိစ၊ မကောင်းစွာပြုအပ်သော အမှုကိုပြုလေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။

သုစိန္တိတစိန္တိစ၊ကောင်းသောအကြံကိုကြံလေ့ရှိသည်လည်း။ ဟောတိ၊ဖြစ်၏။ သုဘာသိတဘာသိစ၊ ကောင်းသောစကားကိုပြောဆိုလေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ သုကဋကမ္မကာဂိစ၊ ကောင်းစွာပြုအပ်သောအမှုကို ပြုလေ့ရှိသည်လည်း။ဟောတိ၊ဖြစ်၏။

[ဤသို့ ဒွါဂသုံးပါးလုံး မကောင်းသောသူကိုဖော်ပြ, ဒွါဂသုံးပါးလုံး ကောင်းသောသူကို ပဏ္ဍိတဟူ၍လာသည်။]

ယခုကာလဒွိကား ဒွါဂသုံးပါးလုံး ကောင်းသောသူရှား၏။အချို့ကာယဒွါရကောင်း၏ဝစီဒွါရမနောဒွါရမကောင်း။ အချို့ဝစီဒွါရကောင်း၏ကာယဒွါရမနောဒွါရမရကောင်း။ အချို့ကာယဒွါရဝစီဒွါရကောင်း၏မနောဒွါရမကောင်း။ဤသို့အကောင်းအဆိုး အရောအသွေးသာများသည်။ထိုကြောင့် ယခုအခါ၌ ဤပုဂ္ဂိုလ်ကို ဖွဲ့ဝဆည်းကပ်သည့်အတွက် ငါ၏သန္တာန်မှာ ကုသိုလ်အလိမ္မာ ပွါးများ၏လော,မပွါးလော, အကုသိုလ်အမိုက် တန့်စေတခြားနည်းပါး၏လော, မနည်းပါးလောဟု ဒိဗ္ဗိသန္တာန်ကို အရိပ်ကောင်းကောင်းကြည့်၍ ဖွဲ့ဝဆည်းကပ်ရာသည်။

အလင်္ကိ ဒုဿီလကို ဖွဲ့ဝရာ၌ အကျိုးအပြစ်ကို ဝဏ္ဏ သက်သေနှင့်တကွ သိလိုပါသည် ဟူသောစကား၌—

www.dhammaransi.com

ဧကော အလဇ္ဇီ အလဇ္ဇီသတံပိ ကရောတိ။

ဟူ၍ ကျမ်းဂန်လာသည်။

ဧကောအလဇ္ဇီ၊အလဇ္ဇီတယောက်သည်။အလဇ္ဇီသတံပိ၊ အလဇ္ဇီပုဂ္ဂိုလ် အရာခကဖြစ်ပွါးအောင်လည်း။ ကရောတိ၊ ပြုတတ်၏။

၏သို့လာသောကြောင့် အလဇ္ဇီကို ဖြိုဝဲဆည်းကပ်လျှင် အလဇ္ဇီဖြစ်တတ်သည်ကား အပြစ်တည်။ ။ရှေးဦလည်း အလဇ္ဇီကိုဖြိုဝဲလျှင် အလဇ္ဇီဖြစ်တတ်သည်။ဗာလကိုဖြိုဝဲလျှင် ဗာလဖြစ်တတ်သည်။အသပ္ပုရိသကို ဖြိုဝဲလျှင် အသပ္ပုရိသ ဖြစ်တတ်သည်ဟု ဆိုခဲ့ပြီ။ ၏ကားအပြစ်တည်း။

အလဇ္ဇီ ဖြစ်လျှင် သီလနှင့် ဘဝအဆက်ဆက်ဝေးတတ်သည်။အသပ္ပုရိသဖြစ်လျှင် သမာဓိနှင့် ဘဝ အဆက်ဆက်ဝေးတတ်သည်။ ဗာလဖြစ်လျှင် ပညာနှင့် ဘဝ အဆက်ဆက်ဝေးတတ်သည်။၏ကားမကောင်းကျိုးတည်း။

၏သို့အပြစ်မကောင်းကျိုးအမျိုးမျိုးအစားစား ကြီးမားလေသောကြောင့် မဖြိုဝဲအပ်။ မင်္ဂလာလည်းမဖြစ်။ စင်စစ်စိတ်ကိုပြုပြင်၍ ဉာဏ်ပညာယှဉ်ပါမှ မင်္ဂလာ ဖြစ်နိုင်မည်ကိုလည်း သတိထားလေ။ ။၏မှတပါး ဝတ္ထုနှင့် တကွ အပြစ်အကျိုးများသည် သုတ္တနိပါတ် အဌကထာ "အသေဝနာစ ဗာလာနံ"အဖွင့်မှာ အကျယ်လာ၏။ အလိုရှိလျှင် ဆရာသမားများထံလျှောက်ထား၍ နာယူလေ။

ဒုတိယတတိယပုစ္ဆာနှစ်ရပ်အဖြေပြီး၏။

စတုတ္ထပုစ္ဆာအဖြေ

အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်မှန်း သိလျက်နှင့် ဆွမ်းစသော ဒါနဝတ္ထုတို့ဖြင့် ပူဇော်သက္ကာရ ပြုသော သူတို့မှာ"ပူဇာစပူဇနီယာနံ"မင်္ဂလာဖြစ်မဖြစ်များ

www.dhammaransi.com

ကို အကျိုးအပြစ် ဝတ္ထုသက်သေနှင့်တကွ သိလို ပါသည်။

ဟူသောစတုတ္ထပုစ္ဆာ၌—

ပူဇနီယပုဂ္ဂိုလ်အရကို သုဘွနိပါတ် အဌကထာ၌.....

၁။ သဗ္ဗညုဘုရား,
၂။ ပစ္စေကဗုဒ္ဓါ,
၃။ အရိယသာဝက,
၄။ အမိ,
၅။ အဘ,
၆။ အစ်ကိုကြီး,
၇။ အစ်မကြီး,
၈။ လင်ရှိမိန်းမတို့မှာ လင်၏အမိ,
၉။ လင်၏အဘ,
၁၀။ လင်၏ အစ်ကိုကြီး,
၁၁။ လင်၏ အစ်မကြီး,

ဟု ၏မျှသာလာ၏။

[၏အဌကထာ၌ ပုထုဇ္ဇန်ရဟန်းတိုက်ရိုက်မလာ။]

ဒကျိုဏ ဝိဘင်သုတ် အဌကထာ၌ သရဏဂုမ် သီလ တည်သော လူဂဟဋ္ဌပုဂ္ဂိုလ် ပုထုဇ္ဇန်သာမဏော ပုထုဇ္ဇန် ရဟန်း တို့သည်သောတာပတ္တိမဂ္ဂဋ္ဌ အရိယာပုဂ္ဂိုလ်၌ ပါဝင်ကုန်သည်ဟုလာသောကြောင့်၏ပူဇနီယအရ၌လည်း ထိုလူပုဂ္ဂိုလ်သာမဏော ရဟန်းတို့သည် အရိယသာဝကာ ဟူသောအဌကထာပါဠိ၌ ပါဝင်ကုန်သည်။ ထိုကြောင့်—

၁၂။ သရဏဂုမ်တည်သောလူ,
၁၃။ သရဏဂုမ်နှင့်တကွ ငါးပါးသီလ တည်သောလူ,

www.dhammaransi.com

၁၄။ ပုထုဇ္ဇန်သာမဏော,
၁၅။ ပုထုဇ္ဇန်ရဟန်း,
တို့သည် ပူဇော်ထိုက်သော ပူဇနီယ ပုဂ္ဂိုလ်တို့ပင်ဖြစ်ကုန်၏။

ထိုသို့ဖြစ်ရာဌ်သာမဏေသည်.....

၁။ လဇ္ဇီသာမဏော,
၂။ အလဇ္ဇီသာမဏော,
၃။ ဒုဿီလသာမဏော,
ဟူ၍သုံးမျိုးရှိ၏။

ပုထုဇ္ဇန်ရဟန်းသည်လည်း.....

၁။ လဇ္ဇီရဟန်း,
၂။ အလဇ္ဇီရဟန်း,
၃။ ဒုဿီလရဟန်း,
ဟူ၍သုံးမျိုးရှိ၏။

ထိုသုံးမျိုးတွင်လဇ္ဇီသာမဏော,လဇ္ဇီရဟန်းတို့အားလှူဒါန်းပူဇော်သောသူတို့မှာ "ပူဇာစပူဇနီယ" မင်္ဂလာဖြစ်သည်မှန်ပြီ။ အလဇ္ဇီသာမဏောအလဇ္ဇီရဟန်း,ဒုဿီလသာမဏော ဒုဿီလ ရဟန်း တို့အား လှူဒါန်း ပူဇော် သော သူတို့ မှာ "ပူဇာစပူဇနီယ" မင်္ဂလာ ဖြစ်ပါမည်လော မဖြစ်လော ဟူမူ။ ။ဒုဿီလမဟုတ် အလဇ္ဇီ သက်သက်မျှ ဖြစ်သော သာမဏော ရဟန်းတို့အား လှူဒါန်းပူဇော်မှုသည် "ပူဇာစပူဇနီယ" မင်္ဂလာဖြစ်၏။ ။ဒုဿီလ ဖြစ်သောသာမဏော ရဟန်းတို့အားလှူဒါန်းပူဇော်မှုမှာသာထိုမင်္ဂလာ ဖြစ်မဖြစ်စိစစ်ဘွယ်ရှိ၏။

[ရှေးဌ်လည်း အလဇ္ဇီနှင့်ဒုဿီလနှစ်ပါးကွဲပြားပုံကိုပြဆိုခဲ့ပြီ။]

အများတို့စိတ်သဘောဌ်ရောယှက်၍နေကြသော အရာ

www.dhammaransi.com

ဌာနကြီးတခုဖြစ်၍ ၅၂လေးရာဌိလည်းထင်ရှား၊အောင် ပြဆို လိုက်ဦးအံ့။

နဝကောဋိသဟဿာနိ၊အာသိတိသတကောဋိယော။
ပညာသသတသဟဿာနိ။ ဆတ္တိံသ စ ပုနာဝပရေ။
ဧတေ သံဝရိနယာ။ သမ္ဗုဒ္ဓေန ပကာသိတာ။
ပေယျာလမုခေန နိဒ္ဒိဋ္ဌာ၊ သိက္ခာ ဝိနယသံဝရေ။
[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။]

နဝဇကောဋိသဟဿာနိစ၊ ကုဋေ့ ကိုးထောင် တို့ဂုဏ်း။ အာသိတိသတဇကောဋိယောစ၊ကုဋေ့တရာ့ရှစ်ဆယ်တို့ဂုဏ်း။ ပညာသသတသဟဿာနိစ၊ငါးသန်းတို့ဂုဏ်း။ ပုနာ၊တဘာန်။ အပရေ၊ တပါးကုန်သော။ ဆတ္တိံသ သဟဿာနိစ၊ သုံး သောင်းခြောက်ထောင်တို့ဂုဏ်း။

ဝိနယသံဝရေ၊ ပါတိမောက္ခသံဝရ ဝိနည်း ငါးကျမ်းဌ။ ပေယျာလမုခေန၊ ပေယျာလညွှန်းပြချက်နှင့်တကွ။ နိဒ္ဒိဋ္ဌာ၊ ညွှန်းပြအပ်ကုန်သော။ ဧတေသံဝရိနယာသိက္ခာ၊ ဤမျှ လောက်သော ပါတိမောက္ခသံဝရ ဝိနည်း သိက္ခာပုဒ်တော် မြတ်တို့ကို။ သမ္ဗုဒ္ဓေန၊မြတ်စွာဘုရားသည်။ ပကာသိတာ၊ ထုတ်ဖော် ပညတ်ပြတော်မူအပ်ကုန်၏။

ဆောင်..... ကိုးထောင့်တရာ, ရှစ်ဆယ်မှာ,သချိုင်္ကောဋိ ကောက်။
ငါးသန်းသုံးသောင်း,ခြောက်ထောင်ပေါင်း, မျှားတောင်းပါတိမောက်။

ဤကား သရဏာဂုမ် ဥပဝဿကမ္မဝါစာ ပြီးဆုံးသည် နှင့် တပြိုင်နက် သာသနာ့ထမံး ရဟန်းသာမဏေတို့သန္တာန်၌ ထိုက်သည့်အားလျော်စွာတည်ရှိသောပါတိမောက္ခသံဝရ သိက္ခာပုဒ်အပေါင်းတည်း။

ရှေးဦးပြုဆိုခဲ့ပြီးသောအတိုင်း မြတ်စွာဘုရား၏ ပညတ် တော် အဓိန့်တော် အာဏာ တော်ဖြင့် သင်္ကန်းတောင်းမှ

www.dhammaransi.com

ပေးမှု ဝတ်မှုကိုပြုပိလျှင်ပင်လူအဖြစ်ကိုလွန်၍သာမဏေရာ
ပဗ္ဗဇိတအရာ၌တည်၏။လူတို့၏ရှိခိုးပူဇော်ကိုခံထိုက်ပြီ။ ။
ပြဆိုခဲ့ပြီးသောသိက္ခာပုဒ်စုကား မတည်သေး။ ။ကာဘာန်
သရဏာဂုဏ်ခံယူ၍ တတိယသရဏာဂုဏ်ပြည့်စုံပြီးစီးသည်နှင့်
တပြိုင်နက် ပြဆိုခဲ့ပြီးသောသာမဏေ သိက္ခာပုဒ် တို့သည်
တည်ကုန်၏။ သာမဏေအစစ် ဖြစ်လေ၏။ သီလ ခံဘွယ်
ကိစ္စမရှိ။ ။ထိုသို့သာမဏေအစစ်ဖြစ်ပြီးသော သူသည်
လိင်ဆယ်ပါးတွင် တပါးပါးကို လွန်ကျူး မိသည် ဖြစ်အံ့။
သရဏာဂုဏ်ခံယူမှုပျက်ပြုန်းပြန်၍သိက္ခာပုဒ်တို့လည်းအကုန်
ကွယ်ပကုန်၏။သင်္ကန်းခံယူမှုသာတည်ရှိတော့၏။လူအဖြစ်
သို့ကား မဆောက်။ သာမဏေ အရာ၌ပင် တည်သေး၏။
သာမဏေစစ်ကားမဟုတ်။ ။ထိုအခါသရဏာဂုဏ်ကိုထပ်မံ
၍ယူရသည်။သရဏာဂုဏ်ကိုထပ်မံ၍ယူပြန်လျှင် သာမဏေ
စစ်ဖြစ်ပြန်၏။ သိက္ခာပုဒ်တို့ အကုန်တည်ပြန်ကုန်၏။ ။
သရဏာဂုဏ်ကို ထပ်မံ၍မယူဘဲ ဥမိုက်ယ်ကိုသိက္ခာရှိသော
သာမဏေအစစ်အသွင် ပြုလုပ်ဝန်ခံ၍ နေခဲ့အံ့။ ဒုဿီလ
သာမဏေဖြစ်၏။ ။မိမိ ကိုယ်ကို ဟုတ်မှန် တိုင်း ငြာ
ကြား၍နေလျှင် ဒုဿီလမဖြစ်။

၍အာရာဒ္ဓလိင်ဆယ်ပါးတွင် တပါးကိုကျူးလွန်လျှင်လူ
ဖြစ်သည်ဟုမှတ်ထင်တတ်ကြ၏။သင်္ကန်းခံယူမှုကိုမစွန့်ဟူ၍
တည်သမျှကာလပတ်လုံးလူမဖြစ်။ ။သာမဏေလိင်ပြန်မှ
လူဝတ်လဲမှုဆိုသည်ကား ဆရာသမားတို့ အာဆုံးအမ၌မ
တည်ဒုဿီလအမှုကို မစွန့်နိုင်သော သာမဏေဒုဿီလကို
သာလူဝတ်လဲ၍ သာသနာမှအပြီး နှင်ထုတ်မှုသာတည်း။
"အနုဇာနာမိ ဘိက္ခဝေ ဒသဟင်္ဂေဟိ သမန္နာဂတံ သာမ
ဏေရံ နာသေတုံ" ဟူသော ပါဠိတော်၏ အဋ္ဌကထာဝိနိစ္ဆ
ယကိုနေရာကျသိဘို့ဆိုလိုက်သည်။

[ဤကားသာမဏေ၏ဒုဿီလအဖြစ်ကိုပြဆိုချက်တည်း။]

www.dhammaransi.com

လိင်ဆယ်ပါးမှာပါး ဒဏ်ဆယ်ပါးသေဓိယ ၇၅-ပါး အစရှိသောသိက္ခာပုဒ်တို့သည်သာမဏေတို့အား ဒဏ်အမှု မည်ကုန်၏။ ။ထိုဒဏ်သိက္ခာပုဒ်တို့တွင် တခုခုကို ကျူးလွန်မိသည်ဖြစ်အံ့။ သရဏာဂုဓိ ခံယူမှုလည်းမပျက်။ ထိုသိက္ခာပုဒ်လည်း ကွယ်ပျောက်သွားသည်မဟုတ်။ သံဝရမှုမျှသာပျက်၏။ ဒဏ်ထိုက်၏။ ဒဏ်ထမ်းလျှင် သံဝရတည်မြဲတည်၏။

သိမ်မွေ့သောအရာဖြစ်၍ဥပမာပြအံ့ .....

အဂ်လိပ်အစိုးရမင်းတို့၏ဥပဒေ၌ မြို့အုပ်လုပ်သောသူမှာမည်မျှသော အာဏာကိုရစေ, မည်သည့် အမှုတို့ကိုပြု လျှင် **အရာမှကျစေ**, မည်သည့်အမှုတို့ကိုပြုလျှင် အရာကား မကျ။ မည်မျှ ဒဏ်တပ်စေဟုရှိ၏။ ။မြို့အုပ်**အရာ**ကို ရသည်နှင့်တပြိုင်နက် များစွာသောအာဏာတို့ကိုရ၏။ ။ **အရာ**ကျရာဥပဒေမှ တခုခုကိုကျူးလွန်လျှင် **အ**ရာမှလည်းကျ၏။ ထိုအာဏာတို့**လ**ည်း အကုန်ပျက်ကုန်၏။ ။ဒဏ်ဥပဒေတို့တွင်တခုခုကိုကျူးလွန်လျှင် ထိုအမှုအတွက်ဒဏ်တပ်၏။**အရာ**မကျသောကြောင့်ထိုအမှုလည်းလက်မလွတ်။ စီရင်မြဲစီရင်နိုင်၏။ တပါးသောရရှိပြီး အာဏာတို့လည်းပကတိအတိုင်းရရှိကုန်၏။ ။ဤဥပမာနှင့်တူစွာ သိအပ်၏။

၁။ မိမိ၌တည်ရှိသော သိက္ခာပုဒ် အပေါင်းတို့တွင် တခုတခုသော သိက္ခာပုဒ်၌ ခံယူဆောက်တည်ခြင်းဟူသော သမာဒါနမှ,

၂။ ကောင်းစွာ စောင့်ထိန်းခြင်း ဟူသောသံဝရမှ'

ဟူ၍အမှုနှစ်ပါးအသီးအသီးရှိကြ၏။

ထိုနှစ်ပါးဘွင်သမာဒါနမှုမှာသရဏာဂုဓိပြည့်စုံသည်နှင့်တပြိုင်နက်တချက်တည်း အကုန်ပြီးစီးလေ၏။ ။သံဝရမှု

www.dhammaransi.com

မှာဆောက်တည်ရှိရှိ တည်နေပြီးသော သိက္ခာပုဒ်တို့ကို အခွင့်ဆိုက်တိုက်သောအခါ၌ သင်္ခါစေတနာတို့နှင့် နေရာကျ စောင့်စည်းလျှင်သံဝရမှုပြည့်စုံ၏။ မစောင့်စည်းမူ၍ လိင်ထိုက်သောအမှု တခုခုကိုကျူးလွန်ခဲ့လျှင် သရဏာဂုဓ်ပျက်၍သမာဒါနမှု သံဝရ မှုအကုန်ပျက်၏။ တစုံတခုသော သိက္ခာပုဒ်မျှ ထိုသူမှာမတည်ပြီ။ ။ဒဏ်ထိုက်သောအမှု တခုခုကို ကျူးလွန်ခဲ့လျှင် သရဏာဂုဓ်မပျက်၍ တစုံတခုသောသမာဒါနမှုမျှမပျက်။ ကျူးလွန်သော သိက္ခာပုဒ်မှာ ပင်သမာဒါနမှုမပျက်။ ရှေးတည်မြဲတိုင်းပင်ကိုယ်၌ တည်လျက်ရှိ၏။ သံဝရမှုမျှသာပျက်၏။ ဒဏ်ထမ်း၍ဆေးကြော သုတ်သင်လျှင်သံဝရမှုတည်မြဲတည်၏။

ရဟန်းသိက္ခာပုဒ်တို့၌ကား စတုတ္ထ ကမ္မဝါစာပြီးဆုံးသည်နှင့်တပြိုင်နက် သမာဒါနမှုတည်၏။ သံဝရမှုမှာသာမဏေဏေသိက္ခာပုဒ်နည်းတူပင်။ ။ပါရာဇိကမှု တခုခုကိုကျူးလွန်ခဲ့လျှင်သမာဒါနမှုအကုန်ပျက်၏။ တခုသောသိက္ခာပုဒ်မျှအတည်မရှိပြီ။ ။ပါရာဇိကမှုတပါးသောသိက္ခာပုဒ်တို့ကို ကျူးလွန်ခဲ့လျှင် ကျူးလွန်သော သိက္ခာပုဒ်မှာပင် သံဝရမှုသာပျက်သည်။ သမာဒါနမပျက်။ ။ဤသို့သမာဒါန ပျက်နည်းသံဝရပျက်နည်းမျှားကို ခြားနားစွာသိတတ်မှ အလင်္ကိုပုဒ်လိုသည်လူတို့၏ပုဒေဟာကိုခံထိုက်သောပုဂ္ဂိုလ်ဖြစ်ပုဂ္ဂိုလ်စင်စစ်ဖြစ်ထိုက်ကြောင်းကိုလည်း ထင်လင်းစွာသိသာလှတော့သည်။

[ဤဂုဏ်အလင်္ကိုပုဒ်လိုပုဂ္ဂိုလ်ဖြစ်ကြောင်းကိုပြဆိုသောအချက်ဘည်း။]

www.dhammaransi.com

ဒုဿီလပုဂ္ဂိုလ်ပူဇနီယဖြစ်မဖြစ်ကို စိစစ်ဘွယ်အလွန်များချေ၏။ မြတ်စွာဘုရား၏ ပညတ်တော် အာဏာတော်မြတ် ဖြစ်သော ဝိနည်းတရားတော်၏ အရာသည်အလွန်ကြီးကျယ်နက်နဲ၏။ အလွန်လျှင် အံ့ဘွယ်သရဲရှိ၏။

အဘယ်သို့အံ့ဘွယ်သရဲရှိသနည်းဆိုသော်.....

တထောင့်ငါးရာကိလေသာကုန်ငြိမ်းပြီးသော ရဟန္တာဖြစ်သော လူသည် တထောင့်ငါးရာကိလေသာအပြည့်နှင့် ယခုနေ့တွင် ရဟန်းပြုသော ပုထုဇွန် ရဟန်းကို ရှိခိုးရ၏။ ထိုပုထုဇွန်ရဟန်းက ရဟန္တာဖြစ်သောလူကိုရှိမခိုးရ။ ။ ကိုယ်တွင်းမှာ တည်ရှိကြသော အဘိဓမ္မာတရား သုတ္တန်တရားများအနေကို ထောက်စာလျှင် ထိုနှစ်ဦးသော သူတို့သည် တဦးနှင့်တဦး နိဗ္ဗာန်နှင့် အဝိစိကဲ့သို့ ကွာလှမ်းကြ၏။ရဟန္တာဖြစ်သော လူသည်ကား နိဗ္ဗာန်မှာဆိုက်၍နေ၏။တထောင့်ငါးရာကိလေသာရှင်ဖြစ်သော ပုထုဇွန်ရဟန်းကား အဝိစိနယ်ကမလွတ်သေး။သို့ဖြစ်ပါလျက်ရှိခိုးပူဇော်မှုဌ်ရဟန်းပုထုဇွန်ကအထက်ကျ၏။ ရဟန္တာလူကအောက်ကျ၏။ ။ဤသို့ဖြစ်ခြင်းသည်မြတ်စွာဘုရား၏အစိန္တေယျ အဋ္ဌမေယျ ဘုန်းတော် ကံတော် ဉာဏ်တော် တန်ခိုးတော် ပညတ်တော် အာဏာတော် သိက္ခာပုဒ်တော်တို့၏ အစွမ်းပေတည်း။

ရဟန်းချင်းမှာလည်းတနာရီမျှပညတ်အာဏာ သိက္ခာတည်မှု ရှေးကျသော ပုထုဇွန်ရဟန်းကို တနာရီမျှ သိက္ခာတည်မှု ရဟန်းဖြစ် နောက်ကျသော ရဟန္တာ ဖြစ်ပြီးသော ရဟန်းက ရှိခိုးရ၏။ ။ယခုပင် ရဟန်းပြုသော ပုထုဇွန်ရဟန်းယောကျ်ားကို အဝါခြောက်ဆယ်ရပြီးသောဘိက္ခုနီ ရဟန္တာမက ရှိခိုးရ၏။ ။ဤသို့ ဖြစ်ခြင်းသည် ပညတ်တော်အာဏာတော်မြတ်တို့၏ အစိန္တေယျ တန်ခိုးအစွမ်းပင်တည်း။

www.dhammaransi.com

ယော ဝေါ အာနန္ဒ မယာ ဓံမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။

ဟူ၍ငါဘုရားမရှိသည့်နောက် ငါဟောတော်မူခဲ့သော သုတ္တန်တရား အဘိဓမ္မာတရား ဝိနည်းတရားတို့သည် ငါ၏ ကိုယ်စားလှယ် ကိုယ်စား ဘုရားဖြစ်ရစ်လတ္တံ့ ဟူသော ဗျာဒိတ်တော် မြတ်နှင့်အညီ ပြဆိုခဲ့ပြီးသော သိက္ခာပုဒ် တော်အပေါင်း ကုဋေကိုးထောင့် တရာ့ ရှစ်ဆယ်နှင့် ငါး သန်း သုံးသောင်း ခြောက်ထောင်တို့တွင် တခုတခုသော သိက္ခာပုဒ်တော်သည် ဘုရားတဆူတဆူအရာနှင့် ဗျာဒိတ် တော်ရလျက်ရှိချေသည်။

သရဏဂုမ် ဥတ်ကမ္မဝါစာ ပြည့်စုံစွာ ဘတ်ရွတ်မူ သမာဒါနကိစ္စပြည့်စုံသဖြင့် ထိုမျှလောက်သော သိက္ခာပုဒ် တော်တို့၏ တည်နေကိန်းဝပ်ရာဖြစ်သော ပုထုဇ္ဇန်ရဟန်း၏ကိုယ်ခန္ဓာသည် ကုဋေ ကိုးထောင့် တရာ့ ရှစ်ဆယ် ငါး သန်း သုံးသောင်း ခြောက်ထောင်မျှသော မြတ်စွာဘုရား တို့၏ တည်နေကိန်းဝပ်တော်မူကြရာ စေတီ အိမ်အရာ၌ တည်ချေသည်။ ။စေတီအိမ်မည်သည် ရွှံ့မြေကို လုပ် သော်လည်း စေတီကိန်းဝပ်သော အခါမှစ၍ ပူဇော်ခြင်း ဌါသာထိုက်၏။ မရိမသေပြုခြင်းဌါ မထိုက်။ ။ထိုစေတီ အိမ်၏အတွင်း၌ အမှိုက်သရိုက်မစင်တီးပြင်ပင် ပြည့်၍နေ ငြားသော်လည်း ပူဇော်ခြင်းဌါသာထိုက်၏။ မရိမသေပြု ခြင်းဌါမထိုက်။ ထိုအတူ ထိုပုထုဇ္ဇန်ဖြစ်သောရဟန်းသည် တထောင့်ငါးရာကိလေသာတည်းဟူသော အမှိုက်သရိုက် မစင်တီးပြင်အပြည့်ရှိနေသော ကိုယ်ခန္ဓာသန္တာန်ပင်ဖြစ် ငြားသော်လည်း ထိုမျှလောက်သောဘုရားအရာ သိက္ခာပုဒ် တော်တို့၏ တည်နေကိန်းဝပ်ရာ စေတီအိမ်အဖြစ်၌ တည်

www.dhammaransi.com

နေသည့်အတွက်ကြောင့် ရဟန္တာဖြစ်ပြီးသော လူသည် ရှိခိုးပူဇော်ခြင်းကိုသာပြုရလေသတည်း။

၏သို့သောအရာများကို ထောက်ထားဆင်ခြင်သည်ရှိသော် ပုထုဇ္ဇန်ရဟန်းတို့၌ပင် ကိန်းဝပ်တည်ရှိသော မြတ်စွာဘုရားတန်ခိုးတော် ပညတ်တော် အာဏာတော်အရှိန်အဝါတော်တို့သည် အဘယ်မျှလောက် ကြီးကျယ် နက်နဲကုန်သည်ဟု ငါတို့ကဲ့သို့သောသူအဆုံးအစမြင်နိုင်ထင်နိုင်ကောင်းသောအရာပင် မဟုတ်အောင်ကြီးကျယ်နက်နဲမှုကို ရိပ်မိကြကုန်ရာသည်။ ။နိဗ္ဗာန်သို့ဆိုက်၍တည်နေသော လောကုတ္တရာ ဘုံသားဖြစ်ပြီးသော ရဟန္တာ ဖြစ်သော လူသည်ပင်လျှင် ပုထုဇ္ဇန်ရဟန်းကို ရိုသေစွာရှိခိုးပူဇော်ရချေသေး၏။ ယခုကာလ ရှိနေကြသော ပုထုဇ္ဇန်ဖြစ်သူ လူသာမန်တို့မှာ အဘယ်ဆိုဘွယ်ရာရှိတော့အုံနည်း။ သာသနာထမ်း ရဟန်းတော်ဆိုလျှင် အရိုသေအလျှင် ဦးအောင်သာ အထူးအားစိုက်ခွင့်ရှိတော့သည်ဟု ပညာသတိရှိကြကုန်ရာသည်။ ။၏သို့သာသနာထမ်း ရဟန်းတော်တို့၌တည်ရှိသောမြတ်စွာဘုရား၏အာဏာတော် သိက္ခာတော် ပညတ်တော်တို့၏ ဘုန်းတန်ခိုးအရှိန်အဝါ ကြီးကျယ်နက်နဲပုံကိုသိအပ်၏။

ဒုဿီလပုဂ္ဂိုလ်မှာလည်းထိုအရှိန်အဝါတစိတ်တဒေသ ရှိနေကြောင်းကိုကား သူ့ကိုအမူလပါရာဇိကနှင့် စွပ်စွဲခဲ့လျှင် ရဟန်းကောင်းကိုစွပ်စွဲသည်နှင့်အတူ စွပ်စွဲသူရဟန်းမှာ သံဃာဒိသေသ်အာပတ်ကြီးသင့်သည်ဟု ဟောတော်မူသော ပါဠိတော်အရဖွင့်ဆိုသော အဋ္ဌကထာအရမျာ ကို အဦးတည်၍ရှေး၌ပြဆိုခဲ့ပြီ။ ။၏သို့သောအကြောင်းအရာများကိုထောက်မြော်သည်ရှိသော် ထိုသူ၌ ရှိနေသေးသော မြတ်စွာဘုရားအရှိန်အဝါ, တရားတော်အရှိန်အဝါ, ဥတ်ကမ္မဝါစာ ရွတ်ဘတ်သော သံဃာတော်အရှိန်အဝါ

www.dhammaransi.com

များကို အာရုံပြု၍ပူဇော်ပါမူ "ပူဇာစ ပူဇနီယ" မင်္ဂလာ ဖြစ်ပါ၏ဟု ဆိုရန်တချက်ရှိ၏။ ။ထိုသူမှာထင်ရှားရှိသေး သော ဘုရားအရှိန်အဝါ, တရားအရှိန်အဝါ, သံဃာအရှိန် အဝါကို အာရုံပြု၍ ပူဇော်ရာ၌ အာရုံပြုရာ အရှိန်အဝါ ဂုဏ်တော် ကျေးဇူးတော်စုသည် အပူဇော်ခံသမားဖြစ်ကြ၏။ တရားတော်ကိုပူဇော်လိုလျှင်တရားတော်ကိုအာရုံပြု၍ တရားကျမ်းဂန်တတ်သောပုဂ္ဂိုလ်ကိုပူဇော်ပါမူတရားတော် ကို ပူဇော်ခြင်းဖြစ်၏ဟုလာသောကျမ်းဂန်နှင့်အညီတည်း။

[ထိုဒုဿီလ ပုဂ္ဂိုလ်ကိုပင် ဒုဿီလမှန်းမသိ။ သီလဝန္တထင်မှတ်၍ ပူဇော်ရာ၌မူကား ထိုယူ၏သီလကို အာရုံပြုလျက်ရှိ၏။ သီလကလည်းထိုသူ မှာမရှိ။ အပူဇော်ခံသမားမရှိဘဲနေ၏။]

သီဟိုဠ်ကျွန်း၌သဒ္ဓါတိဿမင်းကြီးကား ထိုကဲ့သို့သော ပုဂ္ဂိုလ်၌ အပူဇော်ခံသမားကို ရအောင် ရှာ၍ ပူဇော်၏။ ထိုမင်းသည် တရုံသောအခါ ဆင်စီး၍ မြို့တော်ကိုလှည့် လည်၏။ ဒုဿီလရဟန်းတယောက်သည်မြို့ကျုံး၌ ငါးမျှား ၍နေရာ မင်းပရိသတ်လာသည်ကို မြင်လျှင် ငါးမျှားရာမှ တက်၍ သစ်ပင်ရင်းမှာ ထိုင်နေ၏။ ။မင်းကြီးသည် ထိုရဟန်းကိုမြင်လျှင် ဆွမ်းကပ်လှူလိုသောစိတ်ဖြစ်၏။ ။ နန်းတော်သို့ရောက်၍ ပွဲတော်တည်မည်ရှိရာ ထိုရဟန်းကို အမှတ်ရ၍ မှူးမတ်များကိုပွဲတော်အုပ်အတိုင်းနှင့်ထိုရဟန်း ကိုလှူကြချေဟု စေလွှတ်၏။ ဒုဿီလ ရဟန်းလည်း မင်း ပရိသတ်သွားလျှင် ငါးမျှားမြဲ မျှား၍ နေ၏။ ဆွမ်းလှူလာ သော မှူးမတ်တို့က အလျင် မြင်လေ၏။ ထိုရဟန်းလည်း မှူးမတ်တို့လာသည်ကိုမြင်၍ ငါးမျှားမှုကိုလွှတ်၍ သစ်ပင် ရင်းမှာ နေမြဲနေလေ၏။ မှူးမတ်တို့ကား ထိုရဟန်းအမှုကို သိ၍မလှူဘဲ မြင်ရာအရပ်မှပြန်လေ၏။ နန်းတော်သို့ရောက် ၍လှူခဲ့ကြပြီလောဟု မင်းကြီးကမေးရာ ငါးမျှား၍နေသော ဒုဿီလရဟန်းဖြစ်၍မလှူခဲ့ကြောင်းကိုပြန်ပြော၏။

www.dhammaransi.com

ထိုရဟန်းသည်သင်တို့ကိုမြင်သောအခါ အဘယ်သို့ပြုသနည်းဟုမင်းကြီးကမေးလေ၏။

အကျွန်ုပ်တို့ကို မြင်လျှင် မြင်ခြင်း ငါးမျှားမှုကိုလွှတ်၍ သက်နိုးကိုခြိုရုံ၍ သစ်ပင်ရင်းသို့ကပ်၍ နေပါသည်ဟုတင်ဆိုလေ၏။

ထိုအခါမင်းကြီးက၍သို့ဆိုပေ၏။ ထိုရဟန်းသည် သင်တို့ကိုမြင်လျှင် ထိုကဲ့သို့ပြုသည်ကား ဟိရိသြတ္တပ္ပကပ်၍ပြုမှုပေတည်း။ သူတော်ကောင်းဥစ္စာရတနာ ခုနစ်ပါးတွင်အကျုံးဝင်သော ဟိရိသြတ္တပ္ပတရား ရတနာသည် အဘိုးအနဇ္ဇထိုက်တန်၏။ ၍တနပ်စာ ပွဲတော်ထမင်းသည်အဘယ်မျှအဘိုးထိုက်သနည်း။ သွားကြကုန်။ ရိုသေစွာကပ်လှူကြကုန်လော့ဟုဆို၍ လှူကြရလေ၏။

မင်းကြီးသည် သဒ္ဓါဗလ ပညာဗလနှင့် ပြည့်စုံသောသူဖြစ်၍ ထိုကဲ့သို့ညစ်နွမ်းသော ဒုဿီလရဟန်းသန္တာန်မှာပင် အပူဇော်ခံ အဘိုးတန်ကို ရှာကြံ၍ ပူဇော်ပေ၏။ ထိုကြောင့်ထိုမင်းကြီးပြုသော ကုသိုလ်မှုသည် ပူဇာစ ပူဇနီယမင်္ဂလာဖြစ်ထိုက်စွာသတည်း။

စတုတ္ထပုစ္ဆာအဖြေပြီး၏။

ပဉ္စမပုစ္ဆာအဖြေ

၅။ အလဇ္ဇီဒုဿီလပုဂ္ဂိုလ်မှန်း သိလျက်နှင့် အရိုအသေရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ် ချီခြင်း အရိုအသေပြုခြင်းတို့ကိုပြုသော သူတို့မှာ "ဂါရဝေါစ" မင်္ဂလာဖြစ်မဖြစ်, "ဘိက္ခုဥဿီလ သမ္ပန္နံ၊ သမ္မဒေဝ သမာစရေ" ဟုကောသလ သံယုတ်တွင် ဟောတော်မူသည်နှင့် ညီမညီ,

www.dhammaransi.com

ဂဉ်းပုဂ္ဂိုလ် တို့သည် ပါဏာတိပါတ သရဏာဂုဓ် ထိုက်မထိုက်များကို အကျိုးအပြစ် ဝဏ္ဏုလက် သေနှင့်တကွ သိလိုပါသည်။

ဟူသော ပဋ္ဌာနပကရဏဝဋ္ဋ—

[အလဒ္ဓိဒုသီလနှစ်ပါးခွဲခြမ်းနည်းကိုဆိုခဲ့လှပြီ။ ။ဂါရဝမူဟူသည် လည်းပူဇော်မှုမျိုးပင်ဖြစ်၍ စတုဇ္ဈပုဏ္ဏာနှင့်များစွာမထူးကြလှပြီ။]

ဘုဇ္ဈာဟံ ပါဝကဉ္စ၊ ခတ္တိယဉ္စ ယသသိနံ။
ဘိက္ခုဉ္စ သိလသမ္ပန္နံ။ သမ္မဒေဝ သမာစရေ။

ဟူသော ကောသလ သံယုတ် သုတ်ဂါထာမှာမူကား ဒိဗ္ဗိဒ္ဓိ ပဋိပွဒန်အကျိုးမဲ့ သံသရာအကျိုးမဲ့ မဖြစ်ရလေအောင် မရိမသေ မထေလေးစား ပြုမှု လွတ်ကင်း စေရသည်ကို "သမ္မဒေဝသမာစရေ" ဆိုပေသည်။

ဘုဇ္ဈာဟံမဉ္စ၊ အဆိပ်ထန်သောမြွေကိုငဉ်း။ပါဝကဉ္စ၊မီးကိုငဉ်း။ ယသသိနံ၊ အခြံအရံနှင့်ပြည့်စုံသော။ ခတ္တိယဉ္စ၊မင်းကိုငဉ်း။ သိလသမ္ပန္နံ၊သီလနှင့်ပြည့်စုံသော။ ဘိက္ခုဉ္စ၊ရဟန်းကိုငဉ်း။ သမ္မဒေဝ၊ ကောင်းစွာသာလျှင်။သမာစရေ၊ ပြုကျင့်ရာ၏။

၁။ အဆိပ် ထန်သော မြွေကို တွေ့မြင်လျှင် ထိုမြွေ ဥပဒ်မှလွတ်ကင်းအောင်လိမ္မာ၍ပြုသည်ကိုငဉ်း,

၂။ မီးနှင့် ဆက်ဆံသောအခါ ထိုမီးနှင့်စပ်၍ ဥပဒ် မဖြစ်ရအောင်လိမ္မာ၍ပြုသည်ကိုငဉ်း,

၃။ မင်းနှင့် ဆက်ဆံ သောအခါ ထိုမင်းနှင့် စပ်၍ ဥပဒ်မဖြစ်ရအောင်လိမ္မာ၍ပြုသည်ကိုငဉ်း,

၄။ သိလသမ္ပန္နရဟန်းနှင့် ဆက်ဆံသောအခါ ထို ရဟန်းနှင့် စပ်၍ ကလာပုမင်း ဒဏ္ဍကီမင်း နာဠိဂေရမင်း အင်္ဂုလိမာလမင်း တို့ကဲ့သို့ အကျိုးမဲ့

www.dhammaransi.com

တရားမဖြစ်ပွါးရအောင်လိမ္မာ၍ပြုသည်ကိုရင်း, "သမ္မဒေဝ သမာစရေ"ဆိုသည်။

[ဤလေးပါးကိုသာ ဝိသေသထုတ်၍ ဟောတော်မူခြင်းသည် ရှေ့သုံးပါးမှာ လျင်လျင်မြန်မြန် ကြီးကြီးမားမား ဘေးဥပဒ်ဖြစ်တတ်၍ ဟောတော်မူသည်။ သီလသမ္ပန္ဓရဟန်းမှာအပြစ်လေးတတ်၍ဟောသည်။]

ဘေးဥပဒ်ကို ဖြစ်စေတတ်သော ခပ်သိမ်းသော မထေလေးစားမှုကိုပင် ရှောင်ကြဉ်၍ ဘေးဥပဒ် လွတ်ကင်း ရာသောအနေကို ရိုသေစွာပြုလေ့ရှိစေရမည် ဟူသောအနက်ကိုလည်းသိအပ်သည်။ ။ဘေးဥပဒ်ဆိုသည်ကားအကုသိုလ်ဖြစ်မှု သည်လည်း ဘေးဥပဒ်ပင် ဖြစ်သည်၊ ထိုကြောင့် ဒုဿီလပုဂ္ဂိုလ်နှင့် တွေ့ကြုံဆက်ဆံသော အခါ၌လည်း အရိုအသေရှိမခိုးလျှင် မိမိ၌အကုသိုလ်ဖြစ်ရခြင်းစသော ဘေးဥပဒ် ဖြစ်ရန်အခွင့်ကို မြင်သည်ဖြစ်၍ ရိုသေစွာ ရှိခိုးလျှင် "သမ္မဒေဝ သမာစရေ"ဟူသောပါဠိတော်နှင့်ညီသည်သာ ဖြစ်၏။ ထိုပါဠိတော်ကို အောက်မေ့၍ ရှိခိုးခဲ့လျှင် ထိုပါဠိတော်ဓမ္မကိုပူဇော်သော "ဓမ္မပူဇာ"မင်္ဂလာပင်ဖြစ်သေး၏။

[ခရီးဦးကြိုဆိုခြင်း အရိုအသေပြုခြင်းအမှုတို့၌လည်း နည်းတူ သိလေ။]

ဒုဿီလပုဂ္ဂိုလ်သည် သိက္ခာ သီလမှကင်းသည်ဖြစ်၍ ရဟန်းအစစ် သံဃာအစစ်မဟုတ်သောကြောင့် ထိုပုဂ္ဂိုလ်ကို ရိုသေဘုပ်ဝပ်သော်လည်း ပါဏိပါတသရဏဂုမ် ဖြစ်ခွင့် မရှိလေ။ ။သံဃာမှ ညွှန်းချ၍ ရရှိသော ဒုဿီလပုဂ္ဂိုလ်အားသံဃာကိုအာရုံပြု၍လှူမှုဒါန်းမှု ပါဏိပါတမှုကိုပြုရာ၌ကား သံဃာသည် အလှူခံသွား ပါဏိပါတကို ခံသွား ဖြစ်သောကြောင့် ပါဏိပါတ သရဏဂုမ် ဖြစ်ထိုက်၏။ ။လဇ္ဇီပုဂ္ဂိုလ်နှင့် ဒုဿီလမဟုတ်သောအလဇ္ဇီပုဂ္ဂိုလ်နှစ်ပါးတို့မှာမူကား ပူဇော်ခြင်း စသည်ကို ပြုသော သူတို့အားအကျိုးပေးအများအနည်းကွာကြ၏။ "ပူဇာစပူဇနီယ" မင်္ဂလာ "ဂါရဝေါစ" မင်္ဂလာမှာဖြစ်ကြသည်ချည်းမှတ်။

www.dhammaransi.com

"သမ္မဒေဝ သမာစရေ" ဟူသောဒေသနာတော်အရ၌ ဝတ္ထုသက်သေကား.....

ကောသလမင်းကြီးသည်ပင်လျှင် တရံရောအခါ မြတ်စွာဘုရားကိုခစားဆည်းကပ်၍နေလေ၏။ ထိုအခါ၌တိတ္ထိတို့သည်မင်းကြီးမျက်နှာဥပစာသို့ဖြတ်သန်း၍သွားကြကုန်၏။ ကောသလမင်းကြီးသည်မြင်လျှင် မိမိနာမည်ကိုဖေါ်ကြား၍ထိုတိတ္ထိတို့အားရှိခိုးလေ၏။အဘယ်ကြောင့်သဇ္ဇညူမြတ်စွာဘုရားကြီးကို ဆည်းကပ်ကိုးကွယ်သူ ဖြစ်ပါလျက်မြတ်စွာဘုရား ရှေ့တော်မှာပင်မိမိနာမည်ကို ဖေါ်ကြားခြင်းဟူသော အလွန်နှိမ့်ချသောဂါရဝကြီးနှင့်တကွအလွန်ရိုသေစွာတိတ္ထိတို့ကို မင်းကြီးရှိခိုးလေသနည်းဟု အမေးပုစ္ဆာထုတ်၍အဌကထာ၌ ဖြေတော်မူသည်ကား ထိုသို့ရှိမခိုးခဲ့သည်ရှိသော် ကောသလမင်းကြီးသည် ရှင်ဂေါတမကိုသာရိုသေသည်။ငါတို့ကိုမူကား ရှိခိုးခြင်းမျှကိုမှ မပြုဟုစိတ်နှလုံးခုကြ၍ တစုံတခုသော ငါ၏အကျိုးမဲ့ကို ပြုခွင့်ဆိုက်သောအခါပြုလေရာ၏။ထိုသို့သော အကျိုးမဲ့ကိုမပြုစေခြင်းငှါရှိခိုးသည်ဟု ဖြေပေ၏။

[ကောသလမင်းကြီးပြုသောအမှုသည်လည်း"သမ္မဒေဝသမာစရေ" မှုပင်တည်း။]

တနည်းလည်း.....

မင်းကြီးကိုခစားသော ပရိသတ်တို့၌တိတ္ထိတို့ကို ကိုးကွယ်သောသူတို့သည် အများပင်ပါရှိကြကုန်၏။ ထိုသူတို့သည်ငါတို့ဆရာများကိုကား မင်းကြီးသည် အလေးမပြုဟုစိတ်ခုကြကုန်၍ ပြုခွင့်သာသောအခါ တစုံတခုသောအကျိုးမဲ့ကို ပြုကုန်ရာ၏ဟုထိုသူတို့၏စိတ်နှလုံးကို ကြည်လင်စေခြင်းငှါ မင်းကြီးရှိခိုးသည်ဟူ၍လည်း ဆိုခွင့်ရှိ၏။

ပဋ္ဌမပုစ္ဆာအဖြေပြီး၏

www.dhammaransi.com

ဆဋ္ဌမပုစ္ဆာအဖြေ

၆။ အလဇ္ဇီဒုဿီလပုဂ္ဂိုလ်မှန်းသိသောကြောင့် ထိုအလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့အား ပုဂ္ဂလာဓိဋ္ဌာန်ဓမ္မာဓိဋ္ဌာန်တွင် တရပ်ရပ်ဖြင့် အပြစ်စကားထိပါး ပြောဆိုသောသူတို့အပေါ်၌ ဒဏ်ဆယ်ပါးထိုက် မထိုက်, အပြစ်လွတ်မလွတ်များကိုသိလိုပါသည်။

ဟူသောဆဋ္ဌမပုစ္ဆာ၌—

"ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊
သုဒ္ဓဿ ပေါသဿ အနှင်္ဂဏဿ"။

အစရှိသည်ဖြင့် သုဒ္ဓအနင်္ဂဏဖြစ်သော ဘုရားပစ္စေက ဗုဒ္ဓါအရိယာတို့အား အလွန်ကြမ်းကြုတ်သောကာယကံဝစီကံတို့ဖြင့် ထိပါးပြစ်မှားသောသူတို့၌သာဒဏ်ဆယ်ပါးကျရောက်တတ်ကြောင်းကို ဟောတော်မူသည်။ ပုဂ္ဂိုလ်သာမန်တို့အား အပြစ်စကားထိပါးပြောဆိုရုံမျှနှင့် ဒဏ်ဆယ်ပါးကျရောက်ခွင့်မရှိပေ။

အပြစ်လွတ်မလွတ်ဟူသောစကားဌ်မူကား.....

ဒုဿီလ ဟူသော စကားလုံးသည် ဆယ်ပါးသော အကျောသဝတ္ထုတို့တွင် ကြီးစွာသောအာပတ်ဖြင့် ဆဲရေးခြင်းဖြစ်၏။ ထိုကြောင့် ထိပါးစေလိုသော အကျောသာဓိပ္ပါယပဋိဃစိတ်ဖြင့် ဒုဿီလပုဂ္ဂိုလ်ကိုပင်ဒုဿီလ မှန်းသိ၍ ဒုဿီလစကားဖြင့် ထိပါးပြောဆိုသော သူတို့အား စကား အခွန်းတိုင်း အခွန်းတိုင်း ဖရုသဝါစာ ကမ္မပထမြောက်၏။

www.dhammaransi.com

ဒုဿီလပုဂ္ဂိုလ်မှန်း သိသောကြောင့် ဟူသောပုစ္ဆာပါ စကားဌ်လည်း.....

ဤရဟန်းကားဒုဿီလရဟန်းတည်းဟု အမှန်သိနိုင်ရန် အမှုသည်မလွယ်လှချေ။ ။သိမ်မွေ့လှသော ပါရာဇိက အာပတ္တာ ဓိကရဏ်းမှနှင့် မိမိတို့အထံ အဆုံးအဖြတ်ခံ ခြင်းငှါ အမှုသည်တို့ဆိုက်ရောက်လာသောအခါ၌ ကျမ်း တတ်ဂန်တတ် ဝိနည်းရိရ်ပုဂ္ဂိုလ် ကြီးများ သည်ပင်လျှင် ဤသူကား ဒုဿီလဟု ဒုဿီလ ဝိနိစ္ဆယချရန် အရေးအ လွန်ခက်ခဲလှ၏။

အဌကထာကြီးဌ်လည်း ထိုသို့အမှုသည် ဆိုက်ရောက် လာလျှင် စေ့စုံစွာစစ်ဆေး၍အမှုသည် လျှောက်ဆိုချက်စ ကားကို စေ့စုံစွာကြားနာရသောအခါ ပါရာဇိက အပြစ် လွတ်အံ့ထင်ခဲ့လျှင် သုဒ္ဓဖြတ်စာချအပ်၏။စွန်းငြိရိပ်ထင်ခဲ့ အံ့။ အသုဒ္ဓဟုမဆိုတည့်အပ်။ လွတ်ရာသောအချက်ကို အ နည်းနည်းရှာအပ်၏။အနည်းနည်းရှာကြံ၍မှ လွတ်ရာသော အချက်ကို မမြင်ခဲ့လျှင် ဝိနည်းရိရ်တပါးထံ လွှတ်ရမည်။ ဒုတိယဝိနည်းရိရ်ဆရာသည်လည်း ထိုအမှုသည်ကို ပါရာ ဇိကလွတ်ရိပ်ထင်ခဲ့အံ့။ သုဒ္ဓဖြတ်စာချအပ်၏။ လွတ်ရိပ် မထင်ခဲ့အံ့။ အသုဒ္ဓဟု မဆိုတည့်အပ်။ဝိနည်းရိရ် တပါးထံ စေလွှတ်ရမည်။၏နည်းနှင်နှင် စေလွှတ်၍ ဝိနည်းရိရ်တိုင်း ကပင် ပါရာဇိကကျရိပ်ထင်ကြ၍ သုဒ္ဓဖြတ်စာလည်းမပေး အသုဒ္ဓလည်းမဆိုကြဘဲ ပထမဝိနည်းရိရ်ထံ ထိုအမှုသည် ရောက်လာပြန်အံ့။ ဆိတ်ငြိမ်ရာ၌နေစေ၍ ဘာဝနာများကို နှလုံးသွင်းစေပြီးလျှင် စိတ်ဖြစ်ပုံကို မေးမြန်း၍ စိတ်ပူ လောင်လှပါသည်ဆိုလျှင် စိတ်အေးရာ အခွင့်ကို ရှာလေ တော့ဟုဆိုရမည်။ စိတ်ငြိမ်သက်ပါ၏ဆိုလျှင် ကောင်းလှ ပြီ။ ကောင်းကောင်းနေလေတော့ဆိုဿ်လွှတ်ရမည်ဟု လာ ချေသည်။

www.dhammaransi.com

သိမ်မွေ့လှသောအရာ၌ စေ့စုံစွာ စစ်ဆေး မေးမြန်း ကြားသိရသဖြင့် ပါရာဇိကကျရိပ် ဒုဿီလဖြစ်ရိပ်ထင်မြင် သောဝိနည်းဓိဂ်ိဆရာတို့သေသ်မှလည်း ပါရာဇိကကျသည်, ဒုဿီလဖြစ်သည်ဟူသောစကားကိုမြွက်ဆိုရန်အမှု အလွန် ခဲယဉ်းစွာလာချေသည်။ အဘယ်ကြောင့် ခဲယဉ်းလှလေ သနည်းဟူမူ ပါရာဇိက အမှန်ကျသောသူကို ပါရာဇိက ကျသည်ဟုဆိုမိလျှင်ဝိနည်းဓိဂ်ိဖြစ်၍တော်ပါ၏။မကျသော သူကို ကျသည်ဟုဆိုမိလျှင် ထိုပုဂ္ဂိုလ်သန္တာန်၌ တည်ရှိ သော ကုဋေကိုးထောင်ကျော်မျှသောသိက္ခာတို့ကို ဝိနည်း ဓိဂ်ိဆရာ ဖျက်ဆီးရာရောက်လေ၏။ ဝန်လေးစွာသော အမှု ကိုပြုမိလျက်နေ၏။ ပါရာဇိက အမှန်ကျသောသူကို မကျ ထင်၍ မကျဆိုမှုသည်ကား ဝိနည်းဓိဂ်ိဆရာ၌ အပြစ်မဲ့။ ထိုကြောင့် မကျဟု ထင်မြင်ခဲ့လျှင် ထင်မြင်တိုင်းဆိုမှ ဆုံး ဖြတ်မှုကိုပြုရမည်ဟု အဋ္ဌကထာ၌လာပေသည်။

[ဤသို့သူဘပါးကို ပါရာဇိကကျ ဒုဿီလဆိုမှုသည် နှစ်သိန်းလေး သောင်းအထုရှိသော မဟာပထဝီမြေကြီးကိုထမ်းရွက်မှုကဲ့သို့ အလွန်ဝန် လေးလှသောအမှုဖြစ်ချေသည်၊သတိကြီးကြီးထားကြပါကုန်။]

ပါရာဇိကအမှန်ကျပြီးသောသူ, ပါရာဇိကမကျ အလင်္ဂိ မျှသာဖြစ်သောသူ, အလင်္ဂိမဖြစ် သီလဝန္တဖြစ်သော သူ သုံးဦးလုံးကိုပင် အကြောသာဓိပ္ပါယဖြင့်ဒုဿီလဆိုမှုသည် ဖရုသဝါစာ ကမ္မပထဖြောက်၏။ အပါယ် လေးပါးတွင် ဒေါသနှင့်ယှဉ်သော ဂ ကမ္မပထမျိုးဖြစ်၍ ငရဲ၌ ပဋိသန္ဓေကို ပေး၏။ အကြောသာဓိပ္ပါယမျှမကဟူ၍ သာသနာမှဓွေ့စေ လိုသောစာဝနာဓိပ္ပါယဖြင့် ဒုဿီလ ဆိုမှုသည်ကား ထို ထက်ဝန်လေးသောအမှုကြီးဖြစ်၏။အထူးမှာ ဒုဿီလအမှန် ကို ဒုဿီလဆိုမိစွပ်စွဲမိရာ၌ဝန်လေးရုံမျှသာရှိ၏၊သီလဝန္တ ကို ဆိုမိစွပ်စွဲမိရာ၌ကား အာနန္တရိယကံနှင့်အလားတူ၏။

ဒွေဓေ ဘိက္ခဝေ ပုဂ္ဂလာ ဣဓမ္မပ္ပဟာယ ယထာ-

www.dhammaransi.com

ဘတံ နိက္ခိတ္တာ ဧဝံ နိရယေ။ ကတမေ ဒွေ။ ယောစ ပိစ္ဆာ ဒိဋ္ဌိကော ဟောတိ။ ယောစ သီလဝန္တံ ကလျာဏဓမ္မံ ဗြဟ္မစာရိံ အဘူတေန အန္တိမဝတ္ထုနာ အဗ္ဘာစိက္ခတိ။

ဟူ၍ဟောတော်မူ၏။

ဘိက္ခဝေ၊ရဟန်းတို့။ ဤမေဒွေပုဂ္ဂလာ၊ ၏ပုဂ္ဂိုလ်နှစ်ဦးတို့သည်။ ဤဒံ၊၏အမှုကို။ အပွဟာယ၊ မပယ်မစွန့်သည်ရှိသော်။ အာဘတံ၊ယူဆောင်ခဲ့သောဝန်ထုပ်ကို။ နိက္ခိတ္တောယထာ၊အိမ်သို့ရောက်ကပစ်ချလိုက်သကဲ့သို့။ဧဝံ၊၏အတူ။ နိရယေ၊ငရဲ၌။ သကေနကမ္မေန၊ မိမိပြုသော အမှုသည်။ နိက္ခိတ္တာ၊ချအပ်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ကတမေ ဒွေ၊ အဘယ်နှစ်ဦးတို့နည်းဟူမူကား။ ယောစ၊ အကြင်သူသည်လည်း။မိစ္ဆာဒိဋ္ဌိကော၊နိယတမိစ္ဆာဒိဋ္ဌိအယူရှိသည်။ ဟောတိ၊ဖြစ်၏။ယောစ၊အကြင်သူသည်လည်း။ကလျာဏဓမ္မံ၊ကောင်းသောတရားရှိသော။ ဗြဟ္မစာရိံ၊ မြတ်သောအကျင့်ရှိသော။သီလဝန္တံ၊သီလဝန္တရဟန်းကို။အဘူတေန၊ မဟုတ်မမှန်သော။အန္တိမဝတ္ထုနာ၊ပါရာဇိကမှုဖြင့်။ အဗ္ဘာစိက္ခတိ၊စွပ်စွဲ၏။

အဓိပ္ပါယ်ကား.....

ဦးခေါင်းဖြင့် ဆောင်ခဲ့သော ဝန်ထုပ်ကို အိမ်သို့ရောက်က ပစ်ချလိုက်လျှင် ကောင်းကင်၌ တည်နေသည်ဟူ၍မရှိ။ မြေသို့ထုတ်ချောက် ကျရောက် သကဲ့သို့ မိစ္ဆာဒိဋ္ဌိ အယူရှိသောသူသည် ၏ဘဝ၌ ထိုအယူကို မစွန့်ဘဲ သေသည်ရှိသော် သေသည်၏ အခြားမဲ့၌ အမြဲလျှင် ငရဲသို့သာကျ၏။သီလဝန္တရဟန်းကိုအန္တိမဝတ္ထုပါရာဇိကမှုဖြင့် စွပ်စွဲသောသူသည်လည်း ထိုသီလဝန္တ ရဟန်းကို တောင်းပန်ဝပ်စင်း ကန်တော့ခြင်းကို မပြုမူ၍ သေသည်

www.dhammaransi.com

ရှိသော် သေသည်၏ အခြားမဲ့၌ မချွတ်မလွဲ ငရဲသို့သာကျ ရ၏ ဟူလိုသည်။

[ဒုဿီလ မဟုတ်သော အလဇ္ဇီ ကိုလည်း သီလဝန္တ အလားတူ ယူလေ။]

၏အရာ၌ ကောဏ္ဍဓာန မထေရ်ဝတ္ထု, စိတ္တဟတ္ထက မထေရ်ဝတ္ထုများကို ထုတ်ဆိုအပ်၏။

ကောဏ္ဍဓာနမထေရ်သည်.....

ကဿပဘုရား လက်ထက်၌ သစ်ပင်စောင့်နတ်ဖြစ်၍ အလွန်ချစ်ကြည်သော ရဟန်းနှစ်ဦးကို အလိုစမ်းခြင်းငှါ ခရီးလမ်း၌ အခင်းကြီးငယ်ကိစ္စနှင့် တောချုံတွင်းသို့ရဟန်း တပါးဝင်လေရာ မာတုဂါမအယောင်ဆောင်၍ ထိုရဟန်း နှင့်အတူတကွ ချုံမှထွက်လာ၏၊ ထိုရဟန်းကား မမြင် အဘော်ရဟန်းကမြင်၍ ဒုဿီလရဟန်းဟု စွန့်ပစ်၍ သွား လေ၏။ မြို့ရွာသို့ရောက်ကြ၍ သံဃာအများနှင့် ဥပုသ်ပြု ကြမည်ရှိရာ အဘော်ရဟန်းက ဒုဿီလရဟန်းနှင့် ဥပုသ် အတူမပြုလိုဟုဆို၍ တောအရပ်၌ ချုံတွင်းမှ မာတုဂါမနှင့် အတူထွက်လာသည်ကို ကိုယ်တိုင်မြင်ရသော ဒိဋ္ဌမှုကိုပြန် ပြော၏။ ထိုရဟန်းက မဟုတ်ရပါဟု ပြောသော်လည်း အယုံမရှိလေ။ထိုအခါ ထိုနတ်လာ၍ အရှင်ဘုရားတို့ ချစ် ကြည်မှုကို သိလို၍သာ အကျွန်ုပ်လုပ်ကြံသောအမှုဖြစ်ပါ သည်ဟုပြောသော်လည်းမစပ်နိုင်ကြလေပြီ။ထိုနတ်သည် သေသည်၏ အခြားမဲ့၌ ငရဲသို့ကျလေ၍ ငါတို့ဘုရား လက်ထက်၌ ကောဏ္ဍဓာန ရဟန်းဖြစ်လာ၏။ ရဟန်းဖြစ် သည်မှစ၍ သွားလေရာနေလေရာ၌ မာတုဂါမ သူယောင် အမြဲပါ၍နေ၏၊ မိမိကား မမြင်ရ၊ ရဟန်းလူရှင် အများမြင် ကြ၏။ ရဟန္တာအဖြစ်သို့ မရောက်မခြင်း ဒုဿီလရဟန်း

www.dhammaransi.com

ဟူ၍ သာဝတ္ထိပြည်သူ ရှင်လူအပေါင်းတို့၏ ဆဲရေးခြင်းကို ခံရ၏။

[ဝတ္ထုအကျယ်မှာ ဓမ္မပဒအဋ္ဌကထာ အဂ်ုတ္တိုရ်အဋ္ဌကထာတို့မှာ ယူလေ။]

သာသနာထမ်း ရဟန်းတော်တို့နှင့်စပ်သော ဒုဿီလ အချက်မည်သည် ပြစ်မှားလိုသော ဒေါသစိတ်နှင့်မဟုတ်။ စုံစမ်းလိုသောစိတ်နှင့် သီလဝန္တကို ဒုဿီလထင်ရအောင် ပြမှုသည်ပင် သို့လောက်အပြစ်ဝိပါက် အကျိုးဆက် ကြီး ကျယ်လှ၏။

စိတ္တဟတ္ထကမထေရ်သည်.....

ကဿပဘုရား သာသနာ၌ ရဟန်းဖြစ်၍ မိတ်ဆွေ ရဟန်းတပါးနှင့်အတူနေကြရာ မိတ်ဆွေရဟန်း လူထွက် လိုသောစိတ်ရှိသည်ကိုသိ၍ ရှေးဦးစွာ မထွက်ရအောင် ပြောဆိုလေ၏။ နောက်အခါ၌ ထိုရဟန်း လူထွက်လျှင် ထိုရဟန်း၏ သက်နံးသပိတ် ပရိက္ခရာများကို ငါရလတ္တံ့ဟု ပရိက္ခရာ၌ မက်သော စိတ်ဖြစ်လာ၍ လူထွက်ဖြစ်လေ အောင်စကားမျိုးကို ပြောဆိုလေ၏။ ထိုရဟန်းလည်း လူ ထွက်လေ၏။အဘော်ရဟန်းသည်ငါတို့ဘုရားလက်ထက်၌ စိတ္တဟတ္ထကမထေရ် ဖြစ်လာ၏။ ရဟန္တာ မဖြစ်မီအတွင်း ထိုဝိပါကဝဋ်လိုက်၍ သာသနာ၌ မွေ့လျော်စွာ နေခွင့်မရ မူ၍ ခုနစ်ကြိမ်တိုင်တိုင် ရဟန်းဖြစ်တုံ လူဖြစ်တုံ အရှက် တကွဲ ဘောက်လဲဘောက်ပြန် ဝဋ်ခံရလေ၏။

[အကျယ်မှာ ဓမ္မပဒအဋ္ဌကထာမှာယူလေ။]

၏သို့ သာသနာမှ ကောင်းသောရွေ့ခြင်းဖြင့် ရွေ့လို သောသူကို အလိုပြီးအောင် ချီးမွမ်းထောက်ပံ့ ပြောဆိုမိ ကာမျှနှင့်ပင် ငါတို့ဘုရားလက်ထက်၌ဝဋ်ဝိပါက်လိုက်ပါ၍

www.dhammaransi.com

သာသနာ၌ ထောက်တည်ရာမရဘဲ အရှက်တကွဲ ဘောက်လဲဘောက်ပြန်ဝင့်ခံရလေသေး၏။

၏ဝတ္ထုကိုထောက်မြော်၍ မိမိတို့၏ သားရင်းမြေးရင်းကိုပင်ဖြစ်သော်လည်း သာသနာ၌ မွေ့လျော်စွာ နေထိုင်သော ရဟန်းသာမဏေများကို လူစိတ်ပါအောင် ဖြားယောင်းသွေးဆောင်ခြင်းအမှုများကို မပြုမိအောင် သတိမူသင့်လှ၏။

၏ဝတ္ထုများကို ထောက်ထား၍ သီလဝန္တ ရဟန်းကို စာဝနာဓိပ္ပါယစိတ်ဖြင့် ဒုဿီလဆိုမှု စွပ်စွဲမှုများသည် အဘယ်မျှလောက် အကျိုးရင်း အကျိုးဆက် ဝင့်ဝိပါက် ကြီးကျယ်လိမ့်မည်ဟု ရှုဆင်ခြင်ရန်တချက်, ၏သဝမှနောက်နောက်ဘဝတို့၌ ရသေ့ ရဟန်းတို့သာသနာ သဗ္ဗညုဘုရားသာသနာများနှင့် ဘဝအဆက်ဆက်ဝေးကွာ၍သွားရန်တချက်, ကံတပါးထောက်မ၍ ရသေ့ ရဟန်းတို့ သာသနာ သဗ္ဗညုဘုရားသာသနာများ၌ ရသေ့အဖြစ် ရဟန်းအဖြစ်ကိုရပါငြားသော်လည်း ကောဏ္ဍဓာနရဟန်း စိတ္တဟတ္ထက ရဟန်းတို့ကဲ့သို့ ဝင့်ဝိပါက်လိုက်ပါချက်နှင့် အရုပ်အမျိုးမျိုးပျက် အရှက်အမျိုးမျိုးကွဲ အကျိုးအမျိုးမျိုးနဲအောင် ဝင့်ပွဲကြီးတွေ့ကြုံရလတ္တံ့သော အချက်များကို သတိမူသင့်လှလေသတည်း။

၏ကားဘုရားသာသနာ၌ဒုဿီလရဟန်းအလဇ္ဇီရဟန်း သီလဝန္တ ရဟန်းတို့ကို အကွောသာဓိပ္ပါယစိတ် စာနာဓိပ္ပါယစိတ်ဖြင့် ဒုဿီလဟု ဆိုမှု ဆဲရေးမှု စွပ်စွဲမှုသည် ဖရုသဝါစာ ကမ္မပထကြီးတပါးဖြစ်ကြောင်း,နိယတမိစ္ဆာဒိဋ္ဌနှင့်အတူ အပြစ်ကြီးကျယ်ကြောင်း, ဝင့်ဝိပါက် အကျိုးဆက်ကြီးကျယ်ကြောင်းများကို ပြဆိုလိုက်သော အချက်တည်း။

ပုစ္ဆာ၌ "ပုဂ္ဂလာဓိဋ္ဌာန် မေ္ဓာဓိဋ္ဌာန်နှစ်ပါးဘွင် တပါး

www.dhammaransi.com

ပါးဖြင့်အပြစ်စကားထိပါးပြောဆိုသောသူတို့အား" ဟူရာ ၌ အပြစ်စကားပြောဆိုမှုသည်-

၁။ ပုဂ္ဂလာဓိဋ္ဌာန်ပြောနည်း,

၂။ ဓမ္မာဓိဋ္ဌာန်ပြောနည်း,

နှစ်ပါးရှိ၏။

ပုဂ္ဂလာဓိဋ္ဌာန်ပြောနည်းသည်.....

၁။ တိုက်ရိုက်ပြောနည်း,

၂။ စောင်းဘဲရိပ်ခြည်စကားဆင်၍ပြောနည်း,

နှစ်ပါးရှိ၏။

ထိုနှစ်ပါးလုံးသည်ပင်လျှင်ထိပါးလိုသောစိတ်နှင့်ပြောဆိုလျှင် အပြစ်မလွတ်။ ။သူတပါးပက္ခကိုရှုတ်ချလိုသောစိတ်, မိမိပက္ခကိုပလွှားလိုသော စိတ်နှင့် ပြောဆိုခြင်းငှါ မသင့်။ နှစ်ပက္ခ၏အကျိုးကို လိုလားသော သုဒ္ဓစိတ်ဖြင့် ပြောဆိုနိုင်ပါမူကား—

ဝဏ္ဏာဟရဿ ဝဏ္ဏံ ဘာသတိ။ အဝဏ္ဏာရဟဿ အဝဏ္ဏံ ဘာသတိ။

ဟူ၍ဟောတော်မူသော ပါဠိတော်နှင့် ညီပါ၏၊ ကောင်းပါ၏။

ဓမ္မာဓိဋ္ဌာန်ပြောနည်းမှာလည်း .....

ဓမ္မကို သက်သက် ရှေးရှု၍ပြောဆိုရမည်။ ဓမ္မကို သက်သက်ရှေးရှု၍ ပြောဆိုပုံကိုပြည့်စုံစွာပြဆိုအံ့။ သမ္မပ္ပဓာန်လေးပါးပေါ်အောင် ပြောဆိုရမည်။

သမ္မပ္ပဓာန်လေးပါးဆိုသည်ကား .....

၁။ မိမိသန္တာန်၌ မဖြစ်ဖူးသော အကုသိုလ် ဓမ္မကို မဖြစ်လာရအောင် အားထုတ်ခြင်း တပါး,

www.dhammaransi.com

၂။ မိမိသန္တာန်၌ ဖြစ်ဘူးသော အကုသိုလ်မွေ
ကိုပယ်ရအောင် အားထုတ်ခြင်းတပါး,

၃။ မိမိသန္တာန်၌မဖြစ်ဘူးသေးသော ကုသိုလ်
မွေကိုဖြစ်စေရအောင်အားထုတ်ခြင်းတပါး,

၄။ မိမိသန္တာန်၌ ဖြစ်ဘူးသော ကုသိုလ်မွေကို
ပွါးစေရအောင် အားထုတ်ခြင်းတပါး,

၏ကားသမ္မပ္ပဓာန်လေးပါးတည်း။

[အကုသိုလ်အဘို့၌ နှစ်ပါး။ ကုသိုလ်အဘို့၌ နှစ်ပါး။]

အနာဂတ် အကုသိုလ်သည် မိမိသန္တာန်၌ မဖြစ်သေး သောအကုသိုလ်မည်၏။ အတိတ်အကုသိုလ် ပစ္စုပ္ပန်အကုသိုလ်စုသည် မိမိသန္တာန်၌ဖြစ်ပြီးဖြစ်ဆဲသော အကုသိုလ်မည်၏။

ဒုစ္စရိုက်ဆယ်ပါးတို့တွင် မာတုဃာတကကံ ပိတုဃာတကကံ အစရှိသောပါဏာတိပါတကံတမျိုးကို ကွက်ခြား၍ပြဆိုရာ၏။ ။တယောက်သောသတ္တဝါအားအနမတဂ္ဂ ဘဝစုတွင် တရားကိုသိသောဘဝကား အလွန်နည်းပါး၏။ မသိသောဘဝသာ အလွန်များပြား၏။ ပါဏာတိပါတမှုမည်သည် တရားကိုမသိသော တခုတခုသော ဘဝမှာပင် အသချေ် အသချေ် မရေတွက် နိုင်အောင် ဖြစ်နိုင်၏။ ထိုကြောင့်တယောက်သောသူ၏သန္တာန်မှာ အဝီစိ၌ချနိုင်သော ပါဏာတိပါတကံဟောင်း သိန်းသောင်းကုဋေမကရှိနေ၏။ ထိုအတူသဃ်ာဒုဝရဲကြီး၌ ချနိုင်သော ပါဏာတိပါတကံဟောင်း သိန်းသောင်းကုဋေမကရှိနေ၏စသည်ဖြင့်သိလေ။

ယခုဘဝ၌ငယ်စဉ်အခါကစ၍ဖြစ်နေသော ပါဏာတိပါတကံစုကားထင်ရှားပြီ။ ။အချို့သောသူ၌ ဖြစ်ပြီး ကံ

www.dhammaransi.com

ဟောင်းစုသာရှိ၏။ အချို့သောသူ၌ ဖြစ်ပြီးဖြစ်ဆဲ နှစ်ပါး ပင်ရှိ၏။

[ဤကားဥပ္ပန္နကံစုတည်း။]

အကြင်မျှလောက်မိမိသန္တာန်၌သက္ကာယဒိဋ္ဌိပိစိကိစ္ဆာ နှစ်ပါးသည်ရှိနေ၏။ထိုမျှလောက်သော ဘဝအဆက်ဆက် ကာလပတ်လုံး မာတုဃာတကပိတုဃာတကအစရှိသော ပါဏာတိပါတကံမျိုးသည်ဖြစ်လိမ့်ဦးမည်မုချတည်း။ ငါ၌ ဘယ်ကံကစုကား ဖြစ်ခွင့်ငြိမ်းပြီဟု ဆိုရန်တခုမျှ မရှိသေး လေ။ ။ယခုနေ့မဖြစ်သေးသော်လည်း နောက်နောက်နေ့ နောက်နောက်လ နောက်နောက်နှစ် နောက်နောက် ဘဝ တို့၌ ကေန်မုချဖြစ်လတ္တံ့။ ။အမိကိုလည်း ငါသတ်လတ္တံ။ အဘကိုလည်းငါသတ်လတ္တံ့။ ရဟန္တာကိုလည်း ငါသတ် လတ္တံ့။ ကြွင်းသောသတ္တဝါတို့ကိုကားဆိုဘွယ်မရှိ။

[ဤကား အနုပ္ပန္နကံစုတည်း။]

[ကြွင်းသော ဒုစ္စရိုက်ကိုးပါးတို့ကိုလည်း ဤပါဏာတိပါတကံနည်း သိလေ။]

အကုသိုလ်၌အဘိုနှစ်ပါးဖြစ်၏။ ။ထိုအဘိုနှစ်ပါးတို့၏ ခေါင်းစီးခေါင်းခံကားသက္ကာယဒိဋ္ဌိပေတည်း။ ။သက္ကာယ ဒိဋ္ဌိဆိုသည်ကား မိမိခန္ဓာကိုငါငါဟု ထင်မြင်စွဲမြဲမှုတည်း။ ထိုငါငါဟု စိတ်ထဲတွင်ထင်မြင်စွဲမြဲမှု တင်းလင်းရှိနေ သမျှ ဘဝသံသရာကာလပတ်လုံး ပြဆိုခဲ့ပြီးသော ဥပ္ပန္နအနုပ္ပန္ဒ ဒုစ္စရိုက်ခမ္မတို့သည် အဏုမြူမျှ ယုတ်လျော့ခြင်း မရှိကုန်။ အကြင်အခါ၌ ငါငါဟုစွဲလမ်းမှု ချုပ်ပျောက်၏။ ထိုအခါ၌ ထိုဒုစ္စရိုက်အနန္တ တို့သည်လည်း အကုန်လုံး ချုပ်ပျောက် ကုန်၏။ ။ထိုကြောင့်ငါငါဟုထင်မြင်စွဲလမ်းမှုကို ဒုစ္စရိုက် ကံအနန္တတို့၏ခေါင်းစီးခေါင်းခံဆိုပေသတည်း။

မိမိကိုအဝိစိငရဲသို့ချရန် မိမိစိတ်သန္တာန်မှာ ယခုပါရှိ၍နေသော အတိတ် ဒုစ္စရိုက် ကံဟောင်း အသချေ် အနန္တ

www.dhammaransi.com

တို့ကို ဘုရားသာသနာတွင်း၌ကြုံကြိုက်သောအခါမှအကုန်ပျောက်ငြိမ်းအောင်ပြုနိုင်သောအခွင့်ရှိသည်။နောက်နောက်နေ့ နောက်နောက်လ နောက်နောက်နှစ် နောက်နောက်ဘဝ အဆက်ဆက်တို့၌ မချတ်ပြုလတ္တံ့သော ဒုစ္စရိုက်သစ်အနန္တတို့ကိုလည်း ဘုရားသာသနာတွင်း၌ ကြုံကြိုက်သောအခါမှ တခါတည်း မျိုးပြတ်၍ ငွေရုံမျှ နောင်မငွေလာရအောင် ပြုနိုင်သောအခွင့်ရှိသည်။ ထိုသို့ ပြုနိုင် သော အပေါက်အလမ်းကွယ်ပျောက်၍သွားသည်ကိုသာသနာကွယ်သည်ခေါ်သည်။ ။မိမိသည်လည်းယခုနေ့သေ၍သာသနာမရှိရာဘဝသို့ရောက်၍သွားလျှင် မိမိမှာယခုနေ့ပင်သာသနာကွယ်လတ္တံ့။၏သို့အခွင့်အလမ်းတို့ကိုမြော်မြင်ကြောက်လန့်သဖြင့် မသေမီ နေ့ရက်အတွင်း မိမိနှလုံးထဲမှာ အမြဲပါရှိ၍နေသော သက္ကာယဒိဋ္ဌိနှင့်တကွထိုဒုစ္စရိုက် နှစ်ပက္ခတို့ကို အကုန်ပယ် သတ်ခြင်း၄၊ သမထဝိပဿနာ တရားအားထုတ်မှုကို ကုသိုလ်နှစ်ဘို့၌ သမ္မပွဓာန်တရားနှစ်ပါးဆိုသတည်း။ ကုသိုလ်၌အဘို့နှစ်ပါး ဆိုသည်ကား ဥပ္ပန္နအဘို့အနုပ္ပန္နအဘို့နှစ်ပါးပင်တည်း။

[၏ကုသိုလ်အရာ၌ကား ဥပ္ပန္န အနုပ္ပန္နနှစ်ပါးလုံးကိုပင်ယခုဘဝအတွင်း၌ယူလေ။]

ဝိရကတ်သုံးပုံကို အကျဉ်းချုပ်၍ အဆီ ထုတ်ယူသည်ရှိသော်.....

၁။ အဓိသီလသိက္ခာတပါး,
၂။ အဓိစိတ္တသိက္ခာတပါး,
၃။ အဓိပညာသိက္ခာတပါး,

ဟူ၍ သိက္ခာသုံးပါးရ၏။ သီလ သမာဓိ ပညာ သုံးပါးဆိုလိုသည်။ ။သမာဓိ ဆိုသည်ကား ဥပစာရသမာဓိ အပွနာသမာဓိနှစ်ပါးကိုဆိုသည်။ ။ပညာဆိုသည်ကား ဝိပဿနာပညာ မဂ်ပညာဖိုလ် ပညာသုံးပါးကိုဆိုသည်။

www.dhammaransi.com

သီလသမာဓိပညာအချုပ် သုံးပါးတို့တွင် ယခုအခါ၌ သီလသည် သာဥပုန်းဖြစ်ကြ၏။ စောင့်ကြထိန်းကြ၏။ သမာဓိပညာနှစ်ပါးသည် အနုပုန်းဖြစ်၏။ ဗုဒ္ဓါနုဿတိ ကာယဂတာသတိ စသောသမာဓိမှကိုပြုလုပ်ကြသော်လည်း ကုသိုလ်ဖြစ်ရုံမျှ အတုအပသာဖြစ်ကြသည်။ ဥပစာရသမာဓိအနေနှင့်မျှပင်မဖြစ်နိုင်ကြ။ ထို့ကြောင့် သမာဓိကို အနုပုန်းဆိုသည်။ ။အနိစ္စ ဒုက္ခအနတ္တ ကို ပက်းစိဉ်ကြ နှလုံးသွင်းကြသော်လည်း ကုသိုလ်ဖြစ်ရုံမျှ အတုအပသာ ဖြစ်ကြသည်။ပုဂ္ဂလသညာသတ္တသညာ အတ္တသညာ များကိုဘွန်းခွါ၍ နာမ်ရုပ်သို့အဟုတ်ပေါက်အောင် ထင်မြင်သော ဝိပဿနာပညာအစစ် မဖြစ်နိုင်ကြ။ထို့ကြောင့် ပညာကိုအနုပုန်းဆိုသည်။

ဥပုန်းဖြစ်သော သီလသည်လည်း တဒင်္သီလ အနေနှင့်သာဖြစ်ကြသည်။ သမုစ္ဆေဒအနေသို့ မရောက်စေနိုင်ကြ။

"ပါဏာတိပါတာဝေရမဏီ" သိက္ခာပုဒ်တခုကိုဥပမာနှင့်တကွပြဆိုအံ့။ထိုသိက္ခာပုဒ်သည်—

၁။ တဒင်္ဂကိစ္စ,

၂။ သမုစ္ဆေဒကိစ္စ,

ဟူ၍နှစ်ပါးရှိ၏။

ထိုနှစ်ပါးဥဒို့၏အဓိပ္ပါယ်ကား.....

တဒင်္ဂကိစ္စမှာ ညှဉ်အခါ မိုးမှောင်ကြီး၏အတွင်း၌ ဖြစ်သော လျှပ်စစ်ရောင်ကဲ့သို့ ခဏခဏဖြစ်၍ ခဏခဏပျောက်ဆုံး၏။ ရှေးလွန်လေပြီးသော အနုမတဂ္ဂသံသရာ၌ ငါတို့၏သန္တာန်မှာ ထိုပါဏာတိပါတ သိက္ခာပုဒ်ဖြစ်ခဲ့လျှက်ပြီ။သီလဝန်္တလုပ်ခဲ့လျှက်ပြီ။ လဒ္ဓိသူတော်ကောင်းလုပ်ခဲ့လျှက်ပြီ။လုပ်ခဲ့ကြသော်လည်းအပေါ်ရံ အာဂန္တုတဒင်္ဂတနုပ်စာမှုတ္တေဖြစ်ခဲ့၍ ယခုနေ့သီလဝန်္တလဒ္ဓိ သူတော်

www.dhammaransi.com

ကောင်း,နောက်နေ့သို့ကျလျှင် အလဇ္ဇီဒုဿီလသူယုတ်မာ, ယခုလ ယခုနှစ်သီလဝန္တလဇ္ဇီ သူတော်ကောင်း နောက်လနောက်နှစ်၌အလဇ္ဇီဒုဿီလသူယုတ်မာ,ယခုဘဝ သီလဝန္တလဇ္ဇီသူတော်ကောင်း,နောက်ဘဝ၌အလဇ္ဇီဒုဿီလ သူယုတ်မာ တံငါမူဆိုး သူခိုးထားပြ,၍သို့ဖြစ်၍လာခဲ့ကြ၏။

ယခုဘဝ၌ မြေလျှိုးမိုးပျံ ဈာန်ရ အဘိညာဏ်ရတိုင်း ကျော်ပြည်ကျော် သူတော်ကောင်းကြီး,နောက်နောက်ဘဝ၌ထားပြ သူခိုးမူဆိုး တံငါ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အပါယ်ဘုံသား, ၍သို့ဖြစ်၍ လာခဲ့ကြသည်။

ယခုဘဝဘုရားသာသနာနှင့် တွေကြုံကြသောအခါမှာလည်းအခါအခွင့်ကိုမသိကြမူ၍ ထိုတဒင်္ဂသီလတနပ်စာသီလနှင့်ပင် အားရပြီးစီးကြပြန်သည်ရှိသော် နောက်နောက်ဘဝ၌ ထားပြသူခိုး မူဆိုး တံငါငရဲ တိရစ္ဆာန်ပြိတ္တာအသုရကာယ် အပါယ်ဘုံသားဖြစ်၍ နစ်မြဲ မျောမြဲတလဲလဲပင်ရှိကြချေမည်။၍တဒင်္ဂသီလမျိုးမည်သည်ဘုရားသာသနာရှိသောအခါ၌သော်ငင်း မရှိသောအခါ၌သော်ငင်း, ကမ္ဘာနှင့်မြေစာ ဆိုဘိသကဲ့သို့ကမ္ဘာရှိလျှင် တဒင်္ဂသီလရှိတော့သည်။ဘုရားပွင့်ရာမဟုတ်သောစကြဝဋ္ဌာအနန္တမှာလည်းရှိတော့သည်။ထိုကမ္ဘာ ထိုစကြဝဋ္ဌာတို့၌ လူရှိကြ၏။နတ်ရှိကြ၏။ ဗြဟ္မာရှိကြ၏။ထိုလူ ထိုနတ်ထိုဗြဟ္မာတို့သည်တဒင်္ဂသီလရှိကြကုန်၍လူအဖြစ်နတ်အဖြစ်သို့ ရောက်ကြကုန်သည်။ ထိုကြောင့် ထိုတဒင်္ဂသီလမျိုးမည်သည် မြတ်စွာဘုရား၏ သာသနာတော်အစစ်မဟုတ်။ သမုစ္ဆေဒ သီလသည်သာလျှင် မြတ်စွာဘုရားတို့၏ သာသနာတော်အစစ်ဖြစ်ကြောင်းကိုသိအပ်သည်။

ဥပမာကား.....

ဝိဇ္ဇာမယပညာမျိုးကိုအစိုးရသောဝိဇ္ဇာဓိုရ်ယောက်ျား မည်သည်လောက၌အလွန်တွေ့ရခဲ၏၊တွေကြုံ၍လိမ္မာလျှင်

www.dhammaransi.com

လောကဌိမတွေ့ဘူးရသော ဝိဇ္ဇာမယဆေးဝါးပညာအာယု သိဒ္ဓိ ဓနသိဒ္ဓိမျိုးကို ရတတ်၏။ ။မလိမ္ဗာသူ တယောက် သည်ထိုကဲ့သို့သော ဝိဇ္ဇာရိုရှိကိုတွေ့၍ သင်ဘာကိုအလိုရှိသနည်းဟု မေးပေရာ ဇာတိဝင်ဆေးနည်းကို အလိုရှိပါသည်ဟုဆိုလေ၏။ ။ဇာတိဝင်ဆေးနည်းကိုပေး၍သွားလေ၏။ လောကဌိ ဘယ်အခါမဆို အိမ်တိုင်းမှာ ရှိကြသော ဇာတိဝင်ဆေးနည်း တခုရလိုက်၏ ဆိုဘိသကဲ့သို့ဌင်း, တောင်သူလူမိုက်တဦးသည် သိကြားမင်းကိုတွေ့၍ သင်ဘာကိုအလိုရှိသလဲဟိသိကြားမင်းဖြစ်သည်အလိုရှိရာကိုပေးမည် ဆိုပေရာတချက် နှစ်ချက်ခတ်လျှင်မီးရသောမီးခတ်ကောင်းကောင်းအလိုရှိပါသည်ဆို၏။ သူအလိုရှိရာကို ပေး၍သွားလေ၏။ဘယ်အခါမဆိုလူတိုင်းမှာရှိကြသောမီးခတ်ငယ်တခုရလိုက်၏ ဆိုဘိသကဲ့သို့ဌင်း, အင်းဝမင်းတယောက်သည်အောင်ပင်လယ်အရပ်သို့ တောကစားထွက်လေရာကောင်းကင်မှကျရောက်လာသော ဝိဇ္ဇာဓိရိနှင့်တွေ့ရာ သင်မင်းကြီးဘာကို အလိုရှိသလဲမေးပေရာ နှတ်သွဲ့းနှင့်တွေ့ရသောဆေးကို အလိုရှိပါသည်ဆို၍ ထိုကဲ့သို့သောဆေးကို ပေး၍သွားလေ၏။ ထိုဆေး၏အစွမ်းဖြင့် နှတ်သွဲ့းနှင့် တကြိမ်တခါမျှ တွေ့ရ၏။ တကြိမ်တွေ့သည့် နောက် စိတ်ဘောက်ပြန်၍ နှန်းကကျ၏။ အရှုးအဖတ်တင်၏ ဆိုဘိသကဲ့သို့ဌင်း, အလွန်တွေ့ကြုံခဲလှသော သဗ္ဗညုဘုရားသာသနာနှင့် တွေ့ကြုံရသောအခါမှာပင် ကမ္ဘာတိုင်း စကြဝဠာတိုင်းမှာ မြေစာမြက်ကဲ့သို့ရှိနေသော ထိုတဒင်္သိလမျှနှင့် အားရပြည့်စုံ၍နေကြဲကုန်သောသူတို့သည် ထိုဥပမာမျှားနှင့် အလားတူကုန်၏။

[ဤကားတဒင်္သိလ၏အခြင်းအရာတည်း။]

သမုဒ္ဒေဒသီလဆိုသည်ကား.....

မင်္ဂအဖြစ်သို့ ရောက်အောင် ကြိုးပမ်းသောသီလတည်း။

www.dhammaransi.com

အကြင်အခါ၌ မင်္ဂကိစ္စအဖြစ်သို့ ရောက်အောင် ကြီးပွါး၏။ ထိုအခါမှစ၍ ထိုပါဏာတိပါတာဝေရမဏိသိက္ခာပုဒ်သည် ထိုပုဂ္ဂိုလ် သန္တာန်မှာ အစဉ် ထာဝရ အမြဲ တည်လေ၏။ အပါယ်တံခါး အပြီးပိတ်၏။ ထိုပုဂ္ဂိုလ်သည် ဘဝအဆက်ဆက်တို့၌ အလဇ္ဇီအဖြစ် ဒုဿီလအဖြစ်သို့ မပြန်ပြီ။ ဘဝအဆက်ဆက်ထာဝရလဇ္ဇီ ထာဝရသီလဝန္တ ဇာတိလဇ္ဇီ ဇာတိသီလဝန္တဖြစ်လေ၏။ ထားပြသူခိုး မူဆိုး တံငါ ငရဲတိရစ္ဆာန် ပြိတ္တာ အသုရကာယ်အဖြစ်သို့ ပြန်နစ်ခြင်းမရှိပြီ။

[ဤကား သမုစ္ဆေဒသီလ၏အခြင်းအရာဘည်း။]

ဤသမုစ္ဆေဒသီလသည်ကား ဘုရားပွင့်သောအခါမှ ပေါ်၏။ သဗ္ဗညုဘုရားတို့၏ သာသနာအစစ်ဖြစ်၏။ ဘုရားသာသနာအစစ်ဖြစ်၍ ဘုရားသာသနာတော်တွင်း၌ လူအဖြစ် ရှင်အဖြစ် ရဟန်းအဖြစ်ကို ရကြသော သူတို့မှာ ဤသမုစ္ဆေဒသီလကိုသာ အားကျရာ၏။ ကမ္ဘာ့တန်းဆာတနပ်စာ တဒင်္ဂမျှနှင့် အားရ၍ မနေရာ။ အဘယ်ကြောင့်နည်းဟူမူ ကုဋေကိုးထောင်ကျော် အရေအတွက်ရှိသော ပါတိမောက္ခသံဝရသီလကြီးပင်ဖြစ်သော်လည်း သမုစ္ဆေဒအဖြစ်သို့ရောက်အောင်မကြီးပွါးဘဲ တဒင်္ဂအဖြစ်မျှ၌ တည်နေခဲ့သည်ရှိသော် ယခုသီလဝန္တလဇ္ဇီ သူတော်ကောင်း, နောက်နေ့ နောက်လ နောက်နောက်ဘဝ၌ ထားပြ သူခိုး မူဆိုး တံငါ အပါယ်ဘုံသားဖြစ်ကြစမြဲ အများနဲ အတိုင်းပင်ရှိသေးသောကြောင့်ကည်း။ ထိုကြောင့် ယခုဘဝမိမိသန္တာန်၌ ဆောက်တည်စောင့်ထိန်းကြသဖြင့် ဥပ္ပန္နဖြစ်၍နေသော ထိုပါဏာတိ ပါတာ ဝေရမဏိ သိက္ခာပုဒ်တော်ကို တဒင်္ဂတနပ်စာ အနေမျှနှင့် မပြီးကြစေကုန်မူ၍ အလဇ္ဇီ ဒုဿီလ အမျိုးအရိုးက ကျွတ်လွတ်၍ ဇာတိလဇ္ဇီဇာတိသီလဝန္တ အမျိုးအရိုးသို့ရောက်ကြရန် သမုစ္ဆေဒသိက္ခာပုဒ် အဖြစ်သို့ တိုင်ရောက် ကြီးပွါးအောင် အားထုတ် ကြကုန်ရာသည်။

www.dhammaransi.com

ယခုစောင့်ထိန်း၍နေကြသော အဒိန္နာဒါနာဝေရမဏိ အစရှိသော ဂဟဋ္ဌသီလ သိက္ခာပုဒ်တော်စု, ကုဒေ့ကိုး ထောင်ကျော်မျှသော ဥပသမ္ပန္နသီလ သိက္ခာပုဒ်တော်စုတို့ ဌိလည်း ပြဆိုခဲ့ ပြီးသော ပါဏာတိပါတာ ဝေရမဏိ သိက္ခာပုဒ်တခုဌိကဲ့သို့ တဒင်စခန်း သမုစ္ဆေဒစခန်း နှစ်ပါး နှစ်ပါးစီရှိကြသည်ကိုသိအပ်၏။

ကုသိုလ်ဌဥပ္ပန္နအတို့ကိုပြဆိုခဏ်းပြီး၏။

ယခုကာလဌိဖြစ်မြောက်အောင်မလုပ်နိုင်ကြ၍အနုပ္ပန္နဟု ဆိုအပ်သောသမာဓိပညာနှစ်ရပ်ဌိ .....

သတ္တဝါတို့၏ စိတ်သန္တာန်မှာ အစဉ်ထာဝရ သောင်းကျန်း၍နေသော နီဝရဏတရား ငါးပါးသည် ရှိ၏။ ။ သာသနာတော်တွင်းဌိလူကောင်းရှင်ကောင်းရဟန်းကောင်း အဖြစ်ကိုရကြ၍ တရားတော်များကို အဘန်ဘန် တွေ့မြင်ကြားနာကြရသဖြင့် အနိစ္စ ဒုက္ခ အနတ္တ ထင်မှု မြင်မှု ပွါးများမှုသည် အကောင်းဆုံး အမြတ်ဆုံး လိုရင်းအချုပ်ဟု သိကြယုံကြည်ကြ၏။ ။မွေကထိက ပုဂ္ဂိုလ်တို့လည်း ထိုတရားသုံးပါးကို အထွဋ်အထိပ်ထား၍ ဟောရိုး ပြောရိုး အစဉ်ရှိသည်အတိုင်း ဟောကြပြောကြ၏။သို့သော်လည်း စိတ်သန္တာန်တွင် အစဉ်ထာဝရ သောင်းကျန်း၍နေသော ထိုနီဝရဏ တရားငါးပါးတို့ကို နှိမ်နင်းခြင်းဌါ မတတ်နိုင်ကြသည်ဖြစ်၍ မိမိတို့စိတ်ကို အနိစ္စရှိရာ ဒုက္ခရှိရာ အနတ္တရှိရာသို့ ဦးလှဲအောင် ပဲ့ပြင်၍မရကြသဖြင့် မွေကထိက ပုဂ္ဂိုလ်တို့သည်ပင် ထိုအနိစ္စ ဒုက္ခ အနတ္တ ဘာဝနာများနှင့် ကွာဝေးလျက်နေကြကုန်၏။

[ထိုနီဝရဏတရားငါးပါးကို သမာဓိအလုပ်နှင့် နှင်ထုတ်နှိမ်နင်း ပယ်ရှင်း၍ပစ်နိုင်မှ အနိစ္စ ဒုက္ခ အနတ္တရှိရာသို့ စိတ်ဦးလှဲ့အောင် ပဲ့ပြင်နိုင်လေသတည်း။]

www.dhammaransi.com

ထိုကြောင့် .....

စိတ်သန္တာန်၌ အစဉ်ထာဝရ သောင်းကျန်း၍ နေသော ထိုနိဝရဏ တရားကို နှိမ်နင်းခြင်းငှါ ကသိုဏ်း အာသုဘ အနုဿတိ အာရုံတို့တွင် ထင်နှီးရာ တရုခုသော အာရုံ၌ အထင်အမြင်ရ၍ ငြိမ်သက်ခွင့်ရအောင် ပွါးများအားထုတ်မှုကို သမာဓိဆိုသည်။

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို သိမ်းဆည်း၍ လက္ခဏာရေးထင်မြင်အောင် ပွါးများအားထုတ်မှုကို ပညာဆိုသည်။

ထိုသမာဓိပညာနှစ်ပါးသည်လည်း ဘုရားသာသနာ၌ ခိုက်၌သာရှိလေသည်။ ။ထိုသမာဓိ ပညာနှစ်ပါးကို ပွါးများမှုသည်ကား ခပ်သိမ်းသော ဒုစ္စရိုက်တရားတို့၏ ခေါင်းစီးခေါင်းခံဖြစ်သော ငါငါငါငါဟု တစာစာ တဖွဖွ ပြောဆို၍နေကြသော သက္ကာယဒိဋ္ဌိကိုသတ်မှုပေတည်း။ အဝိဇ္ဇာတဏှာတို့ကို သတ်မှုပေတည်း။

ပိပိတို့စိတ်သန္တာန်၌ ဤသက္ကာယဒိဋ္ဌိ ရှိနေသမျှသည် အလင်္ဂီ အမျိုးအရိုး ဒုဿီလ အမျိုးအရိုးမှ မလွတ်။ လင်္ဂီသီလဝန္တ ဖြစ်ကြသော်လည်း တဒင်္ဂ တခဏသာ ဖြစ်နိုင်ကြသည်။ ဇာတိလင်္ဂီ ဇာတိ သီလဝန္တ မဖြစ်နိုင်ကြ။ ယခုဘဝ သီလဝန္တ,နောက်ဘဝအဓိကိလည်းသတ်လတ္တံ, အဘကိုလည်းသတ်လတ္တံ, ရဟန္တာကိုလည်းသတ်လတ္တံ, မိန္ဆာဒိဋ္ဌိကိုလည်းယူလတ္တံ, အလင်္ဂီတလဲလဲ ဒုဿီလ တလဲလဲ ဖြစ်မြဲလမ်းရိုးသို့သာ သက်လတ္တံ့။ အဘယ်ကြောင့်နည်းဟူမူ စိတ်သန္တာန်၌ ထိုသို့ဖြစ်ရန် တရားစု အလုံးစုံအကုန်အစင်ထင်ရှားရှိနေသောကြောင့်တည်း။ထိုကြောင့် ထိုသို့သော အလင်္ဂီအမျိုးအရိုး ဒုဿီအမျိုးအရိုးမှ ကျွတ်လွတ်၍ ဇာတိလင်္ဂီမျိုးဇာတိသီလဝန္တမျိုးအဖြစ်သို့ရောက်

www.dhammaransi.com

ကြရန် ယခုဘဝ မိမိသန္တာန်၌ မဖြစ်ကြဘူးသေးသော ထိုသမာဓိကုသိုလ် ပညာကုသိုလ် တရားများကို ဘုရားသာသနာနှင့် တွေ့ကြုံခိုက် အားစိုက်ကြကုန်ရာသည်။

[ဤကား အနုပ္ပန္နကုသိုလ်အဘိုတည်း။]

[ဤတွင် သမ္မပ္ပဓာန် လေးပါး၏ အချက်အရာကို လူသာမန်တို့ပင် မြင်နိုင်သိနိုင်ရန် ဝေဘန်ခြားနား၍ ပြဆိုခဏ်းပြီး၏။]

အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်တို့အား ဓမ္မာဓိဋ္ဌာန်စကားဖြင့် ထိပါးပြောဆိုသောသူသည် ဤသမ္မပ္ပဓာန်အချက် အနက် လေးပါးပေါ်အောင်ပြောရမည်။

ပြောပုံကား .....

အလဇ္ဇီဒုဿီလပုဂ္ဂိုလ်ကိုမြင်ခဲ့သော်ရင်း ကြားခဲ့သော်ရင်း ထိုပုဂ္ဂိုလ်၌ ဖြစ်ပွါးသော အလဇ္ဇီဓမ္မ ဒုဿီလဓမ္မကို မြင်ရမည်။အဋ္ဌကထာတို့၌ပြဆိုသောအတိုင်းထိုဓမ္မကိုသာ ဓမ္မာဓိဋ္ဌာန်အားဖြင့်ထိပါးပြောဆိုရမည်။ပုဂ္ဂိုလ်ကိုမထိပါး စေနှင့်။

ဓမ္မကိုထိပါးပုံကား ....

လောဘတရားမည်သည် အရှက်မရှိစွ, စက်ဆုပ်ဘွယ်ရှိစွ,ယုတ်မာစွ,ညစ်ငြမ်းစွ,ကြမ်းတမ်းစွ,ဆိုးဝါးစွ,မှောက်မှားစွ, ဤလောက၌လည်း ရှက်ဘွယ်ကောင်းစွ, နောက်ဘဝ၌လည်းအမါယ်သို့ပစ်ချလတ္တံ့ စသည်ဖြင့်မြင်နိုင်သမျှ အပြစ်ကို ထိုအလဇ္ဇီဓမ္မ ဒုဿီလဓမ္မအပေါ် ၌တင်၍ ထိပါး ပြောဆိုရမည်။

၁။ ထိုသို့ပြောဆိုပြီးနောက် မိမိသန္တာန်သို့ ရောက်စေရမည်။ငါ၌လည်းအပါယ်သို့ပစ်ချရန်ရှေးရှေးဘဝအနန္တတို့၌ပြုခဲ့သောဒုစ္စရိတ အလဇ္ဇီဓမ္မ ဒုဿီလဓမ္မတို့သည်အသချေ်မက ယခုလိုက်ပါလျက်ရှိနေချေ၏။ ယခုလိုတဒင်္ကုသိုလ်မျှနှင့် အားရ၍ငါနေချေလျှင်ထိုဒုစ္စရိတ အလဇ္ဇီဓမ္မ ဒုဿီလ

www.dhammaransi.com

ဓမ္မတို့အတွက် ငါ၌အပါယ်ဝန်းလေးလှ ချေသေး၏ဟု ဥပုန္နဲ အကုသိုလ်အဘိုးကိုလည်းဆင်ခြင်မိစေရမည်။

၂။ ထိုသူမှာလည်း လောဘ ဒေါသ မောဟ တို့က် တွန်းသည့်အတွက်ကြောင့် ထိုအလင်္ဂါအမှု ဒုဿီလအမှုကို ပြုရာရသည်။လောဘဒေါသမောဟတို့နှင့်တကွ သက္ကာယ ဒိဋ္ဌဟူသော ဒုစ္စရိုက် ဒသိုးကြီး ဒုစ္စရိုက်မျိုးကြီး အလင်္ဂါဒသိုး ကြီး အလင်္ဂါမျိုးကြီး ဒုဿီလဒသိုးကြီး ဒုဿီလမျိုးကြီး ရှိနေ သည့်အတွက်ကြောင့်ထုံးလင်္ဂါမှုဒုဿီလမှုကိုပြုရာရသည်။ လောဘ ဒေါသ မောဟ သက္ကာယဒိဋ္ဌိတို့အတတ် ဖြစ်ချေ သည်။ ငါ၌လည်းထိုတရားတို့သည်ရှင်နှင့်အပြည့်ဝမ်းနှင့် အပြည့်ရှိချေကုန်၏။ ငါလည်း ဒုစ္စရိုက်ဒသိုး အလင်္ဂါ အမျိုး အရိုး ဒုဿီလ အမျိုးအရိုးထဲကပင် ဖြစ်ချေသည်။ ယခုလို တဒင်္ဂကုသိုလ်နှင့်အားရှိ၍ငါနေချေလျှင် ငါ့ရင်တွင်းငါ့ဝမ်း တွင်းရှိ သက္ကာယဒိဋ္ဌိ ဒုစ္စရိုက်ဒသိုးကြီး အသိုးတမ်းခွန် ထွက် သဖြင့်နက်ဖြန်သံဘာက်နောက်ရက်နောက်လနောက်နောက် ဘဝတို့၌ အလင်္ဂါ ဒုဿီလ တလဲလဲ ဖြစ်မြဲဖြစ်ပြန်ရလတ္တံ့, အဓိကိုလည်းငါသတ်လတ္တံ့, အာဘကိုလည်း ငါသတ်လတ္တံ့ ဟု အနုပုဒ္ဒန္နအကုသိုလ်အဘိုးကိုလည်းဆင်ခြင်မိစေရမည်။

၃။ ထိုသူသည် ရှေ့အဘိုးဌ သီလဝန္တ ဖြစ်ဘူးပါလျက် ယခုဒုဿီလ ဖြစ်ပြန်ရသည်ကား သီလဝန္တ ဖြစ်စဉ်အခါ တဒင်္ဂ တခဏ တနပ်စာ သီလ မျှနှင့်နေခဲ့၍ ထိုသီလကို သမုဒ္ဆေဒစခန်းသို့တိုင် ရောက်အောင် ပွါးများမှုကို မပြုခဲ့ သည့်အတွက်ကြောင့်မျက်လှည့်သည်တဒင်္ဂတနပ်စာသီလ ကွယ်ပျောက်ပြန်၍ ဒုဿီလ ဖြစ်ရှာရ ပြန်သည်။ ယခု ငါ စောင့်ထိန်း၍နေသောသီလစုသည်လည်းမယုံသာရ စိတ် မချရ တဒင်္ဂစခန်းမှာပင် ရှိချေသေးသည်။ ယခုလို တဒင်္ဂ ကုသိုလ်မျှနှင့်အားရှိ၍ငါနေချေလျှင် မျက်လှည့်သည်တဒင်္ဂ ငါ့သီလသည် သည်နေ့လား နက်ဖြန်လား နောက် ရက်

www.dhammaransi.com

နောက်လ နောက်ဘဝလား လွင့်ပါးကွယ်ဆုံးချေဦးမည်, သမုစ္ဆေဒစခန်းသို့ဆိုက်ရောက်ကြီးပွါးအောင်ငါအားထုတ်ဦးမှသင့်ချေမည်ဟု ဥပ္ပန္နကုသိုလ်အဘို့ကိုလည်း ဆင်ခြင်မိစေရမည်။

၄။ ထိုသူသည် သီလဝန္တ ဖြစ်စဉ်အခါသီလနှင့် တင်းတိမ်၍ သမာဓိပညာများကို အားမထုတ်ခဲ့သည့် အတွက် သက္ကာယဒိဋ္ဌိ ဒုစ္စရိက်အိုးကြီး အပြီးရှိနေ၍ တဘန်ဒုသီလ အဖြစ်သို့နစ်ပြန်လေသည်။ ငါသည်လည်းတဒင်္ဂသီလနှင့် တင်းတိမ်၍သမာဓိပညာများကိုအားမထုတ်ခဲ့လျှင်သက္ကာယဒိဋ္ဌိ ဒုစ္စရိက် အိုးကြီး ရှိမြဲ ရှိနေ သည့် အဘွက်နက်ဖြန်လား သံဘက်လား နောက်ရက် နောက်လ နောက်နောက်ဘဝလား ထိုသူကဲ့သို့ဒုသီလအဖြစ်သို့ရောက်ရချေဦးမည် ဟုအနုပ္ပန္နကုသိုလ်အဘို့ကိုလည်းဆင်ခြင်မိစေရမည်။

[ဤသို့ ဆင်ခြင်ပါမူကား ထိုအခါ၌ သမ္မပ္ပဓာန်တရား လေးပါးကို တဝိတ်အားဖြင့်ပွါးများ၍နေသည်မည်၏။]

ယခုကဲ့သို့သောပုထုဇွန်အဖြစ်၏ ကြီးကျယ်လှစွာသော ဘေးဘယအစုဖြစ်သည်ကိုမြင်သဖြင့် ကြီးစွာသော သတိသံဝေဂတရားတည်လိမ့်မည်။ ။ဘာဝနာတရာ များကို အားထုတ်မှု၌ ညွတ်သောစိက်ဖြစ်လာလိမ့်မည်။ ။သူတပါး၌ရှိသော အပြစ်ဒေါသ အာဒီနဝ ကိုတွေ့မြင် ကြားသိရသောအခါ၌ ထိုအပြစ်ဒေါသ အာဒီနဝကို မိမိ ကိုယ်သို့ ဆောင် သဖြင့် မိမိ ကိုယ်မှာ ရှိနေ သော အပြစ် ဒေါသ အာဒီနဝမျိုးစုအကုန်ပေါ်လာ၍ မိမိကိုယ်အတွက် ကြီးစွာသော သံဝေဂတရာ ဖြစ်ပွါးမှုသည်ကား ဘုရားအလောင်းအစရှိသော ပညာရှိတို့၏လမ်းကြောင်းပေတည်း။

ထိုစကားမှန်၏။.....

ဘုရားအလောင်းတော်ကြီးတို့သည်ပစ္ဆိမဘဝ၌ သူအိုသူနာ သူသေတို့ကိုမြင်ကြရာ သူတပါးတို့၌ဖြစ်သော အိုမှု

www.dhammaransi.com

နာမှုသေမှုအပြစ်ဒေါသအာဒီနဝတို့ကိုမိမိကိုယ်သို့ဆောင်၍ ငါ၌လည်း ထိုသူလိုအိုခြင်းတရားရှိချေသည်, နာခြင်းတရား ရှိချေသည်, သေခြင်းတရားရှိချေသည်, ငါလည်း ထိုသူတို့လို အိုမျိုး အိုရိုး ဖြစ်ချေသည်,နာမျိုး နာရိုးဖြစ်ချေသည်, သေမျိုးသေရိုးဖြစ်ချေသည်ဟုကြီးစွာသောသံဝေဂ ဖြစ်တော် မူကြ၍တောထွက်တော် မူကြကုန်သည်။

ရှင်သာရိပုတ္တရာ၏ညီအငယ်ဆုံးဖြစ်သော ရှင်ရေဝတကို ခုနစ်နှစ်ရွယ်သူငယ်ဖြစ်စဉ်အခါ၌မိဘဆွေမျိုးတို့ကရဟန်း ပြုမည်ကို စိုးရိမ်ကြ၍ ဃရာဝါသ ဘွဲ့နှောင်မှုကို ပြုကြရာ မင်္ဂလာလက်ဘွဲ့ပွဲ၌ အသက်ကြီးသူတို့ကို ကန်တော့ စေသောအခါ ၏သူငယ်သည် အဘိုးအို အဘွားအိုတို့ကဲ့သို့ အသက်ရာကျော်ရှည်ပါစေသောဟု ဆုပေးမြဲထုံးစံရှိသည့် အဘိုင်းပြုကြကုန်၏။ ထိုအခါသူငယ်ရေဝတသည် အဘွားအိုကြီးကိုမြင်လေရာ ဆိုခဲ့ပြီးသော နည်းဖြင့် မိမိကိုယ်သို့ ဆောင်သည်ရှိသော် ကြီးစွာသော သံဝေဂကိုရ၍ တောထွက်လေ၏။

၏သို့လျှင် သူတပါးကိုမြင်လျှင် မိမိကိုယ်၌ရှိသော အပြစ် ဒေါသ အာဒီနဝ တို့ကို အမှတ်ပြု၍ ထိတ်လန့်ခြင်း သံဝေဂကို ဖြစ်စေရခြင်းသည် ပညာရှိတို့၏ လမ်းရိုး လမ်း စဉ်ဖြစ်သတည်း။

[၏ကားအလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့ကို မြင်ရကြားရသောအခါ ဓမ္မာဓိဋ္ဌာန်အားဖြင့် ထိပါးပြောဆိုခြင်းကိုအရင်းပြု၍ သမ္မပ္ပဓာန်တရားဖြစ်ပွါး သောနည်းလမ်းကိုပြဆိုသောအချက်ဘည်း။]

ဓမ္မာဓိဋ္ဌာန်တနည်းမှာ.....

ထိုပုဂ္ဂိုလ်ကိုပင် ထုတ်ဖော်၍ ပြောသော်လည်း အဌကထာ၌ လာသောအတိုင်း စင်ကြယ်သော ဓမ္မသံဝေဂ စိတ်ဖြင့် ထိတ်ဘွယ် လန့်ဘွယ်အနေနှင့်ပြောဆိုခြင်းသည် လည်း ဓမ္မာဓိဋ္ဌာန်တမျိုးပင်တည်း။

www.dhammaransi.com

မစင်လူးလဲ မစင်တုံးကိုစားခဲ ကိုင်ဆော့၍နေသောသား ငယ်ကို မွေးသမိခင်မြင်လျှင် ရင်ဘတ်ကိုခတ်တီး၍ ဟူးရီး ဟူးရားပြေးသွားကောက်ယူ မစင်ကိုသာ စက်ဆုပ်ငြူစူစင် ဖြူအောင် ဆေးလျော်သုတ်ပစ် သားချစ်ကို ပိုက်ပွေ့နမ်း ရှုပ်လေသည်။ မစင်လူးလဲမစင်တုံးကိုစားခဲတကိုယ်လုံးအ တွင်းအပြင်စွဲ၍ သိမ်းဆဲကောက်ယူဘိုရာ မကောင်းသော် လည်းသားကိုချစ်ခင်ကြင်နာသနားခြင်းမပျက် သားပါမပစ် လိုက်ရက်ဘဲသား၌ လူးလဲသောမစင်ကိုသာ ရွံရှာစက်ဆုပ် ချစ်ချုတ်ဆေးလျော်၍ပစ်လေသည်။

ထိုနည်းတူစွာ တံငါ မူဆိုး သူခိုး ထားပြ ဆိုးဝါးယုတ် မာလှသော လူကိုဖြစ်စေ, မတရားကို များစွာပြုကျင့်နေ သော ရဟန်းသာမဏေကို ဖြစ်စေ,မြင်ရလေလျှင် ငါတို့ မျိုးနွယ်မိတ်ဆွေကို အဓမ္မတည်းဟူသောမစင်တွေလူးလဲအ ဓမ္မပစ္စည်း တည်းဟူသော မစင်တုံးမစင်ခဲတို့ကိုစားခဲ၍နေ ရှာပါသည်တကားဟုပုဂ္ဂိုလ်ကိုသနားချစ်ခင်ကြင်နာအဓမ္မ အလဇ္ဇီအမှုကိုသာ အပြစ်ရှာ၍ စွမ်းနိုင်ပါလျှင် စင်ကြယ် အောင် သုတ်သင်ပြောဟောဆုံးမ, မစွမ်းနိုင်လျှင် မစင် တွင်းမှာ ကျွန်နစ်၍သေသောသားကို သနားလျက်ဖြင့်ပင် လျစ်လျူရှုရသောအမိကဲ့သို့ ထိုပြောဟောဆုံးမသုတ်သင် ၍ရနိုင်ဘွယ်မရှိသောအလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်ကို အာရုံမပြု လျစ်လျူရှု၍သော်ငှင်း, နှလုံးမသာ ပိပ္ပဋိသာရ ဒေါမနဿ အာဃာတစိတ်ဆိုး ရန်ငြိုးမထားပါပဂရဟိအားဖြင့် အဓမ္မ အလဇ္ဇီ ဒုဿီလအမှုများကိုသာထိပါးပြစ်တင်၍သော်ငှင်း, ပြောဆိုခြင်း နှလုံးသွင်းခြင်း သည်လည်း မိမိကိုယ်မှာ မကောင်းမှုအပြစ် ကင်းစင်သော ဓမ္မာဓိဋ္ဌာန်မျိုးပေတည်း။

[ဤသို့စသောအားဖြင့်ဓမ္မာဓိဋ္ဌာန်ပြောဆိုနည်းကားများပြားပါ၏။]

ဆဋ္ဌမပုစ္ဆာအဖြေပြီး၏။

www.dhammaransi.com

သတ္တမပုစ္ဆာအဖြေ။

၇။ အလဇ္ဇီ ပုဂ္ဂိုလ်သည် သံသရာ ဘေးကို ကြောက်၍ ဓမ္မသံဝေဂ ရသဖြင့် လဇ္ဇီ သူတော်ကောင်းအဖြစ်သို့ ရောက်လိုသောအခါမည်ကဲ့သို့သော အမူအရာဖြင့် လဇ္ဇီသူတော်ကောင်း ဖြစ်နိုင်မည် အကြောင်းကို လည်းသိလိုပါသည်။

ဟူသောသတ္တမပုစ္ဆာ၌—

လဇ္ဇီသည်.....

၁။ တဒင်္ဂလဇ္ဇီ,

၂။ ဇာတိလဇ္ဇီ,

ဟူ၍ နှစ်ပါးရှိသည်။ အလဇ္ဇီ၏ လဇ္ဇီအဖြစ်သို့ရောက်ခြင်းသည်လည်း—

၁။ တဒင်္ဂအားဖြင့်ရောက်ခြင်း,

၂။ သမုစ္ဆေဒအားဖြင့်ရောက်ခြင်း,

ဟူ၍နှစ်ပါးရှိသည်။

[ထိုနှစ်ပါးတွင် တဒင်္ဂအားဖြင့် လဇ္ဇီအဖြစ်သို့ ရောက်ခြင်းကို ပထမပုစ္ဆာအဖြေမှာ ပြဆိုခဲ့ပြီ။ သမုစ္ဆေဒအားဖြင့် လဇ္ဇီအဖြစ်သို့ ရောက်ခြင်းကို ဆဋ္ဌမပုစ္ဆာအဖြေမှာပြဆိုခဲ့ပြီ။]

လိုရင်းကား .....

တဒင်္ဂအားဖြင့် လဇ္ဇီအဖြစ်သို့ ရောက်ခြင်းမှာ စိတ္တက္ခဏနှင့်စပ်၏။ ပညတ်တော်ကို သိသောစိတ်နှင့် သိက္ခာပုဒ်တော်ကို လွန်ကျူးဆဲအခါ၌ အလဇ္ဇီ

www.dhammaransi.com

ဖြစ်၏။ ထိုအာပတ်ကို ဆေးကြော သုတ်သင်လို သော လဇ္ဇီမေ္ဓစိတ် ဖြစ်လာသောအခါ လဇ္ဇီဖြစ်၏။

သမုစ္ဆေဒအားဖြင့် လဇ္ဇီအဖြစ်သို့ ပြောင်းခြင်းမှာ ငါငါဟူသော သက္ကာယဒိဋ္ဌိကို အကြွင်းမဲ့ပယ်ဖြတ်မှ ဇာတိလဇ္ဇီအဖြစ်သို့ရောက်သည်။

ဤပုစ္ဆာ၌လဇ္ဇီသူတော်ကောင်း ဟူသောစကား၌လည်း လဇ္ဇီမှာ ကာယဒွါရ ဝစီဒွါရ ဤနှစ်ဒွါရစင်ကြယ်လျှင် လဇ္ဇီဖြစ်၏။ သူတော်ကောင်းမှာ မနောဒွါရစင်ကြယ်မှသူတော်ကောင်းဖြစ်နိုင်သည်။ လဇ္ဇီဖြစ်ကာမျှနှင့် သူတော်ကောင်းမဟုတ်သေး။

[ဤအချက်ကိုလည်းလက္ခဏာအသီးသီးနှင့်တကွ ဒုတိယပုစ္ဆာ တတိယပုစ္ဆာအဖြေမှာပြဆိုခဲ့ပြီ။]

လိုရင်းကား.....

"မနောဒွါရေ အာပတ္တိနာမ နတ္ထိ" ဟူသော အဋ္ဌကထာပါဌ်နှင့်အညီ ဝိနည်းပညတ်တော်မည်သည်အလွန်ရုန့်ရင်းလှသောကာယကံမှု ဝစီကံမှုတို့၌သာ ပညတ်သောအရာဖြစ်သည်။ မနောကံမှုကို ပညတ်သောအရာမရှိ။

ထိုကြောင့် ဝိနည်းကိုသာသိ၍ ဝိနည်းကိုသာ အလေးဂရုပြုသောသူသည် ကာယကံ ဝစီကံစင်ကြယ်၏။ လဇ္ဇီဖြစ်၏။ဝိနည်းပညတ်တော်မှ အလွတ်ဖြစ်သောပါပမေ္မဒုစ္စရိတမေ္မမျိုးကားအလွန်များသေး၏"ကတညူ ကတဝေဒီ မိရော" အစရှိသည်ဖြင့် ရှေး၌ပြဆိုခဲ့ပြီးသော သုတ္တန်အလာ သူတော်ကောင်းလက္ခဏာနှင့်ပြည့်စုံမှ သူတော်ကောင်းဖြစ်သည်။

သတ္တမပုစ္ဆာအဖြေပြီး၏။

www.dhammaransi.com

အဌမ ပုစ္ဆာအဖြေ

[ဝိနည်းသက်သက်ကိုမေးသော ဒွါဒသမပုစ္ဆာ, တေရသမပုစ္ဆာများကို ဤနေရာ၌သွင်း၍ဖြေဆိုအံ့။]

ဂဟဋ္ဌဖြစ်သူ လူတို့၏ ဝိနည်း ကျမ်းဂန်များကို သင်ကြားခြင်းသည် "ဝိနယောစ သုသိက္ခိတော" ဟောတော်မူသော ဒေသနာတော်နှင့် ညီမညီများ ကိုအကျိုးအပြစ် ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်။

ဟူသောပုစ္ဆာ၌—

"ဝိနယောစသုသိက္ခိတော"ဟူသော မင်္ဂလာဒေသနာတော်၏အဓိပ္ပါယ်ကား ဂဟဋ္ဌဖြစ်သောလူသည် သပ္ပုရိသအင်္ဂါ သပ္ပုရိသလက္ခဏာနှင့် ကောင်းစွာပြည့်စုံ၍ လူသူတော်ကောင်းအဖြစ်၌ တည်ခြင်း၄ါ လူတို့ကျင့်အပ်သော အာဂါရိယ ဝိနည်းတရားကိုကောင်းစွာကျင့်အပ်၏။ရဟန်းဖြစ်သောသူသည် လဇ္ဇီအင်္ဂါ သီလဝန္တအင်္ဂါ သပ္ပုရိသအင်္ဂါလက္ခဏာတို့နှင့်ကောင်းစွာပြည့်စုံ၍ လဇ္ဇီသီလဝန္တ သပ္ပုရိသ ရဟန်းကောင်းအဖြစ်၌ တည်ခြင်း၄ါ ရဟန်းတို့ကျင့်အပ်သော အနာဂါရိယဝိနည်းတရားကို ကောင်းစွာကျင့်အပ်၏။

၍သို့ လူဖြစ်သူ ရဟန်း ဖြစ်သူတို့၏ အသီးသီးမိမိတို့ဆိုင်ရာဆိုင်ရာ ဝိနည်းတရားတို့ကို အကျိုး အပေါက် အပြောက် အကြား အငြိအစွန်း အညစ်အနွမ်း မရှိစေရ ကောင်းစွာ ကျင့်ကြခြင်းသည် ပစ္စုပ္ပန် သံသရာ ချမ်းသာစီးပွါးများရာများကြောင်း ကောင်းမြတ်သော မင်္ဂလာကြီး တပါးဖြစ်သည်ဟုဆိုလိုသည်။

[ရဟန်းတို့ ဝိနည်းကျမ်းဂန်များကိုသူတို့ သင်ကြားခြင်းကိုဆိုလိုရင်း မဟုတ်ပေ။]

www.dhammaransi.com

ထိုကြောင့်သုဘွာနိပါတ်အဋ္ဌကထာ၌ .....

ဝိနယောနာမ အာဂါရိယဝိနယောစ အနာဂါ-ရိယဝိနယောစ။ တတ္ထ အာဂါရိယ ဝိနယောနာမ ဒသအကုသလကမ္မပထဝိရမဏံ၊သော တတ္ထ အသံ-ကိလေသာပဇ္ဇနေနစ အာစာရဂုဏဝတ္တနေနစ သု-သိက္ခိတော ဟောတိ။

အနာဂါရိယ ဝိနယောနာမ သတ္တာပတ္တိက္ခန္ဓေ အနာပဇ္ဇနံ၊ သောပိ ဝုတ္တနယေနေဝ သုသိက္ခိတော စတုပါရိသုဒ္ဓိသီလံ ဝါ ဝိနယော။ သော ယထာ တတ္ထ ပတိဋ္ဌာယ အရဟတ္တံ ပါပုဏာတိ။ ဧဝံ သိက္ခန္တေန သုသိက္ခိတော။

ဟူ၍"ဝိနယောစ သုသိက္ခိတော"မဂ်လာအဖွင့်မှာ ဆိုပေသည်။

ဝိနယောနာမ၊ ဝိနည်း မည်သည် ကား။ အာဂါရိယ ဝိနယောစ၊ ဂဟဋ္ဌဖြစ်သူအိမ်နေလူတို့၏ဝိနည်း လည်းတပါး။အနာဂါရိယဝိနယောစ၊အိမ်၏အစီးအပွါးနှင့်မစပ်သော ရဟန်းတော်မြတ်တို့၏ဝိနည်းလည်းတပါး။တတ္ထ၊ ထိုနှစ်ပါး တို့ဘွင်။ အာဂါရိယဝိနယောနာမ။ဂဟဋ္ဌဖြစ်သူအိမ်နေလူ တို့၏ ဝိနည်း မည်သည် ကား။ ဒသအကုသလ ကမ္မပထ ဝိရမဏံ၊ ဒုစ္စရိက် ဆယ်ပါးဟု ဆိုအပ် သော အကုသိုလ် ကမ္မပထတရား ဆယ်ပါးတို့မှ ရှောင်ကြဉ်ခြင်း ပေတည်း။ သော၊ ထိုအာဂါရိယဝိနည်းကို။ တတ္ထ၊ထိုဒုစ္စရိက်ဆယ်ပါး ဟုဆိုအပ်သော အကုသိုလ် ကမ္မပထတရား ဆယ်ပါးတို့မှ ရှောင်ကြဉ်ခြင်းအမှု၌။ အသံကိလေသာပဇ္ဇနေနစ၊ ညှစ်နွမ်းခြင်းသို့မရောက်သောအားဖြင့်ဂင်း။အာစာရဂုဏဝတ္တ နေနစ၊ အာစာရဂုဏ်၌ ကောင်းစွာ တည်သော အားဖြင့် ဂင်း။ သုသိက္ခိတော၊ ကောင်းစွာကျင့်အပ်၏။

M.-3-10

www.dhammaransi.com

အနာဂါရိယ ဝိနယောနာမ၊ ရဟန်း တော်မြတ် တို့၏ ဝိနည်းမည်သည်ကား။ သတ္တာပတ္တိကျွန်ဆွေ၊ ဝိနည်းပညတ် အာပတ်ချနစ်ပုံတို့ကို။အနာပဇ္ဇနံ၊မလွန်ကျူးခြင်းပေတည်း။ သောပိ၊ထိုအနာဂါရိယ ဝိနည်းကိုလည်း။ ဂုတ္တန်ယေနေဝ၊ မညစ်မနွမ်းစေခြင်း အာစာရဂုဏ်၌ကောင်းစွာ တည်ခြင်း တည်းဟူသောဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင်။ သုသိက္ခိတော၊ ကောင်းစွာကျင့်အပ်၏။ ။ဝါ၊တနည်းကား။ စတုပါရိသုဒ္ဓိသီလံ၊ စတုပါရိသုဒ္ဓိသီလသည်။ ဝိနယော၊ဝိနည်းမည်၏။သော၊ထိုစတုပါရိသုဒ္ဓိသီလဟုဆိုအပ်သောဝိနည်းကို။တတ္ထ၊ ထိုဝိနည်း၌။ပတိဋ္ဌာယ၊ တည်၍။ယထာ၊အကြင် အခြင်းအရာ အားဖြင့်။ သိက္ခန္တော၊ ကျင့်သည် ရှိသော်။ အရဟတ္တံ၊ အရဟတ္တ ဖိုလ်သို့။ ပါပုဏာတိ၊ ရောက် ၏။ ဧဝံတထာ၊ ထိုအရဟတ္တဖိုလ်သို့ ယခုဘဝ၌ ဆိုက်ရောက် လောက်အောင်သော အခြင်းအရာ အားဖြင့်။ သိက္ခန္တေန၊ ကျင့်သဖြင့်။ သုသိက္ခိတော၊ ကောင်းစွာကျင့်အပ်၏။

၍သို့လာသော အဋ္ဌကထာကိုထောက်၍ လူရဟန်း တို့အား အသီးအသီးမိမိတို့ဆိုင်ရာ ဝိနည်းကို ကောင်းစွာကျင့်ကြသည်ကို သာလျှင် "ဝိနယောစ သုသိက္ခိတော" ဆိုသည်။ ။ရဟန်းတို့၏ဝိနည်းကျမ်းကိုလူတို့သင်ကြားသည်ကိုဆိုလိုရင်း မဟုတ်။ "သုသိက္ခိတော" ဟူသော ပုဒ်မှာလည်း "ကောင်းစွာသင်ကြားအပ်၏" ဟူသော အနက်ကိုဆိုလိုရင်း မဟုတ်။ "ကောင်းစွာ ကျင့်အပ်၏" ဟူသော အနက်ကိုသာဆိုလိုရင်းတည်း။ "ကောင်းစွာကျင့်အပ်၏" ဆိုသဖြင့်"ကောင်းစွာသင်ကြားအပ်၏" ဟူသော အနက်သည် အလိုလိုပြီးစီး၏။

[ကောင်းစွာမကျင့်ဘဲသင်ကြားကာ မတ္တနှင့်သုသိက္ခိတမဖြစ်ပေ။]

၍မင်္ဂလာ၌လူတို့မှာ အကုသလကမ္မပထ ဘရား ဆယ်

www.dhammaransi.com

ပါးကို ရှောင်ကြဉ်၍ ကုသလကမ္မပထ တရား ဆယ်ပါး ၌ ကောင်းစွာကျင့်ခြင်းကိုဆိုသတည်း။ ။ကောင်းစွာ ကျင့်ခြင်းအရကိုလည်း"တတ္ထအသံကိလေသာပဇ္ဇနေန အာစာရဂုဏဝတ္တနေန"ဟု နှစ်ချက်ပြဆိုပေ၏။ ထိုနှစ်ချက် တို့ဘွင် "တတ္ထ အသံကိလေသာ ပဇ္ဇနေန" ပုဒ်၏ အဓိပ္ပါယ် ကို ဒသနိပါတ်အဂ်ုတ္တိုရ်ပါဠိတော်မြတ်ကိုမှီ၍သိအပ်၏။

ဟောတော်မူသောဒေသနာဆောင်ကား.....

အတ္တနာစ ပါဏာတိပါဘီ ဟောတိ။ ပရေစ တတ္ထသမာဒပေတိ။ ပါဏာတိပါတဿစဝဏ္ဏဝါဒီ ဟောတိ၊ တတ္ထစ သမနုညော ဟောတိ။

[ပါဏာတိပါဘ သိက္ခာပုဒ်ပျက်မှု ညစ်နွမ်းမှုလေးပါး။]

အတ္တနာစ၊မိမိသည်လည်း။ ပါဏာတိပါတီ၊သူ့အသက်ကိုသတ်ခြင်းအမှုရှိသည်။ ဟောတိ၊ဖြစ်၏။ပရေစ၊သူတပါးတို့ကိုလည်း။ တတ္ထ၊ထိုပါဏာတိပါတမှု၌။ သမာဒပေတိ၊ စေခိုင်းတိုက်တွန်းပြည့်နှိုးဆော်၏။ပါဏာတိပါတဿစ၊ ပါဏာတိပါဘမှု၏လည်း။ ဝဏ္ဏဝါဒီ၊ ကျေးဇူးကိုပြောဆိုခြင်းရှိသည်။ဟောတိ၊ဖြစ်၏။ တတ္ထစ၊ထိုပါဏာတိပါဘမှု၌လည်း။ သမနုညော၊ ဆန္ဒသဘော ရောနှောကြည်ဖြူသဘောတူသည်။ ဟောတိ၊ဖြစ်၏။

[ထိုလေးပါးဟွင် ရှေ့နှစ်ပါးထင်ရှားပြီ။]

"ဝဏ္ဏဝါဒ"ဆိုသည်ကား.....

တံငါလုပ်၍ ဘယ်သူ ပစ္စည်းဥစ္စာချမ်းသာသည်, ဝက်မွေး၍ ဘယ်သူ ပစ္စည်းဥစ္စာချမ်းသာသည်, အစရှိသည်ဖြင့် ချီးမွမ်းခြင်းတည်း။ ထိုသို့ ချီးမွမ်းပြောဆိုခြင်းသည် ထိုသိက္ခာပုဒ်ပျက်ခြင်း ညစ်နွမ်းခြင်း နှစ်ပါးနှင့်ဆိုင်၏။ မိမိချီးမွမ်းသံကိုကြားသူဘို့သည် တံငါအလုပ် ဝက်သည် အလုပ်ကို လုပ်ကြလိမ့်မည်ဟု ရည်သန်၍ ချီးမွမ်းရာ၌ ထိုသူ

www.dhammaransi.com

တို့လုပ်ဖြစ်ကြလတ္တံ့။ ဖြစ်ခဲ့လျှင် ချီးမွမ်းသူမှာ ပါဏာတိပါတ ကမ္မပထဒဿဝကၠဂါ၏၊ သိက္ခာပုဒ်ပျက်၏။ မရည်မသန် မူ၍ သာမညချီးမွမ်းခဲ့လျှင် ထိုသူတို့လုပ်ဖြစ်ကြသည်ဖြစ်စေ,မလုပ်ဖြစ်ကြသည်ဖြစ်စေ, သိက္ခာပုဒ် ညစ်နွမ်းမှုသာဖြစ်၏။ ရည်သန်ရာ၌လည်း ထိုသူတို့ မလုပ်ဖြစ်ကြလျှင် ချီးမွမ်းသူမှာ သိက္ခာပုဒ် ညစ်နွမ်းရုံသာရှိ၏။

"တဿဒဿနေ ဥဿာ" ဆိုသည်ကား ....

မည်သည့်သူဝိုး မည်သည့် ထားပြုကို အစိုးရဘမ်း၍ စက်တင်ပြီကြားလျှင် အားရနှစ်လိုရှိခြင်း,မည်သည့်တော မှာရှိသော ဆင်ဆိုးကို ကျားဆိုးကို မည်သည့်လမ်းအနီးဌာ ရှိနေသော မြွေဆိုးကို ကင်းဆိုးကို မည်သူသတ်လေပြီ ကြား၍ အားရဝမ်းသာရှိခြင်း, ပိပိရနိသူ ပိပိမုန်းသောသူ မည်သည့်အနာရောဂါနှင့် သေရာပြီဆိုလျှင် နှစ်လိုခြင်း, အယုတ်ဆုံးအားဖြင့် ပိပိကိုနှပ်စက်သော မှက် ခြင် သန်းကြမ်းပိုး သေဆုံးကွယ်ပျောက်မှုကို နှစ်လိုခြင်း စသည်များသည် သမနုည မည်၏။ သိက္ခာပုဒ်ညှိုးနွမ်း၏။ ထိုအတူ အမဲသားငါးကြိုက်တတ်သောသူဟူသည် သတ်မှသေမှနှင့် အသားမှန်မြတ်သော ရေသတ္တဝါ ကုန်းသတ္တဝါဟင်းလျာ စကား သားငါးစကားကို ကြားသိရလျှင် ဝမ်းမြောက်တတ်ကုန်၏။ သမနုည်ပင်တည်း။

လှူလိုဒါန်းလို၍ ဝမ်းမြောက်ပါသည်ဆိုကြားခဲ့။ဆင်ခြင်ဘွယ် ရှိသေး၏။ ။သုမင်္ဂလ ဒုမင်္ဂလမှတ်၍ သားငါးကို သတ်၍ကျွေးမွေးရာတို့၌ ဝမ်းမြောက်ဝမ်းသာစေသောက် မှတို့၌လည်း ဆင်ခြင်လေ။ ။သုမင်္ဂလ ဒုမင်္ဂလ ကိစ္စရှိသောအခါ ကျွေးမွေးမှတို့၌ နွားသား ကျွဲသား ဝက်သား ကြက်သား ငါးဟင်း အမဲဟင်း မပါသျှင် ရက်ရွာကလည်း မမျိုးမွမ်း, ဆွမ်းကျွေးသောအခါ ရဟန်းတော် ဆရာတော်

www.dhammaransi.com

တို့ကလည်း မကြည်သာကြ,သို့အမှုကိုမြော်၍ သင့်လျော်ရာသူကို ပရိယာယ်အနက်ဖြင့် နှုတ်ဆက်လက်တို့၍ ပြီးစေကြကုန်၏။ ။မည်သည့်သူ အလှူပေးလိမ့်မည် ဆိုလျှင် ဟင်းလျာသွင်းလိုသူတို့က ဟင်းလျာကောင်း အသင့်နှင့်မြော်လင့်၍နေ၏။ အလှူ၌ ဝေယျာဝစ္စသမားတို့က အလှူ့တကာစိတ်ကိုသိအောင်ပြု၍တီးတီးတိုးတိုး လက်တို့ခြေတို့နှင့် ပြီးစေကြကုန်၏။

ပါဏာတိပါတသိက္ခာပုဒ်၌ပရိယာယ်မရဟုအဋ္ဌကထာတို့၌ဆိုသောကြောင့် ထိုအလှူ့တကာ ဝေယျာဝစ္စသမားတို့၌လည်း သိက္ခာပုဒ်ပျက်ခြင်း သိက္ခာပုဒ် ညစ်နွမ်းခြင်း ပါဏာတိပါတ ကမ္မပထအင်္ဂါ ပြိစွန်းခြင်းတို့၌ လျဉ်းပါးဘွယ် အားကြီးလှချေ၏။ အလှူ့ရှင် ဝေယျာဝစ္စသမားတို့၌ ပါဏာတိပါတ ကမ္မပထတရားပြိစွန်းခဲ့လျှင် ရဟန်းတော်တို့အား ဥဒ္ဒိဿကတ မံသ ဖြစ်၍ ဒိဋ္ဌ သုတ ပရိသင်္ကိတ ဟူသော တိကောဋိ ပရိသုဒ္ဓ မရှိခဲ့လျှင် အလှူမဏ္ဍပ်ဝင် သံဃာတော်များမစားမသောက်ကောင်းလေပြီ။ တိကောဋိ ပရိသုဒ္ဓ မရှိဘဲခံ၍ စားသောက် ဘုဉ်းပေးမိ ချေလျှင် "ပဒိုဂ္ဂဟဏော အဇ္ဇျောဟာရေ စ အာပတ္တိ" ဖြစ်ဘွယ်ရာရှိချေ၏။

[ကုသိုလ်ပြုစဉ်အခါ၌ ကဏ္ဍသုဏ္ဍ အဖြူအနက်ရောယှက်သောကုသိုလ်မှာနောင်အကျိုးပေးသောအခါ၌အဖြူအနက်ရောယှက်၍ပေးဘတ်သည်။]

ရောယှက်ပုံကား.....

ထိုကုသိုလ်အကျိုးပေးသောဘဝ၌ နေသမ္ပတ္တိ ဘောဂသမ္ပတ္တိ ဇူဿရိယသမ္ပတ္တိ တို့ကိုပေး၏။ ထိုသမ္ပတ္တိအတွက်ကြောင့်ပင် မင်းဘေးနှင့်သေရတတ်၏။ ခိုးသူထားပြဘေးနှင့်သေရတတ်၏။ မီးဘေးနှင့်သေရတတ်၏။ ရေဘေးနှင့်သေရတတ်၏။ အနာဆိုးရောဂါဆိုးဘေးနှင့် သေရတတ်၏။

www.dhammaransi.com

အနာရောဂါများတတ်၏။ ကုသိုလ်ပြုစဉ် အခါ၌ ထိုသို့ ကဏ္ဍသုက္ကရောယ္ဟက်မှုသည် နောင်၍ကုသိုလ်အကျိုးပေးသော ဘဝတို့၌ ကြီးစွာသောဘေးဘယနှင့် သေဆုံးလို၍ ကုသိုလ်ထဲမှာ ထားလက်နက် အပြီးထည့်လိုက်သည်နှင့် တူ၏။

[၏ကားပါဏာတိပါတ ဒုစ္စရိတ၏ နယ်နိမိတ်လေးချက်ကို ပြဆိုသော စကားရပ်တည်း။]

၏နယ်နိမိတ်လေးချက်ဘွင် တချက်ချက်နှင့်ငြိစွန်းလျှင်ပင် အမှုအားလျော်စွာ သိက္ခာပုဒ်ပျက်မှု ညှိုးနွမ်းမှုရှိပြီ။ "ဝိနယောစ သုသိက္ခိတော" ဟူသော မင်္ဂလာပျက်ပြီ။

ထိုကြောင့်အဋ္ဌကထာ၌.....

"တတ္ထ အသံကိလေသာပဇ္ဇနေန သုသိက္ခိတော" ဟုဖွင့်ဆိုပေသည်။

၏နည်းအတူ.....

အဒိန္နာဒါန် ဒုစ္စရိက်မှု၌ နယ်နိမိတ်လေးချက်,
ကာမေသု မိစ္ဆာစာရ ဒုစ္စရိက်၌ နယ်နိမိတ်လေးချက်,
မုသာဝါဒ ဒုစ္စရိက်၌ နယ်နိမိတ်လေးချက်,
ပိသုဏဝါစာ ဒုစ္စရိက်၌နယ်နိမိတ်လေးချက်,
ဖရုသဝါစာ ဒုစ္စရိက်၌နယ်နိမိတ်လေးချက်,
သမ္ဖပ္ပလာပ ဒုစ္စရိက်၌နယ်နိမိတ်လေးချက်,
ဗျာပါဒ ဒုစ္စရိက်၌ နယ်နိမိတ်လေးချက်,
အဘိဇ္ဈာဒုစ္စရိက်၌ နယ်နိမိတ်လေးချက်,
မိစ္ဆာဒိဋ္ဌိဒုစ္စရိက်၌နယ်နိမိတ်လေးချက်,

တို့ကိုလည်း အကျယ်ဝိထွာရ ဟောကော်မူသည်၊ ။ ဒုစ္စရိက်လေးဆယ်ခေါ်သည်။

၏သို့ဟောတော်မူသောအတိုင်း ဒုစ္စရိက်ဆယ်ပါးတို့

www.dhammaransi.com

ကိုနယ်နိမိတ်နှင့်တကွကင်းလွတ်အောင်ရှောင်ကြဉ်သော သူသာလျှင် "ဝိနယောစ သုသိက္ခိတော" မင်္ဂလာတည်၍ လဇ္ဇီ သီလဝန္တ သပ္ပုရိသဖြစ်သတည်း။ ။အာစာရဂုဏ ဝတ္တနေန သုသိက္ခိတော" ဟူသော ပါဠိဖြင့်မူကား သိင်္ဂါ လော ဝါဒသုတ် ဒေသနာတော်၌ လာသော ဂိဟိဝိနယ ဂဟဋ္ဌဝိနယ အာစာရတို့ကိုလည်း သင်္ဂြိုဟ်တော်မူသည်။

[ထိုသိင်္ဂါလောဝါဒသုတ်ကိုပင် ဂိဟိဝိနယသုတ်သည်းခေါ်သည်။]

သားသွီးတို့မှာမိဘတို့၌ ကျင့်ရာသောဝတ်ငါးပါး, မိဘတို့မှာ သားသွီးတို့၌ကျင့်ရာသောဝတ်ငါးပါး, အစရှိသည်ဖြင့်လူတို့ကျင့်ရာသော ဂိဟိဝိနည်း ဂဟဋ္ဌဝိနည်း အာဂါရိယဝိနည်း တရားများစွာ အကျယ်လာသည်။ သားသွီးဖြစ်သောသူသည် မိဘတို့၌ပြုရာသောဝတ်ကို ကောင်းစွာပြုပေလျှင်မင်္ဂလာတည်၍ သပ္ပုရိသ ဖြစ်၏။ ကောင်းစွာမပြုခဲ့လျှင် ထိုသားသွီး၌ မင်္ဂလာပျက်၏။ သပ္ပုရိသအင်္ဂါပျက်၏။ ။ဤသို့သောအနက်ကို အဋ္ဌကထာဆရာ ဖွင့်ပြတော်မူသည်။ ။ခပ်သိမ်းသောသူတို့၏ အသီးအသီးတတ်သိလိမ္မာကြေကုန်ရာသောအာစာရအကျင့်ဝတ်တို့၌လည်း ဤနည်းတူသိလေ။ ကြေကုန်သောလူတားအလွန်ရှားစွ။

[ဤကား "ဝိနယောစ သုသိက္ခိတော" ဟူသော မင်္ဂလာ၌ အာဂါရိယဝိနယကို ပြဆိုချက်တည်း။]

ဤသို့လျှင်လူတို့မှာ မိမိတို့ကျင့်ရာသောသုစရိတဝိနယ, အာစာရ ဝိနယ တို့၌ ကောင်းစွာ ကျင့်ဆောင်မှုကို "ဝိနယောစ သုသိက္ခိတော" ဟုဟောတော်မူသည်။ ရဟန်းတို့နှင့်သာဆိုင်သော ဝိနည်းကျမ်းဂန်များကို လူတို့သင်ကြားမှုကို ဟောတော်မူရင်းမဟုတ်ပေ။

ထိုသို့ပင် ဟောတော်မူရင်း မဟုတ်သော်လည်း ဟောတော်မူရင်းဖြစ်သော မိမိတို့၏ဆိုင်ရာအာဂါရိယဝိနယမျိုး

www.dhammaransi.com

တို့၌ကျွမ်းကျင်လိမ္မာ ကောင်းစွာတည်မှုသုသိက္ခိတသပ္ပုရိသဖြစ်ပြီးသောဂဟဋ္ဌဖြစ်သူ လူပညာရှိပုဂ္ဂိုလ်သည်ရဟန်းတော်တို့ဆိုင်ရာ အနာဂါရိယဝိနယဖြစ်သော ဝိနည်းကျမ်းဂန်များကိုလည်း သင်ကြားခြင်း၄၊ သင့်မြတ်လှသည်သာတည်း။ အဘယ်ကြောင့်နည်းဟူမူ မိမိတို့ဆိုင်ရာအာဂါရိယဝိနယမျိုးတို့၌ ကျွမ်းကျင်လိမ္မာ ကောင်းစွာတည်မှု သုသိက္ခိတ သပ္ပုရိသ အစစ်ဖြစ်ပေသောသူမည်သည် စိတ်နှလုံး၌ဂိဟိဝိနယ အာစာရဝိနယ သပ္ပုရိသဓမ္မအစောင့် အချုပ် အအုပ်အထိန်း ရှိပြီးသောသူဖြစ်ပေ၍ ရဟန်းတို့၏ဝိနည်းကျမ်းဂန်ကို သင်ကြားသည့်အတွက်မိမိသန္တာန်၌ကာယကံဝစီကံ မနောကံ စွန်းငြိရန်မရှိ။ အဋ္ဌကထာတို့၌ လာသော ဝိနည်းနာပုဏ္ဏားကဲ့သို့ သဒ္ဓါတရားသာ ပွါးများပေရာသောကြောင့်တည်း။

ပုဏ္ဏားတယောက်သည် ရဟန်းတော်တို့ ဝိနည်းကျမ်းဂန်အံကြသံကိုကြားသဖြင့်သာသနာ၌ သဒ္ဓါတရားကြီးစွာဖြစ်ပွါး၍ ရဟန်းပြုတူးသောဝတ္ထု အဋ္ဌကထာ၌လာသည်။

ထိုကဲ့သို့မိမိတို့ဆိုင်ရာ အာဂါရိယဝိနည်း သုစရိတဝိနည်း အာစာရဝိနည်းတို့၌ လုံခြုံပြည့်စုံစွာ အလိမ္မာအသိလည်းမရှိ။ သိသမျှကိုမှလည်း လုံခြုံစွာပြုကျင့်စောင့်ထိန်းနိုင်သောစိတ်နှလုံးလည်းမရှိသည်ဖြစ်၍ သပ္ပုရိသအတုအသပ္ပုရိသသဘောအားကြီးသောသူဖြစ်ပါမူကားရဟန်းတို့နှင့်ဆိုင်ရာ ဝိနည်းကျမ်းဂန်ကိုသင်ကြားခဲ့လျှင် ဆိုဘွယ်အပြစ်စွန်းငြိဘွယ်အပြစ်သာမြင်ချေသည်။ အကျိုးရှိဘွယ်ကိုမမြင်မိချေ၊ အဘယ်သို့ဆိုဘွယ် အပြစ်ရှိသနည်းဟူမူကား၏သူသည် ဝိနည်းကျမ်းဂန်ကိုသင်အံလေ့ကျက်ဘိ၏။ လူဖြစ်သည်နှင့်အညီ လူစဉ်မြီရန်လူချုပ်ပြီရန် လူအချိုးအစားကျရန်လူ့အင်္ဂါလက္ခဏာနှင့်ပြည့်စုံရန်လူ့အဖြစ်စင်ကြယ်ရန်အာဂါရိယဝိနည်းမျိုးကိုမူကား တတ်သိလုံခြုံပြည့်စုံစင်

www.dhammaransi.com

ကြယ်အောင်အားမထုတ်ဦးဘဲမဆီမဆိုင်ရာအနာဂါရိယဝိနယများကို အားထုတ်ဘိသည်ဟုဆိုရန်အပြစ်ရှိချေသည်။ စွန်းငြိဘွယ်အပြစ်ဆိုသည်ကားထိုသူ၏စိတ်နှလုံး၌သပွုရိသဓမ္မအစောင့်အချုပ်အအုပ်အထိန်း အားနည်းသည် အတွက်ကြောင့် မိမိသိရှိသောဝိနည်းအမှတ်နှင့် မညီမညွတ်ရဟန်းများကိုမြင်လျှင် မကြည်လင်သောစိတ်ဖြင့်ကဲ့ရဲ့ပြစ်တင် ဆိုမိပြောမိစွပ်စွဲဆဲရေးမိသည်။ ။ဆိုမိပြောမိစွပ်စွဲဆဲရေးမိသောအခါအပြစ်လေးတတ်သည်။

မညီမညွတ်သော ရဟန်းကို ဆိုမိစွပ်စွဲမိရာ၌ အပြစ်လေးပုံကား ထိုဆိုသောသူသည် ထိုရဟန်းမျက်နှာကိုသာမြင်တတ်၏။ ကျူးလွန်သောအမှုကိုသာ မြင်တတ်၏။ ။ထိုရဟန်းသန္တာန်၌မူကား ပါရာဇိကမှုမရှိခဲ့လျှင်သမာဒါနမှုမပျက်သည်ဖြစ်၍ ပြဆိုခဲ့ပြီးသော ကုဒ္ဒေ ကိုးထောင်ကျော်မျှသော သိက္ခာပုဒ်တို့သည် ကိန်းဝပ် တည်နေလျက်ရှိကြကုန်၏။ ။ကျူးလွန်သော သိက္ခာပုဒ်မှာပင် သံဝရမှုသာပျက်သည်။ သမာဒါနမှုကားမပျက်။ တည်လျက်ပင်ရှိ၏။ ။ထိုသို့တည်ရှိသော သိက္ခာပုဒ်တော်တို့၏မျက်နှာကိုမူကားမမြင်တတ်။ ထိုရဟန်းအတွက်နှင့် အပြစ်လေးသည်မဟုတ်။ တည်ရှိသောသိက္ခာပုဒ်တော်တို့၏ အတွက်နှင့်အပြစ်လေးသည်။

[ရှေး၌ပြဆိုခဲ့ပြီးသော စေတီအိမ်ဥပမာကို ဤ၌လည်းဆိုအပ်၏။]

ဓာတ်တော်မွေတော် ကိန်းဝပ်သော စေတီအိမ်တွင်းပရိဝုဏ်တွင်းမှာ အမှိုက်သရိုက် မစင်တီ ပြင်ပြည့်၍ နေရာ၌ စေတီအိမ်မှန်းသိလျက် အမှိုက်သရိုက် မစင်တီးပြင်တို့ကိုမြင်သည့်အတွက် သဒ္ဓါပျက်၍ မြက်သောစိတ်ဖြင့် ထိုစေတီအိမ်ကိုလှန်တံအုတ်ကျောက်တို့ဖြင့် ပစ်ခတ်ခြင်း, ထိုစေတီအိမ်တွင်းပရိဝုဏ်တွင်း၌ ဘိနပ်စီးခြင်းထီးဆောင်းခြင်း စသည်ကို ပြုခဲ့ငြားအံ့။ အပြစ်လေးသည်သာဖြစ်၏။

www.dhammaransi.com

စေတီအိမ်အတွက်ကြောင့် လေးသည် မဟုတ်။ ကိန်းဝပ်တည်နေသော မွေတော် ဓာတ်တော် ရုပ်ပွါးဆင်းတုတော်အတွက်ကြောင့် လေးလေသည်။ ၏နည်းအတူ ထိုပုဂ္ဂိုလ်အတွက် အပြစ်လေးသည်မဟုတ်။တည်ရှိသော သိက္ခာပုဒ်တော်တို့အတွက် အပြစ်လေးလေသည်။ ထိုကြောင့် စိတ်နှလုံး၌သပ္ပုရိသဓမ္မ အဆောက်အအုံ မခိုင်လုံသောသူသည် ရဟန် တို့၏ ဝိနည်းတရားကို သင်ကြားခဲ့သည်ရှိသော် ထိုသူ၌ အကျိုးကားမမြင် အပြစ်ကိုသာမြင်မိပေသတည်း။

ဒုဿီလဖြစ်သောရဟန်းကို စာဝနာဓိပ္ပါယအားဖြင့် အမှုလက ဒုဿီလမှုနှင့်စွပ်စွဲခဲ့သည်ရှိသော်သီလဝန္တရဟန်းကို စွပ်စွဲသည်နှင့်အတူ သံဃာဒိသေသ် အာပတ်ကြီးသင့်ကြောင်းကို "အသုဒ္ဓေါ ဟောတိ ပုဂ္ဂလော အညတရံ ပါရာဇိကံ သမာပန္နော" အစရှိသည်ဖြင့် ဟောတော် မူသည်ကိုထောက်၍ ဒုဿီလကိုပင် ဒုဿီလဟု စွပ်စွဲဆဲရေးမှု အပြစ်လေးရာသောယုတ္တိကို ရှေး၌ဆိုခဲ့ပြီ။

[၏ကား လူတို့ဝိနည်းကျမ်းဝန်ကို သင်ကြားရာ၌ အကျိုးအပြစ်ကို ပြဆိုချက်တည်း။]

လူတို့ ဝိနည်းကျမ်းဂန်ကို သင်ကြားဘူးသော ဝတ္တုသက်သေမှာ မြတ်စွာဘုရားလက်ထက်တော်အခါက စိတ္တသူကြွယ် အစရှိသော ဥပါသကာ,ခုဇ္ဇုတ္တရာ အစရှိသော ဥပါသိကာမတို့သည် ဝိနည်းပိဋကတ်နှင့်တကွ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်ရွက် လေ့ကျက်ကြပေကုန်သည်။ ပေါက္ကန်ပြည်၌ သခေ်ပဝဏ္ဏနာကို စီရင်သော ရှင်ဆပဒဆရာနှင့်အတူ သီဟိုဠ်မှပါလာသောအရှင်ရာဟုလာမထေရိသည် ပေါက္ကန်ပြည်မှ သီဟိုဠ်သို့ပြန်ကြွရာ မလ္လာယုကျွန်းသို့ရောက်လေ၍ ထိုကျွန်းကိုအစိုးရသောမင်းက ပင့်ဆောင်ကိုးကွယ်ရာ နေ့စဉ် နန်းတော်သို့ဝင်၍ ထိုမင်းအား ခုဒ္ဒ

www.dhammaransi.com

သိက္ခာ ဝိနည်းလက်သန်း အဋ္ဌကထာ ကျမ်းဂန်ကိုချပို့သည်ဟု ပေါက္ကန်ရာဇဝင်မှာလာသည်။

မန္တိုလေးပြို့ ပထမပြို့တည် နန်းတည် ပဋ္ဌမသင်္ကြံယနာတင် နတ်ရွာစံ မင်းတရားကြီးလက်ထက် မင်းတရားကြီး၏ လက်ျာစံ မိဖုရားခေါင်ကြီးဖြစ်သော စကြာဒေဝီ မိဖုရားကြီးသည် သုတ္တန်ပိဋကတ် အဘိဓမ္မာပိဋကတ်များကို နှံ့စပ်ကုန်စင် သင်ကြားကြည့်ရှုပြီးသည်နောက် ဘိက္ခုဝိဘင်းမါဋိတော်မှစ၍ အစဉ်အတိုင်း ဝိနည်းငါးကျမ်းကို ကြည့်ရှုဘတ်နာသည်ဟု ဘတ်ရသူ စာတော်ဘတ်တို့ ပြောဆိုလျောက်ထား၍ ကြားသိရဘူးသည်။

အဋ္ဌမပုဏ္ဏာအဖြေပြီး၏။

နဝမပုဏ္ဏာအဖြေ

ပဗ္ဗဇိတဖြစ်သော ရဟန်းတော်တို့သည် လူဖြစ်သူ ဒါယကာတို့အား ဝိနည်းတရားကို ဟောကြားအပ်သည် မအပ်သည်များကိုလည်း အကျိုးအပြစ် ဝဏ္ဏုသက်သေနှင့်တကွသိလိုပါသည်။

ဟူသောပုဏ္ဏာခွဲ—

ရဟန်းတော်များသည် လူဖြစ်သူတို့အား ဝိနည်းဟရားကိုဟောကြားအပ်ပါ၏။

ဟောကြားဘူးသော ထုံးစံသက်ဆိုးကား.....

ဘုရားလက်ထက်တော်၌ ကိုဒ္ဒါဟိရိမည်သော နိဂုဏ်းဌိ အလန်္ဒာတမ်းခွန် လူသွန်မသာဖြစ်ကြကုန်သော အသင်္ဂဟပုဒ္ဂိုလ်သုက အဓမ္မဿိရိသော ဆင်္ဂဂ်ိဆရာဟိုသည် ငါရာမှသော တပည့်တပန်း ရဟန်းပရိသတ်နှင့်ကကွဏာဝဲသိက ရဟန်းတို့ဖြစ်ကြကုန်၏။ အလန်္ဒာမှကို အသန်းအကြယ်ပြုရာ

www.dhammaransi.com

၌ ထိုသူတို့ကို တူနိုင်သောသူ ၏သာသနာ၌ မကြားဘူးရ။ ထိုကြောင့် အလဇ္ဇီတမ်းခွန် လူလွန်မသားဟု ဆိုပေသည်။ ဆန်းကြယ်ပုံကိုဝိနည်းတော်မှာလာရှိသည်။အဘယ်ကြောင့် အံ့သြဘွယ် ဆန်းကြယ်စွာ ပြုနိုင်ကြလေသနည်းဟူမူ ထိုနိဂုမ်းရွာမှာ လဇ္ဇီရဟန်းကောင်းတို့သည် ကျောင်းကန်တိုက်တာနှင့် နေဘူးကြသေးပုံမရ။ ဆဗ္ဗဂ္ဂီတို့ပင် လက်ဦးကျပုံရသည်။သို့အတွက် ထိုရွာမှာထိုရဟန်းတို့ ဝိနည်းတရားကို နားမျက်စိ ဝဘူးသူ လူပညာရှိ နည်းပါးခိုက် ကြုံသောကြောင့်သူတို့ပြုကျင့်ချင်တိုင်း ပြုသာ၍ဆန်းကြယ်စွာ ဖြစ်ရလေသည်။ ထိုအခါ ထိုရွာသို့လမ်းခရီးကြုံကြိုက်၍ ရဟန်းကောင်းတပါးဆွမ်းခံဝင်လေရာ ငါးရာသော ဆဗ္ဗဂ္ဂီ အလဇ္ဇီသူရဲစီး၍ နေကြသော ထိုရွာသူများမြင်ကြလျှင် ဆွမ်းမလောင်းကြသည့်ပြင် ရန်သူကိုမြင်ကြသကဲ့သို့ ဆိုချင်တတ်တိုင်းဆိုဿ်လွှတ်ကြ၏။

ဆွမ်းရောဘဲထွက်လာသည်ကို ပညာရှိသူလူတဦးမြင်၍ အရှင် ဆွမ်းရပါ၏လောဟု မေးပေ၏။ မရဟုဆိုလေသော် ကိုယ်တော်ဆွမ်းမရအောင် ဘယ်သူမှပြုသောအမှုမဟုတ်။ ကိုယ်တော်တို့ ရဟန်းတော်များအတတ်ပင် ဖြစ်သည်ဆိုဿ် မိမိအိမ်သို့ ပင့်ဆောင်၍ကောင်းမွန်စွာ ဆွမ်းကျွေးပြီးလျှင် ဂါမဝါသီ ဆဗ္ဗဂ္ဂီဆရာတို့ ဆန်းကြယ်စွာပြုကြသော အမှုမျိုးအစုံကို ကုန်စင်အောင် လျှောက်ကြားပြီးလျှင် ဘုရားအထံသို့ ရောက်သောအခါ အကျွန်ုပ်တို့ ကိဋာဂိရိရွာသို့ သာသနာပြု ရဟန်းကောင်း စေလွှတ်တော်မူပါမည့် အကြောင်းကို တောင်းပန်လိုက်ပါသည်ဟူ၍ မြတ်စွာဘုရားအား လျှောက်ကြားပါလေဟု မှာဆိုဿ်လွှတ်လိုက်၏။ ထိုရဟန်း ဘုရားအထံတော်သို့ ရောက်၍လျှောက်ထားပေရာ နောက်ပါသံဃာ ငါးရာနှင့်တကွ အဂ္ဂသာဝကကြီးနှစ်ပါးကို ကိဋာဂိရိရွာသို့ သာသနာပြု စေလွှတ်တော်မူ၏။

www.dhammaransi.com

ထိုရွာသို့ရောက်လျှင် သံဃာတော်ပါးရာနှင့် အဂ္ဂသာဝကကြီးနှစ်ပါးတို့သည်ကျောင်းနားကန်နားသို့မချဉ်းမီ ရွာတွင်းသို့ကြွတော်မူပြီးလျှင် ကိဋာဂိရိတရွာလုံးမှာ အုန်းအုန်းညံ ဖြိုးလုံမျှ ဝိနည်းမိုး ရွာစေတော်မူကြ ပေကုန်၏။ ထိုအခါမှ ဝိနည်းကို ကြားသိကြသဖြင့် ဆရာများဓာတ်ကျောတွေသည်ပေါလောကြီးပေါ်ကြ၍ ဆရာများကျောင်းဆီကို သီရုံမျှ မသီကြသောကြောင့် ဆွမ်းကိစ္စသရောခိုင်းဝိုင်းညာပေးလှူသူ တကာမဲ့သဖြင့် အားနွဲ့ခြင်းရှိကြသောအခါမှ သာသနာပြုခွင့်ရ၍ ပဗ္ဗာဇနီယကမ္မာဝါဖြင့် ရွာနယ်မှ ခွါရှဲအောင် သူရဲထုတ် ထုတ်တော်မူကြရလေ သတည်း။

၏၌ထိုရွာသူတို့သည် ရဟန်းတို့တရားကို နားမျက်စိမဝဘူးကြသောကြောင့် ကုလဒူသနအမှုဖြင့် ဖြားယောင်းသင်္ဂြိုဟ်သော ထိုရဟန်းတို့၌ဂေဟာသိတ တဏ္ဍာတရားစည်ကား စိုရွှမ်း၍နေကြသည်ကို သဒ္ဓါကြည်ညိုသည်ဟု ထင်မှတ်ကြရကုန်၏။ ဝိနည်းတရားတော်ကို ကြားသိကြရ၍အသိဉာဏ်ဝင်လာသောအခါမှ ထိုတဏ္ဍာပြယ်ပျောက်လေ၏။ ထိုတဏ္ဍာလက်ကိုင်ရှိနေသမျှ ကာလပတ်လုံးထိုဆရာတို့၌ပူဇော်သည် လူဒါန်းသည်ဟု ပြုကြသော ဒါနကုသိုလ်များသည် ချစ်ကြည်သောသားသွီးများကို ပေးကမ်းချီးမြှောက်ထောက်ပံ့ကြသောသူတို့၏ ကုသိုလ်များနှင့်တူ၏။ ထက်ထက်သန်သန်အကျိုးပေးနိုင်သော အစွမ်းသတ္တိမရှိလေ။

ဝတ္တုဌ်သာသနာပြုမထေရ်မြတ်တို့သည် လူတို့အား ဝိနည်းတရားကို မဟောကြကုန်သည်ဖြစ်အံ့။ ဝိနည်းကိုမသိကြကုန်သော ထိုရွာသူတို့သည် သာသနာပြုသောအခါသူတို့ဆရာများစကားကိုသာနားဝင်၍ ဆရာများအပင်းအသင်း ပြုလုပ်ကြကုန်လတ္တံ့။ ပစ္စယဒါယကာအစုအပင်း အ

www.dhammaransi.com

သင်းရကြမူကား သာသနာပြုဆရာငါးရာမျှမက တထောင်ပင်လာကြသော်လည်း ဖြုံဖြုံမျှရှိကြကုန်မည်မဟုတ်။ ထိုကြောင့် သာသနာပြုဆရာ အရှင်သာရိပုတ္တရာအရှင်မောဂ္ဂလာန် အမှူးရှိသော သံဃာတော်ငါးရာတို့သည် ရှေးဦးစွာ ကိဋာဂိရိ တရွာလုံးကို ဝိနည်းမိုးကြီး ရွာစေတော်မူကြပေသတည်း။

မျက်မြင်မှာလည်း ရဟန်းကောင်းတို့ အမူအရာများကို နားမျက်စိ မဝဘူးရှာကြသောရှမ်းရွာစသော အောက်အထက်အရပ်ရပ်တို့၌ နေထိုင်ကြသော သူတို့သည်ပစ္စယဒါယကာဖြစ်သူ လူတို့ အသိပညာနည်းပါးလေလေ ရပ်နေ်ဆရာရွာနေဆရာတို့သိကျွာမွဲလေလေဖြစ်၍ နေကြမှုသည် ဒိဋ္ဌမျက်မြင်ပင်တည်း။ ထိုကြောင့်ရဟန်းတော်တို့သည် လူတို့အားသင့်လျော်သော ဝိနည်းဘရား များကို ပြောဟောခြင်းငှါ သင့်လျော်လှ၏။သို့သော်လည်း ရှေ့ပုစ္ဆာအဖြေမှာပြဆိုခဲ့သောအတိုင်း သပ္ပုရိသဓမ္မ အားကြီးသောသူကိုပြောဟောမှလျော်မည်၊သပ္ပုရိသဓမ္မအားနည်းသောသူကို ပြောဟောခဲ့လျှင် ထိုသူမှာ ဝန်လေးရန် အခွင့် များချေ၏။ သာသနာမှာမူကား ကောင်းတို့ရာ ဖြစ်၏။ ထိုသူမှာသာဝန်လေးရန်ရှိသည်။

ဥပမာကား .....

တရုပ်ပြည်မှာ တရုပ်လူမျိုးတို့၌ ဘုန်းကြီး လုပ်သောသူသည် သားမယား မယူရ လူမထွက်ရ၊သားမယား ယူလျှင် လူထွက်ခဲ့လျှင် ရပ်ရွာက သတ်၍ပစ်မြဲ ထုံ စံရှိ၏။ ဘာသာအလိုက် ဘုန်းကြီးတရားနှင့် ညီအောင် မကျင့်ဘဲ ဘောက်လဲဘောက်ပြန်ကျင့်ခဲ့လျှင် ရွာတိုင်းကခဲနှင့် ပစ်ထုတ်မြဲဆုံးစံရှိ၏၊ ထိုကြောင့် ထိုလူမျိုးမှာ ဘုန်းကြီး လုပ်မိလျှင် သားမယားယူမှု လူထွက်မှုမရှိပြီ။ ဘုန်းကြီးတရား

www.dhammaransi.com

ကိုလည်း တိမ်းတိမ်းပါးပါးမပြုဝံ့ပြီဟု တရုပ်လူမျိုးတို့ပြော ဆိုသည်ကိုကြားရဘူးသည်၊

လူတို့က ၀ရဲခံကြသည့်အတွက် ထိုတရုပ်ဘုန်းကြီးတို့ သာသနာမှာ ဘာသာအလိုက် ဘုန်းကြီးကောင်းချည်း ဖြစ်ပေလတ္တံ။ လူတို့မှာမူကား အပြစ်ဝန် လေး၏။ ထိုအတူ ယခုအခါ ဗုဒ္ဓဘာသာ သာသနာမှာလည်း လူဝိနည်းတတ်ပေါများ၍ ဝိနည်းတရားနှင့်မညီသော ရဟန်းတို့ကို ပိုးစိုးပက်စက် ဆိုရက်ပြောရက်သူပေါများလျှင် သာသနာမှာ ကောင်းဘို့ရာ ဖြစ်၏။ ဆိုသူပြောသူမှာ ဝန်ရှိ၏။ လူတို့က ဝိနည်းကိုသိ၍ ဝိနည်းရှိတိုင်း ညီညွတ်အောင် မကျင့်သော ရဟန်းကို လျှသူ ဒါန်းသူ ကိုးကွယ်သူမရှိဘဲနေခဲ့မူကားသာ သနာ၌ အလွန်ကောင်းဘို့ရာဖြစ်၏။ ပစ္စည်းလေးပါး တို့ဖြင့် အားပေးချီးမြှောက် ထောက်ပံ့လှူဒါန်းခြင်းကို ပြုကြမူကား အဘယ်အခါမှ သာသနာတော် ထင်ပေါ်ကြီးရင့် ဂုဏ်သီး ရင့်၍ ထွန်းတင့်ကောင်းစားနိုင်တော့မည်မဟုတ်ပေ။

ကောသမ္မိပြည်၌သံဃအဓိကရုဏ်းအကြီးအကျယ်ဖြစ် သောအခါ မြတ်စွာဘုရားကိုယ်တော်တိုင်ကြွသွား၍ များ စွာသောတရားဓမ္မ ဩဝါဒတို့ဖြင့် ဆုံးမတော် မူသည် ကို နားမထောင်ကြ, အနည်းနည်းဟောပြောပြသဆုံးမတော် မူသည်ကို နားမထောင်ကြ၍ မြတ်စွာဘုရားတိုင်းတပါးသို့ ကြွသွားတော်မူလေပြီဟု လူအများကြားသိကြသောအခါ ၏သံဃာတို့သည် မြတ်စွာဘုရားကိုယ်တော်တိုင်ကြွလာ၍ ဆုံးမတော်မူသည်ကိုမှ နားမထောင်ကြဟု သဒ္ဓါတရား ပျက်ကြ၍ ယခုနေ့မှစ၍ ၏အဓိကရုဏ်းမှုမငြိမ်းသမျှ ဆွမ်း မလောင်းကြစတမ်းဟု မြို့ရွာညီညာ၍ ကတိက ဒဏ်ချုပ် ပြုလုပ်ကြသောအခါ အလိုလိုနေ့ခြင်း ညခြင်း မာန်ကျ၍ ကုန်ကြလေ၏။

စားသုံးရန်မရှိ၍ ဝါမကွတ်ခင် အနိုင်အသက်ရှည်ကြ၍

www.dhammaransi.com

ဝါကျွတ်လျှင်ကျွတ်ခြင်း မြတ်စွာဘုရားအထံသို့သွားကြ၍ အဓိကရုဏ်းကို ငြိမ်းစေကြကုန်၏။ထိုသို့ မလှူကြစတမ်းဟူသောအမှုကိုမပြုကြဘဲ လှူမြဲဒါန်းမြဲ လှူဒါန်းကိုးကွယ်၍ နေကြမူကား ထိုအဓိကရုဏ်းသည် နောက်ကို ဆယ်နှစ်တိုင်အောင်ငြိမ်းမည်မဟုတ်။

၍သို့လျှင် သဗ္ဗညုမြတ်စွာ ဘုရားကြီး ကိုယ်တော်တိုင် ပြေငြိမ်းရာပြေငြိမ်းကြောင်းကိုဝတ္ထုနိပါတ် ဇာတ်ဒေသနာ ဂါထာစုဏ္ဏိယ ဓမ္မဒေသနာ အမျိုးမျိုးနှင့် ဟောဿမှ မရနိုင်သောအဓိကရုဏ်းကြီးကိုပစ္စယဒါယကာတဦးဖြစ်သူလူတို့ ညီညာ၍မငြိမ်းသမျှဆွမ်းမလောင်း ကြစတမ်း ပြုမှဝမ်းရေးနှင့်ကျ၍ခဏခြင်းငြိမ်းကြသည်ကိုထောက်သဖြင့်သာသနာထမ်းရဟန်းတို့ ကောင်းမှု မကောင်းမှုညီညွတ်မှုကွဲပြားမှုများသည် ပစ္စယဒါယကာဖြစ်သူလူတို့နေရာကျမကျကိုစွဲ၍ ဖြစ်ရသည်ဟုဆိုခွင့်ရှိချေသည်။

[၏ကားလူဝိနည်းတတ်ပေါများလျှင် သာသနာအထူးကောင်းမြတ်ရာသောယုတ္တိကိုပြဆိုသောအခဏ်းတည်း။]

နဝမပုစ္ဆာအဖြေပြီး၏။

ဒသမ ပုစ္ဆာအဖြေ

စတုပါရိသုဒ္ဓိသီလ လေးပါးတို့၏ အသီးအသီး လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် တို့နှင့်တကွ အင်္ဂါလက္ခဏာတို့ကို သိလိုပါသည်။

ဟူသောပုစ္ဆာ၌—

စတုပါရိသုဒ္ဓိသီလလေးပါးတို့နှင့် ဆက်ဆံသော သီလသာမည်၏လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကိုသာ ဝိသုဒ္ဓိမင်မှာ အဆိုလာချေသည်။ အသီးအသီး လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကိုအဆိုမလာ။

www.dhammaransi.com

သီလသာမည၏လက္ခဏာကား .....

သီလနလက္ခဏံ သီလံ ဒုဿိလျပိဒ္ဓံသနရသံ သောစေယျပစ္စုပဋ္ဌာနံ ဟိရိသြတ္တပ္ပ ပဒဋ္ဌာနံ။

သီလံ၊သီလသည်။ သီလနလက္ခဏံ၊ ကာယကံဝစီကံတို့ကိုကောင်းစွာထားခြင်း လက္ခဏာရှိ၏။ ဝါ၊ စတုဘူမက ကုသိုလ်တရားတို့ကိုကောင်းစွာဆောင်ခြင်းလက္ခဏာရှိ၏။ ဒုဿိလျပိဒ္ဓံသနရသံ၊ မကောင်းသော အလေ့ ရှိသည်၏ အဖြစ်ကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။ သောစေယျပစ္စုပဋ္ဌာနံ၊ ပွတ်သစ်သော ခရုသင်းကဲ့သို့ သန့်ရှင်းဖြူစင်သည်၏ အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ ဟိရိသြတ္တပ္ပပဒဋ္ဌာနံ၊ ဟိရိသြတ္တပ္ပ တရား နှစ်ပါးလျှင် နီးစွာသော လက်ကိုင် အကြောင်းရှိ၏။

[ဤသာမညပြဆိုသော စကားကိုင် လေးပါးဖြစ်အောင် ဝေဘန်၍ အနက်ယူသော်ရပါ၏။]

ပါတိမောက္ခသံဝရသီလဘို.....

သီလံ၊ပါတိမောက္ခသံဝရသီလသည်။သီလနလက္ခဏံ၊ ကာယကံ ဝစီကံကို ဖရိဖရဲမကျဲရအောင်ကောင်းစွာထား ခြင်း လက္ခဏာရှိ၏။ ဒုဿိလျပိဒ္ဓံသနရသံ၊ မဘွယ်မရာ မကောင်းစွာသောကိုယ်အလေ့ နှုတ်အလေ့တို့ကို ဖျက်ဆီး ခြင်းကိစ္စရှိ၏။ သောစေယျပစ္စုပဋ္ဌာနံ၊ ကိုယ်အပူ နှုတ်အပူ တို့၏ ဖြူစင်သန့်ရှင်းခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ဟိရိသြတ္တပ္ပပဒဋ္ဌာနံ၊ ကိုယ်အပူ အရာ နှုတ်အပူ အရာတို့ အဘွက် အရုပ်ပျက်မည်ကို ရှက်တတ်ကြောက်တတ်သော ဟိရိသြတ္တပ္ပလျှင် နီးစွာသော လက်ကိုင်အကြောင်းရှိ၏။

ဣန္ဒြိယသံဝရသီလဘို.....

သီလံ၊ဣန္ဒြိယသံဝရသီလသည်။ သီလနလက္ခဏံ၊ စက္ခုသောတအစရှိသော ဣန္ဒြေခြောက်ပါးတို့ကို ဖရိဖရဲ မကျဲရ

www.dhammaransi.com

အောင် ကောင်းစွာထား ခြင်း လက္ခဏာရှိ၏။ ဒုဿီလျဝိဒ္ဓံ သနရသံ၊ စက္ခုံ၏လျှပ်ပေါ် ခြင်း သောတ၏လျှပ်ပေါ် ခြင်း အစရှိသော ဇာန်ခြောက်ပါး တို့၏ တောမျောက်အလား လှုပ်ရှားလျှပ်ပေါ် လေ့လိပေါ့ပျင်း မငြိမ်သက်ခြင်း အာလေ့အကျက်တို့ကိုဖျက်ဆီး ခြင်းကိစ္စရှိ၏။ သောစေယျပစ္စုပဋ္ဌာနံ၊ ဇာန်ခြောက်ပါး တို့၏ ငြိမ်သက်ကြည်လင် ဖြူစင် သန့်ရှင်း ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ဟိရိဩတ္တပ္ပ ပဒဋ္ဌာနံ၊ ဇာန်ပျက်မည်းကို ရှက်တတ်ကြောက်တတ်သော ဟိရိဩတ္တပ္ပတရား နှစ်ပါးလျှင် နီးစွာသော လက်ကိုင်အကြောင်းရှိ၏။

အာဇီဝပါရိသုဒ္ဓိသီလဘို့.....

သိလံ၊ အာဇီဝပါရိသုဒ္ဓိသီလသည်။ သီလနှလက္ခဏံ၊ အာသက်မွေးခြင်းနှင့် စပ်သော ကာယကံမှ ဝစီကံမှ တို့ကို ဖရိဖရဲ မကျုံ့ရအောင်ကောင်းစွာထားခြင်း လက္ခဏာရှိ၏။ ဒုဿီလျဝိဒ္ဓံသနရသံ၊ ဝတ္ထုရောစား ပေါက်ရောစား မတရားသောအသက်မွေးခြင်း အလေ့အလာတို့ကို စွန့်ခွါပျက်ဆီး ခြင်းကိစ္စရှိ၏။ သောစေယျပစ္စုပဋ္ဌာနံ၊ အာသက်မွေးမှု၏ စင်ကြယ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ဟိရိဩတ္တပ္ပ ပဒဋ္ဌာနံ၊ သူတော်ကောင်းတို့၏ အလယ်၌ အာသက်မွေးမှု အတွက်နှင့် ကြက်သရေပျက်မည်းကို ရှက်တတ် ကြောက်တတ်သော ဟိရိဩတ္တပ္ပတရား နှစ်ပါးလျှင် နီးစွာသော လက်ကိုင်အကြောင်းရှိ၏။

ပစ္စယသန္နိဿိတသီလဘို့.....

သိလံ၊ ပစ္စယသန္နိဿိတသီလသည်။ သီလနှလက္ခဏံ၊ ပစ္စည်းလေးပါးနှင့် စပ်သော မတ္တညုတရားတို့ကို ဖရိဖရဲ မကျုံ့ရအောင် ကောင်းစွာ ထားခြင်း လက္ခဏာရှိ၏။ ဒုဿီလျဝိဒ္ဓံသနရသံ၊ ပစ္စည်းလေးပါး အရာ၌ သာယာ

www.dhammaransi.com

ခင်မင်ခြင်း အလေ့အလာ ဝါသနာစရိုက် အမိုက်အမဲတို့ကို စွန့်ပယ်ဖျက်ဆီးခြင်း ကိစ္စရှိ၏။ သောစေယျ ပစ္စုပဋ္ဌာနံ၊ ပစ္စည်းလေးသွယ်၌ ခင်တွယ်မက်မောသော ဂေဓသမ္ဘော ဟာ အညစ်အကြေးတို့မှ သန့်ရှင်းစင်ကြယ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ဟိဠိဿြတ္တာပပဋိပဒဋ္ဌာနံ၊ပစ္စည်းလေးပါး၌ ခင်တွယ် မက်မောသည့် အာဘွက်နှင့် လူသူတော်ကောင်း နတ်သူတော်ကောင်း ရဟန်းသူတော်ကောင်းတို့ အလယ်၌ အရှုပ်ပျက် အဆင်းပျက် အသရေပျက်မည်ကို ရှက်တတ် ကြောက်တတ်သော ဟိရိဿြတ္တာပ တရားနှစ်ပါးလျှင် နီးစွာသော လက်ကိုင်အကြောင်းရှိ၏။

[ဤသို့သိလသာမညဋ္ဌကထာဆိုရှိထားသော အဋ္ဌကထာစကားကို လေးပါးသောသိလတို့၏ အသီးအသီးသော လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ဖြစ်လေအောင်ဝေဘန်၍သိအပ်၏၊]

ဤလေးပါးသော သိလတို့ဋ္ဌပင် ဟိရိဿြတ္တာပသည် ပဒဋ္ဌာန်ဖြစ်နိုင်၏။အဘယ်ကြောင့်ဖြစ်နိုင်သနည်းဟူမူ—

သက်တော်ထင်ရှားမြတ်စွာဘုရားကြီး၏ဂုဏ်,အရိယာသံဃာတော်မြတ်တို့၏ဂုဏ်, ဝင်းဝင်းတောက် ဖြူစင်သော သိလ ကြက်သရေဘေဝင်တို့ကို နေ့ရှိသမျှ ကိုယ်တွေ့ဒိဋ္ဌကြည်ညိုသိမြင်၍ နေကြကုန်သောနတ်တို့သည် ဇမ္ဗူဒီပါကျွန်းအပြင်မှာမြေပြင်လုံးအပြည့် ကောင်းကင်လုံးအပြည့် ယခုရှိနေကြကုန်၏။ ထိုနတ်တို့သည် တန်ဆောင်မုန်းလတွင် ညအခါမှာ ကောင်းကင်ပြင်ဝယ် ကြယ်နက္ခတ်တို့ကို နေ့စဉ်ကြည့်ရှုရာ အကုန်အစင် ကြောင်ကြောင်မြင်ကြသော ဇဒင်တတ်ပုဏ္ဏားတို့ကဲ့သို့ ယခုရှိကြသော သာသနာထမ်းရဟန်းတော် သာသနာတော်မျာ်းကို နေ့နေ့ညည ခဏအစဉ်ကြောင်ကြောင်မြင်၍နေကြကုန်၏။

ဤသာသနာ၌ တစုံတယောက်သောရဟန်းသည် သိလလေးချိုးတို့တွင်တခုခုနှမ်းပါးမှုကိုပြုခဲ့သည်ရှိသော် ထိုနတ်

www.dhammaransi.com

တို့သည် နှလုံးမသာမျက်နှာကြို့ရုံ့နှာခေါင်းရှုံ့ကြကုန်၏။ ထိုအခါ ထိုရဟန်းသည်သာသနာစောင့်နတ်တို့၏ အလယ်၌ အရုပ်ပျက်လေ၏။ အရှက်ကွဲလေ၏။ လူတို့၌လည်း၍အတူ ဘုရားလက်ထက်တော်မှာရှိကြသော သာဝတ္ထိပြည်သူ ရာဇဂြိုဟ်ပြည်သူ လူသူတော်ကောင်း ဥပါသကာ ဥပါသိကာအပေါင်းတို့ကို နေ့နေ့ ညည ခဏအစဉ် ဒိဋ္ဌမြင်၍ လာကြကုန်သော ထိုနတ်တို့သည် ယခုအခါ၌လည်း သာသနာ၌ ဥပါသကာ ဥပါသိကာပြုလုပ်ကြကုန်သော လူတို့ကို နေ့နေ့ညည ခဏအစဉ် ကြောင်ကြောင်မြင်၍ နေကြကုန်၏။အာဂါရိယဝိနယသီလ အာစာရဝိနယ သီလ သပ္ပုသအချက် ပျက်ကွက်သောလူဥပါသကာ ဥပါသိကာတို့ကို မြင်ကြဲလျှင်ထိုအတူ နှလုံးမသာ မျက်နှာကြို့ရုံ့နှာခေါင်းရှုံ့ကြကုန်၏။ ထိုအခါ ထိုဥပါသကာ ဥပါသိကာပြုလုပ်သောသူသည် ထိုနတ်တို့အလယ်၌ အရုပ်ပျက် အဆင်းပျက်အရှက်ကွဲလေ၏။

အရှက်ကွဲမှုဆိုသည်ကား.....

မိမိအမှုကို မိမိရှက်ခြင်းမရှိသော်လည်း သီလလေးပါးကို လက်ကိုင်ပြု၍ ချုပ်အုပ်စောင့်ထိန်းသော် ဟိရိသြတ္တပ္ပ ပျက်လျှင် အရှက်ဧကန်ကွဲလေဟော့သတည်း။

ယခုသာသနာတော်တွင် ရှိနေကြကုန်သော ရဟန်းရှင်လူတို့သည် ထိုနတ်တို့၏အလယ်၌နေကြရကုန်၏။ ထိုနတ်တို့၏မျက်စိအောက်၌နေကြရကုန်၏။ ထိုကြောင့် ထိုနတ်တို့၏အလယ် ထိုနတ်တို့၏ရှေမှောက်၌ သီလလေးပါးတွင် တပါးပါးပျက်ကွက်၍အရုပ်ပျက် အဆင်းပျက်ဖြစ်မည်ကို ရှက်တတ်ကြောက်တတ်သောတရားသည်ဟိရိသြတ္တပ္ပမည်၏။ လူချင်းချင်းမျှကို ရှက်တတ်ကြောက်တတ်သော ဟိရိသြတ္တပ္ပ ကလေးမျှသည် သီလလေးပါးကို နိုင်အောင်မအုပ်ချုပ်နိုင်သေး။ လူမသိအောင် ပြုနိုင်သော မကောင်း

www.dhammaransi.com

မှုသည်အလွန်များပြားသေး၏။ မိမိနှင့်စပ်ဆိုင်ရာ လူရှင်မျှကိုသာ ရှက်တတ်သော ဒုဗ္ဗလဟိရီသြတ္တပ္ပ၌ကား ဆိုဘွယ်မရှိ။ငါယခုပြုသောအမှုကိုမြတ်စွာဘုရားယခုရှိလျှင်သိတော်မူ၍ ဘုရားရှေ့မှာ ငါရုပ်ပျက်မည်,မျက်နှာမလှဖြစ်ရမည်ဧကန်ဟုဘုရားကိုမြင်၍ ရှက်သော ဟိရီသြတ္တပ္ပသည်အထွဋ်အထိပ်မြတ်သောဟိရီ သြတ္တပ္ပပေတည်း။

"ပါပကရဏေ၊ မကောင်းမှုကို ပြုခြင်း၌။ ရဟောနာမ၊ ဆိတ်ကွယ်ရာအခါ ဆိတ်ကွယ်ရာ အရပ်မည်သည်။ နတ္ထိ၊ မရှိ" ဟူသောပါဠိတော်အဖွင့်၌ မိမိပြုသောအမှုကို မိမိရှေးဦးစွာသိသည်။ မိမိသိပြီးမှ မိမိကိုယ်စောင့်နတ် သိသည်။ ထိုနောက်မှမိမိကျောင်းစောင့်နတ် မိမိအိမ်စောင့်နတ် သိသည်စသည်ဖြင့်ပြဆိုသောအဋ္ဌကထာစကား၌—

က။ မိမိသိမှုမှာဟိရီသြတ္တပ္ပနှစ်ပါး,

ခ။ ကိုယ်စောင့်နတ် စသည် သိမှုမှာ ဟိရီသြတ္တပ္ပနှစ်ပါး,

မိမိသိမှုသည်သာပဓာနလိုရင်းတည်း။

မိမိသိမှုမှာ ဟိရီသြတ္တပ္ပဖြစ်ပုံကား.....

မိမိပြုသောအမှုကိုမိမိသည် မပြုမီရှေ့အဘို ပြုလိုသောဆန္ဒပြုမည်ဟု ကြီစကပင် သိ၏။ ပြုဆဲ၌လည်း သိ၏။ ပြုပြီးနောက်လည်းသိ၏။ ယခုငါပြုမည် စိတ်ရှိသော အမှုသည်နောင်ပြန်၍အမှတ်ရသောအခါစိတ်ကြည်ရမည့်အမှုလော, စိတ်ပျက်ရမည့်အမှုလော, ငါ့ကိုယ်ကို ငါကြည်ညို ရမည့်အမှုလော, ငါ့ကိုယ်ကိုငါ သဒ္ဓါတရားပျက်ရမည့်အမှုလော ဟု ဆင်ခြင်ရာ၏။မိမိကိုယ်ကိုမိမိ အကြည်ညို ပျက်ရမည်ကို မနှစ်သက်သည်ကား ဟိရီသည်း။ မရဲသည်ကား သြတ္တပ္ပတည်း။ မနှစ်သက်နှင့်မရဲကားတလုံးတည်းပေတည်း။

[သူတပါးသိမှုမှာလည်း ဤနည်းတူသိလေ။ ။သူတပါးသိလျှင် ငါ မျက်နှာလှမည်လော, မျက်နှာမလှမည်လောဆိုလေ။ ။မျက်နှာမလှ ဖြစ်ရမည်ကိုမနှစ်သက်သည်ကားဟိရီတည်း။မရဲသည်ကားသြတ္တပ္ပတည်းဆိုလေ။]

www.dhammaransi.com

မိမိသိမှုသည်သာ ပဓာနလိုရင်းဖြစ်ပုံကား.....

သူတပါးသိမှုမည်သည် ယခုဘဝ၌ မျက်နှာမလှ ဖြစ်ရ ဘို့သာရှိ၏။ မိမိသိမှုမှာမူကား ရဟန်းမှာ ဘာဝနာ တရား များကိုအားထုတ်မည်ရှိ သောအခါ၌ရင်း,သေတော့မည်ရှိ သောအခါ၌ရင်း,အနည်းငယ်မျှသောအပြစ်မှုသည်မြင့်မိုရ် တောင်ကြီး သဖွယ် ဖြစ်၍ ပေါ်လာ၏။ မြင့်မိုရ် တောင် ကြီးကိုပျောက်ကွယ်အောင်တွန်းဖယ်ဖျောက်ဖျက်ခြင်းငှါမ တတ်နိုင်သကဲ့သို့ထိုအပြစ်ကိုစိတ်ထဲတွင်မထင်လာအောင် တွန်းဖယ် ဖျောက်ဖျက်ခြင်းငှါ မတတ်နိုင် လောက်အောင် ဝန်ကြီး တခု အကြီး အကျယ် ဖြစ်၍ နေသည်ကို မြင့်မိုရ် တောင်ကြီးသဖွယ်ဆိုသတည်း။ ဘာဝနာမှုထဲမှာပေါ်လာ သောအခါဘာဝနာစိတ်ကိုငုံးငုံးတို၍သွားအောင်လောင်နှိုင် ၏။သေခါနီးအခါ၌ပေါ်လာသောအခါခြသေ့်တကောင်လာ လျှင် တရာတထောင်သောဆင်ပြောင်ကြီးတို့သည် ကြက် သေသေ၍နေကြရကုန်သကဲ့သို့ တသက်လုံးပြုခဲ့သော ဒါန မှု သီလမှု ကုသိုလ်ကြီး တရာ တထောင်တို့သည် ကြက် သေသေ၍နေကြရကုန်၏။ ထိုအပြစ်ကို မထင်လာအောင် မဖျောက် နိုင်သမျှ ထိုကုသိုလ်တို့ အင့်မှမလှုပ်ဝံ့ ကြကုန်။ အပါယ်သို့သာကြောင်ကြောင်တွန်း၍ချလေ၏။

၏သို့လျှင် မိမိပြုသောအမှုကို မိမိသိသော အမှုသည် သာလျှင် ဘာဝနာချာန်မင်ဖိုလ်၏ အနှုရာယ်ကြီး နတ်ရွာ သုဂတိ၏အနှုရာယ်ကြီးဖြစ်၍စင်စစ်ထိုရင်းပဓာနကြောက် မက်ဘွယ်ကောင်းလှလေသတည်း။

၏သို့သောအနက်ကြောင့် မကောင်းမှုကိုပြုသောသူတို့ အား ဆိတ်ကွယ်ရာ ကာလ ဆိတ်ကွယ်ရာ ဌာနဟူ၍ မရှိ ကြောင်းကိုဟောတော်မူပေသည်။ ထိုသို့သောအနှုရာယ် မှု ဖြစ်မည်ကို မနှစ်သက် မှုကား ဟိရိတည်း။ မရဲမှုကား

www.dhammaransi.com

ဩတ္တပ္ပတည်း။ မနှစ်သက် ခြင်းလည်း မဖြစ်လာ မရဲခြင်း တွန့်ဆုံခြင်းလည်း မဖြစ်လာသည်ကား ဟိရီဩတ္တပ္ပ ကင်း ခြင်းတည်း။ ထိုဟိရီဩတ္တပ္ပကင်းသောသူသည်ကား မိမိပြု သောမကောင်းမှုကို မိမိသိသည့်အတွက်ကြောင့် ကိစ္စမရှိ လှ၊သူတပါးကြားမည် သိမည်ကိုသာစိုးရိမ်၏။၍သို့သော ဟိရီဩတ္တပ္ပမျိုးသည်ကား ယခုဘဝ၌ ဈာန်မင်ဖိုလ်တရား ကိုရအောင် ယနေ့နက်ဖြန် ဘာဝနာ တရားကို အားထုတ် မည်ဟု အကြီပြုခြင်း တင်းလင်းရှိနေသောသူ,အပါယဒုက္ခ ကိုလည်းကြောက် သေခြင်းတရားကိုလည်း ယနေ့နက်ဖြန် ကဲ့သို့ထင်မြင်နိုင်သော သူတို့၌ဖြစ်သော ဟိရီဩတ္တပ္ပမျိုး ပေတည်း။

ယခုဘဝ၌ဈာန်မင်ဖိုလ်တရားကိုလည်း ဥဿာဟမရှိ။ သေခြင်းတရားကိုလည်း နီးလှစွာမထင်။ နောက်ဘဝမှုမှာ လည်း ကံချရာဟု အဝိဇ္ဇာဘက်သား လုံးလုံးလုပ်၍ နေကြ သောသူများမှာ ထိုကဲ့သို့သောဟိရီဩတ္တပ္ပရှိ ခဲစွ။ထိုကဲ့သို့ မိမိကိုယ်ကို အဝိဇ္ဇာဘက်သား လုံးလုံးလုပ်၍ထားကြသော သူတို့မှာ ပါတိမောက္ခသံဝရသီလ အာဇီဝပါရိသုဒ္ဓိသီလ နှစ်ပါးကို အလေးဂရု ပြုသူဖြစ်ပေလျှင် သီလဝန္တ ဆိုရ တော့သည်။ဇူဒ္ဓိယသံဝရသီလနှင့် ပစ္စယသန္ဓိဿိတသီလ နှစ်ပါးမှာ ထိုသူတို့၌ အစင်ကြယ်ကြီးမဖြစ်နိုင်ပြီ။ မဖြစ်နိုင် ကြောင်းကို ထိုသီလနှစ်ပါးသိမ်မွေ့ပုံ ခက်ခဲပုံ နက်နဲပုံကို မြင်တတ်မှသိနိုင်မည်။

[၏တွင်ရှေ့ကားသီလလေးပါးဘို့၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ကိုပြဆိုချက်ပြီး၏။]

အင်္ဂါလက္ခဏာတို့ကိုသိလိုပါသည်.....

ဟူရာဌ်လက္ခဏာမှာလက္ခဏရသပစ္စုပဋ္ဌာန်ပဒဋ္ဌာန်မှာ

www.dhammaransi.com

ပါလေပြီ။အင်္ဂါမှာပါတိမောက္ခသံဝရသီလ၌ထိုထိုသိက္ခာ ပုဒ်တို့၏ အင်္ဂါကို ပြဆို ရလိမ့်မည်။ များပြား လှ၍ မပြလိုက်ပြီ။

လိုရင်းမူကား.....

ရှေး၌ ပြဆိုခဲ့ပြီးသော လဇ္ဇီအင်္ဂါသုံးပါးသည် ပါတိမောက္ခသံဝရသီလ၏အင်္ဂါတည်း။

၁။ စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ မနောဒွါရဟု ဆိုအပ်သော ခြောက်ဒွါရတို့၌ ဒုဿီလတရား အက္ခန္တီတရား အညာဏတရား ကောသဇ္ဇတရား မုဌ္ဌဿစ္စတရား ၏ငါးပါးတို့၏ မဖြစ်ခြင်းတပါး,

၂။ ပုထုဇ္ဇန်ဂတိဖြစ်၍ ဖြစ်မိပြန် လျှင်လည်း "နပုနေဝံကရိဿာမိ" ဟု အာယတိံသံဝရစိတ်ဖြင့်ဓိဋ္ဌာန်ဆေးကြောခြင်းတပါး, ၏နှစ်ပါးသည် ဇုန္ဒြိယသံဝရသီလ၏ အင်္ဂါတည်း။

[ဒုဿီလဆိုသည်ကား အဘိဇ္ဈာမှု ဗျာပါဒမှု မိစ္ဆာဒိဋ္ဌိမှု သုံးပါးတည်း။ အက္ခန္တီကား ဒေါသအမျက်တည်း။ အညာဏကားမောဟတည်း။ ကောသဇ္ဇကားပျင်းရိမှုဘည်း။ မုဌ္ဌဿစ္စကား ယောနိသော မနသိကာရ သတိလွတ်ကင်းမှုဘည်း။ နပုနေဝံကရိဿာမိ၌ "ပုန၊ တဘန်။ ဧဝံ၊ ဤသို့။ နကရိဿာမိ၊ ငါမပြုဘော့အံ့" အနက်ပေး။ ။ဇုန္ဒြိယသံဝရသီလ၌ ကုစားနည်းဘည်း။ ။အလွန်သိမ်မွေ့သော သီလပေတည်း။ခြောက်ဒွါရ၌ အကုသိုလ်မပေါ်လာရအောင် စောင့်ထိန်းမှုတည်း။]

၁။ တရားနှင့် မလျော်သော အမမ္မိကပစ္စည်း ကို မခံမယူမသုံးဆောင်ခြင်း,

၂။ မသိ၍ ခံမိယူမိသုံးဆောင်မိခဲ့လျှင် ဆိုင်ရာ

www.dhammaransi.com

ကုစားနည်းနှင့် အလျင်အမြန် သုတ်သင်
ရှင်းလင်းခြင်း,
၏ကားအာဇီဝပါရိသုဒ္ဓိသီလ၏ အင်္ဂါနှစ်ပါးတည်း။

["ဆိုင်ရာကုစားနည်း" ဆိုသည်ကား အာပတ်သင့်သော အမှုဖြစ်အံ့။ ထိုဝတ္ထုကိုစွန့်ပစ်၍ အာပတ်ကို ဒေသနာကြားခြင်း, အာပတ်သင့်သော အမှုမဟုတ် အာဇီဝ သီလ ပျက်ရုံမျှ ဖြစ်ခဲ့အံ့။ ထိုဝတ္ထုကိုစွန့်ပစ်၍ "နပုနေဝံ ကရိဿာမိ" ဟု အာယတိံ သံဝရပြုခြင်းပင်တည်း။]

၁။ ဓမ္မိယလဒ္ဓ ပစ္စည်းလေးပါးတို့၌ ခံယူသော
အခါ၌ရင်း,
၂။ သုံးဆောင်သောအခါ၌ရင်း,
၃။ သုံးဆောင် ပြီးသည်မှ နောက် ယခုနေ့မ
လွန်မီ အတွင်း၌ရင်း,

"ပဋိသခ်ါ ယောနိသောစိဝရံ ပဋိသေဝါမိ သီတဿ ပဋိဃာတာယ" အစရှိသည်ဖြင့်လာသောအတိုင်း ဆင်ခြင်မှု ပဋိသခ်ါနညာဏ်ကို ဖြစ်စေခြင်းသည် ပစ္စယသန္ဓိသိတ သီလ၏ အင်္ဂါလက္ခဏာပေတည်း။

၏သီလကို အဘယ်ကြောင့် နက်နဲသည် ခက်ခဲသည် ဟု ဆိုသနည်း။ ပတီးစိပ်လေးပုဒ်ကို ရအောင်ပြု၍ဆင်ခြင်လျှင် စင်ကြယ်တော့သည်မဟုတ်လောဆိုငြားအံ့။ ပတီးစိပ်ပါဋိကို အခေါက်များစွာ ရွတ်ကာမျှနှင့်လည်း စင်ကြယ်ပြီမဆိုရသေး။ အနက်ကို အခေါက်များစွာ ရွတ်ကာမျှနှင့်လည်း စင်ကြယ်ပြီမဆိုရသေး။ အနက်ကပြဆိုသည့်အတိုင်း သတိပြုမိကာမျှနှင့်လည်း စင်ကြယ်သည် မဆိုလောက်သေး။ သက်နိုးပစ္စည်းနှင့်စပ်သော နိကန္တိတဏှာ, ဆွမ်းခဲဘွယ် ဘောဇဉ်နှင့်စပ်သော နိကန္တိတဏှာ, ကျောင်းကောင်း အိပ်ရာနေရာကောင်းနှင့်စပ်သော နိကန္တိတဏှာ, ဆီဦးထောပတ် သကာ သကြားများ တင်လဲ ဟူသော

www.dhammaransi.com

ဆေးပစ္စည်းနှင့်စပ်သော နိကန္တိတဏ္ဍာ, ဤတဏ္ဍာလေးမျိုး သည် ရဟန်းတို့မှာ အခွါအစွန့်ခက်ခဲ၏။ ပဋိသခ်ါယောနိ သောအရ ပဋိသခ်ါနဉာဏ် အမြင်သန်လှမှ ခွါနိုင်သည်။ ပစ္စည်းလေးပါးကို ဆင်ခြင်သောအခါ ပဋိသခ်ါနဉာဏ် ကောင်းကောင်းဖြစ်၍ ထိုတဏ္ဍာလေးပါး ကွာ၍ သွားမှ ထိုသီလစင်ကြယ်ပြီဆိုရသည် ပါရိသုဒ္ဓိဆိုရသည်။

ပဋိသခ်ါနဉာဏ်ဖြစ်ရန် အခွင့်မှာလည်း ပတိ.စိပ်ပါဋ္ဌိ ၏ အနက်သွားကို ကောင်းကောင်းထင်မြင်နိုင်မှ ပဋိသခ်ါန ဉာဏ်ပြီးသည်။အတုအပဝတ်ကြေတိုင်းကြေဆင်ခြင်သည် လုပ်ကာမျှနှင့် ပဋိသခ်ါန ဉာဏ်မဖြစ်။ ပဋိသခ်ါနဉာဏ် မဖြစ်ကလည်း ထိုတဏ္ဍာလေးစုံ ဖြုံဖြုံမှမရှိ။ ထိုတဏ္ဍာ လေးစုံမဖြုံချေကလည်း အဘယ်မှာ ပါရိသုဒ္ဓိ ဆိုနိုင်မည် နည်း။ ဤပဋိသခ်ါနဉာဏ်ရှိ မရှိ, ပါရိသုဒ္ဓိဖြစ် မဖြစ်, ဤ ပုဂ္ဂိုလ်မှာ ဤသီလရှိ မရှိကိုမူကား မျက်မြင်နှင့်ပင် သိနိုင် ရန်ရှိ၏။ ဤသီလ စင်ကြယ်သောသူမှန်လျှင် ဆွမ်းသက်နိုး ကျောင်း ဆေး ပစ္စည်းလေးပါးအရာ၌ သာယာဘွယ်တာမှု ကင်းရှင်း၏၊ သိမ်းဆည်းသိုထားမှုကင်းရှင်း၏။ ဆွမ်းတကာ ကျောင်းတကာ အငြိအတွယ်ကင်းရှင်း၏။ တောသမင်များ ကဲ့သို့ မိုဃ်းတနေရာ ဆောင်းတနေရာ နွေတနေရာ ချမ်း သာရာ တောမှာ တောင်မှာ နေနိုင်၏။ မြတ်စွာဘုရား ချီးမွမ်း တော်မူသော ပံသုကူသက်နိုး, ပိဏ္ဍိယာလောပ ဆွမ်း, ရုက္ခမူလကျောင်း, ပူတိမုတ္တဆေးတို့နှင့်ပင် အေးမြ ချမ်းကြည်စွာနေနိုင်၏။

ကျောင်း ကောင်းကောင်း သက်နိုး ကောင်းကောင်း ဆွမ်းကောင်းကောင်းနှင့်မှ အေးမြစိတ်ကြည်နိုင်သော သူ မှာ ဤသီလ ပါရိသုဒ္ဓိဖြစ်သည်မဆိုသာချေ။

[ဤကား စတုပါရိသုဒ္ဓိသီလလေးပါး၏ အင်္ဂါလက္ခဏာတည်း။]

ဒသမပုစ္ဆာအဖြေပြီး၏။

www.dhammaransi.com

ကောဒသမပုစ္ဆာအဖြေ

ရင်းစတုပါရိသုဒ္ဓိသီလ လေးပါးတို့တွင် ပါတိမောက္ခ သံဝရသီလကို ကျူးလွန်သောသူ၏အပြစ်, စောင့်ရှောက်သောသူ၏အကျိုး, ကျန်သီလသုံးပါးတို့မှာလည်း ရင်းအတိုင်း အကျိုးအပြစ်ကို ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်။

ဟူသောပုစ္ဆာ၌—

ပါတိမောက္ခ သံဝရသီလကိုကျူးလွန်မှုသည်—

၁။ ပါရာဇိက အနှိမဝတ္ထုကိုကျူးလွန်မှု,

၂။ ကြွင်းသော အာပတ်ခြောက်ပုံကို ကျူးလွန်မှု,

ဟူ၍ နှစ်ပါးရှိ၏။

ကြွင်းသောအာပတ်ခြောက်ပုံကိုကျူးလွန်ရာ၌လည်း—

၁။ လောကဝဇ္ဇကို ကျူးလွန်မှု,

၂။ ပဏ္ဏတ္တိဝဇ္ဇကို ကျူးလွန်မှု,

ဟူ၍နှစ်ပါးရှိ၏။

ပါရာဇိက အနှိမဝတ္ထုကို ကျူးလွန်သော သူသည် ဘိက္ခုပဋိညာဉ်ကိုမစွန့်မူ၍နေသည်ဖြစ်အံ့။ဒုဿီလရဟန်းမည်၏။ဘိက္ခုပဋိညာဉ်ကိုစွန့်၍ လူအဖြစ်သာမဏေအဖြစ်ရသေ့သူတော်အဖြစ်သို့ မရောက်ပေမူ သုဒ္ဓိဖြစ်ပေပြီ။ အပြစ်မဆိုသာပြီ။ ဒုဿီလရဟန်းအဖြစ်၌ တည်မူကား ထို ဒုဿီလရဟန်း၏အပြစ်သည်အဂ္ဂိက္ခန္ဓောပမသုတ်,အာဒိတ္တပရိယာယသုတ်, ပိဏ္ဍောလသုတ်စသည်တို့၌ များစွာလာ၏။ဝိသုဒ္ဓိမဂ်မှာလည်း အတော်လာ၏။

ဝတ္ထုသက်သေမှာ.....

ကဿပမြတ်စွာဘုရား သာသနာ၌ ဖြစ်ကြကုန်သော

www.dhammaransi.com

ဘိက္ခုဒုဿီလ ဘိက္ခုနီဒုဿီလ သိက္ခမာန်ဒုဿီလ သာမဏေဒုဿီလ သာမဏေမဒုဿီလတို့သည် စုတေသည်၏အခြားမဲ့၌ ဂိဏ္ဍကုဋ်တောင်မှာ ဘိက္ခုအသွင် ဘိက္ခုနီအသွင် သိက္ခမာန်အသွင် သာမဏေအသွင် သာမဏေမအသွင်နှင့် ပြိတ္တာတွေဖြစ်ကြ၍ ငါတို့ဘုရား လက်ထက်တိုင် မကျွတ်နိုင်ကြဘဲ ရှိနေကြသောဝတ္ထုတို့သည် နိဒါနဝဂ္ဂလက္ခဏ သံယုတ်ပါဠိတော်,ဝိနည်းစတုတ္ထပါရာဇိက ဝိဘင်းပါဠိတော်တို့မှာထင်ရှားစွာလာရှိသည်။

[ဆရာသမားများကိုလျှောက်ထားတောင်းပန်၍နာယူကြလေ။]

ကြွင်းသောအာပတ်ခြောက်ပုံကို စိတ်စေတနာနှင့်တကွ ကျူးလွန်၍မကုမစားနေသော အလဇ္ဇီ၏အပြစ်မှာ ထိုအာပတ်ကိုမကုစားသမျှကာလပတ်လုံးပညတ္တိဝိတိက္ကမန္တရာယ်ပြီ၏။ ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်၏။ သေလျှင်အပါယ်ဂတိမြဲ၏။

ဝတ္ထုသက်သေမှာ.....

ဓမ္မပဒအဋ္ဌကထာမှာလာသောရေကပတ္တနဂါးမင်းဝတ္ထုရှိလေပြီ၊ ။မသိ၍ပင်ကျူးလွန်သော်လည်း လောကဝဇ္ဇအရာဖြစ်ခဲ့လျှင်မကောင်းကျိုးကိုခံရသေး၏။ ယက္ခသံယုတ်တွင်လာသော လူစိလောမဘီလူး ခရလောမဘီလူးဝတ္ထုရှိလေ၏။ ထိုသီလတို့ကို လုံခြုံစွာစောင့်ရှောက်သူတို့၏အကျိုးမှာဝိသုဒ္ဓိမဂ်၌လာ၏။

[အပြစ်အကျိုးအလုံးစုံသည်ပင်လျှင် မဟာဝိသုဒ္ဓါရာမဆရာတော်စီရင်တော်မူအပ်သော ပရမတ္ထသရူပဘေဒနီစာအုပ်ကြီးမှာ အလွန်ပြည့်စုံစွာပါရှိလေပြီ။]

[နောက်သီလသုံးပါးတို့၏ အကျိုးအပြစ်ဝတ္ထုသက်သေတို့ကိုလည်း ထိုစာအုပ်မှာယူလေ။]

ကေကနိပါတ်ပါဌဇာတ် အဋ္ဌကထာ၌ ပစ္စယသန္နိဿိ

www.dhammaransi.com

တသီလပျက်ကုန်ဖေသာသူတို့သည် အပါယ်၌ပြည့်ကြကုန်သည်ဟုဆို၏။ ဓမ္မပဒအဋ္ဌကထာ၌လည်းဘုရားလက်ထက်တော်၌ ဇေတဝန်ကျောင်းတော်အတွင်းမှာ ရဟန်းတပါးသေလွန်ရာ သင်္ကန်းခြုံတပ်စွန်းသော တဏှာကြောင့် ထိုသင်္ကန်းမှာပင်သန်းဖြစ်သည်ဟုလာ၏။ ထိုသို့ဆိုရာလာရာတို့၌ ပိဓိသန္ဓိကဖြစ်သော ဓမ္မိယလဒ္ဓပစ္စည်း၌ တပ်စွန်းမှုသည်တစုံတခုသော ကမ္မပထဘင့်ပါဝင်သော အမှုမဟုတ်ရကား ထိုတဏှာကိုခြို၍ တပါးသောကံတို့က အပါယ်သို့ချသည်ဟုယူကြ၏။

ကောဒသမပုဏ္ဏာသအဖြေပြီး၏။

ဒွါဒသမပုဏ္ဏာသအဖြေ

သံယိကဒါနမျိုးတို့၏ သရုပ်အဓိပ္ပါယ်ကို သူနည်းလှုပုံနှင့်တကွသိလိုပါသည်။

ဟူသောပုဏ္ဆာ၌—

ဥပရိပဏ္ဏာသဒကို့ကာ ဝိဘင်္ဂသုတ်၌ "သတ္တိမာ အာနန္ဒ သံယဂတာ ဒက္ခိဏာ"အစရှိသည်ဖြင့် သံယိကဒါန်ရခုနစ်မျိုးကိုဟောတော်မူသည်။

၁။ ဘုရားအမှူးရှိသော ဥဘတောသံဃာအား လှူဒါန်းခြင်းတပါး,

၂။ ဘုရားမရှိသည့်နောက် ဥဘတောသံဃာသက်သက်အားလှူဒါန်းခြင်းတပါး,

၃။ ဘိက္ခုနီသံဃာသက်သက်အား လှူဒါန်းခြင်းတပါး,

၄။ ဘိက္ခုနီသံဃာသက်သက်အားလှူဒါန်းခြင်းတပါး,

၅။ သံဃာများရာတို့က်တာ၌ တပည့်ဖြတောင်တို့

www.dhammaransi.com

အား သံဃာ တပါးပေးပါ နှစ်ပါးပေးပါ တကျိပ်ပေးပါ နှစ်ကျိပ်ပေးပါ စသည်ဖြင့် လျှောက်တောင်းရာ သံဃာတော်များက ညွှန်ကြားချပေး၍ရသော သိက္ခုသံဃာ ဘိက္ခုနီသံဃာအားလှူဒါန်းခြင်းတပါး,

၆။ ဘိက္ခု သံဃာ သက်သက်မှာ လျှောက်တောင်းရာ သံဃာတော်များက ညွှန်ပြချပေး၍ ရသောဘိက္ခု သံဃာ သက်သက်အားလှူဒါန်းခြင်းတပါး,

၇။ ဘိက္ခုနီ သံဃာ သက်သက်မှာ လျှောက်တောင်းရာ ဘိက္ခုနီသံဃာကညွှန်ပြချပေး၍ရသော ဘိက္ခုနီသံဃာအားလှူဒါန်းခြင်းတပါး,

ဟူ၍သံဃိကဒါနခုနစ်ပါးရှိ၏။

ပါဠိတော်၌"အာနန္ဒ။ အာနန္ဒာ။ သံဃဂတာ၊ သံဃာ၌တည်ကုန်သော။ဝါ၊သံဃာသို့ရောက်ကုန်သော။ဒက္ခိဏာ၊ အလှူတို့သည်။ ဣမာသတ္တ၊ ၍ခုနစ်ပါးတို့တည်း"ပေး။ ။ "သံဃဂတာ"ဟူသောပုဒ်၌ ကြီးမြတ်ဖွံ့ဖြိုးသော အကျိုးကို အလိုရှိသည်ဖြစ်၍ သံဃဂတအလှူကို လှူဒါန်းလိုသည်ရှိသော် မလှူမီရှေးအဘို့၌ သုပ္ပဋိပန္နတာအစရှိသောသံဃဂုဏ်တော်များကိုဆင်ခြင်၍ ပုဂ္ဂိုလ်၌တည်သော စိတ်ကို ကောင်းစွာသုတ်သင်၍သံဃာ၌တည်သောစိတ်ကိုဖြစ်စေရာ၏။

အဘယ်သို့ဖြစ်စေရာသနည်းဟူမူကား.....

ယခုရှိနေကြသောရဟန်းတော်ဆရာတော်သံဃာတော်ပုဂ္ဂိုလ်တို့တွင် မည်သည့် ရဟန်းတော် ပုဂ္ဂိုလ် မည်သည့် ဆရာတော်ပုဂ္ဂိုလ် မည်သည့်သံဃာတော်ပုဂ္ဂိုလ်ကို ငါပင့်

www.dhammaransi.com

မည် ငါလူမည်ဟူပုဂ္ဂိုလ်၌တည်သောစိတ်ကို မဖြစ်စေမူ၍ သုပ္ပဒိုပန္နဂုဏ်နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား တပည့်တော်မြတ် သားတော်မြတ် ဖြစ်တော်မူပေသော သံဃာတော်မြတ်အား ငါလူမည်ဟူ၍ သော်၎င်း, အရှင် ကောဏ္ဍညထေရ် အစရှိကုန်သောပထမဝါ ဗာရာဏသီ ပြည် ဒိဂဒါဝုန်တော၌ အကျွတ်တရားကိုရတော်မူကြကုန် သော ခြောက်ကျိပ်ကျော်မျှသောသံဃာတော်, ထိုနောက် သုံးကျိပ်မျှသော ဘဒ္ဒဝဂ္ဂီ သံဃာတော်, ဥရုဝေလကဿပ ထေရ် အစရှိကုန်သော တထောင်မျှသော သံဃာတော်, အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန် အမှူးရှိ ကုန် သောနှစ်ရာငါးကျိပ်မျှသောသံဃာတော်, ရာဇဂြိုဟ်ပြည် မှကပိလဝတ်ပြည်သို့ကြွတော်မူရာ အတူပါကုန်သော နှစ် သောင်းမျှသော သံဃာတော်တို့မှစ၍ ပရိနိဗ္ဗာန် စံတော် မမူမီ အကျွတ်ရတော် မူကြကုန်သော လက်ထက်တော်ရှိ သံဃာတော်, ထိုးနောက်ပထမသင်္ဂါယနာတင်အရှင်မဟာ ကဿပအစရှိသော ပထမ အနှစ်တရာ အဘွင်းရှိ သံဃာ တော်, ဒုတိယသင်္ဂါယနာတင် အရှင်ယသထေရ် အမှူးရှိ ကုန်သော ဒုတိယ အနှစ်တရာ အဘွင်းရှိ သံဃာတော်, တတိယသင်္ဂါယနာတင် အရှင်မောဂ္ဂလိပုတ္တတိဿထေရ် အမှူးရှိကုန်သော တတိယအနှစ်တရာ, စတုတ္ထအနှစ်တရာ အဘွင်းရှိ သံဃာတော် အစရှိကုန်သော တပါးမကျန် အ လုံးစုံသော မြတ်စွာဘုရားတပည့်သား သံဃာတော်မြတ် အား ငါလူမည် ဆွမ်းတကာငါခံမည် သင်္ကန်းတကာ ငါခံ မည် ကျောင်းတကာငါခံမည်ဟူ၍သော်၎င်း, ဤသို့ပုဂ္ဂိုလ် နှင့်စပ်သောစိတ်ကို ဝေးစွာရှောင်ကြဉ်၍ သံဃာ၌ တည် သောစိတ်ကို ဖြစ်စေရာ၏။

ထိုကြောင့်အစ္ဆကဆာ၌ .....

ကာသာဝကဏ္ဍသံယုတ္တသဒ္ဒါကိုပန ကော

www.dhammaransi.com

သောဓေါတိ။ သာဂိုပုတ္တ မောဂ္ဂလာနာ ဒယော အာသီတိမဟာထေရာ သောဓေန္တိ၊ အပိစ ဗုဒ္ဓကာ-လေ ပဂိနိဇ္ဇုတော ထေရေ အာဒိံကတွာ ယာဝဇ္ဇ-ဒေရမာနာ ဒိဏာသဝါ သောဓေန္တိယေဝ။

ဟူ၍မိန့်ဆိုပေသည်။

ကာသာဂကဏ္ဍံသံဃသဿ၊ ၍သာသနာ၌သက်နှံးလည် ပင်း ရောက်သော နောက်ပိတ် ဒုဿီလ ကာသာဝကဏ္ဍံ သံဃာအား။ ဒိန္နဒက္ခိဏံပန၊ လွှအပ်သော သံဃိကအလွှ ကိုမူကား။ ကော၊ အဘယ်သံဃာသည်။ သောဓေတိ၊ အ ကျိုးကြိုးအောင် ချိုးဖြောက် သုတ်သင် ပေသနည်း။ ဇာတိ၊ ၍ကား အဓေး ပုဆို၁ တည်း။ သာဂိုပုတ္တ မောဂ္ဂလာနာ ဒယော၊ အရှင် သာဂိုပုတ္တရာ အရှင် မောဂ္ဂလာန် အစ ရှိ ကုန်သော။ အာသီတိ မဟာ ထေရာ၊ ရှစ် ကျိပ် သော မဟာထေရ် တို့သည်။ သောဓေန္တိ၊ အကျိုးကြိုးအောင် ချိုးဖြောက်သုတ်သင်ပေကုန်၏။ အပိစ၊စင်စစ်သော်ကား။ ဗုဒ္ဓကာလေ၊မြတ်စွာဘုရားလက်ထက်တော်၌။ပဂိနိဇ္ဇုတော၊ ကိလေသာမီး ငြိမ်းတော် မူကြကုန်ပြီးသော။ ထေရေ၊ မထေရ်မြတ်တို့ကို။ အာဒိံကတွာ။အစပြု၍။ ယာဝဇ္ဇဒေရမာ နာ၊ယခုနေ့တိုင် ထင်ရှားရှိကြပေကုန်သော။ဒိဏာသဝါ၊ ရဟန္တာတို့သည်။ သောဓေန္တိယေဝ၊ အကျိုးကြိုးအောင် ချိုးဖြောက် သုတ်သင်တော် မူကြပေကုန်သည် သာလျှင် တည်း။

၍သို့မိန့်စကားကို သံဃာ၌ကည့်စေ၍ သံဃာ၌ ရောက် စေ၍ သံဃာကို အာဂုံပြု၍ လွှရာ၌ သက်နှံးအလွှဖြစ်ခဲ့ဘုံ။ ထိုအလွှဒါယကာသည် ငါတို့ဘုရားသာသနာ၌ အလုံးစုံ သော သံဃာတော်မြတ်၏ သက်နှံးဒါယကာ ဖြစ်လေ၏။ ဆွမ်းအလွှဖြစ်ခဲ့ဘုံ။ ထိုအလွှဒါယကာသည် ငါတို့ဘုရား သာသနာ၌ အလုံးစုံသော သံဃာတော်မြတ်၏ ဆွမ်း

www.dhammaransi.com

ဒါယကာဖြစ်လေ၏။ ကျောင်းအလှူဖြစ်ခဲ့အံ့။ ထိုကျောင်းတကာသည်ငါတို့ဘုရားသာသနာ၌ အလုံးစုံသော သံဃာတော်မြတ်၏ကျောင်းတကာဖြစ်လေ၏။အရှင်သာရိပုတ္တရာ၏ ကျောင်းတကာဖြစ်လေ၏။ အရှင်မဟာမောဂ္ဂလာန်၏ ကျောင်းတကာဖြစ်လေ၏။ အရှင်ကောဏ္ဍည အရှင်မဟာကဿပအစရှိသောအသီတိမဟာသာဝကတို့၏ ကျောင်းတကာဖြစ်လေ၏။ အကုန်လုံးသော ဘုရားတပည့်သား သံဃာတော်မြတ်တို့၏ ကျောင်းတကာ ဖြစ်လေ၏။ ။ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော မြတ်စွာဘုရားကိုရည်စူး၍ ယခုကာလ၌ ဘုရားစေတီ တည်ထား ကိုးကွယ်သော သူကို ဘုရားတကာခေါ်ရသည်နှင့်အတူတူပင်တည်း။

ထိုဘုရားတကာ ခေါ်ရာ၌လည်း ဘုရားလိုဏ်တွင်း၌ တည်ထားသောရုပ်ပွါးတော်၏တကာဆိုလိုသည်မဟုတ်၊ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော သဗ္ဗညုမြတ်စွာဘုရား၏ ကျောင်းတကာဆိုလိုပါသတည်း။

[ဤသံဃိကကျောင်းမှာလည်း ထိုအတူမှတ်ပါ။]

ထိုလှူအပ်ပြီးသော သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်း လေးပါးတို့ကိုမူကား လောက၌ သားသွီး ပေါများသော သူတို့မှာ အချို့သော သားသွီးတို့ သေလွန်ကြကုန်လျှင် သေလွန်သူတို့ပါ ပိုင်ဆိုင်သော အမွေဥစ္စာတို့ကို ကျန်ရှိသော သားသွီးတို့သာ ရယူခံစံကြရကုန်သကဲ့သို့ ယခုရှိနေသော သံဃာတော်တို့သာ ရယူခံစံကြရကုန်၏။ရေစက်ချ၍ အမျှပေးဝေသည်တိုင်အောင် ဤသို့သော သံဃဂတစိတ်ကို ကောင်းစွာ တည်စေရာ၏။ ပြုလုပ်လှူဒါန်းသော အခါ၌မူကား ကျောင်းဖြစ်အံ့။ မိမိစိတ် ကြည်ညိုရာ တိုက်တာ၌ဆောက်လုပ်၍ ကြည်ညိုရာပုဂ္ဂိုလ်များကိုပင့်ဆောင်၍ ရေစက်ချရာ၏။သင်္ကန်း ဆွမ်း ဆေးတို့မှာလည်း အိမ်မှာဖြစ်စေ ဆက်ဆံကြည်ညိုရာ ကျောင်းတိုက်မှာဖြစ်စေ ထို

www.dhammaransi.com

အတူ မိမိကြည်ညိုရာကိုပင့်ဆောင်၍ ရေစက်ချအပ်၏။ရေစက်ချပြီးသောအခါ၌ သံဃာတော်များမှာ ဝိနည်းတော်ဥပဒေနှင့် နေရာကျပြု၍ သုံးဆောင်ကြလတ္တံ။

[ဤကား"သံဃဂတာ ဒက္ခိဏာ"ဟူသော ပါဠိတော်မြတ်၌ သံဃဂတ ဒက္ခိဏာဖြစ်ပုံ အဝိပ္ပါယ်တည်း။]

ဘုရားအမှူးရှိသော ဥဘတော သံဃာအား လှူဒါန်းခြင်းဟူသောပထမသံဃိကဒါနဖြစ်ပုံကား.....

ဘုရားနှင့်တကွ ဘိက္ခုသံဃာ ဘိက္ခုနီသံဃာကို ပင့်ဘိတ်၍ ဘုရားရှေ့၌ "ဗုဒ္ဓပမုခဿ သံဃဿ ဒေမ"ဟူ၍ ၎င်း, "ဗုဒ္ဓပမုခဿ ဥဘတော သံဃဿ ဒေမ" ဟူ၍၎င်း ဆိုဿုခြင်းတည်း။

ဘုရားမရှိသော နောက်ကာလ၌ကား.....

ဘုရားဓာတ်တော်ရှိသောရုပ်ပွါးဆင်းတုတော်ကိုဘုရားနေရာ၌ထား၍ ဗုဒ္ဓပမုခဥဘတောသံဃိကအလှူကို လှူနိုင်သေးသည်ဟု အဋ္ဌကထာ၌လာ၏။

"သဓာတုကံ ပတိမံ အာသနေ ထပေတွာ အာဓာရကေ ပတ္တံ ထပေတွာ ဒက္ခိဏောဒကံ အာဒိံကတွာ သဗ္ဗံ သထ္ထု ပထမံ ဒတွာ ဥဘတောသံဃဿ ဒါတဗ္ဗံ"။

[အဋ္ဌကထာ။]

သဓာတုကံ၊ ဘုရားဓာတ်တော် အစစ်ရှိသော။ ပတိမံ၊ ရုပ်ပွါးဆင်းတုတော်မြတ်ကို။ အာသနေ၊ ဘုရားနေရာ၌။ ထပေတွာ၊ထား၍။ အာဓာရကေ၊သပိတ်ခြေ၌။ပတ္တံ၊သပိတ်ကို။ထပေတွာ၊ထား၍။ ဒက္ခိဏောဒကံ၊အလှူရေကို။အာဒိံကတွာ၊ အစပြု၍။ သဗ္ဗံ၊ အလုံးစုံသော လှူဘွယ်ဝတ္ထုကို၊ သထ္ထု၊ မြတ်စွာဘုရားအား။ ပထမံ၊ ရှေးဦးစွာ။ ဒတွာ။

www.dhammaransi.com

လျှပြီး၍။ ဥဘတော သံဃသ၊ ဥဘတော သံဃာအား။ ဒါတဗ္ဗံ၊ ကပ်လျှအပ်၏။

"ဘုရားဓာတ်တော်အစစ်ရှိသော ရုပ်ပွါးဆင်းတုတော်ကို ဘုရားအရာ၌ ထားရမည်" ဟူသောစကား၌ အကျိုးအထူးကြီးမြတ်စေခြင်းငှါ ဘုရား ဓာတ်တော် အစစ်ရှိသော ရုပ်ပွါးဆင်းတုတော်ကို အထူးဝိသေသ ဆိုသည်။ ဘုရားဓာတ်တော်အစစ်မရှိသော ရုပ်ပွါးဆင်းတုတော်ကို ထား၍လျှသော်လည်း ဗုဒ္ဓပမုခပင်ဖြစ်ရာပါ၏။

ဘုရားမရှိသည့်နောက်ဥဘတောသံဃာသက်သက်အား လျှဒါန်းခြင်း.....

ဟူသောဒုတိယ၌ သိသာလှပြီ။

ဘိက္ခုသံဃာသက်သက်အားလျှဒါန်းခြင်း.....

ဟူသောတတိယသံဃိက၌ ဘုရားဓာတ်တော်အစစ်ရှိသော ရုပ်ပွါးဆင်းတုတော်ကို ရှေ့၌ထား၍ ဆိုခဲ့ပြီးသော နည်းဖြင့်လျှဒါန်းပါမူ ဗုဒ္ဓပမုခ ဧကတောသံဃိက အလျှဆိုသင့်ပါ၏။

ဘိက္ခုနီသံဃာသက်သက်အားလျှဒါန်းခြင်း .....

ဟူသောစတုတ္ထ၌လည်း ထိုနည်းအတူတည်း။ ။ယခုကာလ၌ကား **ဘိက္ခုနီ**သံဃာမရှိပြီ။ ။၍အလျှ လေးပါးကားတိုက်ရှိသံဃာကိုပင့်၍ လျှသော အလျှမျိုးတည်း။

ပဥ္ဥမ-ဆဋ္ဌမ-သတ္တမအလျှ.....

တိုက်ရှိသံဃာကုန်မတတ်နိုင်၍ ဘိက္ခုသံဃာတို့တိုက်မှရင်း ဘိက္ခုနီသံဃာတို့ တိုက်မှရင်း မိမိတို့အလိုရှိသမျှသံဃာကို တိုက်တာအကြီးအကြပ်တို့ထံလျှောက်တောင်း၍ လျှသောအလျှသည် ဥဒ္ဒိဿက သံဃိက အလျှမည်၏။ ပဥ္ဥမ ဆဋ္ဌမ သတ္တမ အလျှ သုံးပါးကားဥဒ္ဒိဿကသံဃိက

www.dhammaransi.com

အလှူ သုံးပါးပေတည်း။ ဥဒ္ဒိဿက ဆိုသည်ကား ဘယ်ပုဂ္ဂိုလ် ဘယ်သံဃာကိုဟု ဒါယကာက ရည်စူးသည်မဟုတ်။ တိုက်တာသံဃာအကြီးအကြပ်တို့ညွှန်းချရာပုဂ္ဂိုလ်ကိုလှူရသောအလှူတည်း။

၏ဥဒ္ဒိဿက သံဃိက သုံးမျိုး၌ ဒါယကာစိတ် မတတ်လျှင် သံဃဂတ ဒက္ခိဏမြောက်ခဲကြောင်းကို အဋ္ဌကထာ၌၏သို့ဆိုပေ၏။

သံဃဂတံ ဒက္ခိဏံ ဒဿာမီတိ ဒေယျဓမ္မံ ပဋိယာဒေတွာ ဝိဟာရံ ဂန္တွာ ဘန္တေ သံဃတော ဥဒ္ဒိသိတွာ ဧကံ မဟာထေရံ ဒေထာတိ ဝဒတိ။ အထ သံဃတော သာမဏေရံ လဘိတွာ သာမဏေရော မေ လဒ္ဓေါတိ မညိတွာ အညထတ္တံ အာပဇ္ဇတိ။ တဿ ဒက္ခိဏာ သံဃဂတာ နဟောတိ။မဟာထေရံ လဘိတွာပိ မဟာထေရော မေ လဒ္ဓေါတိ သောမနဿံ ဥပ္ပါဒေန္တဿာပိ နဟောတိယေဝ။

[အဋ္ဌကထာ။]

သံဃဂတံ၊ သံဃာဋ္ဌတည်သော။ ဒက္ခိဏံ၊ အလှူကို။ ဒဿာမိ၊ ငါလှူအံ့။ ဣတိ၊ ၏သို့ကြီ၍။ ဒေယျဓမ္မံ၊ လှူဘွယ်ဝတ္ထုကို။ ပဋိယာဒေတွာ၊ ဆိမ်၌စီမံပြီး၍။ ဝိဟာရံ၊ တခုသောကျောင်းတိုက်သို့။ ဂန္တွာ၊ သွား၍။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃတော၊ သံဃာမှ။ ဥဒ္ဒိသိတွာ၊ ညွှန်းချ၍။ ဧကံမဟာထေရံ၊ ထေရ်ကြီးဝါကြီးသိဘွာတော်ကြီးတပါးကို။ ဒေထ၊ ပေးကြပါကုန်လော့။ ဣတိဝဒတိ၊ သည်ပုံလျှောက်တောင်းလေ၏။ အထ၊ ထိုအခါ၌။ သံဃတော၊ သံဃာတော်မှ။သာမဏေရံ၊ သာမဏေငယ်ကို။လဘိတွာ၊ ရ၍။မေ၊ငါ့အား။သာမဏေရော၊ သာမဏေငယ်ကို။လဒ္ဓေါ၊ ရဘိ၏။ဣတိ၊ ၏သို့။မညိတွာ၊ အောက်မေ့၍။ အညထတ္တံ၊

www.dhammaransi.com

မကြည်မသက် သဒ္ဓါပျက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်ခဲ့အံ့။ တဿ၊ထိုဒါယကာ၏။ ဒက္ခိဏာ၊အလှူသည်။ သံဃဂတာ၊ သံဃာဌ်တည်သည်။ နဟောတိ၊ မဖြစ်ပြီ။မဟာထေရံ၊ထေရ်ကြီးဝါကြီး သိက္ခာကြီး ဆရာတော်ကြီးကို။လဘိတွာပိ၊ရသည့်အတွက်လည်း။မေ၊ငါ့အား။မဟာထေရော၊ ထေရ်ကြီး ဝါကြီး သိက္ခာကြီး ဆရာတော်ကြီးကို။ လဒ္ဓေါ၊ ရပါပေ၏။ဣတိ၊ဤသို့။ သောမနဿံ၊အပိုအမိုဝမ်းမြောက်ခြင်းကို။ဥပ္ပါဒေန္တဿာပိ၊ဖြစ်စေသော ဒါယကာ၏လည်း။ ဒက္ခိဏာ၊ အလှူသည်။ သံဃဂတာ၊ သံဃာဌ်တည်သည်။ နဟောတိယေဝ၊မဖြစ်သည်သာလျှင်တည်း။

[ရှေးအခါ၌ ဥဒ္ဒီဿကသံဃိက လှူဒါန်းသူပေါများကြ၍ တိုက်တာမှာအလှည့်ကျသံဃာစာရင်းနှင့်ထားရသည်။]

မထေရ်ကြီးကို ရပါလိုသည်ဟု လျှောက်တောင်းသော်လည်းတောင်းရာကို ညွှန်းချရသည်မဟုတ်။စာရင်းအလှည့်ကျရောက်ရာကိုသာ ညွှန်းချရသည်။ သို့အတွက်ကြောင့်မထေရ်ကြီးဟုဆို၍ တောင်းသော်လည်း မထေရ်ကြီးကိုမရသာမဏောငယ် ကလေးများကို ရသော အလှည့်ရှိလေသတည်း။

သံဃိကဒါနအစစ်မြောက်လိုသောဒါယကာမှာမူကား ရှေးဌ်ပြဆိုခဲ့ပြီးသော သံဃဂတစိတ်ကိုသာ ခိုင်မြဲစွာပြု၍ ငါသည်အကျိုးကြီးပွါးလိုလှ၍ သံဃိကအလှူကိုသာ လှူလိုရင်းဖြစ်သည်။ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်အစရှိသော ဘုရားတပည့်သား သံဃာအလုံးစုံသည်သာ ငါ၏အလှူခံဖြစ်သည်။ ယခုထေရ်ကြီးဝါကြီးဆရာတော်ကြီး ရရှိသော်လည်း၏ထေရ်ကြီး ဝါကြီး ဆရာတော်ကြီးသည် ငါ့အလှူခံမဟုတ်။ သာမဏောငယ်ကိုရသော်လည်း ၏သာမဏောငယ်သည် ငါ့အလှူခံမဟုတ်။ အလှူမြောက်ရုံမျှခံသမားဖြစ်သည်ဟု စိတ်နှလုံးခိုင်ခိုင်ထား၍ ရရှိသောပုဂ္ဂိုလ်

www.dhammaransi.com

၏မျက်နှာကိုရင်း လောကကိုရင်း မကြည့်ဘဲ လှူနိုင်ပါမှသံ ဃိကအစစ်မြောက်နိုင်သည် ဟူလိုပါသတည်း။ ခဲယဉ်း လှ၏။

သာမဏေငယ်ကိုပင်ရသော်ရင်း အလဇ္ဇီဒုဿီလကိုပင် ရသော်ရင်း အရှင်သာရိပုတ္တရာကို ရိုသေလေးမြတ်စွာ ပြုနိုင်သကဲ့သို့ ထိုသာမဏေငယ် အလဇ္ဇီဒုဿီလကိုလည်း ရိုသေလေးမြတ်စွာ ပြုနိုင်ရသည်။ မပြုနိုင်လျှင်ပင် ထိုအလှူရှင်စိတ် အရှင်သာရိပုတ္တရာသို့မဆိုက်ပြီ။ သာမဏေငယ် အလဇ္ဇီဒုဿီလဘွင်သာဆိုက်တိုက်၍နေပြီ။

၏အရာ၌အဌကထာမှာဝတ္ထုလာ၏.....

ကျောင်းတိုက်တကာ သူကြွယ်တယောက်သည် သံဃဂတအလှူမြောက်လို၍မိမိတိုက်မှာဥဒ္ဒိဿကသံဃာတပါး လျှောက်တောင်းလေ၏။ ဒုဿီလ ရဟန်းတယောက်ကိုရလေ၏။ ဘုရားကို အရိုအသေအလေးအမြတ် ပြုသည်နှင့် ထပ်တူပြုပေ၏။ပြုပုံကား နေရာကိုကောင်းမွန်စွာလိမ်းကျ၏။ အဘိုးတန် အထည်တို့ကိုခင်း၍ အထက်၌ဗိတာန်မျက်နှာကြက်ကြက်မိုး၏။ ဘုရားကိုပူဇော်သကဲ့သို့ ထိုဒုဿီလ ရဟန်းကို ပန်းနံ့သာအခိုးအထုံတို့ဖြင့် ပူဇော်ပေ၏။ ခြေဆေးခြင်း ခြေကိုနံ့သာဆီတို့ဖြင့်လိမ်းခြင်း ပျပ်ဝပ်ခယမ်းခြင်းများကိုပြု၍ အလွန်ရိုသေစွာကပ်လှူလေ၏။ ဒုဿီလ မှန်းသိလျက်အဘယ်ကြောင့် ၏သို့ရိုသေလေးမြတ်ခြင်းကို ပြုသနည်းဟု သူတပါးတို့ကဆိုကြသောအခါ ထိုပုဂ္ဂိုလ်ကို လှူသောအလှူမဟုတ်။ ထိုပုဂ္ဂိုလ်ကို ပြုသောအမှုစုမဟုတ်။ သံဃာကိုငါလှူသည်။ သံဃာကိုငါပြုသည်ဟုဆိုပေ၏။

ဗုဒ္ဓဿ နိပစ္စကာရံ ကရောန္တော ဝိယ သံဃေ စိတ္တီကာရေန ဒေယျဓမ္မံ အဒါသိ။

ဗုဒ္ဓဿ၊သက်တော်ထင်ရှား ဘုရားမြတ်စွာအား။ နိပစ္စ

www.dhammaransi.com

ကာရံ။ရိညွတ်ဝပ်တွားခြင်းကို။ကရောန္တောဝိယ၊ ပြုသည်နှင့်အတူ။သံဃေ၊အရိယသံဃာ၌။ စိတ္တီကာရေန၊ကြည်ညိုရိသေခြင်းဖြင့်။ တဿ၊ ထိုဒုဿီလရဟန်းအား။ဒေယျဓမ္မံ၊ လှူဘွယ်ဝတ္ထုများကို။ အဒါသိ၊ကပ်လှူလေ၏။

[ဤကား မေးလျောက်ရင်းပုစ္ဆာတွင်ပါရှိသော သံဃိကဒါနတို့၏ သရုပ်အမိပ္ပါယ်ကို လူနည်းလူပုံနှင့်တကွ ထုတ်ပြဖြေဆိုချက်ဘည်း။]

ပုစ္ဆာ၌ မပါသော်လည်း ထိုပါဠိတော်မှာ ပါရှိသော ပုဂ္ဂလိက တဆဲ့လေးပါးကိုပြဆိုဦးအံ့။

တိရစ္ဆာန်ပုဂ္ဂိုလ်	၁,
လူဒုဿီလ	၁,
လူသီလဝန္တ	၁,
သာသနာပချာန်ရရသေ့	၁,
အရိယာပုဂ္ဂိုလ်	၈,
ပစ္စေကဗုဒ္ဓါ	၁,
သဗ္ဗညုဘုရား	၁,
ပေါင်း	၁၄,

၏တဆဲ့လေးတွင် လူသီလဝန္တဆိုသည်ကားသာသနာ ပ ဂဟဋ္ဌလူသီလဝန္တကိုဆိုသတည်း။

သရဏဂုမ်သုံးပါး ကောင်းစွာတည်၍ သာသနာတွင်း ပါဝင်သော လူဂဟဋ္ဌကိုကား အရိယာ ရှစ်ယောက် တွင် သောတာပတ္တိ ဖလသစ္ဆိကိရိယာယ ပဋိပန္နပုဂ္ဂိုလ်ဟု ဆိုအပ်သော သောတာပတ္တိမဂ္ဂဋ္ဌ ပုဂ္ဂိုလ်မှာ သင်္ဂြိုဟ်သျက် ပါဝင်သည်။

ထိုကြောင့်အဋ္ဌကထာ၌.....

သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နေတိ ဧတ္ထ ဟေဋ္ဌိမကောဋိယာ တိသရဏဂတော ဥပါ-သကောပိ သောတာပတ္တိ ဖလသစ္ဆိ ကိရိယာယ

www.dhammaransi.com

ပဋိပန္နောနာမ။ တသ္မိံ ဒိန္နဒါနံပိ အသဒ္ဓေယ္ယံ အပ္ပ-
မေယ္ယံ။ ပဉ္စသီလေ ပတိဋ္ဌိတဿ ပန တတော
ဥတ္တရိ မဟပ္ဖလံ။ဒသသီလေ ပတိဋ္ဌိတဿ တတော
ဥတ္တရိ မဟပ္ဖလံ ဥတ္တမကောဋိယာ ပန မဂ္ဂသမဂီ
သောတာပတ္တိဖလသစ္ဆိကိရိယာယပဋိပန္နောနာမ။
တေဿဒိန္နဒါနံ။တတော ဥတ္တရိ မဟပ္ဖလမေဝ။
ဟုဖွင့်ဆို၏။

သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နေတိတ္တေ၊ သောတာပတ္တိဖလသစ္ဆိ ကိရိယာယပဋိပန္နေ ဟူသော ၏ ပါဋိတော်ပါဌ်၌။ဟေဋ္ဌိမကောဋိယာ၊အောက်ဆုံးဖြစ်သော အစွန်းအားဖြင့်။ တိသရဏဂတော၊ သရဏဂုမ်သုံးပါးစွဲမြဲ သော။ဥပါသကောပိ၊ ဥပါသကအင်္ဂါနှင့် ပြည့်စုံသသူ လူ ဂဟဋ္ဌသည်လည်း။ သောတာပတ္တိဖလသစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကိုမျက်မှောက်ပြုခြင်းဌါ။ပဋိပန္နောနာမ၊ ကျင့်ပေသောသူမည်ပါ၏။ တသ္မိံ၊ ထိုသရဏဂုမ် သုံးပါး လုံသောသူ လူဥပါသကာ၌။ဒိန္နဒါနံပိ၊ သဒ္ဓါကြည်ဖြူကျွေး မွေးပေးကမ်းသော ဒါနသည်လည်း။ အသဒ္ဓေယ္ယံ၊ အဆ အသဒ္ဓေ ဘဝအသဒ္ဓေအကျိုးပေးနိုင်၏။ အပ္ပမေယ္ယံ၊ မနှိုင်း ရှည့် သာသောအာနိသင်ရှိ၏။ ။ပဉ္စသီလေ၊ ပဉ္စသီလ၌။ ပတိဋ္ဌိတဿပန၊ တည်သော လူသီလဝန္တ ပုဂ္ဂိုလ် အား။ ဒိန္နဒါနံ၊ သဒ္ဓါကြည်ဖြူကျွေးမွေးပေးကမ်းသော ဒါနသည်။ တတော၊ ထိုသရဏဂုမ်မျှတည်သသူ လူဂဟဋ္ဌ ပြုသော ဒါနထက်။ ဥတ္တရိ၊ အလွန်။မဟပ္ဖလံ၊ကြီးသောအကျိုးရှိ၏။ ဒသသီလေ၊ဆယ်ပါးသီလတည်သူလူသီလဝန္တ၌။ ဒိန္နဒါနံ၊ သဒ္ဓါကြည်ဖြူကျွေးမွေးပေးကမ်းသောဒါနသည်။တတော၊ ထိုပဉ္စသီလ၌တည်သူ လူသီလဝန္တ ဂဟဋ္ဌ၌ပြုရသော ဒါန ထက်။ ဥတ္တရိ၊ အလွန်။ မဟပ္ဖလံ၊ ကြီးသော အကျိုး ရှိ၏။ ဥတ္တမကောဋိယာပန၊ အစွန်းအားဖြင့်အထက်ဆုံး ကား။

www.dhammaransi.com

မဂ္ဂသမဂီ၊ သောတာပတ္တိမဂ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည်၊ သောတာပတ္တိဖလသစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကိုမျက်မှောက်ပြုခြင်းငှါ။ ပဋိပန္နောနာမ၊ ကျင့်သောပုဂ္ဂိုလ်မည်၏။ ဧတာဿ၊ ထိုသောတာပတ္တိမဂ္ဂဋ္ဌ ပုဂ္ဂိုလ် အား။ ဒိန္နဒါနံ၊ သဒ္ဓါကြည်ဖြူ ကျွေးမွေး ပေးကမ်း သော ဒါနသည်။ တတော၊ ထိုပုထုဇ္ဇန်ကိုလှူသောဒါနထက်။ ဥတ္တရိ၊ အလွန်။ မဟမ္ဖလမေဝ၊ အကျိုးကြီးမြတ်တော့သည်သာလျှင်တည်း။

၏သို့သရဏဂုမ်သီလ စွဲမြဲကြသော ဂဟဋ္ဌဖြစ်သူ လူမိန်းမ လူယောကျ်ားများသည် သောတာပန်အနီး၌တည်သော သောတာပတ္တိဖလ သစ္ဆိကိရိယ ပဋိပန္နပုဂ္ဂိုလ် အရာ၌ပါဝင်ကြောင်းကိုဖွင့်ဆိုပေ၏။

[သာသနာထမ်း ပုထုဇ္ဇန်ရဟန်း ပုထုဇ္ဇန်သာမဏေတို့ကား ဆိုဘွယ်မရှိ။ ဧကန္တပါဝင်လေတော့သည်။]

ပါဋိတော်၌ သရဏဂုမ်မျှ မရှိကြသော တရုပ်ကုလား အစရှိသော သာသနာမှ အပ ဂဟဋ္ဌဖြစ်သူတို့၌ ဒုဿီလ တမျိုး သီလဝန္တတမျိုး အလှူခံပုဂ္ဂိုလ်နှစ်မျိုး ခွဲခြမ်း၍ဟောတော်မူ၏။ သာသနာတွင်းဖြစ်သူ လူဂဟဋ္ဌ သာမဏေရ ဘိက္ခု ပုထုဇ္ဇန်များကိုကား ဒုဿီလ သီလဝန္တနှစ်မျိုး ခွဲခြမ်း၍မလာ။ ထိုသို့ ပါဋိတော်မှာမလာသော်လည်း အဋ္ဌကထာ၌ သရဏဂုမ်တည်သူ လူဂဟဋ္ဌကို အစတည်၍ပြသဖြင့် သီလဝန္တသာမဏေ သီလဝန္တရဟန်း တို့မှာ ဆိုဘွယ်ရာမရှိ ပါဝင်မှုထင်ရှားပြီ။

အလဇ္ဇီသာမဏေ ဒုဿီလ သာမဏေ အလဇ္ဇီရဟန်း ဒုဿီလ ရဟန်းတို့၌မူကား အလှူခံပုဂ္ဂိုလ် တဆဲ့လေးတွင် အဝင်အပါဖြစ်မဖြစ် ဝိဝါဒရှိကြကုန်၏။

ဧကန်စင်စစ် ပါဝင်ကြောင်းကို မိလိန္ဒပဉ္ဟာ ပါဋိတော်မြတ်ဖြင့် ဆုံးဖြတ်ဖြေဆိုအပ်၏။

www.dhammaransi.com

"ဘန္တေ နာဂသေန ဂိဟိဒုဿီလဿစ သမဏ-
ဒုဿီလဿစ ကော ဝိသေသော"

အစရှိသည်ဖြင့် လူဒုဿီလနှင့် ရဟန်းဒုဿီလအဘယ်ဿိုထူးကြပါသနည်းဟု မေးလျှောက်ရာ—

"ဒသယိမေ မဟာရာဇ ဂုဏာ သမဏဒုဿီ-
လဿ ဂိဟိဒုဿီလတော ဝိသေသေန အတိရေ-
ကာ၊ ဒသဟိစ ကာရဏေဟိ ဥတ္တရိ ဒက္ခိဏံ
ဝိသောဓေတိ"။

အစရှိသည်ဖြင့် ဖြေဆိုဟောကြားတော်မူပေ၏။

ဟောရာဇ၊မင်းကြီး။ ဂိဟိဒုဿီလတော၊ လူဒုဿီလထက်။ သမဏဒုဿီလဿ၊ရဟန်းဒုဿီလအား။ ဣမေဒသ ဂုဏာ၊၍ဆယ်ပါးသောဂုဏ်တို့သည်။ဝိသေသေန၊ အထူးအားဖြင့်။ အတိရေကာ၊ လွန်ကဲပေကုန်၏။ ဒသဟိစ ကာရဏေဟိ၊ဆယ်ပါးသောအကြောင်းတို့ဖြင့်လည်း။ ဥတ္တရိ၊ အလွန်။ဒက္ခိဏံ။ဒါယကာတို့၏ အလှူဒါနကို။ဝိသောဓေတိ၊ အကျိုးကြီးအောင် ချီးမြှောက်သုတ်သင်နိုင်၏။

[လူဒုဿီလဆိုသည်ကား မူဆိုးတံငါစသည်တည်း။]

ဘိက္ခုဒုဿီလဂုဏ် ၁၀-ပါး.....

ထိုလူဒုဿီလထက် လွန်မြတ်သောဂုဏ် ၁၀-ပါးဆိုသည်ကား—

၁။ ဗုံဒွေ၊ဣတိပိ သောဘဂဝါ အရဟံ အစရှိသောဘုရားဂုဏ်၌။သဂါရဝေါ၊ ရိုသေခြင်းရှိ၏။

၂။ ဓမ္မေ၊ သွာက္ခာတော ဘဂဝတာ ဓမ္မော အစရှိသော တရားဂုဏ်၌။ သဂါရဝေါ၊ရိုသေခြင်းရှိ၏။

www.dhammaransi.com

၃။ သံယော၊သုပ္ပဋိပန္နော အစရှိသော အရိယ
သံဃရတ်၌။ သင်္ဂါရဝေါ၊ ရှိသေခြင်းရှိ၏။
၄။ သဗြဟ္မစာရိသု၊ သီတင်းသုံးဘော်တို့၌။သ
ဂါရဝေါ၊ရှိသေခြင်းရှိ၏။
၅။ ဥဒ္ဒေသပရိပုစ္ဆာဒယ။ ပါဋိအဋ္ဌကထာ သင်
ကြားမှု၌။ ဝါယမတိ၊ လုံ့လမကင်းရှိ၏။
သဝနဗဟုလော၊ တရားကျမ်းဂန်စကားကို
ကြားရန်ာရမျှား၏။
၆။ မဟာရာဇ၊ မင်းကြီး။ ဒုဿီလော၊ ရဟန်း
ဒုဿီလပုဂ္ဂိုလ်သည်။ ဘိန္နသီလောဝိ၊သီလ
ပျက်ပြီးဖြစ်သော်လည်း။ ပရိသာဂတော၊
လူပရိသတ် ရှင်ပရိသတ် ဒေးလယ်သို့ရောက်
သည်ရှိသော်။ အာကပ္ပံ၊ရဟန်းကောင်းတို့
၏အသွင်အပြင်ကို။ဥပဋ္ဌပေတိ၊ ဖြစ်စေ၏။
၇။ ဂရဟာဆယာ၊ လူအများ ကဲ့ရဲ့ မည်ကို
ကြောက်သောကြောင့်။ကာယိကံ၊ ကာယ
ကံမှုကိုဂုဏ်း။ဝါစသိကံ၊ဝစီကံမှုကိုဂုဏ်း။ ရက္ခ
တိ၊စောင့်၏။
၈။ အာသဇ၊ ထိုဒုဿီလရဟန်း၏။ ဧတ္တံ၊ စိတ်
သည်။ ပခဝနဘိမုခံ၊ရသွေ့သူတော် လူသူ
တော်အဖြစ်နှင့် ဘာဝနာတရားများကိုအား
ထုတ်ကာ နေရသော် ကောင်းမြတ်ရာ၏ဟု
ပခဝနအမှုဌ်ရှေ့ရှုသည်။ ပေါတိ၊ ဖြစ်၏။
၉။ ဘိက္ခု၊သာမည်၊ရဟန်းဟူသောသမုတ်ခြင်း
သို့။ ဥပဂတော၊ ရောက်သည်။ ဟောတိ၊
ဖြစ်၏။
၁၀။ မဟာရာဇ၊ မင်းကြီး။ သမဏဒုဿီလော၊
ရဟန်းဒုဿီလသည်။ ပါပံ၊မကောင်းမှုကို၊

www.dhammaransi.com

ကရောင်္ကနော်ဝတီ၊ ပြုပါသော်လည်း။ ပဒုံဆွန်း လျှိုလျှိုဒွက်ဒွက်။ အာစရတီ၊ ပြု၏။

[ဤကားဂုဏ်ဆယ်ပါးတည်း။]

လူဒုဿီလ၌ထိုဂုဏ်ဆယ်ပါးတွင် တပါးပါးမျှပြောပစရာမရှိ။ ထိုကြောင့်ထိုဂုဏ်ဆယ်ပါးတွင် တပါးပါးမျှပြောပစရာရှိလျှင်ပင် ရဟန်းဒုဿီလက သာလွန် တော့သည်။ ရှေးဦးပြုဆိုခဲ့ပြီးသော သီဟိုဠ်မင်းသည် ၍ဂုဏ်ဆယ်ပါးတွင်"ဂရဟာဘယာ ကာယိကံ ဝါစသိကံ ရက္ခတိ"ဟူသော သတ္တမဂုဏ်, "ပါပံ ပဒုံဆွန်း အာစရတိ" ဟူသော ဒသမဂုဏ်များနှင့် ပြည့်စုံသည်ကို မြင်နိုင်သော ပညာရှိဖြစ်ပေသတည်း။"ဘိက္ခုသာမညံ ဥပဂဂတော ဟောတိ"ဟူသော ၍ပါဠိတော်ကိုထောက်ပြော်၍ထိုဒုဿီလသည် ငါရဟန်းဟူသော ပဒုံညာဉ်ကို မစွန့်သေးသမျှ ကာလ ပတ်လုံး လူလည်း မဟုတ်သေး။ သာမဏေလည်း မဟုတ်သေး။ လူသာမဏေတို့၏ အထက်ဖြစ်သော ရဟန်းထဲကပင်ရှိသေးသည်ကိုသိအပ်၏။

[ရှေးဦးလည်း ဤအဓိပ္ပါယ်ကို အထပ်ထပ်ပြဆိုခဲ့လှပြီ။]

ထိုဒုဿီလ ရဟန်းကို အမှုလကအားဖြင့် ဒုဿီလစကားနှင့် စပ်စွဲဆဲရေးမိသည်ရှိသော် ရဟန်းကောင်းကို စပ်စွဲဆဲရေးမိသည်နှင့် အတူ စပ်စွဲဆဲရေးသူ ရဟန်းတို့အား အာပတ်ကြီးတပ်၍ ပညတ်တော်မူသော ဝိနည်းပါဠိတော်မြတ်နှင့် ဤမိလိန္ဒပဉ္ဉာပါဠိတော်အလာသည် ညီညွတ်လျှင်၏။ လူတို့က ထိုဒုဿီလရဟန်းကို စိတ်ကြမ်းနှုတ်ကြမ်းနှင့်စပ်စွဲဆဲရေးမိရာ၌ကား ဆိုဘွယ်မရှိဟုသိထိုက်လျှင်၏။

ဘိက္ခုဒုဿီလဒက္ခိဏာဒိသုန္ဒိအကြောင်း-၁၄-မျိုး .....

ထိုဒုဿီလပုဂ္ဂိုလ်၌လျှဒါန်းသူ ဒါယကာတို့၏ အလှူဒါန

www.dhammaransi.com

အကျိုးကြီးရာသော ဒက္ခိဏ ဝိသုဒ္ဓိအကြောင်း ဆယ်ပါးဟူသည်အဘယ်နည်းဟူမူကား—

၁။ သော၊ထိုရဟန်းဒုဿီလပုဂ္ဂိုလ်သည်။ အာဟဝကဝစ ဓာရဏတာယပိ၊ တထောင့်ငါးရာ ကိလေသာ စစ်ဒွဲ၌ သူရဲတို့ကြိယာဖြစ်ကုန်သော သက်နိုးသပိတ် ပရိက္ခရာတည်းဟူသော ချပ်ဝတ်မိန်ညိုတို့ကို ကိုယ်၌ဝတ်ဆင်သော အားဖြင့်လည်း။ ဒက္ခိဏံ၊ ဒါယကာတို့၏အလှူဒါနကို။ ဝိသောဓေတိ၊ အကျိုးကြီးအောင် ချီးမြှောက် သုတ်သင်နိုင်၏။

["ဝိသုဇ္ဈတိတိ မဟပ္ဖလဘာဝေနဝိသုဇ္ဈတိ။ မဟပ္ဖလံ ဟောတီတိ အတ္ထော" ဟူသောအဋ္ဌကထာဇွင့်ကိုထောက်၍ "ဝိသောဓေတိ" ပုဒ်အနက်ကိုသိလေ။]

၂။ ဇူသိသာမည ဘဏ္ဍလိဂ် ကရဏတောပိ၊ ရသေ့ ရဟန်းအနေ အထွေထွေသော အသွင်အပြင် အမူအရာကို ပြုသောအားဖြင့်လည်း။ဒက္ခိဏံ၊ဒါယကာတို့၏အလှူဒါနကို။ ဝိသောဓေတိ၊အကျိုးကြီးအောင်ချီးမြှောက်သုတ်သင်နိုင်၏။

၃။ သံဃသမယမနုပဝိဋ္ဌတာယပိ၊ သံဃသမယဌ်အစဉ်သက်ဝင်သည်၏အဖြစ်အားဖြင့်လည်း။ဒက္ခိဏံ၊ ဒါယကာတို့၏အလှူဒါနကို။ ဝိသောဓေတိ၊အကျိုးကြီးအောင်ချီးမြှောက်သုတ်သင်နိုင်၏။

၄။ ဗုဒ္ဓမ္မသံဃသရဏဂတတာယပိ၊ ဗုဒ္ဓသရဏဂုမ် ဓမ္မသရဏဂုမ် သံဃသရဏဂုမ် တည်သောအားဖြင့်လည်း။ ဒက္ခိဏံ၊ ဒါယ

www.dhammaransi.com

ကာတို့၏ အလ္လုဒါနက်ိုး။ ဝိသောဓေတိ၊ အကျိုးကြိုးအောင်ချိုးဖြောက်သုတ်သင်နိုင်၏။

၅။ ပဓာနာတိသယ နိကေတဝါသိတာယဝိုး လွန်မြတ်သော ဘာဝနာတရားကို အားထုတ်ရာဌာနဖြစ်သောသံဃာတို့ကျောင်းဌိသာစွဲမြဲစွာ နေမှုရှိသော အားဖြင့်လည်း။ ဒကွိဏ်၊ဒါယကာတို့၏အလ္လုဒါနကို။ဝိသောဓေတိ၊အကျိုးကြိုးအောင် ချိုးဖြောက်သုတ်သင်နိုင်၏။

၆။ ဇိနသာသနဓရပရိဂယသနတောဝိ၊ ဘုရားသာသနာတည်ရာအခွင့်ကိုမှာဗိုးသောအားဖြင့်လည်း။ဒကွိဏ်၊ဒါယကာတို့၏အလ္လုဒါနကို။ ဝိသောဓေတိ၊ အကျိုးကြိုးအောင် ချိုးဖြောက်သုတ်သင်နိုင်၏။

၇။ ပဝဝုဓမ္မဒေသနတော့ဝိ၊ မြတ်သောဓမ္မကထာအနုမောဒနာတရားကို ဟောပြောမှုရှိပေသောအားဖြင့်လည်း။ဒကွိဏ်၊ဒါယကာတို့၏အလ္လုဒါနကို။ ဝိသောဓေတိ၊အကျိုးကြိုးအောင်ချိုးဖြောက်သုတ်သင်နိုင်၏။

၈။ ဓမ္မဒီပကတိပရာယဏတောဝိ၊ဝိဒူကတ်သုံးဖြာဒေသနာ ဆိမိုးလျှင် စိတ်၏ တည်ရာလည်းလျောင်းရာ ဂိုဒေသးသော အားဖြင့်လည်း။ဒကွိဏ်၊ဒါယကာတို့၏အလ္လုဒါနကို။ ဝိသောဓေတိ၊အကျိုးကြိုးအောင်ချိုးဖြောက်သုတ်သင်နိုင်၏။

၉။ ဇနွဒ္ဝါ၊ဘုရားသည်။ အဝွဲ၏၊ မြတ်၏။ ဇာတိ၊ ဤသို့။ဓကန္တဥဇုဒိဋ္ဌိတာယဝိုး၊စင်စစ်ဖြောင့်စင်းသော အယူရှိသော အားဖြင့်လည်း။

www.dhammaransi.com

ဒက္ခိဏံ၊ ဒါယကာတို့၏ အလှူဒါနကို။ ဝိသောဓေတိ၊ အကျိုးကြီးအောင် ချီးမြှောက်သုတ်သင်နိုင်၏။

၁၀။ ဥပေါသထ သမာဒါန တောပိ၊ ဥပုသ်ဆောက်တည်မှု ရှိသော အားဖြင့်လည်း။ ဒက္ခိဏံ၊ဒါယကာတို့၏အလှူဒါနကို။ ဝိသောဓေတိ၊ အကျိုးကြီးအောင်ချီးမြှောက် သုတ်သင်နိုင်၏။

[ဤကား အလှူအကျိုးကြီးရာသော အကြောင်းတရား ဆယ်ပါးတည်း။]

ရဟန်းဇာတ်မရှိ ပကတိ လူသက်သက် ဖြစ်သောသူသည် သက်နံ့သပိတ်ပရိက္ခရာကို ဆောင်ခြင်းစသည်ကိုပြုသော်လည်း ဒက္ခိဏာဝိသုဒ္ဓိဂုဏ်မဖြစ်။ မုံရွာလှေကူးအရပ်၌ ဒါယိကာမကြီးတယောက်သည် ရဟန်းကြီးတပါးကိုမကြည်ညိုနိုင်ရှိ၏။ အိမ်ပေါက်ဝ၌ နေ့တိုင်း ဆွမ်းရပ်လာသည်ကို နေ့တိုင်းကန်တော့၍ လွှတ်၏။ ဤအကြောင်းကို လျှောက်ထားကြားသိရာ ထိုဒါယိကာမကြီးကို ဤသို့ဆုံးမပေ၏။ ယခုအခါသာသနာတွင်း၌ ကြိုကြိုက်၍ ရရှိသော ဤမျက်စိနှစ်လုံးသည် ဒဿနာနုတ္တရိယ၏ အကြောင်းဖြစ်ပေ၏။ ကြည်ညိုသောစိတ်ဖြင့် အရဟတ္တ မဇ္ဇဖြစ်သော သက်နံ့တော်ကိုမြင်ရခြင်းသည်ပဒေသရာဇ်ဧကရာဇ်စကြာမန္ဓာတ်မင်းတို့၏ စည်းစိမ်ကြက်သရေကို မြင်ရသည်ထက်လွန်မြတ်၏။နတ်ပြည်ခြောက်ထပ်နတ်မင်းသိကြားမင်းတို့၏ စည်းစိမ်ကြက်သရေကို မြင်ရသည်ထက် လွန်မြတ်၏။ ပုထုဇ္ဇန်ဗြဟ္မာမင်းတို့၏ ဘုန်းတန်ခိုးကြက်သရေကို မြင်ရသည်ထက်လွန်မြတ်၏။ ကြည်ညိုသောစိတ်ဖြင့်တကြိမ်တခါမျှ မြင်ရခြင်းသည် အကုဋေမက အဘိုးထိုက်တန်၏။ တောသွားယောကျ်ားတယောက်သည် တောအရပ်တွင်

www.dhammaransi.com

တောချုံပေါ်ဦးတင်၍ နေသောသက်န်းတော်တဝိုင်းတစိတ်ကိုဝတ္ထုမြင်လေရာ အာရဟာဒ္ဒဝဇကို ဝတ္ထုမြင်ရပေသည်ဟု အာလွန်ကြည်ညိုစွာရှိခိုးပူဇော်၍ သေလွန်သောအခါ ထိုစိဝရပူဇာမင်္ဂလာကုသိုလ်နှင့်ပင် နတ်ရွာသုဂတိသို့ လားလေ၍ ငါတို့ဘုရားလက်ထက်၌ အကျွတ်ရဘူးသောစိဝရပူဇနီယဝတ္ထုများအပဒါန်ကျမ်းတွင်ထင်ရှားရှိ၏။

ဒါယိကာမကြီး၏မွန်းတစွန်းသည် အာဘယ်မျှလောက်အာဘိုးတန်သနည်း။ သက်န်းတော်ကို.မြင်ရသောအမှုသည် အာဘယ်မျှအာဘိုးတန်လိမ့်မည်နည်း။သာသနာမရှိသောအခါ၌သက်န်းတော်ကိုရှိခိုး၍နေ့စဉ်ကြွခဲ့ပါ,သက်န်းတော်နှင့် ကျွန်တော်မ မျက်စိတွေ့ရှိပါရစေ, တနေ့ဆန့်လျင် ငွေတရာ ပေးပါမည်ဆိုသော် ရနိုင်မည်လောဟု မေးပေ၏။ မရနိုင်ပါလျှောက်၏။ ထို့နောင်ငွေတထောင် ပေးသော် တသောင်းတသိန်းပေးသော် ရနိုင်မည်လောဟုမေးပေ၏။ မရနိုင်ပါလျှောက်၏။ ထိုအခါမှ တကာမကြီးမျက်စိကိုသက်န်းတော်ရောင်ဖြင့် အာဘိုးအနှံ့ထိုက်တန်အောင် ချယ်လယ်၍ပေးပေးသော ထိုရဟန်းကြီးကို ဆွမ်းကလေးတစွန်းလောက်နှင့် အကဲရောက်လို သင့်လျော်မည်လောဟုဆုံးမပေ၏။ထိုနေ့မှစ၍ ထိုဒါယိကာမကြီးမှာ ဖြင်တိုင်းကိုကြည်ညိုနိုင် သောသဒ္ဓါ ကောင်းကောင်း တည်လေ၏။

[ဤကဲ့သို့သောအနက်ကို “အာဟဝကဝစနာရဏာတာယဝိဒဿိဏီသေးဓေတိ” ဟူသောပါဠိဖြင့်ပြဆောင်မူပေ၏။]

ဤဒက္ခိဏာဝိသုဒ္ဓိ၏ အကြောင်း ဂုဏ်ပုဒ် ဆယ်ပါး တို့တွင်အချို့သောဂုဏ်ပုဒ်မှာ ထိုဒုဿိလ ရဟန်းခွင်ကားနစ်မှန်းဘို့ဖြစ်၏။ ဉာဏ်လိမ္မာ၍ လူဒါန်းသူမှာ ဒက္ခိဏာဝိသုဒ္ဓိဖြစ်ဘို့ဖြစ်၏၊ မလိမ္မာ၍စွပ်စဲ့ ဆဲရေးသူမှာ အပြစ်လေးဘို့ဖြစ်၏။ ဤပါဠိတော်ကို ထောက်၍ ရဟန်းဒုဿိလ သည်

www.dhammaransi.com

အလှူခံတဆဲ့လေးပါးတွင်ပါဝင်ကြောင်းကိုသိအပ်၏။ ဆိုသို့ဖြစ်ခဲ့သော်ရဟန်းဒုဿီလကိုလှူလျှင်မဟပ္ဖလမဟာနိသံသမဖြစ်ဟု အဘယ်ကြောင့် ဟောတော်မူပြန်ပါသနည်း ဆိုရန်ရှိ၏။

သီလဝန္တ ရဟန်းကို လှူရသလောက်အကျိုး မကြီး၍ ဟောတော်မူသည်ဟုမှတ်ရမည်။

ပုဂ္ဂလိကတဆဲ့လေးတွင်တိရစ္ဆာန်ကိုလှူရာ၌အဆတရာသောအကျိုးကိုဟောတော်မူသည်။ သာသနာပလူဒုဿီလကိုလှူရာ၌ အဆတထောင်သော အကျိုး, သာသနာပ လူသီလဝန္တကိုလှူရာ၌အဆတသိန်းသောအကျိုး, သာသနာပ ချာန်ရရသေ့ကိုလှူရာ၌ အဆအကုဋေတသိန်းသောအကျိုး ရှေး၌ပြဆိုခဲ့ပြီးသောသရဏဂုမ်တည်သောသူ လူဂဟဋ္ဌမှစ၍ သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်တိုင်အောင် သောတာပတ္တိဖလသစ္ဆိကိရိယာသပဒိုပန္နပုဂ္ဂိုလ်ကိုလှူရာ၌ အဆအသင်္ချေယျ အပ္ပမေယျအကျိုးကိုဟောတော်မူသည်။ ထိုနောက်အထက် အရိယာခုနစ်ယောက်, ပစ္စေကဒုဒ္ဓါ, သဗ္ဗညုဘုရား, ၏ကိုးပါးတို့၌လည်း အဆအသင်္ချေယျ အပ္ပမေယျအကျိုးကိုဟောတော်မူသည်။

အသင်္ချေယျချင်းချင်းအထူးကား.....

ကောက်နယ်တလင်းတခုစာ၌မဟာပထဝီမြေမှုန့်သည်လည်း အသင်္ချေယျပင်ဖြစ်၏။ ။တရွာနယ်ရှိ မဟာပထဝီမြေမှုန့်သည်လည်း အသင်္ချေယျပင် ဖြစ်၏။ ။တမြို့ နယ်တွင်းရှိ မဟာပထဝီမြေမှုန့်သည်လည်းအသင်္ချေယျပင်ဖြစ်၏။ ၏သို့စသည်ဖြင့်အသင်္ချေယျချင်းကွာပုံကိုအဋ္ဌကထာ၌ပြပေ၏။

ထိုတဆဲ့လေးတွင် ရှေးရှေးပုဂ္ဂိုလ်ကိုလှူသောအလှူထက်နောက်နောက်ပုဂ္ဂိုလ်ကိုလှူသောအလှူသည် မဟပ္ဖလမဟာ

www.dhammaransi.com

နိသံသဖြစ်၏။ နောက်နောက် ပုဂ္ဂိုလ်ကို လှူသော အလှူကို ထောက်စာသော် ရှေးရှေး ပုဂ္ဂိုလ်ကို လှူသော အလှူသည် မဟပ္ဖလမဟာနိသံသမဟုတ်၊ ထိုနည်းအတိုင်း တိရစ္ဆာန်စသည်ကို လှူသောအလှူထက် ဒုဿီလရဟန်းကို လှူသော အလှူသည် မဟပ္ဖလမဟာနိသံသဖြစ်၏။ သီလဝန္တရဟန်းနှင့် ထောက်စာသည် ဂိုဏ်သေ ဒုဿီလရဟန်းကို လှူသော အလှူသည် မဟပ္ဖလမဟာနိသံသမဟုတ်။ ဒုဿီလရဟန်းမှ ထောက်စာသော် သီလဝန္တပုထုဇ္ဇန်ရဟန်းကိုလှူသောအလှူသည် မဟပ္ဖလမဟာနိသံသဖြစ်၏။ အရိယာ ပုဂ္ဂိုလ် မှ ထောက်စာသော်သီလဝန္တပုထုဇ္ဇန်ရဟန်းကိုလှူသောအလှူသည် အကျိုးအာနိသင် မကြီးသော အလှူပင် ဖြစ်ပြန်၏။ ဤသို့ အထက်ပုဂ္ဂိုလ်ကို ထောက်၍ ဒုဿီလရဟန်းကို လှူသောအလှူသည်မဟပ္ဖလမဟာနိသံသမဖြစ်ဟုဟောတော်မူသတည်း။

အရိယာပုဂ္ဂိုလ်ကို လှူရသောအခွင့်သည် လောကဌ်အလွန်နှံနည်းပါး၏။ ပုထုဇ္ဇန်သီလဝန္တရဟန်းကို လှူရသောအခွင့်ကား အလွန်များပြား၏။ ထိုကြောင့်ပုထုဇ္ဇန်သီလဝန္တရဟန်းကိုလှူကား မဟပ္ဖလမဟာနိသံသဖြစ်ရာဌ်ပင်အမြဲထား ရသည်။

"တိဏဒေါသာနိဧကဿာနိ၊ရာဂဒေါသာဒယံပဇာ။
တသ္မာ ဝိဂတရာဂေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ"။

စသော ဒေသနာတော်များဌ်ကား ပုထုဇ္ဇန်သီလဝန္တရဟန်းသည် မဟပ္ဖလမဟာနိသံသ အလှူခံပုဂ္ဂိုလ်စုမှ အပပင်ဖြစ်ချေသည်။

[ဤသို့ဒေသနာတော်တို့၏အထူးအပြားကိုသိရာသည်။]

ဥပါဒသမဟုဿာအဖြေပြီး၏။

www.dhammaransi.com

တေရသမ ပုဏ္ဏာအဖြေ

ဂုဏ်းသံဃိကဒါန တပါးတပါးကို လှူဒါန်းရခြင်း နှင့်အလှူခံ ပုဂ္ဂိုလ်တကာတို့၏ အထွဋ်အထိပ် ဖြစ် တော်မူသော သဗ္ဗညူ ဘုရားရှင် တပါးတည်းကို ပုဂ္ဂလိက လှူဒါန်းရခြင်းသည် မည်သည့် အလှူက သာလွန်၍အကျိုးကြီးမည်ကို သိလိုပါသည်။

ဟူသောပုဆ္ဆာဌာ—

ဂုဏ်းဒက္ခိဏာဒိဘက်သုတ်ဒေသနာတော်ခြုတ်မှာ.....

နတ္ထေဝါဟံ အာနန္ဒ ကေနစိ ပရိယာယေန သံဃဂတာယ ဒက္ခိဏာယ ပါဋိပုဂ္ဂလိကံ ဒါနံ မဟပ္ဖလတရံဝဒါမိ။

အာနန္ဒ၊အာနန္ဒာ။ သံဃဂတာယ ဒက္ခိဏာယ၊သံဃိက အလှူမျိုးထက်။ ပါဋိပုဂ္ဂလိကံဒါနံ၊ ပုဂ္ဂလိကအလှူမျိုးကို။ ကေနစိ ပရိယာယေန၊ တစုံတခုသော အခြင်းပရိ ယာယ်ဖြင့်။ မဟပ္ဖလတရံ၊ သာလွန်၍အကျိုးကြီးသည်ဟု ၍အဟံ၊ ငါဘုရားသည်။ နတ္ထေဝဝဒါမိ၊ ဟောတော်မူ သည်သာလျှင်တည်း။

ဟူ၍ တင်းတင်းကြပ်ကြပ် ဟောတော်မူအပ်သောအ ပိန့်တော်မြတ် ဂိုဏ်ချေသောကြောင့် သံဃိကအလှူမျိုးထက် တစုံတခုသော ပုဂ္ဂလိကအလှူမျိုးက အကျိုးသာလွန်၍ကြီး သည်ဟုမဖြေဝံ့ချေ။

အဋ္ဌကထာဌာန်လည်း.....

သံယေ စိတ္တိကာရံ ကာတုံ သက္ကောန္တသေ ဟိ

www.dhammaransi.com

ခီဏာသဝေ ဒိန္နဒါနတော ဥဒ္ဒိသိတွာ ဂဟိတေ
ဒုဿီလေပိ ဒိန္နဒါနံ မဟပ္ဖလတရမေဝ။

ဟူမိန့်တော်မူ၏။

သံဃေ၊သံဃာ၌။စိတ္တီကာရံ၊ရိုသေခြင်းအမှုကို။ကာတုံ၊ ပြုခြင်းငှါ။ သကွောန္တဿ၊ တတ်စွမ်းနိုင်သောသူအား။ ခီဏာသဝေ၊ ရဟန္တာပုဂ္ဂိုလ်ကြီး၌။ ဒိန္နဒါနတော၊ လှူရသောအလှူထက်။ဥဒ္ဒိသိတွာ၊သံဃာမှညွှန်းချ၍။ဂဟိတေ၊ ရယူအပ်သော။ ဒုဿီလေပိ၊ဒုဿီလရဟန်း၌သော်လည်း။ ဒိန္နဒါနံ၊လှူအပ်သောအလှူသည်။မဟပ္ဖလတရမေဝ၊အလွန် အကျိုးကြီးသေးသည်သာလျှင်တည်း။

ဟူ၍ တင်းတင်းကြပ်ကြပ်ပင် မိန့်ဆိုလျက် ရှိပြန်ချေ သည်။ သို့သော်လည်း—

"သံဃေ ကွံ ဂေါတမိ ဒေဟိ။သံဃေ တေ ဒိန္နေ
အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃောစ"

ဟူသော ပါဠိတော်မြတ် အဖွင့်၌ ၍ပုစ္ဆာ ဝိဝါဒနှင့် တကွ အဌကထာဝိနိစ္ဆယကိုပြဆိုဦးအံ့။

မိထွေးတော် ဂေါတမီသည် သက်နိုးနှစ်စုံကို မြတ်စွာ ဘုရားအား လှူဒါန်းရာ တစုံကိုသာခံတော်မူ၍ တစုံကို သံဃာအား လှူလော့ဟု ဟောတော် မူရာ၌ အဘယ် ကြောင့် မြတ်စွာဘုရားသည် သံဃာအား အလှူစေခိုင်း တော်မူလေသနည်းဟူ၍ ပုစ္ဆာစကားဖြစ်ပွါးရာ၌ ဝိတဏ္ဍ ပါဒီဆရာတို့က ဘုရားကိုလှူသည်ထက် သံဃိကဒါနက သာလွန်၍ အကျိုးကြီးသောကြောင့် တစုံကို သံဃာအား အလှူစေခိုင်းတော်မူသည်ဟုဖြေ၏။

ထိုဝါဒကိုပယ်၍ဤသို့အဌကထာ၌ဖြေဆိုဆုံးဖြတ်၏.....

နံ ဟိ ဣမသ္မိံ လောကေ ပရသ္မိံ ဝါပနဗုဒ္ဓဿ သေဌော သဒိသောဝါ ဝိဇ္ဇတိ။ ယမာဟု ဒက္ခိဏေ-ယျာနံ အဂ္ဂတံ ဂတော၊ ပုညတ္ထိကာနံ ဝိပုလဖလေ-

www.dhammaransi.com

သီနန္တီ ဝစနတော သတ္ထာရာ ဥတ္တရိတရော ဒက္ခိ-ဏေယျောနာမ နတ္ထိ၊ တသ္မာသာ ဆစေတနာ ဧကတော ဟုတ္ပာ ဒီဃရတ္တံ ဟိတာယ သုခါယ ဘဝိဿန္တီတိ ဒါပေသိ။

[အဋ္ဌကထာပါဠိ၊]

အဓိပ္ပါယ်ကား ဘုရားကိုလှူသော ပုဂ္ဂလိကအလှူထက် သံဃာကိုလှူသော သံဃိကအလှူက သာလွန်၍ အကျိုးကြီးသောကြောင့် သံဃာကို အလှူစေခိုင်းတော် မူသည်မဟုတ်။ ဘုရားထက် မြတ်သော ပုဂ္ဂလိကအလှူခံ သံဃိကအလှူခံဟူ၍မရှိပြီ။ ထိုကြောင့် မိထွေးတော်အား တစုံသော သက်နှံးအဘွက် ငါဘုရား၌ စေတနာသုံးတန်ဖြစ်ပြီ။ သံဃာကို လှူသော် တစုံသောသက်နှံးအဘွက် သံဃာ၌ စေတနာသုံးတန်ဖြစ်ပြန်ရာ၏။ ထိုစေတနာ ခြောက်ဘန် တို့သည် မိထွေးတော်အား ရှည်မြင့်စွာသော ကာလပတ်လုံးချမ်းသာစီးပွါး များခြင်းအကျိုးငှါ ဖြစ်ကုန်လတ္တံ့ဟု နှလုံးပိုက်တော်မူ၍ တစုံကို သံဃာအား အလှူစေခိုင်းတော်မူသည်ဟု ဖြေဆိုဆုံးဖြတ်ပေ၏။ ၍အဋ္ဌကထာဝိနိစ္ဆယအလိုသော် ဘုရားတပါးကိုလှူရသော ပုဂ္ဂလိကဒါနသည် သံဃိကဒါန ခုနစ်ပါးထက်ပင် သာလွန်၍ အကျိုးကြီးမြတ်သည်ဟု ဖြေဆိုရန်ရှိ၏။

[ထိုသို့ ဖြေဆိုခဲ့သော် ယခင် ပါဠိတော်နှင့် မဆန့်ကျင်လောဟူမူ ပါဠိတော်မှာ ဘုရားတပါးကိုလှူသော ဗုဒ္ဓပုဂ္ဂလိကဒါနကိုချန်လှပ်၍ ဟောတော်မူသည်ဟုယူလျှင် မဆန့်ကျင်ရာပြီ။]

တနည်းကား .....

မိထွေးတော်သည်ကား ယခုဘဝ၌ပင်ရဟန္တာမ ဖြစ်၍ ဘဝဆုံးတော့မည့်သူဖြစ်ပေရကား ထိုစိဝရဒါန အကျိုးအတွက်နှင့် မိထွေးတော်အပေါ် ၌ မြော်ခေါ်ဘွယ်ကိစ္စမရှိပြီ။

www.dhammaransi.com

စင်စစ်မူကား တစုံသော သက်နှိုးဖြင့်ပင်လျှင် ကိုယ်တော်မြတ်မှာ မျှတရန်ကိစ္စပြီးပြီဖြစ်၍ ဒုတိယအစုံသည် အပိုဖြစ်၏၊ မြတ်စွာဘုရားတို့မည်သည် အပိုအမိုအတွက် ဘယ်သူ့ကိုငါပေးမည်ဟု ပစ္စည်းလေးပါးတို့၌ ကြောင့်ကြစိုက်ခြင်းမရှိကုန်။ ထိုကြောင့် အပိုဖြစ်သည့် အတွက်ကြောင့် သံဃာကိုလှူလော့ဟု စေခိုင်းတော်မူသည်။ သံဃာကို လှူလျှင် ငါဘုရားကိုလည်းလှူသည်မည်ပါ၏ဟု ဟောတော်မူသည်မှာလည်း ထိုအခါမိထွေးတော်စိတ်ကို စောင့်တော်မူသော အားဖြင့်ဟောတော်မူသည်။ ။၏သို့ဖြေဆိုလျှင်လည်းသင့်မြတ်ရာပါ၏။

[၏သို့ဖြေခဲ့သော် ယခုမေးလျှောက်ရင်း ပုစ္ဆာမှာ ပကတိအတိုင်းပင်ရှိပြန်၏။]

သံဃိကဒါန ခုနစ်ပါးထက် မြတ်စွာဘုရား တပါးကိုလှူရသောပုဂ္ဂလိကဒါနသည် သာလွန်၍ အကျိုးကြီးမကြီးကို ဘယ်သို့ဖြေဆိုမည်နည်းဟူမူ။

"နတွေဝါဟံ အာနန္ဒ ကေနစိ ပရိယာယေန သံဃဂတာယ ဒက္ခိဏာယ ပါဋိပုဂ္ဂလိကံ ဒါနံ မဟပ္ဖလတရံ ဝဒါမိ" ဟူသော အမိန့်တော်မြတ်ကလည်း ကြပ်တဲ, အတုမရှိသောဘုရားတည်းဟူသော အလှူခံပုဂ္ဂိုလ်ထက် သံဃိက အလှူခံ ခုနစ်ရပ်တွင် ဘယ်အလှူခံက သာလွန်သည်ဟု ဆို၍လည်းမဘွယ်,ငါတို့နှယ် သူများနှင့်တန်သော ပုစ္ဆာမဟုတ်ချေ။သံဃိကခုနစ်ပါးထက် ဘုရားတပါးကိုလှူသော ပုဂ္ဂလိကဒါနကသာလွန်၍ အကျိုးကြီးမြတ်သည်ဟု သာဓကဂါထာနှင့်တကွ အဌကထာဖြေဆိုချက်အတိုင်းကိုသာ မှတ်ကုန်ရာသည်။

၏အရာ၌ ပညာရှင်ဘို့ ဆင်ခြင်ရန်ရှိသည်ကိုဆိုဦးအံ့.....

သက်တော်ထင်ရှား ရှိတော်မူသော သဗ္ဗညူ မြတ်စွာ

www.dhammaransi.com

ဘုရားကြီးကို ကိုယ်တိုင်ဒိဋ္ဌတွေ့ကြုံရ၍လှူရသော သဇ္ဇညူ ဗုဒ္ဓပုဂ္ဂလိက ဒါနဋ္ဌကား အဋ္ဌကထာ ဖြေဆိုတော်မူသည့် အတိုင်း မှတ်ရပြီ။ သက်တော် ထင်ရှား ရှိတော်မူသော သဇ္ဇညူမြတ်စွာဘုရားကြီးပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော ယခုအခါ၌ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော မြတ်စွာ ဘုရားကြီးကို အာရုံပြု၍ ကိုယ်စားတော်မြတ် ဖြစ်တော်မူသော ရုပ်ပွါးတော် ဆင်းတုတော်မြတ်ကို လှူဒါန်းသော ကုသိုလ်နှင့် သက်သက်သော သံဃိကဒါန ကုသိုလ်သည် အဘယ်ကသာမည်နည်း။ ။ဘုရားတည်သော ကုသိုလ်နှင့် သံဃိကကျောင်း ဆောက်လုပ်လှူဒါန်းသော ကုသိုလ်သည် အဘယ်ကသာမည်နည်းဟု ကြီဘွယ်ရှိချေ၏။ ။ အဘယ်ကြောင့်ကြီဘွယ်ရှိသနည်း။

တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတောပဏိဓိဟေတူဟိ၊ သတ္တာဂစ္ဆန္တိသုဂ္ဂတိံ။

ဟုဝိမာနဝတ္ထုမှာလာရှိပြီ။

အဓိပ္ပါယ်ကားသဇ္ဇညူမြတ်စွာဘုရားကြီးကို ကိုယ်တိုင်တွေ့ကြုံရသည်ဖြစ်စေ, မတွေ့ကြုံရသည်ဖြစ်စေ, စိတ်တွေ့သာပဓာနဖြစ်သည်။ စိတ်သည်သာ သုဂတိနိဗ္ဗာန်အကျိုးကိုပေးနိုင်သည်။ ထိုကြောင့် သက်တော်ထင်ရှားရှိ၍ကိုယ်တိုင်တွေ့ရသည်ဖြစ်စေ, ပရိနိဗ္ဗာန်စံပြီးဖြစ်၍ ကိုယ်တိုင်မတွေ့ရသည်ဖြစ်စေ, စိတ်စေတနာ သဒ္ဓါတူမျှကြပါမူကား အကျိုးအတူတူပင်ဖြစ်သည်ဟူလို။ စိတ်စေတနာသဒ္ဓါတူမျှရန် အရေးမခက်လော။ ။သဇ္ဇညူ မြတ်စွာဘုရားကြီးကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ရသောစိတ်နှင့် ရုပ်ပွါးတော်မျှကို တွေ့မြင်ရသောစိတ်သည်တူနိုင်မည်လော။အဘယ်မျှကွာလှမ်းကြလိမ့်မည်ဟုကြီဘွယ်ရှိချေ၏။ကြီကြလေကုန်။

တေရသမပုစ္ဆာအဖြေပြီး၏။

www.dhammaransi.com

သြဝါဒကထာ

[ယခုအခါ ဤပုစ္ဆာဘဆဲ့သုံးပါးကို လျှောက်ထားသူ ဒါယကာတို့အားနှလုံးထားကြရန် ဥပရိပဏ္ဏာသ ဗာလပဏ္ဍိတသုတ်မှာလာသော ကာဏကစ္ဆပေါပမ ဒေသနာတော်အရနှင့် သြဝါဒပေးလိုက်အံ့။]

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာဆိုသည်ရှိသော်ကား။ ပုရိသော၊ တဦးသောယောကျ်ားသည်။ ဧကစ္ဆိဂ္ဂလံ၊အပေါက်တခုသာရှိသော။ယုဂံ၊ထမ်းပိုးတခုကို။ မဟာသမုဒ္ဒေ၊မဟာသမုဒ္ဒရာအလယ်၌။ပက္ခိပေယျ၊ချထားလေရာ၏။ တမေနံ၊ ထိုထမ်းပိုးကို။ ပုရတ္ထိမောဝါတော၊အရှေ့အရပ်မှလာသောလေသည်။ ပစ္ဆိမေန၊ အနောက်အရပ်သို့။ သံဟရေယျ၊ ရွှေ့စေရာ၏။ ပစ္ဆိမောဝါတော၊ အနောက်အရပ်မှလာသောလေသည်။ ပုရတ္ထိမေန၊ အရှေ့အအရပ်သို့။ သံဟရေယျ၊ ရွှေ့စေရာ၏။ ဥတ္တရောဝါတော၊ မြောက်အရပ်မှလာသောလေသည်၊ ဒက္ခိဏေန၊ တောင်အရပ်သို့။ သံဟရေယျ၊ ရွှေ့စေရာ၏။ ဒက္ခိဏောဝါတော၊ တောင်အရပ်မှ လာသောလေသည်။ ဥတ္တရေန၊မြောက်အရပ်သို့။သံဟရေယျ၊ရွှေ့စေရာ၏။တတ္ထ၊ထိုမဟာသမုဒ္ဒရာ၌။ ကာဏော၊မျက်စိနှစ်လုံးကွယ်ဆုံးပြီးသော။ကစ္ဆပေါ၊လိပ်ငယ်သည်။ အတ္ထိ၊ ရှိ၏။ သော၊ထိုလိပ်ငယ်သည်။ဝဿ သတဿ၊ အနှစ်တရာသည်ရင်း။ ဝဿ သဟဿဿစ၊အနှစ်တထောင်သည် ရင်း။ အစ္စယေန၊ လွန်သောအခါမှ။ သကိံ၊တကြိမ်။ဥမ္မုဇ္ဇေယျ၊ပေါ်ရာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တံ၊ထိုလိပ်ငယ်ကို။ ကိံမညထ၊ အဘယ်သို့ သိကြကုန်မည်နည်း။ သောကာဏောကစ္ဆပေါ၊ ထိုလိပ်ကာဏ်းသည်။ ဧကစ္ဆိဂ္ဂလေ၊ တခုသောအပေါက်ရှိသော။ အမုကသ္မိံ ယုဂေ၊ ထိုထမ်းပိုး၌။ ဂိဝံ၊ ဦး

www.dhammaransi.com

ခေါင်းလည်ပင်းကို။ ပဝေသေယျအပိနှုံ၊ သွင်းမိ နိုင်မည်လော။ဣတိ၊ ဤသို့မေးတော်မူ၏။ဘန္တေ၊ အရှင်ဘုရား။ဧတံ၊ ဤသို့သွင်းမိမှုသည်။နောဟိ ဖြစ်နိုင်ခွင့်မရှိပါ။ပန၊ထိုသို့ပင်မရှိသော်လည်း။ဘန္တေ၊အရှင်ဘုရား။ကဒါစိ၊ရံခါ။ဒီဃသ၊ရှည်လှစွာသော။ အဒ္ဓုနော၊ ကာလ၏။ အစွယေန၊ လွန်သောအခါ၌။ ယဒိပဝေသေယျ။ သွင်းမိသော် သွင်းမိရာပါသေး၏။ဣတိ၊ ဤသို့လျှောက်ကြကုန်၏။

ဘိက္ခဝေ၊ရဟန်းတို့။သောကာဏောကစ္ဆပေါ၊ထိုလိပ်ကာဏ်းသည်။ဧကစ္ဆိဂ္ဂလေ၊ တခုသောအပေါက်ရှိသော။ အမုကသ္မိံ ယုဂေ၊ထိုထမ်းပိုး၌။ ဂီဝံ၊ဦးခေါင်းလည်ပင်းကို။ ခိပ္ပတရံပဝေသေယျ၊ သွင်းမိရန်အခွင့် အလွန်မြန်သေး၏။ ဘိက္ခဝေ၊ရဟန်းတို့။သကိံ၊ တကြိမ်။ ဝိနိပါတဂတေန၊ အပါယ်ဘုံသို့ကျရောက်လေသော။ဗာလေန၊သူမိုက်သည်။တတော၊ ထိုလိပ်ကာဏ်းလည်ပင်းထမ်းပိုးပေါက်၌ သွင်းမိခြင်းထက်။မနုဿတ္တံ၊ လူ့ဘဝသို့တဘန် ပြန်လာရန်အခွင့်ကို၊ဒုလ္လဘတရံ၊အလွန်ရခဲလှ၏ဟူ၍။အဟံ၊ငါဘုရား သည်။ ဝဒါမိ၊ ဟောတော်မူ၏။ တံ၊ ထိုသို့အလွန်ရခဲ ခြင်းသည်။ ကိဿဟေတု၊အဘယ်ကြောင့်နည်းဟူမူ။ဘိက္ခဝေ၊ရဟန်းတို့။ ဧတ္တ၊ ဤအပါယ်ဘုံ၌။ မေ္မစရိယာ၊တရားကျင့်ရန်အခွင့်သည်။ နတ္ထိ၊မရှိ။ သမစရိယာ၊ကောင်းမွန်ညီညွတ်စွာကျင့်ရန်အခွင့်သည်။ နတ္ထိ၊မရှိ။ ကုသလကိရိယာ၊ကုသိုလ်ပြုရန်အခွင့်သည်။နတ္ထိ၊ မရှိ။ ပုညကိရိယာ၊ ကောင်းမှုပြုရန်အခွင့်သည်။နတ္ထိ၊ မရှိ။ဘိက္ခဝေ၊ရဟန်းတို့။ ဧတ္တ၊ဤအပါယ်ဘုံ၌။ အညမညဃာတိကာ၊ အချင်းချင်း သတ်ပုတ် ညှဉ်းဆဲခြင်းသည်သာလျှင်။ ဝတ္တတိ၊ ဖြစ်၏။ ဒုဗ္ဗလဃာတိကာ၊ အားနည်းသူကိုသတ်ပုတ်ညှဉ်းဆဲခြင်းသည်။ဝတ္တတိ၊ဖြစ်၏။

[ရင်းပါဠိတော်အနက်။]

လေးကျွန်း လုံးကို တပြင်တည်း ပတ်၍နေသော အန

www.dhammaransi.com

ယူဇနာရှစ်သောင်းနှစ်ထောင်, အလျားပတ်လည်ယူဇနာ သုံးသန်းကျော် ရှိသော မဟာသမုဒ္ဒရာကြီးမှာ ဇမ္ဗုဒီပါမှ တောင်ဘက်သမုဒ္ဒရာအလယ်၌ဝင်းထမ်းပိုးကိုချထားရာ၏။ မြောက်ကျွန်း မြောက်ဘက် သမုဒ္ဒရာ အလယ်၌ ထိုလိပ်ကာဏ်းရှိနေရာ၏။ ထမ်းပိုးလည်း လေရေ ဆောင်ရာမျောပါ၍နေရာ၏။ လိပ်ကာဏ်းလည်း ရောက်မိရောက်ရာလှည့်လည်၍နေ၏။ ထမ်းပိုးလည်း မဆွေးမပုတ် ခဲ့သော် လိပ်ကာဏ်းလည်း အသက်ရှည်ခဲ့သော် ကမ္ဘာကြီး မပျက်မီ အတွင်း လည်ပင်းနှင့် ထမ်းပိုးပေါက်စွပ်မိရာသေး၏။ အပါယ်ဘုံသို့တကြိမ်ကျရောက်၍ သွားသောသူသည်တဘန်လူ့ပြည်သို့ ပြန်လာရန် အခွင့်သည် ထိုထက် ကြုံကြိုက်ခဲလှ၏ဟုအဋ္ဌကထာတို့၌ဖွင့်ကြပေကုန်၏။

အဘယ်ကြောင့်ထိုမျှလောက်ခဲယဉ်းလှလေသနည်းဟူမူ သုဂတိဘဝသို့ရောက်မှုမည်သည် သေခါနီးမရဏာသန္ဒဇောမှာ ကုသိုလ်ဇောစော၍ ကုသိုလ်အာရုံကို အောက်မေ့ထင်မြင်၍သေရမှ သုဂတိဘဝသို့ ရောက်မြဲ ဓမ္မတာ ရှိသည်။ သေခါနီး မရဏာသန္ဒဇောမှာ အကုသိုလ် ဇောစော၍ အကုသိုလ်အာရုံကို အောက်မေ့ထင်မြင်၍ သေခဲ့လျှင် အပါယ် ဘဝသို့သာ ကျရောက်မြဲ ဓမ္မတာ ရှိသည်။ အပါယ်ဘုံဆိုသည်ကား ကုသိုလ်မှန်း ကောင်းမှုမှန်း ဒါနမှန်း သီလမှန်း သိကြသော ဘုံမဟုတ်။ မျက်မြင်ဖြစ်သောနွားကျွဲ ခွေး ဝက် ကြက် ၄က် သန်း ကြမ်းပိုး ပိုးရွခြပုန်းအစရှိသောအပါယ်ဘုံသားတို့၏စိတ်နေပုံကိုရှု။

ထိုကြောင့် သေခါနီးမှာကုသိုလ်ဇောစော၍ ကုသိုလ်အာရုံကို အောက်မေ့ ထင်မြင်၍ သေကြရှာရန် အခွင့်အဘယ်မှာရှိနိုင်အံ့နည်း။ အားရှိအားမဲ့ သတ်ဖြတ်နှိပ်စက်လုယက်ညှဉ်းပန်းခြင်းမကောင်းမှုတို့ကိုမူကား နေ့ရှိသမျှဖြစ်ပွါးစေ၍နေကြကုန်၏။သေခါနီးမှာအကုသိုလ်ဇောစော၍

www.dhammaransi.com

အကုသိုလ်အာဂုံကို အောက်မေ့ ထင်မြင်၍သာ သေကြရကုန်သည်။ ရှေးသမ္မပ္ပဓာန် လေးပါးအရာ၌ ပြုခဲ့ပြီး သောအတိုင်း တယောက်တယောက်သောသတ္တဝါမှာ ရှေးရှေးကပြုခဲ့၍ အပါယ်သို့ချရန်အခွင့်ကိုစောင့်စား၍ နေကြကုန် သောအကုသိုလ် ကံဟောင်းတို့သည်လည်း ငါတို့ဏ်နှလုံးထဲစိတ်ထဲမှာ အသင်္ချေ့ အာသင်္ချေ့ မရေတွက်နိုင်အောင်ပါ၍ ၍နေကြသည်။ ။အသစ်ဖြစ်သော အကုသိုလ် လက်ခံ၍ခဲ့ပျင် ဂိုတိုင်းထိုကံဟောင်းတို့ အခွင့်ရကုန်သည်။

ထိုကြောင့် အပါယ်သို့တကြိမ် တခေါက် ကျရောက်၍ သွားသောသူမှာထိုကံဟောင်းတို့ ကောင်းကောင်းအခွင့်ရ ကြလေတော့သည်။ကံတခုလျှင်တဘဝကံတခုလျှင်တဘဝ အစဉ်အတိုင်းအခွင့်ရကြသဖြင့်အပါယ်သို့တကြိမ်ကျခဲ့လျှင် ထိုအပါယ်ဘုံတို့၌ဘဝအသင်္ချေ့ အသင်္ချေ့ ကံဟောင်းတွေ အတွက်ပင် ဆက်ကာ ဆက်ကာကျ၍ မဆုံးနိုင်မကုန်နိုင်ရှိကြ၏။ ဖြစ်ရာဖြစ်ရာဘဝတို့၌ အသစ်အသစ် ဖြစ်ပွါးသော အကုသိုလ်ကံသစ်တွေ အတွက်လည်းတမျိုး, ထိုကြောင့် သမ္မောဟာဝိနောဒနီ အဖည်ရှိသော အဘိဓမ္မာဉာဏဝိဘင်း အဋ္ဌကထာကြီး၌။ ။လူ့ပြည်မှာ အနည်းငယ် မျှသော အကုသိုလ်ကံကလေးအတွက်ကြောင့်အပါယ်သို့ကျရောက် လေသောအခါ အသင်္ချေ့ အာသင်္ချေ့ မရေတွက်သာ များလှစွာသော ကံဟောင်းတို့သည် နောက်ဘဝ သူကဆက် မည်ငါကဆက်မည်ဟု လုယက်ဝိုင်းဝန်း၍ နေကြကုန်၏။

ဥမမာဆိုသေဒ်ကား .....

လူ့ပြည်မှာ ပြည့်ရှင်မင်း အထံမှ အခွင့်ကြီးရ၍ ဘုန်း တန်ခိုးကြီးမား လှစွာသော အလွန်ဆိုးဝါးသော သူတယောက်သည် တိုင်းတွင်း နိုင်ငံတွင်းမှာ များစွာသော ပြည်သူ လူအပေါင်းတို့ကို သတ်ဖြတ်ခြင်း ပစ္စည်း ဥစ္စာကို

www.dhammaransi.com

သိမ်းယူခြင်း သို့မျိ သားပျိတို့ကို သိမ်းယူခြင်းတို့ဖြင့် အတင်း အခမ္မ နှိပ်စက်၏။ ပြည့်ရှင်မင်းထံ ပေါက်ရောက်အောင် တစုံတယောက်သောသူမျှ မတတ်နိုင်ကြ။ ကာလရှည်ကြာစွာခံ၍ နေကြရ၏။ ကာလကြာမြင့်လတ်သော် ပြည့်ရှင်မင်းမနှစ်လိုသော အမှုငယ်တခုအတွက် ပြည့်ရှင်မင်းအမျက်ထွက်၍ အမှုရောက်လေ၏။ ထိုအခါမှ အခွင့်ရကြ၍ တိုင်းသူ ပြည်သား အပေါင်းတို့သည် ဝိုင်းကာညာကာ လာကြကုန်၍ ပြည့်ရှင်မင်းအား အကုန်လုံးလျှောက်ကြားကြကုန်၏။

[ဤဥပမာအတူတည်း။]

ထိုကြောင့် အနည်းငယ်မျှသော အကုသိုလ်ကံနှင့် အပါယ်ဘုံသို့တကြိမ်ကျရောက်၍ ထိုကံဟောင်းတို့ အတွက် တကမ္ဘာလုံး အပါယ်မှ မတက်ရဘဲ ငရဲသစ်ငုတ်ဖြစ်၍နေကြကုန်သော သူတို့သည် အသချေ့ အသချေ့ မရေတွက်နိုင်ရှိကြကုန်၏ဟု ဥပမာနှင့်တကွ ပြဆိုတော်မူပေ၏။

[မြတ်စွာဘုရားဟောတော်မူသော လိပ်ကာဏ်း ဥပမာနှင့် ဤအဋ္ဌကထာကြီးစကားသည် ညီညွတ်လှ၏။]

အပါယ်သို့ တကြိမ်ကျရောက်၍ သွားကြသောသူ အသိန်းအသောင်းတွင်မှ တယောက်တလေမျှသာ လူ့ပြည်သို့ပြန်သူရှိကြ၏။ထိုကြောင့်"မနုဿဘာဝေါ ဒုလ္လဘော" ဟူ၍လည်း ဟောတော်မူသည်။

မေတ္တေယျမြတ်စွာဘုရားသည်လည်း ယခုအန္တရကပ်ကုန်၍ နောက်အန္တရဆုတ်ကပ်တွင် လူတို့အသက်တသိန်းတမ်း၌ ပွင့်တော်မူလတ္တံ့။ အနှစ် နှစ်သိန်း သုံးသိန်းမျှ သာသနာတော်တည်ထွန်း၍ ကွယ်လတ္တံ့။ အနှစ် နှစ်သိန်း သုံးသိန်းဆိုသော ကာလသည် ငရဲဘုံ၌ တဘဝ နှစ်ဘဝစာမျှသာ ရှိချေသည်။ မေတ္တေယျ မြတ်စွာဘုရား သာသနာ

www.dhammaransi.com

ကွယ်သည့်နောက် ၅၀၀ကမ္ဘာမှာ ပွင့်လာရန် ဘုရားမရှိပြီ။ ၅၀၀ကမ္ဘာကုန်လျှင်လည်း သည်ကမ္ဘာတွေ မျှားစွာလာ၍ မှောင်တောကြီးအတိ သွားတော့မည်။ ယခုငါတို့ဂေါတမမြတ်စွာဘုရားသာသနာတော်တွင် လူ့အဖြစ်ရှင်အဖြစ်ကို ရကြကုန်သော သူတို့မှာ နောက်ဘုရားသာသနာနှင့်အလွန်အခွင့် သင့်လျော်ကြကုန်၏။ အလွန် စခန်းဆိုက် တိုက်ကြကုန်၏။ လူ့အဖြစ်ကို ရကြသော်လည်း ရင်းနှီးရန်လက်ရှိ ဘုရားသာသနာနှင့် ကျွတ်လွတ်ရန် နောက်ဘုရားသာသနာ နိုးလှစွာကို အလွန်ကြုံကြိုက်ခဲလှ၏။ ယခုကြုံကြိုက်ကြရပေကုန်၏။

ယခုသာသနာ၌ပြုသော ဒါနသီလဘာဝနာ ကုသိုလ်ကြောင့် ယခုဘဝမှ စုတေ၍ သာသနာ တည်ထွန်းရာလူမျိုးမှာ ဖြစ်ရလျှင်လည်း ကုသိုလ်ပါရမီတရား ပွါးများခွင့်ရကြပြန်လတ္တံ့။ အထက်စတုမဟာရာဇ်မှာ ဖြစ်ရလျှင်လည်း မြတ်စွာဘုရား သားတော်အစစ် ဖြစ်ကြပေကုန်သော သောတာပန် သကဒါဂါမ် အရိယာ သူမြတ်တို့၏ အလယ်၌ဖြစ်၍ ဘုရားဂုဏ်ကျေးဇူးတရားတော်ဂုဏ်ကျေးဇူး သံဃာတော် ဂုဏ်ကျေးဇူး နက်နဲသော သတိပဋ္ဌာန်သမ္မပ္ပဓာန်စသော တရားစကားတို့ကို ကြားနာ၍ နေကြရလတ္တံ့။ တာဝတိံသာမှာ ဖြစ်လျှင်လည်း ထိုအတူပင်။ ထိုနတ်ပြည်တို့၌လည်း ယခုအခါ ဘုရားသာသနာ စည်ကားဆဲ စည်ကားတုန်းပေတည်း။ အစိုးရဖြစ်သော နတ်မင်းကြီး သိကြားမင်းကြီး တို့ကလည်း ဘုရားသားတော်အစစ် အရိယာပုဂ္ဂိုလ်တို့ပေတည်း။

ယခုအခါ စတုမဟာရာဇ်မှာ ဘုရားပရိနိဗ္ဗာန်စံ၍ အရက်လေးဆယ်ကျော် ငါးဆယ်ခန့်သာရှိသေးသည်။ တာဝတိံသာမှာ အရက်နှစ်ဆယ်ကျော်ခန့်သာ ရှိသေးသည်။ ယခုအခါ ဘုရားသာသနာ နတ်ပြည်ဗြဟ္မာ့ပြည်မှာထွန်း

www.dhammaransi.com

ကားဆဲထွန်းကားတုန်းဖြစ်သည်။ ဘုရားလက်ထက်တော်၌ရှိကြသော သာဝတ္ထိပြည်သူ ရာဇဂြိုဟ်ပြည်သူ အစရှိကုန်သော ကုဋေသိန်းသန်းမက များလှစွာ ကုန်သော မဏ္ဍိမတိုင်းသူ တိုင်းသား ဘုရားသားတော် သွီးတော်အစစ်ဖြစ်ကြပေ ကုန်သောသူတို့သည် ယခုအခါ စာဘုမဟာရောဇ်မှာ အပြည့် တာဝတိ သာမှာ အပြည့် ယာမာ တုသိတာမှာ အပြည့် ရှိနေကြကုန်သည်။

မေတ္တေယျ ဘုရားအလောင်းတော်လည်း တုသိတာမှာ ရှိသည်။ ဘုရားပရိနိဗ္ဗာန်စံတော်မူသည့်နောက် အနှစ် နှစ်ဆယ်ကျော်ခန့်အဘွင်းမှာဖြစ်ကြကုန်သော မဏ္ဍိမတိုင်းသူ တိုင်းသား ဘုရားသားတော် သွီးတော်တို့လည်း ယခု နတ်ပြည်မှာ အပြည့်ရှိကြသည်။ ထိုနောက် သီဟိုဠ်သို့ သာသနာတော်ရောက်၍ သီဟိုဠ်မှ ဖြစ်ကြကုန်သော ဘုရားသားတော် သွီးတော်အစစ်တို့လည်း ယခု နတ်ပြည်မှာ အပြည့်ရှိကြကုန်သည်။

ယခု လူတို့မှာ ဝိသာခါ အနာထပိဏ် အစရှိသော သူတို့ကို စာဆိုစာတွေနှင့် လွမ်းကြရကုန်သည်။ ယခုဘဝမှသေ၍ နတ်ပြည်သို့ရောက်ကြလျှင် ဝိသာခါ အနာထပိဏ် အစရှိသော ဘုရားလက်ထက်တော်ရှိ သာဝတ္ထိပြည်သူ ရာဇဂြိုဟ်ပြည်သူ အစရှိသော ကုဋေသိန်းသန်းမကသော သူတို့နှင့်နတ်ပြည်သို့ကျမှ ဇာတ်ပေါင်းရကြကုန်လတ္တံ့။ ထိုအခါ ထိုသူတို့ကိုကြည်ညိုအားကျ၍ အဆုံးအမကို ခံယူ၍ သောတာပန်လည်းဖြစ်နိုင်၏။ သကဒါဂါမ်လည်းဖြစ်နိုင်၏။ ထိုသို့ပင် မဖြစ်ရသော်လည်း ယခုဘဝ၌ ပြုကြသော ဒါနသီလ ဘာဝနာကုသိုလ်ကြောင့် နတ်ပြည်မှသည်လူ့ပြည်၌ လူ့ပြည်မှသည် နတ်ပြည်၌ ဆက်ကာဆက်ကာဖြစ်၍ မေတ္တေယျမြဘ်စွာဘုရား သာသနာတော်နှင့် တွေ့ကြ၍ အတုမရှိသော မြဘ်စွာဘုရား၏ အနန္တဘုန်းတော် တန်ခိုး

www.dhammaransi.com

တော်တို့ကို ကိုယ်တိုင်ဒိဋ္ဌ ဘူးမြင်ကြရ၍ အကျွတ်တရားကို ရကြကုန်လတ္တံ့။

[ဤသို့ယခုဘဝ ဘုရားသာသနာတော်တွင်း၌ ကြိုကြိုက်ရှိနေကြကုန်သော ယခုမျက်မြင် လူရှင်အပေါင်းတို့၏ စခန်းကောင်းထိုင်မိချက်ကို သိအပ်၏။]

ထိုသို့ ယခုဘဝမှစ၍ ပြဆိုလိုက်သော လမ်းစဉ်စခန်းစဉ်အတိုင်း ဖြောင့်မတ်စွာ သွားမှုမှာလည်း ဒါနကုသိုလ်မျှနှင့် စိတ်မချသာချေ။အားမကိုးသာချေ ရှင်ရဟန်း ဖြစ်သူတို့မှာ ပြဆိုခဲ့ပြီးသော စတုပါရိသုဒ္ဓိသီလ သပ္ပုရိသအင်္ဂါတို့နှင့်ခိုင်လုံစွာပြည့်စုံပါမှစိတ်ချလက်ချအားကိုးရချေသည်၊ လူဖြစ်သူတို့မှာလည်း အာဇီဝဋ္ဌမကသီလ သပ္ပုရိသအင်္ဂါတို့နှင့် ခိုင်လုံစွာ ပြည့်စုံပါမှ စိတ်ချလက်ချ အားကိုးရချေမည်။ ထိုသို့ ခိုင်လုံကြ၍ ပြဆိုခဲ့ပြီးသော လမ်းစဉ် စခန်းစဉ်သို့ အစဉ်အဖြောင့် သွားပေလတ္တံ့သောသူတို့ကို ၏ သာသနာ၌ စူဇ္ဇသောတာပန်ဆိုသည်။

သောတာပန်သည် အပါယ်တံခါးပိတ်သကဲ့သို့ ၏သူတို့လည်း ယခုဘဝမှစ၍ အပါယ်တံခါး ပိတ်ကြကုန်ပြီးဖြစ်၍ သောတာပန် လမ်းစခန်းသို့ ဆိုက်ရောက်သည့်အတွက်ကြောင့် သောတာပန်အစစ် မဟုတ်ကြသေးသော်လည်း သောတာပန်ပင်ဆိုရကုန်သည်။ ၏သို့ ယခုဆိုက်တိုက်၍ နေရသော ဒိမိကိုယ် အဖြစ်ကို ကောင်းကောင်းကြီးမြော်မိကြ၍ သူတပါးတို့၏ အလဇ္ဇီဓမ္မ အသပ္ပုရိသဓမ္မအတွက်များနှင့် နားရွက်မှမခတ်ဘဲ တည့်မတ်ငြိမ်သက်စွာ နေတတ်ကြပါမှ ထိုစခန်း ထိုလမ်း ဖြောင့်တန်းစွာ သွားကြမည်။ တည့်မတ်ငြိမ်သက်စွာ မနေတတ်ကြ၍ အလဇ္ဇီဓမ္မ အသပ္ပုရိသဓမ္မ အတွက်နှင့် နားရွက်များ ခတ်ကြလျှင် ကာယကံ ဝစီကံ မနောကံ တရားတခုခု တိမ်းပါးမှုနှင့် လူ့ အဖြစ် ရှင်အဖြစ် မစင်ကြယ်သည့်အတွက် သေခါ

www.dhammaransi.com

နီး အချက်တွင် အပါယ်ဘက်သို့ တချက် စောင်းမိချေက ထုတ်ပြခဲ့ပြီးသောပါဠိတော်ကြီး အဌကထာကြီးများကလွဲ လျှင် လွဲပါ၄ ပါဠိတော်ကြီး အဌကထာကြီးများမည်သည် လွဲသည်ဟူ၍မရှိ။ မလွဲခဲ့လျှင်လည်း ငရဲထက်ငရဲ ပြိတ္တာ ထက်ပြိတ္တာ အပါယ်ရွာ အပါယ်ခွင် နယ်စဉ်တလွှားတက် တက်ချောအောင် အမျောကြီးမျော၍ သွားပြန်ဦးတော့ မည်။

ထိုသို့အမျောကြီးမျော၍ သွားကြလျှင် လူဖြစ်ရန်အ ရေး နတ်ဖြစ်ရန်အရေးနှင့် အဝေးကြီးဝေးကြသဖြင့် ပြဆို ခဲ့ပြီးသော သာဝတ္ထိပြည်သူ ရာဇဂြိဟ်ပြည်သူ အစရှိ သော မြတ်စွာဘုရား သားတော်အစစ် သမီးတော်အစစ် အရိယာသူမြတ် နတ်ပြည်သူ နတ်ပြည်သားတို့နှင့် ဇာတ် ပေါင်းရန်အရေးအဝေးကြီးဝေးလေ၏။ မေတ္တေယျမြတ်စွာ ဘုရား သာသနာတော် မြတ်နှင့်လည်း အဝေး ကြီးဝေး လေ၏။ ယခုဘဝပြုကြသော ဒါနမှု သီလမှု ဘာဝနာမှု ဘုရားတကာလုပ်မှု ကျောင်းတကာလုပ်မှု ဥပုသ်စောင့် မှု အစုစုအရပ်ရပ်သော ကုသိုလ်ကောင်းမှုတို့သည်လည်း သဲထဲရေသွန်ဖြစ်၍ကုန်လေ၏။

အဘယ်သို့ သဲထဲရေသွန်ဖြစ်၍ ကုန်ပါသနည်းဟူမူလူ့ ချမ်းသာ နတ်ချမ်းသာ အတွက်မှာမူကား အပါယ်တခွင် တက်တက်စင်ပြီးနောက် တခေါက်တခါ လူ့ဘုံလူ့ရွာသို့ ပြန်ခွင့်ရသောအခါ ယခုဘဝ ပြုကြသောကံစုနှင့်ပင် လူ ပြန်၍ဖြစ်ရပေလတ္တံ့။ နတ်ပြန်၍ဖြစ်ရပေလတ္တံ့။ သေဌေး သူကြွယ်ပဒေသရာဇ် ဧကရာဇ် စကြာမန္ဓာတ်နတ်သိကြား ဖြစ်ရပေလတ္တံ့။ ယခုအခါပြုကြသော ကုသိုလ်မျိုးမှာ ထို ကဲ့သို့သော ဘဝသဓွတ္တိမျိုးကို အကျိုးကောင်း အကျိုးမြတ် ပြုလိုရင်းမဟုတ်။ဘဝများစွာ မကြာမတင် လျင်လျင်ဆော ဆော မဂ်တရားဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကိုရပါ

www.dhammaransi.com

လိုကုန်၏ဟူ၍ ဆုတောင်းပတ္ထနာကြီးအပြီးနှင့် မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားကို ဘဝများစွာ မကြာမတင်လျင်လျင်ဆောဆော ရမှုရောက်မှုသည်သာ ယခုအခါအထွဋ်အမြတ်ပြုစအပ်သော အကျိုးမြတ် အကျိုးထူး ပေတည်း။ ထိုလိုရင်း လိုပတ် အကျိုးမြတ် အကျိုးထူး တို့သည် ၏ သာသနာနှင့်လည်းလွဲ မေတ္တေယျ ဘုရား သာသနာနှင့်လည်းလွဲသဖြင့် သဲထဲရေသွန် ဖြစ်ကြလေကုန်သတည်း။ သုညကမ္ဘာနယ်မှာထိုအကျိုးတို့အခွင့်မရှိပြီ။

မဂ်ဖိုလ်နိဗ္ဗာန်အကျိုးကိုဆောင်နိုင်သောပါရမီကုသိုလ်မည်သည်.....

၁။ နိယတကုသိုလ်,

၂။ အနိယတကုသိုလ်,

ဟူ၍နှစ်ပါးအပြားရှိ၏။

၁။ နိယတဗျာဒိတ်ကို ရကြကုန်ပြီးသော အလောင်းတော်ကြီးများ၏ ကုသိုလ်သည် နိယတကုသိုလ်မည်၏။ ပြယ်ပျောက်ခြင်းမရှိပြီ။ မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆိုက်အောင်အမြဲဆောင်လေ၏။

[၏ကားနိယတကုသိုလ်သဘောတည်း။]

၂။ အနိယတ ကုသိုလ်ဆိုသည်ကားအခြေမမြဲမနက်နဲသောကုသိုလ်မျိုးဖြစ်၍ ရှေ့သို့ဘုရားသာသနာအလှမ်းအကမ်းနီး၍ အခန့်သင့်ကြုံတွေ့လျှင် မဂ်အကျိုး ဖိုလ်အကျိုး နိဗ္ဗာန်အကျိုးကိုဆောင်ပါ၏။ ဘုရားသာသနာ အလှမ်းအကမ်း ကွာဝေး၍ အမိုက်တရား အားကြီးစွာ အဆက်ဆက် ဖုံးလွှမ်းဘိစီး၍သွားဘန်များပြန်လျှင်ပြယ်ပျောက်၍ ကုန်ပြန်၏။ ၏အနိယတ ကုသိုလ်မျိုးသာရှိသော သူတို့သည် ဘုရားနှင့် တွေ့ရသော်လည်း နိယတ ဗျာဒိတ်မျိုးကို မမှုထိုက်ကုန်။၏သို့သော အခွင့် အလမ်းကို မြော်မြင်မိသဖြင့်

www.dhammaransi.com

ယခုဘဝမှ အပါယ်သို့ တချက်စောင်းခဲ့လျှင် ယခုဘဝ အားထုတ်ကြသော ကုသိုလ်အစုစု ကောင်းမှုအရပ်ရပ်တို့ သည်အကျိုးမနပ်ဘဲ သဲထဲရေသွန် ဖြစ်ရန်အခွင့်ကို ဆိုပေ တည်း။

[ဤကားအနိယဘကုသိုလ်သဘောတည်း။]

ဤအရာ၌ ယခုဘဝ ကောင်းမြတ်လှသည်ကို သိကြ၍ အလဇ္ဇီမွေ အသပျုရိသမွေတို့ အတွက်နှင့် နားရွက်မှမခတ်ဘဲ တည့်မတ်ပြိမ်သက်စွာနေရန်အမှုကို ဥပမာနှင့်ပြဦးအံ့။

သဘော်ပျက်သူ လူအများသည် မဟာသမုဒ္ဒရာ အလယ်၌ နစ်မွန်းမျောပါး၍ နေကြရာ၏။ သမုဒ္ဒရာစောင့်နတ်မြင်၍ ဆယ်တင်လိုသော်လည်း ထိုသူတို့မှာ ကုသိုလ်ကံဟောင်း နည်းပါးလှ၍ အပြီးဆယ်တင်ခွင့်မရ။ ထိုအခါ တဆင့်တဆင့် ဆယ်တင်ရန် တိုင်တခုစီ ဘန်ဆင်း၍ပေး၏။ မိမိတိုင်ကို မိမိမြဲမြဲ ကိုင်၍နေကြ။ ငါးပါးသီလနှင့်တကွ ကာယကံ ဝစီကံ မနောကံများကို ခိုင်လုံစွာ စောင့်ထိန်းကြ။ ရေသူရေသား ငါးလိပ်မကာရိုးတို့ကိုမြင်လျှင် စိတ်မှ မပြစ်မှားကြနှင့်။ သမုဒ္ဒရာ၌ရှိသော ရက္ခိုသ်ခေါ်သော ရေဘီလူးတို့သည် ပြောင်လာပြက်လာ ချောက်ခြိမ်းလာကြလိမ့်မည်။ စိတ်မှ မပြစ်မှားကြနှင့်။ စိတ်ပြစ်မှားလျှင် ၏တိုင်ပေါ်ကကျလိမ့်မည်။ သမုဒ္ဒရာအစာဖြစ်လိမ့်မည်။

ငါမှာတိုင်းကောင်းစွာနေနိုင်လျှင် ၏ကုသိုလ်အတွက်ကြောင့် နက်ဖြန်ခါကျယ်ဝန်းစွာသော သောင်ကြီးဘခုသို့ရောက်၍ အစားအစာနှင့် ကျယ်ဝန်းစွာ နေကြရလိမ့်မည်။ ထိုသောင်ကြီးလည်း ရေမလွတ်သေး။ ထိုနောက်သောင်အဆင့်ဆင့်ပြောင်း၍ ချမ်းသာစွာနေကြရလိမ့်မည်။ ဆယ်ရက်တိုင်ရောက်လျှင် သမုဒ္ဒရာစောင့် နတ်မင်းကြီးတယောက်လာ၍ သင်တို့ကို ရတနာသဘော်ကြီးနှင့် တင်ယူ၍ ဘေးကင်းရာ သမုဒ္ဒရာကမ်းသို့ တင်ပို့လိမ့်မည်။ ထို

www.dhammaransi.com

ကမ်းတွင် အတုမရှိ သာယာသောမြို့ကြီး၌ ကြီးကျယ်စွာ သော သေဌေးသူကြွယ်စည်းစိမ်နှင့် နေကြရလိမ့်မည်ဟု ဆိုပေ၏၊ ထိုသူတို့သည် နတ်မင်းကြီးပြောပေ၍ မိမိတို့ချမ်း သာရန် ရှေ့စခန်းတွေကို သိမြင်ကြသဖြင့် ထိုစခန်းစဉ်အ တိုင်း မချွတ်ရောက်နိုင်ရန် ခိုင်မြဲသောစိတ်တခုကို သန်သန် ကြီးထားကြ၍ နတ်မင်းကြီးဆုံးမခဲ့သော အချက်စုကို တခု မျှ မပျက် မကွက် ရအောင် ကာယကံ နားရွက်ခတ်ခြင်း, ဝစီကံနားရွက်ခတ်ခြင်း,မနောကံနားရွက်ခတ်ခြင်းကိုမျှမပြု ကြဘဲ ထိုတနေ့အဘို့မှာ တည့်မတ်ငြိမ်သက်စွာ နေထိုက် လှ၏။

ပထမသမုဒ္ဒရာစောင့်နတ်မင်းကြီးနှင့် ငါတို့ဘုရားတူ၏။ ဒုတိယ သမုဒ္ဒရာစောင့်နတ်မင်းကြီးနှင့် မေတ္တေယျမြတ်စွာ ဘုရားတူ၏။တိုင်နှင့်ယခုလူ့ဘဝတူ၏။ သောင်အဆင့်ဆင့် နှင့်သုဂတိဘဝအဆင့်ဆင့်တူ၏။ တဘက်ကမ်းရှိမြို့ကြီးနှင့် နိဗ္ဗာန်တူ၏။ငါးလိပ်မကာရ်းတို့နှင့် ခပ်သိမ်းသောသတ္တဝါ သာမည်တူစေ။ ။ပြောင်၍ ပြက်၍ ပြလာ ခြိမ်းချောက် လာသောရေစောင့်ဘီလူးတို့နှင့် သာသနာတွင် မသူတော် လူရှင် အလဇ္ဇီဒုဿီလတူစေ။ ။ထိုသူတို့ ပြုချက်ကြောင့် နားရွက်ခတ်မှုဆိုသည်ကား ထိုလူတို့နှင့် စပ်လျဉ်း၍ ရန့် ရင်းသော ကာယကံဖြစ်မှု ဝစီကံဖြစ်မှု မနောကံဖြစ်မှုပေ တည်း။ ။အကြွင်းသိသာလှပြီ။

၏သို့ဒေသနာတော်နှင့်တကွ ဘော်ပြခဲ့ပြီးသော လမ်း နှစ်ကြောင်းကို ကောင်းစွာ မြော်မြင် နိုင်ကြ ကုန်သော ပညာရှိအပေါင်း သူတော်ကောင်းတို့သည်ကား ယခုဘဝ သေနေ့ကျအောင် သူတပါးတို့၏ အလဇ္ဇီမေ္ဓ ဒုဿီလမေ္ဓ အသပ္ပုရိသမေ္ဓတို့အတွက်နှင့် နားရွက်ခတ်ခြင်းကိုမျှ မပြု ကြကုန်မူ၍ ယခုရရှိသော အဘိုးတန်ဘဝကို သေနေ့ကျ အောင် လှလှကြီး စောင့်ရှောက်ပြီးလျှင် သိမြင်ပြီးသော

www.dhammaransi.com

သုဂတိအဆင့်ဆင့် နောက်ဘုရားသာသနာ ချမ်းသာသော လမ်းစခန်းသို့ မချွတ်မလွဲ အမြဲကေန် သွားကြရန်စိတ်တခုကိုသာ ခိုင်မြဲစွာထားကြကုန်ရာသည်။

၁။ ထိုသို့သောလမ်းကောင်းဖြင့် နောက်ဘုရား သာသနာသို့ ချမ်းသာစွာ ရောက်နိုင်ရန် တရားတပါး,

၂။ နောက်ဘုရား သာသနာသို့ ချမ်းသာစွာ ရောက်ကြ၍ ဘုရားနှင့် တွေ့ကြသောအခါ ကျွတ်နိုင်ရန် တရားတပါး,

၏နှစ်ပါးသော တရားမမ္မ မျိုးဗီဇကိုလည်း ယခုဘဝက အရ ကြိုးစားကုန်ရာသည်။

ကြိုးစားရန်တရားဆိုသည်ကား.....

၁။ ဝိဇ္ဇာတရားတပါး,

၂။ စရဏတရားတပါး,

၏နှစ်ပါးတည်း။

ဝိဇ္ဇာဆိုသည်ကား.....

အနိစ္စ ဝိပဿနာဉာဏ် ဒုက္ခ ဝိပဿနာဉာဏ်, အနတ္တ ဝိပဿနာဉာဏ်၏သုံးပါးတည်း။

စရဏဆိုသည်ကား.....

အောက်ကပြဆိုခဲ့ပြီးသောလူတို့မှာ အာဇီဝဋ္ဌမကသီလ သပ္ပုရိသ အင်္ဂါစုတည်း။ ရဟန်းတို့မှာ စတုပါရိသုဒ္ဓိသီလ သပ္ပုရိသအင်္ဂါစုတည်း၊

ထိုဝိဇ္ဇာ စရဏမျိုး ဗီဇနှစ်ပါးတို့တွင် စရဏတရားကား အပါယ်လမ်းမှ လွတ်ကင်း၍ သုဂတိအဆင့်ဆင့် မြင့်မြတ်သော လမ်းစခန်းဖြင့်သာ နောက်ဘုရား သာသနာသို့ ဖြောင့်မတ်စွာ ဆိုက်ရောက်နိုင်ရန် တရားတည်း။ ဝိဇ္ဇာမျိုး

www.dhammaransi.com

ဗီဇတရားကား နောက်ဘုရားနှင့် တွေ့ကြုံကြသောအခါ အကျွတ်ရနိုင်ရန်တရားတည်း။ အကြင်သူသည် ယခုဘဝ၌ ဝိဇ္ဇာမျိုးကားရှိ၏။ စရဏတရား လုံလောက်စွာမရှိ။ ထိုသူသည် နောက်ဘုရားသာသနာသို့ ချမ်းသာစွာရောက်နိုင်ရန် လမ်းရိကျွာမရှိ။လမ်းရိကျွာမရှိက နောက်ဘုရားသာသနာနှင့် ငါတွေ့ရလိမ့်မည်ဟု မထင်စားရ။အကြင်သူသည် ယခုဘဝ၌ သီလသံဝရ စရဏတရားနှင့် ပြည့်စုံ၏။ ဝိဇ္ဇာတရားမူကား အတုအပနှင့်ပြီးရ၍ မျိုးဗီဇ အဆံမာသော ဉာဏ်ပညာမရှိ။ ထိုသူသည် နောက်ဘုရားသာသနာသို့ ချမ်းသာစွာရောက်ရ၍ ဘုရားနှင့် တွေ့သော်လည်း အကျွတ်မရ၊ ဘုရားတကာ ကျောင်းတကာ တန်ဆောင်းတကာ သိမ်တကာ ဥပါသကာ ဥပါသိကာ ဘိက္ခု ဘိက္ခုနီခေါ်ရရုံအမှုနှင့်ပင် ထိုတသာသနာပြီးရှာပြန်လတ္တံ့။

ဥပမာကား.....

စရဏတရား မည်သည် ကျေးဌက်တို့မှာ အတောင်အင်္ဂါ ခြေအင်္ဂါနှင့်တူ၏။ ဝိဇ္ဇာတရားမည်သည် မျက်စိအင်္ဂါ နှုတ်သီးအင်္ဂါနှင့်တူ၏။ ဤသာသနာနှင့် နောက်ဘုရားသာသနာနှစ်ပါးသည် တယူဇနာမျှ ကွာခြား၍နေကြသော အဗ္ဘန္တရသရက်တောကြီးနှစ်ခုနှင့်တူ၏။သုဂတိဘဝတို့သည် အကြား တယူဇနာ ခရီးတွင် လမ်းစဉ် တလျှောက် ခဲတကျကွာ နှစ်ကျကွာရှိနေကြသော တောသရက်ကြမ်းပင်ကြီးတွေနှင့် တူ၏။ အောက်မြေပြင် တလျှောက်၌ကား ကျေးဌက်တို့ကိုတွေ့ရှိလျှင် အတင်းဘမ်း၍ မျိုစားသော မြွေဆိုးစသည်အနှံ့ရှိ၏။ မြေသို့ကျရောက်သမျှသော ကျေးဌက်သည် အသက်ချမ်းသာသည်မရှိ။ ဤ၌မြေပြင်တလျှောက်နှင့် အပါယ်ဘုံတူ၏။ အတောင်အင်္ဂါ ခြေအင်္ဂါ မျက်စိအင်္ဂါ နှုတ်သီးအင်္ဂါ အလုံးနှင့်ပြည့်စုံကြကုန်သော ကျေးဌက်တို့သည် အဗ္ဘန္တရ သရက်တောကြီး

www.dhammaransi.com

တခု အသီးတုံးလျှင် ပျော်ပျော်ရွှင်ရွှင် သစ်တပင်မှ သစ်တပင် ကောင်းကင်ခရီးဖြင့်သာ အသီးသီးရာ အဘွန္တရ သရက်တောကြီးတခုသို့ သွားရောက်၍ စားသောက် ပျော်မြူးကာနေကြကုန်၏။

[ယခုအခါ ဤသာသနာ၌ ပြဆိုခဲ့ပြီးသော ကာမာဝစရ ဝိဇ္ဇာစရဏ ဓမ္မတို့နှင့်ပြည့်စုံကြကုန်သော ရှင်လူအပေါင်းတို့သည် ထိုကျေးငှက် တို့နှင့် တူကုန်၏။]

အချို့သော ကျေးငှက်တို့သည် အတောင်ကား ရှိကြကုန်၏။နှုတ်သီးအင်္ဂါကျိုးပျက်၍ နှုတ်သီးကားမရှိကြကုန်။ ထိုကျေးငှက်တို့သည် ပထမငှက်တို့နှင့်အတူပင် ကောင်းကင်ခရီးဖြင့် အဘွန္တရ သရက်တောကြီးသို့ ရောက်နိုင်ကြကုန်၏။နှုတ်သီးမရှိသည့်အတွက်သရက်သီးအရသာကိုကား မရနိုင်ကြကုန်။ သရက်တောကြီး၏ အရိပ်ကို ခိုရကုန်၏။ သရက်တောကြီး၏ တင့်တယ်ခြင်း ကြက်သရေကို ကြည်လင်စွာ မြင်ကြရကုန်၏။ နှုတ်သီးမရှိသည့်အတွက် အသီးအရသာကိုမရ။ အရွက်နုအရွက်ကြမ်းမျှနှင့် မျှတကြရကုန်၏။ ဤကျေးငှက်တို့နှင့် ဤသာသနာဝယ်ဝိဇ္ဇာမျိုးကို မကြိုးမစားသီလတရားမျှနှင့်ပြီး၍ နောက်သာသနာ၌ အကျွတ်မရထိုက်သော သူတို့တူကုန်၏။ အကြင်ကျေးငှက်တို့သည် နှုတ်သီးအင်္ဂါနှင့် ပြည့်စုံကြကုန်၏။ အတောင်ကြိုးပျက်၍ အတောင်အင်္ဂါမရှိကြကုန်။ထိုကျေးငှက်တို့သည် ကောင်းကင်ခရီးဖြင့် မပျံနိုင်ကြကုန်မူ၍ မြေပြင်မှာ လျှောက်သွားကြရကုန်၏။ အဘွန္တရ သရက်တောကြီးသို့ ချောမောစွာ ရောက်ပေါက်ရန် အခွင့်အလွန်နည်းလှ၏။

[ယခုအခါ သုတ်အဘိဓမ္မာကျမ်းဂန်ကိုသာဘတ်သိ၍ စတုပါရိသုဒ္ဓိသီလစရဏဘရားမှချို့တဲ့သောသူတို့သည်ထိုကျေးငှက်တို့နှင့်တူကြကုန်၏။]

ထိုကြောင့်ယခုအခါသာသနာတော်မြတ်၌ကြိုကြိုက်ကြရကုန်သောသူတော်ကောင်းအပေါင်းတို့သည်ပထမကျေး

www.dhammaransi.com

ဌက်တို့နှင့်တူစွာ ၍ဘဝမှသေလွန်ကြွလျှင် သုဂတိစခန်း မြတ်သောလမ်းဖြင့် နောင်ဘုရားသာသနာတော်သို့ ချမ်း သာစွာဆိုက်ရောက်ကြပြီးလျှင် မြတ်စွာဘုရား၏ တရား မွေဒေသနာတော်ကို ကြားနာရသည့် အဆုံးဌ် အကျွတ် တရားကို ရနိုင်ကြရန် နှစ်တန်သော ဝိဇ္ဇာဝမ္မစရဏဝမ္မများ ကို ယခုဘဝအရအမိကြိုးစားကြကုန်ရာသတည်း။

[၍တွင် ၁၃-ပုဆ္ဆာ လျှောက်ထားသူ ဒါယကာတို့ကို သြဝါဒပေး ဆိုက်သော သြဝါဒခန်းပြီး၏။]

ဓမ္မဒိပနီပြီး၏။

www.dhammaransi.com

ပုဏ္ဏောဝါဒကမ္မဋ္ဌာန်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ဥဒ္ဒေသ

၁။ အယံကာယော၊ ၏ကိုယ်သည်။ ဘူတသဋ္ဌယော၊ ဓာတ်ကြီးလေးပါးဟုဆိုအပ်သော မဟာဘုတ်တို့၏အပေါင်းအစုသည်။ ဟောတိ၊ ဖြစ်၏။

၂။ ဆန္နံပသာဒါနံ၊ ခြောက်မျိုးသော အကြည် အလင်း အတွင်းဓာတ်နှုတို့ဖြင့်။ ပူရော၊ ပြည့်၏။

၃။ အဌဟိအဋ္ဌိဟိ၊ ရှစ်မျိုးသော ဓာတ်ခီးတို့သည်။ နိစ္စံ၊ အမြဲ။ အာဟိတော၊ အုပ်စိုးအပ်၏။

၄။ ပဋ္ဌဟိသြဇာဟိ၊ ငါးမျိုးသောဓာတ်ဆီ တို့သည်။ ရက္ခိတော၊ စောင့်အပ်၏။ ထမ္ဘိတော၊ ထောက်ပံ့အပ်၏။

၅။ ဓာတုဘက္ခော၊ ဖြစ်ပွါးသမျှသော ဓာတ်ကြမ်း ဓာတ်နှုတို့ကိုအမြဲပုံသေစား၍နေသော၊ ဧကော၊ တခုသော။ ဓာတုယက္ခော၊ ဓာတ်ဘီလူးသည်။ အဓိဝုတ္ထော၊ အုပ်စိုး၏။

www.dhammaransi.com

၆။ တဿ၊ထိုဓာတ်ဘီလူး၏။ပက္ခာ၊အပင်းအသင်း တို့သည်ကား။ ဗဟူ၊အသိန်းမကများပြားကုန် ၏။

အယံ၊၏သည်ကား။ဥဒ္ဒေသော၊အကျဉ်းတည်း။

နိဒ္ဒေသ

မဟာဘုတ်ဘို့၏အပေါင်းအစု

ဝိတ္ထာရော၊ အကျယ်မူကား။ ဣမသ္မိံကာယေ၊၏ကိုယ် အလုံးကို။စတုဓာ၊ လေးပုံလေးစု။ ကတေ၊ ပြုအပ် သည် ရှိသော်။ ပထဝီ၊ မြေကြီး တစု။အာပေါ၊ရေတစု။ တေဇော၊ မီးတစု၊ဝါယော၊လေတစု။ဣတိ၊၏သို့။ စတုဘာဂေါ၊ လေးပုံလေးစုဖြစ်၏။ တတ္ထ၊ ထိုလေးစုတို့တွင်။

၁။ မုဒုခရာ၊ အနု အကြမ်း စမ်း၍သိရသော အမှုသည်။ ပထဝီ၊ မြေကြီးအစုတည်း။

၂။ ဒဝတာ၊စိုစွပ်စေးဘွဲ့သောအမှုသည်။အာပေါ၊ ရေအစုတည်း။

၃။ သီတုဏ္ဍော၊ အေးမှု နွေးမှုသည်။ တေဇော၊ မီးအစုတည်း။

၄။ ဝိတ္ထမ္ဘိတော၊ လျော့ရဲတောင့်တင်း ထောက်ခံ ခြင်းအမှုသည်။ ဝါယော၊ လေအစုတည်း။

မြေအစု .....

ပထဝီ၊ မြေသည်။ သိလာ၊သိလာပထဝီလည်းကောင်း။ ပံသု၊ ပံသုပထဝီလည်းကောင်း။ ဣတိ၊ ၏သို့။ဒ္ဓိခာ၊ နှစ်ပါး အပြားရှိ၏။ ။နခါ။နှစ်ဆယ်သောခြေသည်းလက်သည်း တို့သည်လည်းကောင်း။ ဒန္တာ၊သုံးဆဲ့နှစ်ချောင်းသောသွား ရိုးတို့သည်လည်း ကောင်း။ အဋ္ဌိ၊ သုံးရာမျှသော အရိုးကြီး

www.dhammaransi.com

ငယ် တို့သည်လည်း ကောင်း။ သိလာ၊ သိလာ ပထဝီ တို့သာ တည်း။ ဝါ၊ ကျောက်မြေ တို့သာတည်း။ ။ဣမာ၊ ၏သုံးရာ့ ငါးဆယ် မျှသောကျောက်စုကျောက်ခဲတို့သည်။ ဧကန္တေန၊စင်စစ်အားဖြင့်။ ပထဝီယေဝ၊ ဓာတ်မြေ အစုတို့သာတည်း။ နိသတ္တာ၊ သတ္တဝါ မဟုတ်ကုန်။ နိဇီဝါ၊အရှင်မဟုတ်ကုန်။အစေတနာ၊သိမှုကြီမှုမရှိကုန်။

ကေသာ၊ ဆံပင် တို့လည်း ကောင်း။ လောမာ၊ မွေးညှင်း တို့လည်း ကောင်း။ တစော၊ အရေ လည်း ကောင်း။ မံသံ၊ကိုးရာသောအသားစိုင်အသားခဲလည်းကောင်း။နှာရူ၊ ကိုးရာသော အကြောကြီးအကြောငယ် တို့လည်းကောင်း။ အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်း ခြင်ဆီ စုလည်း ကောင်း။ ဝက္ကံ၊ အညို့ခဲ လည်းကောင်း။ ဟဒယံ၊ နှလုံးခဲလည်းကောင်း။ ယကနံ။ အသည်း ခဲလည်းကောင်း။ ကိလောကေံ။ အတွင်း အမြေးလွှာအပြင်အမြေးလွှာလည်း ကောင်း။ ပိဟကံ၊ အဖျဉ်းခဲ လည်းကောင်း။ ပပ္ဖါသံ၊ အဆုပ်ခဲ လည်းကောင်း။ အန္တံ၊ အူမလွှာလည်းကောင်း။ အန္တဂုဏံ၊ အူနူ အူသိမ် လည်း ကောင်း။ဥဒရိယံ၊အစာစိမ်းလည်းကောင်း။ ကရီသံ၊အစာကျက်လည်းကောင်း။မတ္တလုင်ံ၊ဦးနှောက်ခဲလည်းကောင်း။ ဣမာ၊ ၏မြေတို့ သည်ကား။ ပံသုပထဝီ၊ ရွှံ့မြေ ညွန်မြေ အမှုန့်မြေတို့သာတည်း။နိသတ္တာ၊သတ္တဝါမဟုတ်ကုန်။ နိဇီဝါ၊ အရှင်မဟုတ်ကုန်။အစေတနာ၊ကြီမှုသိမှုမရှိကုန်။

တံသဇ္ဇံ၊ ထိုအလုံးစုံသည်။ ကမ္မဇံ၊ ကံမှဖြစ်သောမြေ။ စိတ္တဇံ၊စိတ်မှဖြစ်သောမြေ၊ဥတုဇံ၊ဓာတ်ဓီးမှဖြစ်သောမြေ၊ အာဟာရဇံ၊ဓာတ်ဆီမှဖြစ်သောမြေဟူ၍။စတုဇ္ဇိခံ၊လေးပါး အပြားရှိ၏။

အာပါယိကာ၊ငရဲကောင်ပြိတ္တာကောင်အသုရကာယ် ကောင် တိရစ္ဆာန်ကောင် ဖြစ်၍နေသော မြေစိုင်မြေခဲစုသည်။ သြဋ္ဌာရိကာ၊ ကြမ်းထန်း၏။မာနူသာ၊ လူကောင်

www.dhammaransi.com

သဏ္ဌာန်ဖြစ်၍နေသောမြို့ဝိုင်မြေခဲစုသည်။ သုခမာ၊သိမ်မွေ့နူးညံ့၏။ တဝေတာ၊ ထိုထက်။ စာတုမဟာရာဇိကာ၊ စတုမဟာရာဇ်၏ နတ်ကောင်သဏ္ဌာန် ဖြစ်၍နေသော မြေမိုင်မြေခဲစုသည်။ သုခမာ၊သိမ်မွေ့နူးညံ့၏။ အပိစ၊ဆိုဘွယ်အထူးကား။ တတ္ထ၊ထိုစတုမဟာရာဇ်နတ်မြေစုတွင်။ ဘူမာဒေဝါ၊ ဘူမဇိုဝ်းခေါ်သော မြေမိုင်မြေခဲစုတို့သည်။ သန္တိ၊ ရှိကုန်၏။ တတ္ထ၊ ထိုဘူမဇိုဝ်းခေါ်သော မြေမိုင်မြေခဲစုတို့တွင်။ ကေစိ၊ အချို့ကုန်သော။ အပ္ပပုညာ၊ ဘုန်းကံမဲ့ကုန်သော။ဝိနိပါတိကာ၊နတ်ဆိုး နတ်ဝါး အစိန်းသားရဲ တဝေ့ဝေ့မှင်စာစသော ဝိနိပါတိက အာသုရာခေါ်ရသော ဒုက္ခိတဘူမဇိုဝ်းမြေမိုင်မြေခဲစု တို့သည်ကား။ သြဠာရိကာ၊ မြေကြမ်းတို့ပင်ဖြစ်ကုန်၏။ ။တဝေတာ၊ ထိုစတုမဟာရာဇ်နတ်ကောင်ဖြစ်သော မြေစုထက်။ တာဝတိံသာ၊ တာဝတိံသာနတ်ခေါ်ရသောမြေမိုင်မြေခဲစုသည်၊ သုခမာ၊သိမ်မွေ့နူးညံ့၏။ ဧဝံ၊ ဤအတူ။ အကနိဋ္ဌာ၊ အကနိဋ္ဌဗြဟ္မာမင်းကြီးခေါ်ရသော မြေမိုင်မြေခဲစုတိုင်အောင်။ ဥပရုပရိ၊ တဆင့်ထက်တဆင့်။ သုခမာဘာဝေါ၊ သိမ်မွေ့နူးညံ့သော အဖြစ်ကို။ ဝေဒိတဗ္ဗော၊သိအပ်၏။ ဥပရိ၊ အကနိဋ္ဌ ဗြဟ္မာခေါ်ရသော မြေမိုင်မြေမဲ့ခဲစုမှအထက်၌။ ပထဝိနာမ၊မြေမိုင်မြေခဲစုမည်သည်။ နတ္ထိ၊ မရှိပြီ။

ပထဝီ၊မြေဓာတ်သည်။နိဋ္ဌိတာ၊ပြီးပြီ။

ရေအင်္ဂဇံ .....

ပိတ္တံ၊သည်းခြေရည်သည်းခြေခဲလည်းကောင်း။ သေမ္ဟံ၊ သလိပ်ရည် သလိပ်ခဲလည်းကောင်း။ ပုဗ္ဗော၊ ပြည်ရည်ပြည်ခဲလည်းကောင်း။လောဟိတံ၊ သွေးရည်သွေးခဲလည်းကောင်း။ သေဒေါ၊ ချွေးရည်ချွေးခဲလည်းကောင်း။ မေဒေါ၊ အဆီပြင် အဆီခဲလည်းကောင်း။ အဿု၊ မျက်ရည်လည်း

www.dhammaransi.com

ကောင်း။ ဝသာ၊ အဆိကြည်လည်းကောင်း။ ခေဋ္ဌော၊ တံထွေးရည်တံထွေးခဲလည်းကောင်း။ သိဃ်ာနိကာ၊ နှာရည်နှာခဲလည်းကောင်း။ လသိကာ၊ အစေးပုပ်လည်းကောင်း။ မုတ္တံ၊ကျင်ငယ်လည်းကောင်း။ဣမေ၊၏အစုတို့သည်။အာပါ၊ ရေအစုတို့တည်း။ ။ဒ္ဒိသု၊နှစ်မျိုးကုန်သော။ဥဒကေသု၊ရေချို ရေငံတို့တွင်၊လောဏာ၊ ရေငံသက်သက်တို့သာတည်း။ ဣမေ၊၏ရေတို့သည်။နိသတ္တာ၊သတ္တဝါမဟုတ်ကုန်။နိဇီဝါ၊ အရှင်မဟုတ်ကုန်။ အစေတနာ၊ ကြီမှုသိမှုမရှိကုန်။

တံတဲ့ဲ၊ ထိုအလုံးစုံသောရေစုသည်။ ကမ္မဇံ၊ကံမှဖြစ်သောရေ။စိတ္တဇံ၊စိတ်မှဖြစ်သောရေ။ဥတုဇံ၊ ဓာတ်မီးမှဖြစ်သောရေ။ အာဟာရဇံ၊ ဓာတ်ဆီမှဖြစ်သော ရေဟူ၍။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိ၏။

အာပါယိကော၊အပါယ်ဘုံသားသဏ္ဌာန်ဖြစ်၍နေသောရေရည် ရေခဲစုသည်။ ဩဋ္ဌာရိကော၊ ကြမ်း ထန်း ၏။ မာနုသော၊ လူရည်လူစေးဖြစ်၍နေသောရေစုသည်။ သုခုမော၊ သိမ်မွေ့နူးညံ့၏။ ဣတိအာဒိနာ၊ ၏သို့အစရှိသည်ဖြင့်။အကနိဋ္ဌာ၊အကနိဋ္ဌဗြဟ္မာရည်ဗြဟ္မာစေးဖြစ်၍နေသောရေစုတိုင်အောင်။ ဝတ္တဗ္ဗံ၊ဆိုအပ်၏။ ဥပရိ၊ အကနိဋ္ဌဗြဟ္မာရည်ဗြဟ္မာစေးဖြစ်၍နေသောရေအစုမှအထက်၌၊အာပေါနာမ၊ရေမည်သည်။နတ္ထိ၊ မရှိပြီ။

အာပေါ၊ရေဓာတ်သည်။နိဋ္ဌိတော၊ပြီးပြီ။

မီးအစု.....

ဥသ္မာ၊ တကိုယ်လုံးကို ပေါင်းနွေး၍ သွေး သည်းခြေလေသလိပ် တို့ကို ကြည်လင် စေတတ် သော ဥသ္မာခေါ်သော ကိုယ်စောင့် ဓာတ်မီးလည်း ကောင်း။ ပါစကော၊ အစာအိမ်၌ ဆိုက်လာသမျှသော အရည်အဖတ်တို့ကို ကျိုချက်သမှု အနုအကြမ်း ခွဲခြမ်းရွေးနုတ် အဆီထုတ် သော

www.dhammaransi.com

ပါစကဓာတ်မီးလည်းကောင်း။ ဖိရဏာ။ နုနယ်သော အရွယ်အဆင်းကို ရင့်သန် မောက်မာ ခြင်းသို့ ရောက် လေအောင် ရင့်သန် မောက်မာ သော အရွယ် အဆင်း တို့ကိုတရွှေတရွှေ ခြောက်သွေ့ကုန်ခန်း ဟောင်း နွမ်းဆွေးမြေ့ခြင်းသို့ ရောက်လေအောင် အမြဲဆောင်သောဖိရဏာဓာတ်မီးလည်းကောင်း။သန္တာပေါ၊ရက်ဆက်ရက်ချန်ဖျားမှုထုံကျင်ကိုက်ခဲမှုစသည်ကိုပြုတတ်သောသန္တာပမည်သောအပျက်ဓာတ်မီးလည်းကောင်း။ဒါဟော၊ပေါက်နာကျောက်နာဝက်သက်နာ နူနာစသည်ဖြစ်၍ သွေးသည်းခြေတို့ကို အခြေပျက်အောင် လောင်ကျွမ်းလျက် မန်းရည်ငန်းရည်ပြည်ပုပ်သွေးပုပ်ဖြစ်အောင် ပြုတတ်သော ဒါဟဓာတ်မီးလည်းကောင်း။ ။ဣမေ၊ ဤအစုတို့သည်။ တေဇော၊ မီးအစုတို့တည်း။ ။ဒ္ဒီသု၊နှစ်မျိုးကုန်သော။ အဂ္ဂီသု၊အေး၍လောင်မှုပူ၍လောင်မှုတို့တွင်။ ဥဏ္ဏာ၊ ပူလောင်သောဥဏ္ဏဓာတ်မီး တို့သာတည်း။ ဣမေ၊ ဤမီးတို့ သည်လည်း။ နိသတ္တာ၊ သတ္တဝါမဟုတ်ကုန်။ နိဇီဝါ၊ အရှင်မဟုတ်ကုန်။ အစေတနာ၊ကြံမှုသိမှုမရှိကုန်။

တံသဗ္ဗံ၊ ထိုအလုံးစုံသောဓာတ်မီးစုသည်။ကမ္မဇံ၊ ကံမှဖြစ်သောဓာတ်မီး။ စိတ္တဇံ၊စိတ်မှဖြစ်သောဓာတ်မီး။ဥတုဇံ၊ ဥတုမှဖြစ်သောဓာတ်မီး။အာဟာရဇံ၊ ဓာတ်ဆီမှဖြစ်သောဓာတ်မီးဟူ၍။စတုဗ္ဗိဓံ၊လေးပါးအပြားရှိ၏။

အဝိစိ၊အဝိစိငရဲကောင်ရှိဓာတ်မီးသည်။ အတိသြဋ္ဌာရိကော၊အလွန်ကြမ်းထန်း၏။ ။အကနိဋ္ဌော၊အကနိဋ္ဌဗြဟ္မာပူဗြဟ္မာငွေသည်။အတိသုခုမော၊ အလွန်သိမ်မွေ့၏။အန္တရေ၊ အလယ်အကြားဘုံစု၌။ဥပရူပရိ၊တဆင့်ထက်တဆင့်။သုခုမဘာဝေါ၊ သိမ်မွေ့သောအဖြစ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ။ဒ္ဒိနှုံ၊ ဓာတ်မီးတို့၏ပူမှုအေးမှုနှစ်ပါးတို့တွင်။ဥဏ္ဏဘာဝေါ၊ ပူလောင်မှုသည်။ အဝိစိအဂ္ဂိနာ၊ အဝိစိငရဲမီးဖြင့်

www.dhammaransi.com

လည်းကောင်း။ ကပ္ပဂ္ဂိနာ၊ စကြဝဋ္ဌာကုဋေတသိန်းအတွင်း ပထမချာန်သုံးဘုံတိုင်အောင် အကုန်လောင်သော ကမ္ဘာ ဖျက်မီးဖြင့်လည်းကောင်း။ ပါကဋော၊ ထင်ရှား၏။ ။သီတ ဘာဝေါ၊ အေးမှုမူကား။ လောကန္တရေန၊ လောကန္တရိက် ဝရဲရေဖြင့်လည်းကောင်း။ ကပ္ပုဒကေန၊ စကြဝဋ္ဌာကုဋေတ သိန်းအတွင်းဒုတိယချာန်သုံးဘုံတိုင်အောင် အကုန်လောင် သော ကမ္ဘာဖျက်ရေဖြင့်လည်းကောင်း။ ပါကဋော၊ ထင် ရှား၏။ ။စ၊ ဆက်အံ့။ ဧတ္တ၊ ဤရေဖြင့် ကမ္ဘာပျက်ရာ၌။ ဝိနာသော၊ ပျက်မှုသည်။ သီတဂ္ဂိနော၊ သီတမီး၏။ ဝသော၊ အစွမ်းပေတည်း။ အာပဿ၊ ရေဓာတ်၏။ ဝသော။ အစွမ်း သည်။ နု၊ မဟုတ်။

တေဇော၊ မီးဓာတ်သည်။ နိဋ္ဌိတော။ ပြီးပြီ။

လေအစု .....

အဿာသော၊ ထွက်သက်လေလည်းကောင်း။ ပဿာ သော၊ ဝင်သက်လေလည်းကောင်း။ ဗလံ၊ ကိုယ်၏သန်မြန် ခြင်း, ဦးခေါင်းခြေလက်စသောအင်္ဂါကြီးငယ်တို့၏သန်မြန် ခြင်းတည်းဟူသော အားခွန်ဗလ ခေါ်ဆိုကြသော ဗလ ဓာတ်လေလည်းကောင်း။ ထမ္ဘနံ၊ ထမ်းခွင့်ဆိုက်ခါဖြစ်ပေါ် လာ၍ကိုယ်အင်္ဂါကြီးငယ်ကို ထမ်းသောထမ္ဘနဓာတ်လေ လည်းကောင်း။ ဓာရဏံ၊ ဆောင်ခွင့်ဆိုက်ခါ ဖြစ်ပေါ်လာ၍ ကိုယ်အင်္ဂါကြီးငယ်ကို ပင့်ဆောင်သော ဓာရဏဓာတ်လေ လည်းကောင်း။ စလနံ၊ ကိုယ်အင်္ဂါကြီးငယ်ကို ရွှေရှားစေ တတ်သောစလနဓာတ်လေလည်းကောင်း။ ဂနေံ၊ သွားလို သောအခါ ဖြစ်ပေါ်လာသော ဂမန ဓာတ်လေလည်း ကောင်း။ ဌာနံ၊ တန့်တန့်ကြပ်ကြပ်ရပ်လိုသောအခါဖြစ်ပေါ် လာသော ဌာန ဓာတ်လေလည်းကောင်း။ နိသဇ္ဇာ၊ ထိုင် လိုသောအခါ ဖြစ်ပေါ်လာသော နိသဇ္ဇဓာတ် လေလည်း

www.dhammaransi.com

ကောင်း။ ဥက္ခေပေါ၊ ကိုယ်အင်္ဂါကြီးငယ်ကို ချီးမြှောက်သောအခါ ဖြစ်ပေါ်လာသော ဥက္ခေပ ဓာတ် လေလည်းကောင်း။နိက္ခေပေါ၊ပစ်ချလိုသောအခါ ဖြစ်ပေါ်လာသော နိက္ခေပဓာတ်လေလည်းကောင်း။ဝိက္ခေပေါ၊ထိုမှ၏မှပစ်လိုသောအခါ ဖြစ်ပေါ်လာသော ဝိက္ခေပ ဓာတ်လေလည်းကောင်း။သမိဉ္ဇနံ၊ အင်္ဂါကြီးငယ်တို့ကို ကွေးလိုကောက်လိုသောအခါ ဖြစ်ပေါ်လာသော သမိဉ္ဇနဓာတ် လေလည်းကောင်း။ပသာရဏံ၊အင်္ဂါကြီးငယ်တို့ကိုဆန့်တန်းလိုသောအခါဖြစ်ပေါ်လာသောပသာရဏဓာတ်လေလည်းကောင်း။ဂဟဏံ၊ကိုင်လိုဆွဲလိုသောအခါဖြစ်ပေါ်လာသောဂဟဏဓာတ်လေလည်းကောင်း။အာကဗုနံ၊ဆွဲငင်သောအာကဗုနဓာတ် လေလည်း ကောင်း။ အပကဗုနံ၊ တွန်းဖယ်သောအပကဗုန ဓာတ်လေ လည်းကောင်း။ ကထနံ၊ စကားစမြီပြောဆိုလိုသောအခါဖြစ်ပေါ်လာသော ကထနဓာတ်လေလည်းကောင်း။ ကမ္ပနံ၊ တုန်လှုပ်သော ကမ္ပန ဓာတ် လေလည်းကောင်း။ ဖရဏံ၊ဝမ်းမီးစစ်၍အနှစ်အဆီရအပ်သောရသဓာတ်ရည်ကိုလည်းကောင်း,နှလုံးအိမ်သည်းခြေအိမ်အသဲလွှာတို့၌ထာဝရဖြစ်ပွါးသောသွေးရည်သည်းခြေရည်တို့ကိုလည်းကောင်း, ကိုယ်လုံး ပြန့်နှံ့အောင်ဖြန့်ဖြူးသောဖရဏဓာတ်လေလည်းကောင်း။ ကုစ္ဆိသယော၊ ဝမ်းတွင်း၌ကိန်းသော ဓာတ်လေလည်းကောင်း။ကောဋ္ဌာသယော၊ အူတွင်း၌ကိန်းသော ဓာတ်လေလည်းကောင်း။ ဥဒ္ဓင်မော၊ ပျိုခြင်းအန်ခြင်း စသည်ဖြင့် အထက်သို့ ဆန်တက်သောဓာတ် လေလည်းကောင်း။အဓောဂမော၊အောက်သို့သက်သောဓာတ်လေလည်းကောင်း။ ။ဇူမေ၊၏နှစ်ဆဲ့လေးပါးသော အစုတို့သည်။ ဝါတာ။လေအစုတို့တည်း။ ။ဇူမေ၊၏လေအစုတို့သည်။နိသတ္တာ၊သတ္တဝါမဟုတ်ကုန်။ နိဇီဝါ၊ အရှင်မဟုတ်ကုန်။ အစေတနာ၊ ကြီမှုသိမှုမရှိကုန်။

www.dhammaransi.com

တံသဇ္ဇံ၊ ထိုအလုံးစုံသောလေစုသည်။ ကမ္မဇံ၊ကံမှဖြစ်သောလေ။ စိတ္တဇံ၊ စိတ်မှဖြစ်သောလေ။ဥတုဇံ၊ဓာတ်ဓီးမှဖြစ်သောလေ။အာဟာရဇံ၊ဓာတ်ဆီမှဖြစ်သောလေဟူ၍။ စတုဇ္ဇိဓံ၊လေးပါးသောအပြားရှိ၏။ ။(ဩဋ္ဌာရိက သုခုမမှာဆိုမြဲဆို။)

ဝါယော၊လေဓာတ်သည်။နိဋ္ဌိတော၊ပြီးပြီ။

[ဘူတသဥ္စယော ဟူသောပထမစကား၌အကျယ်ပြချက်ပြီး၏။]

အကြည် ၆-မျိုးကိုယ်လုံးဖြိုး

ဗဟိဒ္ဓါ၊ အပဋ္ဌ။ နိမိတ္တာနံ၊ နေရိပ် လရိပ် မျက်နှာရိပ် အစရှိကုန်သော အရိပ်သဏ္ဌာန်တို့၏။ ဥပဋ္ဌာနာ၊ ထင်ရာပေါ်ရာဖြစ်ကုန်သော။အတိပသန္နာ၊ အလွန်ကြည်လင် လှစွာကုန်သော။ အာဒါသာဒယောဝိယ၊ မှဏ်ကြည် ဖလ်ကြည်စသည်တို့နှင့် ထပ်တူ။ ကာယေ၊ တွင်းပသိမ်းကျုံးတကိုယ်လုံး၌။ ကမ္မဇာ၊ ကံမှဖြစ်ကုန်သော။ ဆပသန္နာ၊ ခြောက်မျိုးသော အကြည်ဓာတ် အလင်းဓာတ် တို့သည်။ သဏ္ဌိတာ၊ ကောင်းစွာတည်ကုန်၏။ ကတမေစ၊ အဘယ်သည်တို့နည်း ဟူမူကား။

၁။ စက္ခု၊ စက္ခု ဟူသော အကြည်ဓာတ် လည်းတပါး။

၂။ သောတံ၊ သောတ ဟူသော အကြည် ဓာတ်လည်းတပါး။

၃။ ဃာနံ။ ဃာနဟူသော အကြည်ဓာတ်လည်းတပါး။

၄။ ဇိဝှါ၊ ဇိဝှါ ဟူသော အကြည် ဓာတ်လည်းတပါး။

၅။ ကာယော၊ ကာယ ဟူသော အကြည်ဓာတ်လည်းတပါး။

www.dhammaransi.com

၆။ မနော၊ စိတ်ဟူသော အကြည် ဓာတ်လည်း တပါး။

ဧမေဆ၊ ၏ခြောက်ပါးတို့တည်း။

စက္ခုအကြည်စသည်.....

တတ္ထ၊ ထိုခြောက်ပါး သော အကြည် တို့တွင်။ စက္ခု၊ စက္ခုဟူသောအကြည်သည်သာလျှင်။ဝဏ္ဏသဟိတံ၊အဆင်းနှင့်တကွကြည်သည်ဖြစ်၍။ ဒဿနီယံ၊ မျက်စိဖြင့်ပင်မြင်၍သိရ၏။ သေသာ၊ ကြွင်းသော အကြည်ငါးပါး တို့ကိုမူကား။ နဒဿနီယာ၊ မျက်စိဖြင့်ကြည့်၍မသိရကုန်။ ဉာဏဝိသယာ၊ ဉာဏ်ဖြင့် သိရသော အရာသာဖြစ်ကုန်၏။ ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံစိတ္တံ၊ ၏သတ္တဝါ တို့၏စိတ် ဟူသော ဓာတ် အထူးသည်။ ပဘဿရံ၊ တလျှမ်း လျှမ်း တလက်လက် ပြိုးပြိုးပြက်လျှင် ကြည်လင် တောက် ထွန်း၏ ဟူ၍လည်းကောင်း။စိတ္တံ၊စိတ်မည်သောဓာတ်အထူးသည် ပဏ္ဍရံ၊ဆွတ်ဆွတ်ဖြူလျှင်ကြည်လင် တောက်ထွန်း၏ ဟူ၍လည်းကောင်း။ ဝုတ္တတ္တာ၊မြတ်စွာဘုရားဟောကြားတော်မူသောကြောင့်။ တေသု၊ထိုခြောက်ပါးသောဓာတ်ကြည်မျိုးတို့တွင်။စိတ္တံ၊စိတ်ဟူသောဓာတ်ကြည် သည်။အတိဝိယ၊ အတိုင်းထက်အလွန်ပင်။ပသန္နံ၊ကြည်လင်လှ၏။ပဏ္ဍရံ၊ ဖြူစင်လှ၏။ ပဘဿရံ၊ ပြိုးပြိုးပျက် တလက်လက် တောက်ထွန်း၏ ဟူ၍။ဒဋ္ဌဗ္ဗံ၊ရှုအပ်၏။ ။တေသု၊ ထိုခြောက်ပါး သောအကြည်တို့တွင်။ စက္ခု၊ အမြင်ဓာတ်ဟူသော စက္ခုသည်။ စက္ခုမှိ၊ မျက်လုံးအိမ်အလယ်၌။ဌိတံ၊ဘည်၏။ ။

၂။ သောတံ၊အကြားဓာတ်ဟူသော သောတသည်။ကဏ္ဏဗိလေ၊ နားတွင်း၌။ဌိတံ၊တည်၏။

၃။ ဃာနံ၊ အနံဓာတ်ဟူသောဃာနသည်။ဃာနဗိလေ၊နှာခေါင်းတွင်း၌။ ဌိတံ၊တည်၏။

www.dhammaransi.com

၄။ ဖိဝှါ၊ အလျက်ခဝတ် ဟူသောဖိဝှါသည်။ ဖိဝှါမဇ္ဈေ၊ လျှာလယ်၌။ ငှိတံ၊တည်၏။

၅။ ကာယော၊ အတွေ့ခဝတ်ဟူသော ကာယသည်ကား။ ကာယေ၊ တကိုယ်လုံး၌။အနောကာသောနာမ။ သူမရှိသော အရပ်မည်သည်။နတ္ထိ၊မရှိ။ သဗ္ဗံ၊ အလုံးစုံသော။ ကာယံ၊ အတွင်းအပရှိသမျှသော တကိုယ်လုံးကို။ဗျာပေတွာ။ပြန့်နှံ့၍၊ ငှိတော၊ တည်၏။ ကာယော၊ တကိုယ်လုံးသည်။ ဖလိတက္ခန္ဓောဝိယ။ကြည်စွာသောဖလ်တုံးကြီးမှဏ်တုံးကြီးနှင့်ထပ်တူ။ဟောတိ၊ ဖြစ်၏။

၆။ မနော၊ အတုမရှိ ထွန်းတောက်ဘိသော စိတ်အကြည်မူကား။ဟဒယေ၊ နှစ်လုံးအိမ်တွင်း၌။နိစ္စံ၊အမြဲ။ပဝတ္တတိ။ဖြစ်၏။

၁။ ယဒါ၊ အကြင်အခါ၌။ ရူပနိမိတ္တာနိ၊ အိုးသဏ္ဌာန်ခွက် သဏ္ဌာန်စသော အဆင်းသဏ္ဌာန် အရိပ်အရောင်တို့သည်။ စက္ခုမြှိ၊စက္ခုအကြည်၌။ ဒိဿန္တိ၊ ထင်လာကုန်၏။ ဃဋ္ဌေန္တိ၊ခိုက်လာကုန်၏။ တဒါ၊ထိုအခါ၌။ ဟဒယေ၊ နှလုံး၌။စိတ္တသန္တာနံ၊ စိတ်အစဉ်သည်။ ဆိဇ္ဇတိ၊ပြတ်၏။ စက္ခုမြှိ၊စက္ခုအကြည်၌။ ဇာယတိ၊ဖြစ်ပေါ်၏။

၂။ ဧဝံ၊ ဤနည်းအတူ။ သဒ္ဒနိမိတ္တေသု၊ အသံရိပ်တို့သည်။ သောတေ၊ သောတအကြည်၌၊ ဒိဿန္တေသု၊ထင်လာကုန်သည် ရှိသော်။ ဃဋ္ဌေန္တေသု၊ ခိုက်လာကုန်သည် ရှိသော်။ ဟဒယေ၊ နှလုံး၌။ စိတ္တသန္တာနံ၊ စိတ်အစဉ်သည်။ဆိဇ္ဇတိ၊ပြတ်၏။သောတေ၊ သောတအကြည်၌။ ဇာယတိ၊ဖြစ်ပေါ်၏။

၃။ ဂန္ဓေသု၊အနံ့တို့သည်။ ဃာနေ။ ဃနအကြည်၌။ ဒိဿန္တေသု။ ထင်လာကုန်သည်ရှိသော်။ ဃဋ္ဌေန္တေသု

www.dhammaransi.com

ခိုက်လာကုန်သည်ရှိသော်။ဟဒယေ၊နှလုံး၌။စိတ္တာသန္တာနံ၊ စိတ်အစဉ်သည်။ဆိဇ္ဈတိ၊ ပြတ်၏။ဃာနေန၊ ဃာနအကြည် ၌။ဇာယတိ၊ဖြစ်ပေါ်လာ၏။

၄။ ရသေသု၊ အရသာတို့သည်။ ဇိဂုဂိယ၊ဇိဂုဂါဝတ် အကြည်၌။ ဒိဿန္တေသု၊ ထင်လာကုန်သည် ရှိသော်။ ဃဋ္ဋေန္တေသု၊ ခိုက်လာကုန်သည် ရှိသော်။ ဟဒယေ၊နှလုံး၌။စိတ္တာသန္တာနံ၊ စိတ်အစဉ်သည်။ဆိဇ္ဈတိ၊ ပြတ်၏။ဇိဂုဂိယ၊ဇိဂုဂါအကြည်၌။ ဇာယတိ၊ ဖြစ်ပေါ်၏။

၅။ ကာယေ၊တွင်းပသိမ်းကျုံးတကိုယ်လုံးတွင်။ယတ္ထ၊ အကြင်နေရာ၌။ ပေဝဋ္ဋဗ္ဘာနိ၊ အနု အကြမ်းဟူသော ခြေ ဝါတ်အငွေ့တို့၊ အဒူအဒူးအပူဟူသော မီးဝါတ်အငွေ့တို့၊ အ လှုပ်အရှားး အတင်းအဆွဲ့ ဟူသော လေဝါတ်အငွေ့တို့ သည်။ ဖုံသန်း၊ ငွေ့ထိုကုန်အံ့။ဃဋ္ဋေန်း၊ ခိုက်တိုက်ကုန်အံ့။ ဟဒယေ၊နှလုံး၌။စိတ္တာသန္တာနံ၊စိတ်အစဉ်သည်။ဆိဇ္ဈတော၊ ထိုငွေ့ထိရာအရပ်ပြတ်၍၊ တထာ၊ ထိုငွေ့ထိရာ အရပ်၌။ ဇာယတိ၊ဖြစ်ပေါ်၏။

၆။ ပဇ္ဇတကုဆိုမှ၊ စိုပြည် ဖွဖမ်း ဖွဖမ်း တောင်အဂ္ဂမ်း၌။ သိလာဖိုလေ၊ ကျောက်တွင်း၌။ ဥဇ္ဇုဒိနာဓ၊ ပွက်ပွက်ပွက် ပွက်အမြဲထွက်၍နေသော စိမ့်ရေစန်းရေမည်သည်။ အတ္ထိ ကိရ၊ရှိသတတ်။ဧဝံ။၍အတူ၊ ကာယမဏ္ဍေ။ကိုယ်၏အလယ် ၌။ဟဒယဖိုလေ၊ နှလုံးအိမ်တည်းဟူသောတွင်း၌။ ဥဇ္ဇုဒံ၊ အမြဲပွက်၍ထွက်၍နေသော။ ဘဝင်္သန္တာနံ၊ ဆွတ်သွတ် လင်းကြည် ဘဝင်ရည်တည်းဟူသော စိတ်ဓာတ်သည်။ အတ္ထိ၊ရှိ၏။သဇ္ဇနိမ်တ္တာနိ၊အလုံးစုံသောအာရုံနိမိတ်သဏ္ဌာန် ရိပ်တို့သည်။ တထာ၊ ထိုလက်လက်လက်လက် အမြဲပွက်၍ ပေါ်ထွက် ဖြစ်ပွါးကာနေသော ဘဝင်အစဉ်၌။ ဒိဿန္တိ၊ ထင်ရကုန်၏။ယဒါ၊အကြင်အခါ၌။ဘဿိံ၊ကိုဘဝင်ဟူသော ဓာတ်ကြည်၌။ ကိဉ္စိ၊ တစုံတရသော အာရုံသစ်သည်။

www.dhammaransi.com

ဒိသာတိ၊ ထင်၏။ တဒါ၊ ထိုအခါ၌။ ဂန္ဓိတေ၊ အကြိမ်တရာ ချက်၍ ထက်မြက်လှစွာသော ယမ်းအစု၌။အဂ္ဂိပါတံဝိယ။ မီးပွါးကျသောအခါကဲ့သို့။ သဝေဂံ၊ ထက်သန် ပြင်းထန် အလွန်မြန်သော အဟုန်ရှိသော။ဇဝနသန္တာနံ။ ဇောစိတ် အစဉ်သည်။ ဥဋ္ဌဟိတွာ၊ တိမ်တိုက်ဘွင်းမှ တလျှမ်းလျှမ်း ထသောလျှပ်ချက်ကဲ့သို့ လျှမ်းလျှမ်း တက်ထကြွ၍။ သဗ္ဗ ကိစ္စံ၊ကိုယ်၏ လှုပ်ရှားမှုအမျိုးမျိုး နှုတ်၏လှုပ်ရှားမှု အမျိုး မျိုး စိတ်၏လှုပ်ရှားမှုအမျိုးမျိုးကို။ သာဓေတိ၊ ပြီးစီးစေ၏။ အာ ရမ္မဏော၊ ထင်လာသော အာရုံနိမိတ် အာရုံရိပ်သည်။ ဝိဂတေ၊ ကင်းကွာ ကွယ်ပျောက်ပြန်သည်ရှိသော်။ တံ၊ ထိုလျှမ်းလျှမ်း တောက်ထသော ဇောဓာတ်အစဉ်သည်။ ဝိဂစ္ဆတိ၊ ကွယ်ဆုံး ပျောက်ပျက်ပြန်၏။ ။ဣမေ၊ ၏ ခြောက်ပါးသော အကြည်တို့သည်။ နိသတ္တာ၊ သတ္တဝါမ ဟုတ်ကုန်။နိဇီဝါ၊ အရှင်မဟုတ်ကုန်။အစေတနာ၊ ကြီမှုသိ မှုကြောင့်ကြပြုသောဗျာပါရမရှိကုန်။ ။ဣမေ၊၏ခြောက် ပါးသော အကြည်တို့သည်။ အပါယတော၊ အပါယ်အ ကြည်မှ။ ဘဝဂ္ဂါ၊ နေဝသညာနာသညာ ဗြဟ္မာအကြည် တိုင်အောင်။ ဥပရူပရိ၊ အဆင့်ဆင့်။အဓိကာ၊ လွန်ကဲကုန် ၏။ ။ဗုဒ္ဓါ၊ဘုရားခေါ်ရသော အကြည်တို့သည်။သေဌာ၊ အထွဋ်အထိပ်တို့ပေတည်း။

ဆပသာဒါ၊အကြည်ခြောက်မျိုးတို့သည်။
နိဋ္ဌိတာ၊ပြီးကုန်ပြီ။

ဒေတ်မီး ၈-မျိုးမြဲအုပ်စိုး

အဋ္ဌဟိအဂ္ဂီဟိ၊ ရှစ်မျိုးသော ဓာတ်မီးတို့သည်။ အယံ ကာယော၊၏ကိုယ်ကောင်အလုံးကို။ အာဟိတော၊အုပ်စိုး အပ်၏။တေ၊ထိုရှစ်မျိုးသောဓာတ်မီးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ။ကမ္မဇော၊ ရှေးရှေးဘဝပြုခဲ့ကြ

www.dhammaransi.com

သောကံမှဖြစ်သောကမ္မဇဓာတ်မီးတမျိုး။စိတ္တဇော၊စိတ်မှ ဖြစ်သောစိတ္တဇဓာတ်မီးတမျိုး။ ဥတုဇော၊ တခုတခုသော ဓာတ်မီးမှ အဆင့်ဆင့်ဖြစ်ပွါးသော ဥတုဇဓာတ်မီးတမျိုး။ အဟာရဇော၊ ဓာတ်ဆီမှဖြစ်ပွါးသော ဓာတ်မီးတမျိုး။ ဣမေ၊ ၏လေးမျိုးသော ဓာတ်မီးတို့သည်။ သီတုဏ္ဍဝသေန၊ သီတလေးပါး ဥဏ္ဍလေးပါး၏အစွမ်းဖြင့်။ အဌဓာ၊ ရှစ်ပါး ပြားကုန်၏။

တတ္ထ၊ထိုရှစ်ပါးတို့တွင်။ပုရိမာ၊ ရှေးဖြစ်ကုန်သောကမ္မ ဇဓာတ်မီးစိတ္တဇဓာတ်မီးနှစ်မျိုးတို့သည်။အဇ္ဈတ္တာ၊ သတ္တ ဝါကောင်သန္တာန်တွင်သာရအပ်ကုန်၏။ဗဟိဒ္ဓါ၊သတ္တဝါမ ဟုတ်သောအပသန္တာန်၌။နတ္ထိ၊ မရှိကုန်။ဥတုဇော၊ဥတုမှ ဖြစ်ပွါးသော ဓာတ်မီးသည်။ အဇ္ဈတ္တံ၊ သတ္တဝါတွင်အကျုံး ဝင်သော ဓာတ်မီးလည်းကောင်း။ ဗဟိဒ္ဓါ၊ ရေမြေတော တောင်စသောဗဟိဒ္ဓတွင် အကျုံးဝင်သောဓာတ်မီးလည်း ကောင်း။ဣတိ၊၏သို့။ဒ္ဓိဓာ၊နှစ်ပါးပြား၏။ ။အဟာရဇော။ အဟာရဇဓာတ်မီးသည်လည်း။တထာ၊ ထိုဥတုဇဓာတ်မီး အတူအဇ္ဈတ္တဗဟိဒ္ဓနှစ်ပါးပြား၏။ ။သဗ္ဗော၊အလုံးစုံသော။ ဗာဟိရော၊ မြေကြီးမြင့်မိုရ် စကြဝဋ္ဌာ ဟိမဝန္တာ သီဒါ သမုဒ္ဒရာ တောတောင်သစ်ပင်ချုံနွယ် ဘုံဗိမာန်အဝတ်ပု ဆိုးစသောအပဝတ္ထုစုသည်။အဂ္ဂိနော၊ ဗဟိဒ္ဓဓာတ်မီး၏။ဥ ဒယော၊အပွါးအစီးစုသာတည်း။

သတ္တသန္တာနေပန၊သတ္တဝါဘို့၏ ကိုယ်သန္တာန်၌ကား။ ကလလတော၊ ကလလရေကြည်မှ။ ပဌာယ၊စ၍။ အာယု ဝေမဇ္ဈံ၊ အသက်အရွယ်အလယ်ပိုင်းတိုင်အောင်။ ဣမေ၊၏ ရှစ်မျိုးသောဓာတ်မီးတို့သည်။သမုဒိတာ၊ တနေ့တခြားတိုး ပွါးတက်ထွန်းကုန်လျက်။ ဘူတာနိစ၊ ဆိုခဲ့ပြီးသော မံသ အဋ္ဌိအစရှိသောမြေစုမြေခဲ,ပိတ္တလောဟိတ အစရှိသော ရေရည်ရေခဲ,ဥသ္မာပါစက အစရှိသောမီးအစုအဿာသ

www.dhammaransi.com

ပဿာသဗလအစရှိသော လေအစုတို့ကိုလည်းကောင်း။ တေသံ၊ ထိုခာတ်ကြီးလေးပါးတို့၏။ မဏ္ဍာနိ၊အရောင် အရည်အကြည်အမွမ်းဖြစ်ကုန်သော။ ပသန္နာနိစ၊ ခြောက်မျိုးသောခာတ်ကြည်တို့ကိုလည်းကောင်း။ဝဇုယန္တိ၊တနေ့တခြားတိုးပွါးကြီးရင့်စေကုန်၏။ ။သဗ္ဗကာယော၊ကိုယ်အလုံးသည်။ အဂ္ဂိနံ၊ ရှစ်ပါးသောခာတ်မီးတို့၏။ ဥဒယော။ အပွါးအစီးစုသာတည်း။

မဏ္ဍတော၊ အသက်ဘမ်းအလယ်ပိုင်းမှ။ ပစ္ဆာ၊နောက်၌။အဂ္ဂိသု၊ ခာတ်မီးတို့သည်။ ဟာယန္တေသု၊တနှစ်တခြားလျော့ပါးဆုတ်ယုတ်ကုန်သည်ရှိသော်။သဗ္ဗေ၊အလုံးစုံကုန်သောခာတ်ကြီးစုတို့သည်။ ဟာယန္တိ၊ ဆုတ်ယုတ်ကုန်၏။ ဧရမေပိ၊ ၏ခာတ်မီးတို့သည်လည်း။ နိသတ္တာ၊ သတ္တဝါမဟုတ်ကုန်။နိဇီဝါ၊အရှင်မဟုတ်ကုန်။အစေတနာ၊ကြီမှုသိမှုမရှိကုန်။

ဥတု၊ခာတ်မီးအခဏ်းသည်။နိဌီတော၊ပြီးပြီ။

၅-မျိုးခာတ်ဆီစောင့်ရှောက်သည်

ကမ္မဇော၊ ကံမှဖြစ်ပွါးသောခာတ်ဆီ။ စိတ္တဇော၊စိတ်မှ ဖြစ်ပွါးသော ခာတ်ဆီ။ ဥတုဇော၊ ခာတ်မီးမှ ဖြစ်ပွါးသောခာတ်ဆီ။ အာဟာရဇော၊ အဏ္ဍတ္တယြဇာမှ ဖြစ်ပွါးသောခာတ်ဆီ။ ဗာဟိရော၊ မျိုအပ်သမျှ အာဟာရမှ ဖြစ်ပွါးသော ဗဟိဒ္ဓခာတ်ဆီဟူ၍။ ပဥ္စဝိဓော၊ငါးပါးပြား၏။

ပုဗ္ဗေ၊ ရှေး၌။ ဂုတ္တာ၊ဆိုခဲ့သမျှသောခာတ်ကြီးလေးပါးခာတ်ကြည်ခြောက်ပါး ခာတ်မီးရှစ်ပါးတို့သည်။အာဟာရပဒို့သရဏာ၊ ခာတ်ဆီ ငါးမျိုး လျှင် ကိုး ကွယ် ရာ ရှိကြကုန်၏။ ဒကဇာ၊ ရေ၌ ဖြစ်ပွါးသော ငါးအစရှိသော ရေသတ္တဝါတို့သည်။ ဒကပဒို့သရဏာ၊ ရေလျှင်ကိုးကွယ်ရာရှိကြကုန်သကဲ့သို့တည်း။ တိဏာ၊ မြေအပြင်ရှိမြက်ဟူသမျှ

www.dhammaransi.com

တို့သည်။ ဝုဋ္ဌိပဋိသရဏာ၊ မိုဃ်းရေမိုဃ်းပေါက်လျှင် ကိုးကွယ်ရာရှိကြကုန်သကဲ့သို့တည်း။

ဟိ၊ ထိုစကားမှန်၏။ အာဟာရေသု၊ဓာတ်ဆီတို့သည်။ ဥဒိတေသု၊ တက်ပွါးကုန်သည်ရှိသော်။ အဂ္ဂယော၊ ဓာတ်ဆီတို့သည်။ ဥဒယန္တိ၊ တက်ပွါး ကုန်၏။ အဂ္ဂိသု၊ ဓံာတ်မီးတို့သည်။ဥဒိတေသု၊တက်ပွါးကုန်သည်ရှိသော်။ဘူတာနိ၊ ဓာတ် ကြီး လေး ပါး တို့ သည်။ ဥဒယန္တိ၊ တက် ပွါး ကုန်၏။ ဘူတေသု၊ဓံာတ်ကြီးလေးပါးတို့သည်။ ဥဒိတေသု၊ တက်ပွါးကုန်သည်ရှိသော်။ ပသာဒါ၊ ဓာတ်ကြည်ခြောက်ပါးတို့သည်။ ဥဒယန္တိ၊ တက်ပွါးကုန်၏။ အာဟာရေသု၊ ဓာတ်ဆီတို့သည်။ ဟာယန္တေသု၊ လျော့ပါးကုန်သည် ရှိသော်။ကမေန၊အစဉ်အားဖြင့်။ဟာယန္တိ၊ဆုတ်ယုတ်လျော့ပါးကြကုန်၏။ ၊ဣမေပိ၊ ၏ကိုယ်လုံးပြည့်ထွေ စောင့်၍နေသော ဓာတ်ဆီဝါးမျိုးတို့သည်လည်း။နိသတ္တာ၊ သတ္တဝါမဟုတ်ကုန်။ နိဇီဝါ၊ အရှင်မဟုတ်ကုန်။ အစေတနာ၊ကြီမှုသိမှုမရှိကုန်။

အာဟာရော၊အာဟာရသည်။နိဋ္ဌိတော၊ ပြီးပြီ။

ဓာတ်ဘီလူးကြီးအုပ်စိုးနည်း

ဓာတုဘက္ခော။ ဖြစ်ဖြစ်သမျှသောဓာတ်ကြီး ဓာတ်နုတို့ကိုတခုတန်မျှ မကျန်ရအောင် အမြဲပုံသေ စား၍နေသော။ ယက္ခော၊ ဓာတ်ဘီလူးမျိုးဟူသည်။ ကတမော၊ အဘယ်နည်း။ ။မရဏံ၊ မရဏဟူသောဓာတ်မျိုးပေတည်း။

ယထာ၊ ဥပမာမည်သည်ကား။ အယေ၊သံတုံး၌။ မလံ၊ သံချေးသည်၊ အယမေဝ၊ သံသားကိုသာလျှင်၊ နိစ္စံ၊အမြဲ။ ခါဒတိ၊ စား၏။လောဟေ၊ကြေးခဲ၌။ မလံ၊ကြေးချေးသည်။ လောဟမေဝ၊ ကြေးသားကိုသာလျှင်။ နိစ္စံ၊ အမြဲ။ ခါဒတိ၊ စား၏။ အယလောဟေသု၊ သံတုံးကြေးတုံးတို့၌။ တေသံ၊

www.dhammaransi.com

ထိုသံချေးကြေးချေးတို့၏။ အနောကာသောနာမ၊ မရှိသော အရပ်မည်သည်၊ နတ္တိ၊ မရှိ။ ဥပ္ပန္နုပ္ပန္နာ။ အသစ်အသစ်ဖြစ်ဖြစ်သမျှသော သံသားကြေးသားတို့သည်။ တေသံ၊ ထိုသံချေးကြေးချေးတို့၏။ ဘက္ခာ၊ အစာတို့သည်သာ။ ဟောန္တိ၊ ဖြစ်ရကုန်၏။ ။ဝေံ၊ ဤနည်းအတူ၊ ဓာတုဘက္ခာ၊ မရဏဟူသော ဓာတ်ဘီလူး မျိုးတို့သည်။ ဓာတုယောဝေ၊ မြေဓာတ်ရေဓာတ်အစရှိသော ဓာတ်တို့ကိုသာလျှင်။ နိစ္စံ၊ အမြဲ။ ခါဒန္တိ၊ စားကုန်၏။ ဥပ္ပန္နုပ္ပန္နာ၊ အသစ်အသစ်ဖြစ်ဖြစ်သမျှကုန်သော ဓာတ်တို့သည်။ တေသံ၊ ထိုဓာတ်ဘီလူး တို့၏။ ဘက္ခာ၊ အစာတို့သည်သာ။ ဟောန္တိ၊ ဖြစ်ရကုန်၏။

ကထံဟောန္တိ၊ အသို့ဖြစ်ကုန်သနည်း။ ။ပဋိသန္ဓိတော။ ပဋိနွေမှ။ ပဋ္ဌာယ၊ စ၍။ ဧကေကသ္မိံ၊ တခုတခုသောဓာတ်သည်။ ဥပ္ပန္နေ၊ ဖြစ်ပေါ် လာသည် ရှိသော်။ ဧကေကော၊ တခုတခုသော ဓာတ်ဘီလူး သည်။ သဟိဘောဝ၊ တက္ပထက်ကြပ်ပါမြဲသာတည်း။ တသ္မာ၊ ထိုကြောင့်။ ကာယော၊ ဓာတ်ခဲ ဓာတ်တုံး တကိုယ်လုံးသည်။ ယက္ခပူရော၊ ဓာတ်ဘီလူးအပြည့်ရှိနေသည်ဖြစ်၍။ ယက္ခခန္ဓော၊ ဓာတ်ဘီလူး ခဲပင်ဖြစ်၏။ ။တေသံ၊ ထိုဓာတ်ဘီလူးတို့ကို။ ပရိဝေသကာ၊ အစာထမင်း အမြဲသွင်းရကုန်သော ဓာတ်တို့ကား။ ကမ္မံ၊ ရှေးကံ ဟောင်းလည်း တခု။ စိတ္တံ၊ စိတ်လည်း တခု။ ဥတု၊ ဓာတ်မီးရှစ်မျိုး လည်းတခု။ သြဇာ၊ ဓာတ်ဆီ ငါးမျိုးလည်း တခု။ ဣမေ၊ ၏လေးမျိုးတို့သည်။ ပရိဝေသကာ၊ ဓာတ်ဘီလူး တို့စားသောက်ရန် အစာထမင်းအမှန်သွင်းရသော ဓာတ်တို့ပေတည်း။ ။တေ၊ ထိုလေးပါးသောဓာတ်မျိုးတို့သည်။ သယံပိ၊ မိမိတို့သည်လည်း။ ဘက္ခာ၊ ဘီလူးစာတို့ပင်တည်း။

ဟိ၊ ထင်ရှားစေအံ့။ ဒိနေဒိနေ၊ နေ့တိုင်းနေ့တိုင်း၊ ဘုတ္တေ၊ မျိုမျိုသမျှကုန်သောအစာရေစာတို့ကို။ ဒွေဘာဂေ၊ နှစ်ဘို့တို့ကို။ ကတွာ၊ ပြု၍။ ဧကော၊ ထက်ဝက် တစု ကား။

M.-3-21

www.dhammaransi.com

အာဟာရော၊ ဓာတ်ဆီစု ပေတည်း။ ။အာဟာရေ၊ မျိုလိုက်သောဗဟိဒ္ဓသြဇာသည် ဌာနပေတ္တာ၊ အစာသစ်အိမ်သို့ဆိုက်ရောက်သည်ရှိသော်။ အဇ္ဈတ္တာ၊ ကိုယ်နှင့်အမျှ ရှိနေကြသော အဇ္ဈတ္တ ဓာတ်ကြီးလေးပါး, ဓာတ်မီး ရှစ်ပါး, ဓာတ်ဆီလေးပါးတို့သည်။ ဗလလဒ္ဓါ၊ အသစ်သော အားအစွမ်းကို ရကြကုန်သည် ဖြစ်၍။ ဥဋ္ဌဟန္တိ၊ ထကြကုန်၏။ ယထာ၊ ဥပမာကား။ ဂိမှေ၊ နွေလဋ္ဌ။ မဟာမေဃော၊ ကြီးစွာသော မိုဃ်း ကြီး သည်။ ဝဿန္တေ၊ ရွာသည် ရှိသော်။ ရုက္ခတိဏာ၊ သစ်ပင်မြက်ပင်တို့သည်။ ဥဋ္ဌဟန္တိ၊ ထကြကုန်သကဲ့သို့တည်း။

အဇ္ဈတ္တာ၊ အဇ္ဈတ္တဓာတ်မီးတို့သည်။ ပုဒ္ဓန္တိ၊ အသစ်အသစ်သောရုပ်ကလာပ်ပွင့်တို့ကိုပွင့်ကြကုန်၏။ ဖလန္တိ၊ သီးကြကုန်၏။ ဝဇ္ဇန္တိ၊ အဆင့်အဆင့်ကလာပ်ပွင့်တို့ကို တိုးပွါးစေကြကုန်၏။ ။တဒါ၊ ထိုအခါ၌။ ကာယော၊ တကိုယ်လုံးသည်။ ဗလဝန္တေဟိ၊ အားအင်ရှိကုန်သော။ ရူပေဟိ၊ ရုပ်သစ် ကလာပ်သစ် တို့ဖြင့်။ ဃနပူရော၊ တခဲနက် ပြည့်၏။ ။သောသတ္တော၊ ထိုသတ္တ ဝါသည်။ တေ၊ ထိုတကိုယ်လုံးဖြစ် ကလာပ်သစ်တို့ကို။ ပရာမသိတွာ၊ ငါဟုအလွဲ အထင်စွဲ၍။ အဟံ၊ ငါသည်။ ဗလဝါ၊ အားရှိသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ၏သို့။ ဥဒဂ္ဂစိတ္တော၊ ရွင်လန်းတက်ကြွ ရိုးရိုးရွသော စိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။

(နွေအခါ ခြောက်သွေ့ နွမ်းပါး၍ နေသော တောချုံမြက်ခင်းမှာ မိုဃ်းကြီးရွာ၍ အသစ်သော အညွန့် အရွက်အပွင့် အသီးတို့ပေါ်ပေါက်ဖြစ်ပွါး စည်ကားစည်ပင် စိမ်းရှင်ညိုမှိုင်းဆိုင်းဆိုင်းညို့ညို့ရှိပြန်သကဲ့သို့ ဆာမွတ်ခေါင်းပါး၍နေသောသူမှာ အစာရေစာမျိုသောအခါ၌ တကိုယ်လုံးရှိဓာတ်ဆီဓာတ်မီးတို့မှ အသစ်အသစ် ပြိုင်းပြိုင်း ထ၍ ဖြစ်ကြကုန်သော မြေကလာပ် ရေကလာပ် လေကလာပ်

www.dhammaransi.com

မီးကလာပ် အကြည်ကလာပ်တို့ဖြင့် တခဲနက်ပြည့်၍ နေသောအခါ ရုပ်နာမ်တရားတို့၏ ဥဒယလက္ခဏာကိုအဘပ်မြင်အောင်ကြည့်ရမည်။)

တသို့၊ ထိုတကြိမ်မျိုး၍တ ကိုယ်လုံးပြန့်နှံ့ပြီးသောဝေတ်ဆီစုသည်။ စိရေန၊ နှစ်ပဟိုရိသုံးပဟိုရိစာအတန်ငယ်ကြာသဖြင့်။ဇီရိတွာ၊ပုပ်ရိနွမ်းပါး၍၊ ယက္ခဘက္ခေ၊ ဝေတ်ဘီလူးတို့၏ အစာသည်။ ဇာတေ၊ ဖြစ်ပြန်ခဲ့သော်။ တေ၊ ထိုတကိုယ်လုံး၌ အုန်းအုန်းတက်ဖြစ်ပွါးကြကုန်သော ကလာပ်သစ်တို့သည်။သူရောဒယေ၊နေတက်သောအခါ၌။ဥဿာဝဗိန္ဒူနိဝိယ၊ ဆီးနှင်းပေါက်တို့ ကဲ့သို့လည်းကောင်း။ ဂိမှေ၊ တပေါင်း တန်ခူး၌။ ဝါဘပွဟတာနိ၊ လေပြင်း ခတ်ကုန်သော။ ပဏ္ဏာနိဝိယ၊ သစ်ရွက် ဟောင်းတို့ ကဲ့သို့ လည်းကောင်း။ ပတန္တိ၊ တကိုယ်လုံးမှတဖြုတ်ဖြုတ်ကြွေပျောက်ကြလေကုန်၏။

တဒါ၊ ထိုအခါ၌။ ကာယော၊ ကိုယ် အင်္ဂါ စုသည်။ သုက္ခဝနံဝိယ၊ကျဲကျဲသောက်သောက်သွေ့ခြောက်ခေါင်းပါးသော တောချုံမြက်ခင်းကဲ့သို့။ ဒုဗ္ဗလော၊ ခေါင်းပါးရော့ရဲအားအင်နဲသည်။ဟောတိ၊ဖြစ်၏။ ။သောသတ္တော၊ ထိုသတ္တဝါသည်။ တေ၊ ထိုအားအင်ပြော့နဲ ကျဲရရဲရှိကုန်သော ကလာပ်ကျန် ကလာပ် ကြွင်းတို့ကို။ ပရာမသိတ္ဝာ၊ ငါဟုအလွဲအထင်စွဲ၍။အဟံ၊ ငါသည်။ဒုဗ္ဗလော၊ အားနည်းသည်။အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ မိလာတစိတ္တော၊ညှိုးငယ်နွမ်းပါးသောစိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။

(အစာ သစ် အိမ်၌ အစာ သစ် ပြည့် သော အခါ တကိုယ် လုံး၌ ကလာပ်သစ် ရုပ်သစ် တို့သည် အပြည့် အနှက် ပွက်ပွက်ထူ တိုးပွါး ကုန်၏။ ။ထို အခါ မျက်လုံးသား နှစ်ခု လည်း သိပ်သည်း တောင့် တင်း၏။ ။ အစာလည်၍ အောက်သို့လျှောကျလေသောအခါမျက်လုံး

www.dhammaransi.com

တွင်းရှိကလာပ်သစ်ကလာပ်နှုတ်သည် ရေပွက်ရေခြွေပါတို့ တဖြုတ်ဖြုတ် ပျက်ဆုံးကုန် သကဲ့သို့ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်ဆုတ်ယုတ်ပျက်ဆုံးကြကုန်၏။ ။မျက်လုံးသား ဦ ရုပ်ကလာပ်လျော့ပါးလေ၏။ ။ရုပ်နှုကလာပ် နှုတို့၏ တည်နေရာဖြစ်သော ဥတုဇ ရုပ်ကြမ်းတို့သည်ကား သေသည့် နောက်မှာပင် အတော်ကြာ တည်နိုင်ကုန်သေး၏။

[ဤကားမျက်လုံးတွင်းကွက်၌ ရုပ်ကလာပ်တို့၏ဖြစ်ပျက်ခြင်း ဥဒယဗ္ဗယဘေး ပျက်ပြားခြင်း ဝယဘောများကို အတပ်မြင်၍ထင်အောင်ရှုနည်းကို ဆိုလိုက်သည်။]

၍မျက်လုံးနှလုံးခဲအဆုတ်ခဲ အသဲလွှာအစရှိသော ဦးနှောက်ခဲ ကျောဘက်ရင်ဘက်လက်ဝဲနံ လက်ျာနံ စသော အသားလွှာ အသားစိုင် အသားခဲတို့ဦးလည်း နှစ်စဉ်စားသောက်သောအာဟာရနှင့်စပ်၍တနေ့သုံးခါတိတိ တုံသက်တုံနေသော ဒီဃရကဲ့သို့ ရုပ်ကလာပ်တို့ တိုးတက်ဖြစ်ပွါးတုံ ဆုတ်ယုတ်ကွယ်ဆုံးတုံ နေပုံကို အတပ်မြင်၍ထင်အောင်ရှုလေ။ ။၍ကားမျိုသောအစာရေစာကိုထက်ဝက်ပြု၍ တစုတဝို့ဖြစ်သော အာဟာရဓာတ်ဆီကြောင့် တကိုယ်လုံးခဲ့ ဒီဃရတက်သကဲ့သို့ ရုပ်သစ်ကလာပ်သစ်တို့ ဖြစ်ပွါးတိုးတက်ပုံ ဒီဃရကျ၍ ဆုံးညှန်မျှကျန်သကဲ့သို့ တိုးတက်သမျှရုပ်ကလာပ်တို့ကိုဓာတ်ဘီလူးစား၍ကွယ်ဆုံးပုံ ရုပ်ကလာပ်တို့ကို ဖြစ်ပွါးစေတတ်သော အာဟာရဓာတ်ဆီတို့သည် ဓာတ်ဘီလူးတို့၏ အလုပ်အကျွေးဖြစ်ပုံ ပိပိတို့လည်း ဓာတ်ဘီလူးစာဖြစ်၍ ကွယ်ဆုံးပုံများကို ထင်ရှားအောင်ပြသောစကားရပ်တည်း။

မျိုသောအစာတို့ကို ထက်ဝက်ပြု၍ တစုတဝို့ဖြစ်သော ဓာတ်မီးတို့ကြောင့် အလုံးစုံသော ရုပ်တွင်းသား မျက်လုံးဦးနှောက်ခဲတို့နှင့်တကွ ကိုးရာသော အသားစုကိုးရာသော အကြောစုတို့ဦးရှိသော ဓာတ်ဆီဓာတ်မီးတို့သည် ရိုးရိုးဖွဖွ

www.dhammaransi.com

ထကုန်ကြ၍ တကိုယ်လုံး ပွက်ပွက်ဆူ ရုပ်သစ် ကလာပ် သစ်တို့ကို ဖြစ်စေကြ ပွါးစေကြကုန်၏။ ။ထင်းအား မီး အားကောင်းလျှ၍ ခွင်ပေါ်အိုးတွင်း ရှိရေမှ ဓာတ်မီးထ လျက် ပွက်ပွက်ဆူဝေသော ရေပွက်ကဲ့သို့ရှု။ ။ချောင်း လုံးပြည့် ဒိရေတက်ချက်နှင့်လည်း တူပါ၏။ ။အစာသစ် အိမ်မှာ အစာသစ်ကြကျက် လျှာကျသောအခါ ယခင် ဖြစ်ပွါးတိုးတက်သမျှသော ရုပ်ပွက် ကလာပ်ပွက်တို့သည် ခြေဖျားလက်ဖျားမျက်လုံးခေါင်းနှောက်ခဲတို့မှစ၍ တဖွေ့တ ဖွေ့ချုပ်ပျက်ကွယ်ပျောက်ကြလေကုန်၏။ ။အောက်ကမီး ဆုတ်လျှင် အိုးတွင်းရေပွက်တို့ ဆုတ်ယုတ်ပျက်ပြားမှ ဒိရေ ကျမှမျှားနှင့်အတူရှု။ ။တနေ့တခန့်လျှင်နှစ်ကြိမ်စား သော သူတို့မှာနေ့စဉ် အမှန်နှစ်ကြိမ်တက် နှစ်ကြိမ်ကျပြု၍ရှု။ တ ကြိမ်တကြိမ်သာ စားသောသူတို့မှာ တကြိမ်တကြိမ်ကျ ပြု၍ရှု။ ။အနုမတဂ္ဂ သံသရာ၌ သတ္တဝါအနန္တ အနှံ့အ ပြားရှု။

ဤကားမျိုးသောအစာရစာဥပါသော ဗဟိဒ္ဓ ဓာတ်မီးတို့ကြောင့်ကိုယ်တွင်းရှိအင်္ဂါတွေဓာတ်မီး ရှစ်ပါး ဓာတ်ဆီလေးပါးတို့ထကြ၍ ရိုးရိုးရှုရှုတ ကိုယ်လုံးရုပ်ခိုး ရုပ်လျှံကလာပ်ခိုး ကလာပ်လျှံ ဖြစ်ပွါပုံ, ဖြစ်ပွါးသမျှတို့သည်လည်း မကြာမီ ဓာတ်ဘီလူး၏ အစာဖြစ်၍ ချုပ်ဆုံးပုံ, ဗဟိဒ္ဓ ဓာတ်မီးတို့လည်း အင်္ဂါတွေ ဓာတ်ဘီလူးတို့၏ အ လုပ်အကျွေးဖြစ်ပုံကိုဆိုသောစကားရပ်တည်း။

စိတ်မှာလည်း.....

၁။ လောဘဇောထ၍ဖြစ်သော ရုပ်ကား အ သွေးအဆင်းတမျိုး,

၂။ ဒေါသဇောထ၍ဖြစ်သောရုပ်ကားအသွေး အဆင်းတမျိုး,

www.dhammaransi.com

၃။ မောဟဇော ဣဿာဇော မစ္ဆရိယဇော သဒ္ဓါဇောပညာဇောမေတ္တာဇောကရုဏာဇော စသည်တို့ထရာ၌ လည်းရုပ်သွေးရုပ်ဆင်းတမျိုးစီ,

လေးတောင်ရှိ လိုဏ်ဂူတွင်းမှာ အလယ်၌ ညှိထွန်း၍ ထားသောဆီမီးအရောင်သည် ဆီမီးကောက်သည်နှင့် တပြိုင်နက် လိုဏ်အလုံး ပြန့်နှံ့ ထွန်းလင်းသကဲ့သို့ ဟဒယဓာတ်အိမ်မှထသောဇောတို့၏ အခိုးအလျှံဖြစ်သော ရုပ်ကလာပ်တို့သည် ဇောထသည်နှင့် တပြိုင်နက် တကိုယ်လုံးပြန့်နှံ့၍ တည်ကုန်၏။ ။တခု တခု သောဇော ချုပ်ငြိမ်းပြန်လျှင်တကိုယ်လုံးမှာပင်ကွယ်ပျောက်ပျက်ဆုံးပြန်၏။ ။တထိုင်တည်းမှာပင် ဇောဓာတ်မျိုးအထွေတရာမက ဖြစ်တုံပျက်တုံ ဖြစ်နိုင်၏။ ဓာတ်မီးနှင့် တကွသော စိတ္တဇရုပ်ကလာပ်တို့လည်း တထိုင်တည်းမှာပင် အထွေတရာမက လျှပ်စစ်ပြက်သကဲ့သို့ တရှိန်းရှိန်းတက်၍ တမှိန်းမှိန်းကွယ်ပျက်ကုန်၏။

[မြင်အောင်ကြည့်။]

ကမ္မဇရုပ်ကလာပ်တို့မှာနူကား.....

တခြားတပါးသော ရုပ်ကလာပ်တို့ တိုးတက်ပွါးများ လျှင်လည်း တိုးတက်ပွါးများ ကုန်တော့သည်။ တခြားတပါးသော ရုပ်ကလာပ်တို့ ဆုတ်ယုတ် ပျက်ပြုန်း ပြန်လျှင်လည်းဆုတ်ယုတ်ပျက်ပြုန်းကုန်တော့သည်။ ။အနောက်ကနေရောင်အရှေ့ကမိုဃ်းတိမ်တိုက်ကြိမ်ကြိုက်သောအခါ ဖြစ်ပေါလာသော သက်တန့်ရေးသည် လေတိုက်၍ တိမ်တိုက်အခြေပျက်လျှင် ပျက်တော့သည်။ တိမ်တိုက်ကျယ်ပွါးလျှင် ရှည်လျားတော့သည်။ တိမ်တိုက် ကွယ်ပျောက်လျှင် ကွယ်ပျောက်တော့သည်။ ။တိမ်တိုက်ပင် မကွယ်သော်လည်း နေကွယ်၍သွားလျှင် ကွယ်ပျောက် ရတော့

www.dhammaransi.com

သည်။ ။နေနှင့်ရှေးကံတူသည်။ မိုဃ်းတိမ်တိုက်နှင့် ဥတု ဇရုပ်ကလာပ် အာဟာရဇရုပ်ကလာပ်အစုအခဲတူသည်။ သက်တန့်ရေးနှင့် အကြည်ခြောက်ပါး စသော ကမ္မဇရုပ် ကလာပ်နာမ်ကလာပ်စုတူသည်။ ။တထိုင်တည်း မှာပင် အမျိုးမျိုးသော ဇောစိတ်တို့ကြောင့် တကိုယ်လုံး အထွေ ထွေဖြစ်ပေါ်ရသောစိတ္တဇရုပ်စု,ဥတုဇအာဟာရဇစိတ္တဇ ရုပ်ကလာပ်တို့ တိုးတက်လျှင် တိုးတက်ဖြစ်ပွါးကုန် သော ကမ္မဇရုပ်ကလာပ်တို့သည်ဓာတ်ဘီလူး၏အစာဖြစ်၍ကွယ် ဆုံးကုန်သောကြောင့် ထိုစိတ်ထိုကံတို့သည်လည်း ဓာတ် ဘီလူး၏အလုပ်အကွေး တို့သာဟုမှတ်အပ်၏။

ဓာတ်ဘီလူးအုပ်စိုးမှုပြီး၏။

ဓာတ်ဘီလူးမှာသင်းများစွာ

အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါးကို ရှုလိုမြင်လို သောသူသည် မရှုခီရှေးအတို့၌ ခန္ဓာငါးပါးရုပ်နာမ်တရား တို့ကို ရိုးရိုးရွရွ အကုန်ထအောင်ဆွရသေးသည်။ ။ဆွ၍ ဉာဏ်၌ထပြီးကြွပြီးနောက်မှထိုခန္ဓာတို့၌ရှိသောလက္ခဏာ ရေးသုံးပါးကိုအတပ်မြင်သာသည်။ ဆွဟူသည်လည်း ဖြစ် တုံပျက်တုံကျတုံနေချက်ကိုအခြေရှာ၍နေရာကျအောင် ပြု ခြင်းပင်တည်း။

[ဤတွင်ရွှေ့ကားခန္ဓာငါးပါးအပေါင်းဖြစ်သောဘကိုယ်ကောင်လုံး ကိုရိုးရိုးရွရွအကုန်ထအောင်ဆွနည်းပြီး၏။]

အနိစ္စရှုနည်း.....

ယခုအခါကိုယ်လုံးပြည့်ရှိနေသောမရဏဓာတ် ဘီလူးတို့၏ အပင်းအသင်းတို့ကို ထင်လင်းစွာပြ၍ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တ လက္ခဏာ တို့ကို အတပ်မြင်အောင်ဆင်ခြင်၍ ကြည့်ရှုနည်း ကိုဆိုပေအုံ။

www.dhammaransi.com

သခေါ်ပတော၊ အကျဉ်း အားဖြင့်။ အဌဇရောဂါ၊ ရှစ်ပါး သောအနာရောဂါမျိုးတို့သည်။ ယကွာနံ၊ ဓာတ်ဘီလူးတို့၏။ သဟာယာ။ အပင်းအသင်းတို့တည်း။ ။ဝိတ္ထာရတော၊ အကျယ်အကျယ်ထက်အကျယ်အားဖြင့်။ ဆန္ဒဝုဘိရောဂါ၊ ကိုးဆဲ့ ခြောက်ပါး သော အနာ ရောဂါ တို့သည် လည်း ကောင်း။ ဗဟုရောဂါ၊ အသိန်းမကသော ရောဂါတို့သည် လည်းကောင်း။ ယကွာနံ၊ ဓာတ်ဘီလူးတို့၏။ သဟာယာ၊ အပင်းအသင်း တို့တည်း။

အဌရောဂါနာမ၊ ရှစ်ပါးသောရောဂါတို့မည်သည်ကား .....

၁။ ဝါတိကော၊လေပျက်၍ဖြစ်သော ရောဂါတမျိုး။
၂။ ပိတ္တိကော၊သည်းခြေပျက်၍ ဖြစ်သောရောဂါ တမျိုး။
၃။ သေမှိကော၊ သလိပ်ပျက်၍ ဖြစ်သောရောဂါ တမျိုး။
၄။ သန္ဒိပါတိကော၊ လေသည်းခြေသလိပ်သုံး ပါး စုံပျက်၍ဖြစ်သောရောဂါတမျိုး။
၅။ အာဟာရိကော။အာဟာရ ဘောက်ပြန်၍ဖြစ် သောရောဂါတမျိုး။
၆။ ဝိသမိသော၊ သတိကင်းလွတ် ချော်ချွတ်တိမ်း ပါး၍ဖြစ်သောရောဂါတမျိုး။
၇။ ဩပက္ကမိကော၊ရိုက် နှက် ထောင်းထုပစ်ခတ်မှု စသော လုံ့လ ပယောဂ ကြောင့် ဖြစ်သော အနာရောဂါတမျိုး။
၈။ ကမ္မဇော၊ ဥပဒိဋ္ဌိကကံ ဥပစ္ဆေဒကကံ တို့ ကြောင့်ဖြစ်သောအနာရောဂါတမျိုး။

ဇူမေ၊ ၍ရှစ်ပါးတို့တည်း။ ။ဇူမေဟိ၊၍ရှစ်ပါးသော အနာ ရောဂါ တို့ကြောင့်။ မရဏာ၊ သေ ခြင်း တို့ကို။

www.dhammaransi.com

အဒ္ဓမရောကာရှစ်ပါးသောဒသဗြင်းတို့ဟူ၍၊ ဝုတ္တာဝါဆိုအပ်ကုန်၏။သင်္ဘေသံ၊အလုံးစုံကုန်ဒသာ။ ရောဂါနံ၊ရောဂါမျိုးတို့၏။ မူလံ၊အမှုသည်ရင်းကား။အဂ္ဂိ၊ဓာတ်မီးရှစ်ပါးတည်း။အဂ္ဂိမှ၊ ရှစ်ပါးသော ဓာတ်မီးစုသည်။ ကုပဇ္ဇော်၊ မည်ဩမျှထကြွသောင်းကျန်းခဲ့သည်ရှိသော်။ တေတေရောဂါ၊ဆိုဆို ရောဂါတို့သည်။ဇာယန္တိ၊ဖြစ်လာကုန်၏။ အဂ္ဂိမှ၊ ဓာတ်မီးရှစ်ပါးသည်။သဓေ၊ ညှိမျှငြိမ်သက်ခဲ့သည်ရှိသော်။ တေတေရောဂါ၊ထိုထိုရောဂါဘို့သည်။ သမ္မတ္တိ၊ငြိမ်းကုန်၏။ အဒ္ဒဿု၊ ရှစ်မျိုးကုန်သော။အဂ္ဂိသုစ၊ဓာတ်မီးတို့ဟွင်လည်းကောင်း၊ တမျိုးသောဓာတ်မီးသည်။ ကုပဇ္ဇော်၊ ထကြွသောင်းကျန်းသည်ရှိသော်။ ကုပဇ္ဇော်၊ ထကြွသောင်းကျန်းကုန်၏။ ။ဗဟိဒ္ဓါ၊ မျိုးသော အစာမှပါကုန်သော ဓာတ်ဆိဓာတ်မီး, မြေခိုးမြေငွေ့မှပါကုန်သော ဓာတ်ဆိဓာတ်မီး, ရေခိုးရေငွေ့မှ ပါကုန်သော ဓာတ်ဆိဓာတ်မီး, အရပ်လေးမျက်နှာ လေမှပါကုန်သော ဓာတ်ဆိဓာတ်မီးဟူဆိုအပ်ကုန်သောဗဟိဒ္ဓဓာတ်ဆိဓာတ်မီးတို့သည်။အဒ္ဓါတို့၊အဒ္ဓါဟု ဓာတ်ဆိဓာတ်မီးကို။ဥဒ္ဒပေတို့၊ မထ ထအောင် မကြွ ကြွအောင်နှိုးတတ်ကုန်၏။ ကောပေတို့၊မသောင်းကျန်းသောင်းကျန်းအောင်ဆွတတ်နှိုးတတ်ကုန်၏။ ။သပ္ပါယာ၊ အတွင်းဓာတ်တို့နှင့် သင့်မြတ် ကုန်သော ဗဟိဒ္ဓဓာတ်ဆိဓာတ်မီးတို့သည်။ကာယသဿ၊တကိုယ်လုံး၏။သရဏာ၊ကိုးကွယ်ရာဘို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

ယထာ၊ ဥပမာကား။ ပဘိဒေသာဒေတာ၊ ဖြစ်သော တ
ရော်ကာ်၌။ ကုသောဒေ့သူ၊ အလုံးစုံသော ချောင်းကြီး ချောင်းငယ် မြောင်းကြီးမြောင်းငယ် ရိုးကြီးရိုးငယ် စိမ့်ရေစန်းရေ ဟူသမျှဘို့သည်။ဝိဂတေတသူ၊ဖြစ်မဟွင်းသို့ အဆုံး အဝင်မရှိကုန်သည်ရှိသော်။ နဒီ၊ဖြစ်မကြီးသည်။ မိယျတိ၊ ခဏခြင်း ကုန်ခန်း၏။ ကုသောဒေ့သူ၊ အလုံးစုံသော

www.dhammaransi.com

ချောင်းကြီး ချောင်းငယ် မြောင်းကြီး မြောင်းငယ်ရိုးကြီးရိုး ငယ် စိမ့်ရေစန်းရေ ဟူသမျှတို့သည်။ နီစွံ၊အမြဲ။ ပဝိဋ္ဌေသု၊ စီးဝင်ကြကုန်သည်ရှိသော်။ နဒီ၊ မြစ်မကြီးသည်၊အနူနာ။ မလျော့ပါးသည်။ ဟောတိ၊ဖြစ်သကဲ့သို့တည်း။ ။တသ္မာ၊ ထိုကြောင့်။ပဋိသန္ဓိတော။ပဋိသန္ဓေမှ။ပဋ္ဌာယ၊စ၍။ ယသ္မိံ ဒိနေ၊အကြင်နေ့၌။အာဟာရော၊အာဟာရသည်။ဝိဂတော၊ ကင်း၏။ တသ္မိံ၊ ထိုနေ့၌။ ဥဒကာ၊ရေမှ။ ဥဋ္ဌဇော၊ ဆယ် ယူ၍။ ဥဏ္ဍေ၊ မြေပူနေပူလေပူ၌။ ထပိတော၊ ထားအပ် သော။ဖေဏပိဏ္ဍောဝိယ၊လူလောက်ရှိသောရေမြှပ်ခဲရေ မြှုပ်စိုင်ကြီးကဲ့သို့။ကာယေ၊ ၏တကိုယ်လုံး၌။ဓာတုယော၊ အတွင်းဓာတ် နုံဓာတ်စု ဓာတ်ခဲတို့သည်။ အန္တရဓာယန္တိ၊ ဖြုတ်ဖြုတ်အသံ ကိုယ်လုံးညံမျှကွယ်ပချုပ်ဆုံးကြကုန်၏။ ကာယော၊ ကိုယ်အင်္ဂါစုသည်။ကိသော၊ တရွေ့တရွေ့ကြုံ ရုံကျွန်ရွန်၍သွားသည်။ ဟောတိ၊ ဖြစ်၏။ ဒိနေဒိနေ၊တနေ့ ထက်တနေ့။ ခီဏော၊ခြောက်သွေ့ကုန်ခန်း၍ သွားသည်ရှိ သော်။ သတ္တာဟော၊ ခုနစ်ရက်မျှ၌။ သဋ္ဌာ၊ အလုံးစုံသော အတွင်းဓာတ်နုံတို့သည်။ခီယန္တိ၊ကုန်ကုန်၏။မတော၊ သေ လေ၏။ ။ဥတုဇော၊ဓာတ်မီးမှဖြစ်ပွါးသော။ ကသဇော။ အဖတ်ကြမ်းဖြစ်သော အခွန်ရုပ် အကာရုပ် စုသည်သာ။ အတိရိတ္တော၊ကြွင်းကျန်၏။

မျိုသောအာဟာရဓာတ်ဆီတရွေ့တရွေ့ကုန်ခန်းသော နာရီမှစ၍ မျက်လုံးခဲ ဦးနှောက်ခဲ အတွင်းရှိမြေ ဓာတ်နု ရေဓာတ်နု လေဓာတ်နု မီးဓာတ်နု တို့သည်တရွေ့တရွေ့ ချုပ်ကွယ် ပျောက်ဆုံးကြလေကုန်၏။ ခုနစ်ရက်တိုင်လျှင် ဓာတ်ဆီ အငွေ့အသက်ကုန်သဖြင့် အတွင်းရှိ မြေနု ရေနု လေနု မီးနုတို့သည်ကုန်ကုန်၏။ ။အကြည်ဓာတ် ခြောက် မျိုးတို့မှာထိုမြေရေလေမီးဓာတ်ကြီးအနု ဘုတ်လေးခုတို့၏ အရည်အရောင်မျှသာဖြစ်ကုန်၍ အနုဓာတ်ကြီးတို့ရွေ့ယိုင်

www.dhammaransi.com

နွမ်းပါး၍ သွားလျှင်အကြည်ဓာတ်တို့သည် ပျောက်ပျက်ကွယ်ပကုန်တော့သည်။ တနေ့တနေ့လျှင်နှစ်ထပ်အာဟာရဓာတ်ဆီဓာတ်ဒီးအသစ်အသစ် လောင်း၍လောင်း၍ အလျဉ်မပြတ်အောင် အသက်သစ် အသက်သစ် သွင်းကာသွင်းကာ ဆက်နွယ်စိုက်ပျိုး၍သွားပါမှ လဆန်းကလဆုတ် လဆုတ်ကလဆန်း သည်လက ဟိုလ သည်ဥတုက နောက်ဥတု သည်နှစ်က နောက်နှစ်နေရသည်။ ။လက်ရှစ်သစ်ခန့်သာရှိသော မိစ္ဆာချည်တို့ကို နှစ်မြှင် သုံးမြှင်က စ၍ အတောင်တရာ အလံတရာရှိ ကြိုးကျစ်၍ သွားရာ၌ အစဟောင်း အစသစ် ပြေပြစ်အောင် အမြှင်သစ် အမြှင်သစ် လောင်းစိုက်၍ လောင်းစိုက်၍ သွားရ သည်နှင့် ထပ်ကူပင်တည်း။ ။အစ သစ် အစိုက်ကောင်းလျှင် အစဟောင်း ဆုံးချက်ကြောင့် ကြိုးအနေမပျက်။ ။ထိုအတူ တကြိမ်မျိုလိုက်သော အာဟာရကြောင့် တကိုယ်လုံး တိုးတက်ပြည့်လျှမ်း၍ ဖြစ်ပေါ်ကုန်သော မြေနုရေနူလေနူမီးနူ အကြည်ဓာတ် ဟူသမျှတို့သည် ထိုအာဟာရနှင့် အတူ ဆုတ်ယုတ်လျှင် ဆုတ်ယုတ်မြဲ ကုန်ဆုံးလျှင် ကုန်ဆုံးမြဲ ဓမ္မတာတည်း။ ။နောက်တကြိမ်မျိုး၍ အသစ်အသစ် ဖြစ်ပေါ်တိုးတက်သော ဓာတ်သစ် အသက်သစ်တို့နှင့် အလျဉ်မပျက် အဆက်သိပ်သည်းလှ၍ အခြားမထင်လေသည်။ ။ ဉာဏ်နှင့်ပြတ်အောင်ဖြတ်၍ရှု။ ။ဘဝအသစ်အသစ်ဖြစ်ပေါ်ရန်စိုက်ပျိုးမှုမှာကံဟူသောစေတနာဟာရကိုပျိုးမှုပေတည်း။ အနမတဂ္ဂသံသရာ၌မိမိလာခဲ့ရပုံကိုလည်းကောင်း မြင်မြင်သမျှသော သတ္တဝါအနန္တဖြစ်ရပုံကိုလည်းကောင်း အတပ်မြင်အောင်ရှု။ ။ရှုဘန်များ၍ ဉာဏ်ပွင့်သောအခါ ခပ်သိမ်းသော ရုပ်တရား နာမ်တရားတို့သည် ရှေးရှေးတင်ရင်၍ ပျိုးနှင့်သော အကြောင်းဒီဇရှိမှသာ အသစ်အသစ်ဖြစ်ပေါ်နိုင်သည်။ မိမိဘာဝဖြစ်ပေါ်နိုင်သော ရုပ်နာမ်ဟူ၍ဟ

www.dhammaransi.com

ရမျှမရှိ။ "အကြောင်းဖီဇရှိ၍ အသစ် ဖြစ်ပေါ် ပြုန်ရာ လက်ပူးလက်ကြပ် အစောင့်အရှောက် အထောက်အပံ့ တင်းလင်းရှိမှ အစဉ်သဖြင့် ဆက်လက်ဖြစ်ပေါ်၍ သွားနိုင်သည်။ လက်ပူးလက်ကြပ် အစောင့်အရှောက် အထောက်အပံ့ တင်းလင်းမရှိခဲ့သော် မျက်တောင်တခတ် လျှပ် တပြက်မျှ ထိမိဘာဝအားဖြင့် တည်တံ့နိုင်သော ရုပ်နာမ် ဟူ၍ မရှိကြောင်းကို အတပ်မြင်လာလိမ့်မည်။ အနိစ္စ အနိစ္စ။

အာဟာရမှကိုအစွဲပြု၍ ဘနိစ္စလက္ခဏာကို အတစ်ဖြင်း ဒိဋ္ဌမြင်ရှုရန် အပြုက်ပြီး၏။

ဒုက္ခရှုနည်း.....

အလုံးစုံသော ဓာတ်ကြီးလေးပါး အကြည်ခြောက်ပါး စသော ရုပ်တရား နာမ်တရားတို့သည် ဘေးဥပါဒ်ကင်း၍ ချမ်းမြေ့သာယာစွာ မျက်တောင်တခတ်မျှနေရသော ရုပ်နာမ်ဟူ၍ တခုမျှမရှိ။ ရုပ်ချမ်းသာ နာမ်ချမ်းသာဟူ၍ တခုမျှမရှိ။ ဖြစ်ပေါ်ဖိလျှင် ပျက်မှုဟူသော သေဘေး သေဒဏ် နှင့် အမြဲန် ဆုံးရှုံးရသော တရားစုသာဖြစ်၍ ရုပ်ဆင်းရဲ နာမ်ဆင်းရဲ ရုပ်ဒုက္ခိတ နာမ်ဒုက္ခိတတို့သာတည်း။ ။ထို ကြောင့် ဓာတ်ဘီလူးဟုဆိုအပ်သော အနိစ္စဘေးမှ လွတ်နိုင်သောရုပ်ဟူ၍ နာမ်ဟူ၍ ဤကိုယ်သန္တာန်ဝယ်မရှိခြင်း ကြောင့် နိဗ္ဗာန်မှတပါးသောရုပ်နာမ်ခမ္မဟူသမျှသည်ဒုက္ခ အစုတို့သာတည်း။ ။လောကဌ သေဘေးထက်ကြောက်ရသောဘေးဟူ၍မရှိ။ထိုသေဘေးသည် ရုပ်တိုင်းနာမ်တိုင်းမှာ အမြဲပါ၍ရုပ်နာမ်တို့ကိုစားသတည်း။ ။ဤသေဘေး ကိုပင် အနိစ္စလက္ခဏာရေးလည်းဆိုရသည်။ ဓာတ်ဘီလူး လည်းဆိုရသည်။

[ရှေးဦးပြဆိုခဲ့ပြီးသော အနိစ္စအချက်စုကိုမြင်ပေလျှင် ခဏခြင်းခဏခြင်း နှမ်းနယ်မှု ဆုံးရှုံးမှုဟူသော မခံသာသော ဒုက္ခလက္ခဏာကိုလည်း မြင်နိုင်ပေလတ္တံ့။]

www.dhammaransi.com

ယခုအခါ ထင်ရှားစွာသော ဒုက္ခလက္ခဏာကို ဖော်အောင်ဆိုအံ့.....

နိဗ္ဗာန်မှတပါး အလုံးစုံသော ရုပ်နာမ် တရားတို့သည် အစာရေစာ ဇူရိယာပုထ်တို့နှင့် မပြုမပြင်ဘဲ ပေါက်လွှတ်ထားခဲ့လျှင် တကိုယ်လုံး တကောင်လုံး ညှိုးချုံးရိနွမ်း ပင်ပန်းပွန်းနွမ်းခြင်းတည်းဟူသော ဒုက္ခအစုတွေသာ ဖြစ်၍ကုန်မည်။ ။အစာရေစာကိုဖြတ်၍ကြည့်၊ အလှုပ်အရှားမရှိဘဲအိပ်ခြင်းဇူရိယာပုထ်ဘခုတည်းအမြဲထား၍ကြည့်။

တနည်းကား .....

မလျောက်ပတ်သောဗဟိဒ္ဓဓာတ်မီးဆိုက်တိုက်လာခဲ့လျှင်တကိုယ်လုံး၌သော်လည်းကောင်း ကိုယ်အစိတ်၌ သော်လည်းကောင်း အဘွင်းဓာတ်မီးစုထကြွသောင်းကျန်း၍ ရှစ်မျိုးသောဆောဂါတို့သည် ဖြစ်ပေါ်လာကုန်၏။

ဟဒယဘူတော၊ နှလုံးအိမ်နှလုံးသားဖြစ်၍ နေသော။ အဂ္ဂိ၊ မီးရှစ်ပါးသည်။ ကုပနွှော၊ ထကြွ သောင်းကျန်းခဲ့သည်ရှိသော်။ သဗ္ဗဟဒယံ၊ နှလုံးအိမ် နှလုံးခဲတခုလုံးကို။ ဒယ္ဘတိ၊လောင်၏။ သဗ္ဗော၊နှလုံးခဲဖြစ်၍နေသော အလုံးစုံသော ရုပ်စု နာမ်စုသည်။ ဆောဂေါ။ အနာခဲဖြစ်လေ၏။ မန်းခဲဝန်းခဲ သွေးပုပ်ခဲပြည်ပုပ်ခဲဖြစ်လေ၏။

အသည်းခဲဖြစ်၍ နေသော ရုပ်စု အဆုတ်ခဲ ဖြစ်၍နေသောရုပ်စု ဝမ်းတွင်းအသားအလုံးစုံဖြစ်၍နေသော ရုပ်စု မျက်လုံးခဲဖြစ်၍နေသောရုပ်စု နား နှာခေါင်းနှုတ်သီးလျှာ သွားဖြစ်၍နေသောရုပ်စု ဦးနှောက်ခဲဖြစ်၍နေသော ရုပ်စု ဦးခေါင်းခွံ ဖြစ်၍ နေသော ရုပ်စု ဦးခေါင်းသား မျက်နှာသားဖြစ်၍နေသောရုပ်စု သားတစ် ကိုးရာဖြစ်၍ နေသော ရုပ်စုတို့လည်း ၏အတူချည်း။ ။အလုံးစုံသော ရုပ် နာမ်

www.dhammaransi.com

တရားစုသည် ဇာတိအမျိုးအရိုး အားဖြင့် ဒုက္ခမျိုး ဒုက္ခရိုး ရောဂါမျိုး အနာမျိုး တို့သာ အမှန် အစစ်တည်း။ ။ထိုကြောင့် ကံ၏အစွမ်းဉာဏ်၏အစွမ်း သတိဝိရိယ၏ အစွမ်းဖြင့် လက်ပူးလက်ကြပ် ပြုပြင်ထိန်းကျောင်း၍ နေနိုင်ပါမူ ဘောက်ပြန် ချင်တိုင်း မဘောက်ပြန်သာလှ၍ မဘောက်ပြန်ဘဲ ခိုင်မြဲလေယောင်နေထိုက်သမျှနေပါသေး၏။ ။အပြုအပြင် အထိန်းအကျောင်းမရှိပေါက်လွှတ် ထားခဲ့ လျှင် အမျိုးအရိုးဇာတိထင်ရှားပေါ်မြဲတည်း။

ဒုက္ခရှုနည်းအမြှက်ပြီး၏။

အနတ္တရှုနည်း .....

အတ္တသဒ္ဒါအတွင်းဟော။ လောက၌အတွင်းပြု၍ သိမ်းပိုက်သောဝတ္ထုအပေါင်းတို့တွင် ငါဟူ၍လည်းကောင်း, ငါ၏ကို ဟူ၍လည်းကောင်း အတွင်းပြုခြင်း သိမ်းပိုက်ခြင်းသည် ကမ်းကုန်လမ်းကုန် အလွန်ဆုံးသော အတွင်းပြုခြင်း သိမ်းပိုက်ခြင်းတည်း။ အဟံ၊ ငါတည်း။ မေ၊ ငါ၏။ အတ္တာ၊ ကိုတည်းဟုအလွန်ဆုံးသိမ်းပိုက်သော ခန္ဓာငါးပါးတို့တွင် လည်း ရှေးဌပြဆိုခဲ့ပြီးသော စက္ခုသောတ အစရှိသော အကြည်ခြောက်ပါးတို့ကို ငါဟူ၍ ငါ့ကိုဟူ၍ အတွင်းထား၍ အားကိုးအင်ကိုး သိမ်းပိုက်မှုသည် အလွန်ဆုံးတို့၏ အပေါ်တွင် အထွဋ်အထိပ်ပင်ဖြစ်ပြန်သတည်း။ ။ထိုကြောင့် ထိုအကြည်ခြောက်ပါးတို့ကိုအဇ္ဈတ္တ အဇ္ဈတ္တ မေ့ဟုအဇ္ဈတ္တ သဒ္ဒါအပိုနှင့်ဆိုရသတည်း။

ထိုအတွင်းပြုခြင်းအမှုသည်.....

၁။ လောကအားဖြင့်အတွင်းပြုခြင်း,

၂။ မေ့အားဖြင့် အတွင်းပြုခြင်း,

ဟူ၍ ၂-ပါးရှိ၏။

www.dhammaransi.com

၁။ အသည်းခဲ နှလုံးခဲ ဝမ်းထဲ ဦးခေါင်းထဲ မျက်လုံးထဲ အာထဲလျှာထဲ၌ အနာပေါက်၍ သွေးပုပ်ပြည်ပုပ် ငန်းမန်းဖြစ်လာသောအခါ တောအရပ်၌ ပေါက်ရောက်သောသစ်မြစ်သစ်ဥကိုမြိုဝဲ၍ထိုအနာပျောက်ငြိမ်းသည် ဟူရာ၌ လောက အားဖြင့် ထိုအနာပုပ်သည် ကိုယ်တွင်းကျ၍ အတွင်းမည်၏။ တောဆေးမြစ်သည်အပမည်၏။

၂။ သတ္တဝါတို့ မေ့တာသဘောသည် အမြဲလျှင် ချမ်းသာကိုသာအလိုရှိ၏။ထိုကြောင့်ထိုအနာပုပ်သည် သတ္တဝါတို့၏ အလိုသဘောမှ အပဖြစ်၍ သတ္တဝါကို ကျင်နာအောင်ပြု၍ ညှင်းပန်းရကား ထိုအနာပုပ်သည်မေ့အားဖြင့် အပအစိမ်းသာဖြစ်၏။တောဆေးဖြစ် သည်သာချမ်းသာကိုပေးပေ၍သတ္တဝါတို့၏ အလိုသဘော၏ အတွင်း ကျပေ ရကား မေ့အားဖြင့်အတွင်းမည်၏။

အနတ္တသဒ္ဒါ သည်ကား အတွင်း၏ ဆန့်ကျင် ဘက်ကို ဟော၏။ ။မိမိသန္ဘာန်ဖြစ်၍နေသော ခန္ဓာဝါးပါးသည် သတ္တဝါတို့၏ အလိုသဘောကိုသိခြင်းမရှိ။ အလိုသဘောသို့လိုက်ခြင်းမရှိ၊ ဇာတိ အမျိုးအရိုး အားဖြင့် သတ္တဝါတို့ ကြောက်လန့်ကြသော ဒုက္ခဘက်သို့သာ တဖြောင့်ထဲ တသန်ထဲ အတင်းဆွဲ၍ ရုန်း၍သွား၏။ ။မိမိကို ယခုသတ်မည့်ရန်သူအား ငွေတထောင်ပေး၍ ယခုနှစ်အတို့ချမ်းသာပေးပါဟုဆိုလျှင် ငွေတထောင်ရ၍ တနှစ်တာမျှ အလိုပါ၍ ချမ်းသာပေးသကဲ့သို့ သင့်လျော်သော အကြောင်း ဗီဇတို့ကို သည်ပိုးရွက်ဆောင်ထူထောင်ပြုစု၍ ပေးနိုင်ပါလျှင် ပေးနိုင်ခိုက်သာ အလိုပါယောင်ရှိ၏။ မပေးနိုင်လျှင် ဒုက္ခဘက်သို့ အတင်းရုန်း၏။ ။သင့်လျော်သော အကြောင်း ဗီဇတို့ကိုအားထုတ်၍ ပေးနိုင်သမျှ တခဏသာ အလိုပါ

www.dhammaransi.com

ယောင်ရှိသည်ကို အမြဲပါယောင်ထင်မှတ်၍ငါ့ကိုငါ့ကိုဟု အတွင်းပြုမှားကြေးလသည်။ ။ထိုအမှားကို စွန့်စေလို၍ အနတ္တာဟုဟောတော်မူသည်။

၁။ အတ္တာ၊ကို။ဝါ၊အတွင်း။

၂။ အနတ္တာ။ ကိုမဟုတ်။ ကို၏ဆန့်ကျင်ဘက်။ ဝါ၊ အတွင်းပြု၍ သိမ်းပိုက်ထိုက်သော တရားစုမဟုတ်ရန် သူကြီးတမျှ ပြင်ပသူစိမ်းပြု၍စိတ်ဖြင့် လွတ်လွတ် ကျွတ်ကျွတ်စွန့်ပစ်ထိုက်သောတရားတို့သာတည်း။

[အနက်ရင်းအနက်မှန်]

ကိုဟူသောအနက်မှာယသတ်၍မရေးနှင့်။ ။ယသတ်ကိုယ်သည်အတွင်းဟူသောအနက်ကိုမဟော။ ကာယသဒ္ဒါ၏နာမသတ်အနက်ဖြစ်ပေ၍ အပေါင်း အစုဟူသောအနက်ကိုဟောသည်။ ။ယသတ်နှင့် ကိုယ်မှာမူကား ခန္ဓာငါးပါးသည် ကိုယ်ဟုတ်သည်သာ အမှန်ဖြစ်၏။ ။ရုပ်နာမ်အစု ကိုယ်ဟုတ်၏ဟုယူမှသာအမှန်ကျ၏။ ။ဤကား:အတ္တသဒ္ဒါ အနတ္တသဒ္ဒါတို့၏ ဖြောင့်မှန်သော အနက်သွားကို ထင်ရှားအောင် ဆိုချက်တည်း။

၁။ အသာရ ကဋ္ဌေန၊ အနှစ်မရှိသော အနက်ကြောင့်။အနတ္တာ၊ အနတ္တမည်၏။

၂။ အသာမိ ကဋ္ဌေန၊ အစိုးရသူ အရှင်သခင်မရှိသော အနက်ကြောင့်။ အနတ္တာ၊ အနတ္တမည်၏။

၃။ အဝသ ဝတ္တနဋ္ဌေန၊ အလိုသို့မလိုက်သော အနက်ကြောင့်၊အနတ္တာ၊ အနတ္တ မည်၏။

[ဤသို့ကျမ်းဂန်တို့၌ လာသော အနက်သုံးပါးသည် သဒ္ဒတ္ထကိုပြသောအနက်စုမဟုတ်။ ။အတ္တ အတ္တ ငါ့ကို ငါ့ကိုဟုအတွင်း ပြုခြင်းငှါ မထိုက်ကြောင်းကိုပြသော ကာရဏယုတ္တိအနက်စုသာတည်း။]

www.dhammaransi.com

လျှပ်ရောင်သည် အရှည်တည်နေနိုင်သော အနှစ်သာရ မရှိ။ ထိုကြောင့် ထိုလျှပ်ရောင်ကို အသုံးတခု အားအင်ပြု ရန်ငါ့လျှပ်ရောင်ဟုအတွင်းပြု၍သိမ်းပိုက်ခြင်းငှါမထိုက်။ ။ ထိုလျှပ်ရောင်သည် အရှည်တည်နေနိုင်သော အနှစ်သာရ မရှိ၍ပင်လျှင် လျှပ်ရောင်ကိုအစိုးရသူအရှင်သခင်ဟူ၍မရှိ။ ထိုကြောင့် လျှပ်ရောင်ကိုငါပိုင်ထိုက်သော လျှပ်ရောင်ဖြစ်သည်ဟု မိမိကိုကို လျှပ်ရောင်၏ အရှင့်အနေ သခင့်အနေ မှတ်၍ ငါ့လျှပ်ရောင်ဟု အတွင်းပြု၍ သိမ်းပိုက်ခြင်းငှါ မထိုက်။ ။ထိုလျှပ်ရောင်သည် အရှည်တည်နေနိုင်သော အနှစ်သာရ မရှိ၍ပင်လျှင် ပုဂ္ဂိုလ်အလို ရှိရာသို့လိုက်ပါ သောတရားမဟုတ်။ ထိုကြောင့် အလိုမလိုက်သော လျှပ်ရောင်ကို ငါ၏ကိုဟုအတွင်းပြုခြင်းငှါမထိုက်။

တနည်း.....

ထိုလျှပ်ရောင်၏ ဖြစ်မှုသည် လျှပ်ရောင်ကို ဖြစ်ပေါ်စေနိုင်သော အကြောင်းစုနှင့် သာဆိုင်ပေသည်။ ပုဂ္ဂိုလ်၏အလိုနှင့် မဆိုင်ကြပေ။ ထိုကြောင့် ထိုလျှပ်ရောင်သည် ပုဂ္ဂိုလ်၏အလိုသို့လိုက်ခြင်း မရှိ။ထိုသို့လိုက်ခြင်း မရှိလေ သောကြောင့် ထိုလျှပ်ရောင်ကိုငါ့ကိုငါ့ကိုဟုအတွင်းပြုခြင်း ငှါမထိုက်။ ။ဤသို့ အနတ္တာ၊ ကိုမဟုတ် အတွင်းမဟုတ် ဟူသော သဒ္ဒတ္ထ၏ ကာရဏယုတ္တိကိုပြခြင်းငှါ အသာရ ကဋ္ဌေန, အသာမိကဋ္ဌေန, အဝသဝတ္တနဋ္ဌေန ဟူသော အနက်သုံးချက်ကို ကျမ်းဆရာတို့ဆိုကြပေကုန်သည်။ ။အနိစ္စံ ခယဋ္ဌေန ဒုက္ခံဘယဋ္ဌေန တို့၌လည်း၍နည်းအတူ။

[ဤကားအနတ္တပုဒ်၌ပြအပ်သောအနက်ကိုနှီးနှောချက်တည်း။]

ဆိုခဲ့ပြီးသောဓာတ်ကြီးလေးပါးအကြည်ဓာတ်ခြောက်ပါးဓာတ်မီးရှစ်ပါး ဓာတ်ဆီဝါးပါး ဓာတ်ဘီလူး အများ၍တရားစုတို့၏ဖြစ်ပေါ်မှု ဆက်လက် ဖြစ်ပွါးမှု လျော့ပါး

www.dhammaransi.com

မှု လျော့ပါးဆုတ်ယုတ်မှုတို့သည် ပုဂ္ဂိုလ်၏အလိုနှင့် ဆိုင်သောအမှုတို့ပင် မဟုတ်ကုန်။ စင်စစ်မူကား သူတို့ကိုဖြစ်ပေါ်စေခြင်းငှါ ထိုက်သော အဇ္ဈတ္တဗဟိဒ္ဓ ဗီဇအကြောင်းတို့နှင့်သာဆိုင်သော အမှုတို့ပေတည်း။ ။မီး၏ဖြစ်မှုတည်လုံး တနေ့လုံးတည်နေမှုသည် ပုဂ္ဂိုလ်၏အလိုနှင့် မဆိုင်ပေ မပိုင်ပေ။ ။မီးကိုဖြစ်စေသောမီးခြစ်ဆေးမီးကိုတည်၌လုံး တနေ့လုံး တည်စေနိုင်သောမီးစာ ထင်း သစ်သားတို့နှင့်သာဆိုင်ပေသည်။ ။ဆီမီးဖယောင်းမီး ရေနံမီးဖြစ်လျှင် ဆီမီးစာဖယောင်း ရေနံဆီတို့နှင့်သာ ဆိုင်ပေသည်။ ။ထိုကြောင့်မီးကိုမီးရောင်ကိုအလိုရှိသောပုဂ္ဂိုလ်ကတောက်စေဟုဆိုသော်လည်း မတောက်, တည်စေဟု ဆိုသော်လည်း မတည်။ မီး၏အဆောက်အဦကို စုဆောင်း၍ ပေးမှသာ တောက်လေတည်လေသည်။ ။ဗသေနှင့်ဆိုသော်လည်း ဆီမီးစာကုန်လျှင်မသေဘဲမနေ။ ။၏အတူမှတ်။

အစိုးရမှုမည်သည် အလိုကိုလိုက်နာသူ၏ အပေါ်၌သာ ရှိမြဲတည်း။ ။မိမိအလိုနှင့် သက်သက်မဆိုင်လှ၍ အစိုးရမှုအချင်းခပ်သိမ်းမရှိဘဲ အကြောင်းဗီဇ ဆိုက်တိုက်ရာ ဖြစ်မှုတည်မှု တသွန်တည်းသူ့လမ်းနှင့်သူ သူ့အခွင့်နှင့် သူဖြစ်ပေါ်ပျက်ပြား၍နေသော ရုပ်တရားနာမ်တရားတို့ကို အစိုးရမှုအတွင်းပြု၍ ငါ့ကိုငါ့ကိုဟု သိမ်း ပိုက်ခြင်းသည် ဓမ္မအားဖြင့်အမှားစင်စစ်ဖြစ်သတည်း။

[အစိုးရခြင်း အချင်းခပ်သိမ်းကင်းပုံမှာ ရှေး၌ ပြဆိုခဲ့ပြီးသောအချက်နှင့်ပင်ထင်ရှားလောက်ပြီ။]

ပုဏ္ဏောဝါဒေါ။ သက္ကရာဇ် ၁၂၅၆-ခု နတ္တော်လတွင် မန္တလေး အနောက်ပြင် ဂုံတန်တန်းရပ်နေ အသက် ၆၀-ကျော်ရွယ်မယ်ပုံကို ဆုံးမပြောဟောသော ပုဏ္ဏောဝါဒကမ္မဋ္ဌာန်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

ပုဏ္ဏောဝါဒကမ္မဋ္ဌာန်းပြီး၏။

www.dhammaransi.com